ဓနုရင်း ဆရာတော်ဘုရားကြီး ကြည့်ကြပ်
သုတ်သင်တော်မူသော

# အာရုံခြောက်ပါး

ဒဂုဏ်ထွန်း
(ဓမ္မကထိက)

# အာရုံခြောက်ပါး

ဒဂုဏ်ထွန်း (ဓမ္မကထိက)

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၄၃၀၅)

ပထမ အကြိမ်

၁၉၇၀၊ ဒီဇင်ဘာ

အုပ်ရေ ၃၀၀၀

အဖိုး ၃ ကျပ်

ဒေါ်ခင်မြင့်ကြည်၊ သံလွင်စာပေ (မြဲ-၀၅၉၆) က ထုတ်ဝေ၍ ဦးအုန်းစိန် ရွှေပြည်စိုး ပုံနှိပ်တိုက် (မြဲ ၀၃၀၇) က ရိုက်နှိပ်သည်။ ထုတ်ဝေရာနှင့် ရိုက်နှိပ်ရာဌာန- အမှတ် ၁၄၂၊ ၃၄လမ်း ရန်ကုန်မြို့။ ဖုံး-၁၀၉၈၅

စက္ခုလောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ ပဟီယမာနာ ပဟီယတိ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

နိရောဓသစ္စ ဝိဘင်္ဂပါဠိတော်။

မိမိအင်္ဂါဖြစ်၍နေသော စက္ခု ။ပ။ ၌တွယ်တာသော တဏှာ၏ ပြတ်ကင်းခြင်းသည် မိမိ၏ စက္ခု ။ပ။ ၌ ရအပ်သော နိဗ္ဗာန်မည်၏။

ရုပါရုံစသည့်အာရုံခြောက်ပါးတို့၌ သာယာစွဲလမ်းမှု ကင်းပြတ်ရန် အလုပ်ကို ကြိုးစား အားထုတ်၍ နေသူသည် နိဗ္ဗာန်နှင့် နီးစပ်သူ မည်၏။

လယ်တီဆရာတော် ဘုရားကြီး၏ နိဗ္ဗာနဒီပနီ။

ဤကျမ်းငယ်ဖြင့် ကျွန်ုပ်၏ ဥပဇ္ဈာယ် ဆရာ
သခင်ဖြစ်တော်မူသော ပဲခူး မင်းကျောင်း ဆရာ
တော်ဘုရားကြီးနှင့် မေတ္တာလွန်ကဲ သဒ္ဓါဝှဲလျက်
ဤကျမ်းကို တည်းဖြတ် သုတ်သင်ပေးတော်မူ
သော နေရင်းဆရာတော် ဘုရားကြီး တို့အား
အဘိဝန္ဒာမိ အလွန်ရိုသေစွာ ရှိခိုးပါ၏။

ပြည်ထောင်စု မြန်မာနိုင်ငံ ဓမ္မကထိက အဖွဲ့ချုပ်
အထွေထွေ အတွင်းရေးမှူး ဖြစ်သော
ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ဓမ္မကထိကချုပ်
နေရှင်း ဦးကောဝိဒ ဆရာတော်၏

## ထင်မြင်ချက်

ဒဂုဏ်ထွန်း ရေးသားသော ဤပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး ပြတ် တရားတော်နှင့် အာရုံခြောက်ပါး ပယ်ပုံ တရားတော် စာအုပ်သည် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်များအတွက် သင့်တင့် လျောက်ပတ်ပါပေသည်။ ဤစာအုပ်သည် တရားဟော တရားပြသော ကမ္မဋ္ဌာန်း စရိယ ပုဂ္ဂိုလ်များ အတွက် အထူး အသုံးဝင်သော ကျမ်းစာအုပ် တအုပ်ဖြစ်ပေသည်။ ကျမ်းဂန် အများအပြားကို ကိုယ်တိုင် ရှာဖွေရခြင်း မရှိဘဲ လွယ်သင့်တကူ ဖြင့် လိုအပ်သော အကိုးသာဓကအထောက်အထားတို့ကို ရနိုင် သောကြောင့် ကျမ်းရေးသားသူအား ကျေးဇူးတင်ထိုက်သော စာအုပ်ဖြစ်ပေသည်။ ရေးသားထားပုံတို့မှာ အဆင့်အတန်း

တဏှာသုံးပါး၌ ဥပါဒါန် ကပ်နေသည့်ပဋိစ္စသမုပ္ပါဒ် ဒုက္ခပင်လယ်ကြီးထဲ၌ မရပ်မနား ဒလစပ် လက်ပစ်ကူးခတ် နေကြရဦးမည်ကား မလွဲတည်း။

ဗုဒ္ဓရှင်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ် ဒုက္ခပင်လယ်ထဲ၌ လက်ပစ်ကူးခတ်နေကြကုန်သော ခပ်သိမ်းသော သတ္တဝါတို့ကိုမြင်၍ အလွန်ကြီးမားသော မဟာကရုဏာဖြင့် "ယာယံ တဏှာ ပေါနောဗ္ဘဝိကာ" အကြင်တဏှာသည် ဘဝအသစ်ကို အဖန်တလဲလဲ ဖြစ်တတ်၏ဟု သမုဒယသစ္စ ဝိဘင်း၌ ဒုက္ခဖြစ်ရခြင်း၏ အကြောင်းတရား (ဝါ) တရားခံ အစင်ကို ဖေါ်ထုတ် ညွှန်ပြတော်မူသည်။

နောင် ခန္ဓာ၊ နောင် သံသရာ၊ နောင် ဗုဒ္ဓ ပွင့်သောအခါ စသည့် မြော်လင့်ချက်တို့သည် ဗုဒ္ဓ ညွှန်ပြတော်မူသော တဏှာစက်ကွင်းနှင့် ငြိစွန်းလျက် ရှိနေကြောင်းကို နှလုံးသွင်းမိရန်လိုသည်။ နောင်ခန္ဓာကောင်းစားရေး၊ နောင် သံသရာကောင်းစားရေးတို့မှာ ဗုဒ္ဓဘာသာဝင် ကလျာဏ သူတော်စဉ် ယောဂီပုဂ္ဂိုလ်တို့၏ အလုပ် ဟုတ် မဟုတ် စစ်ဆေး။

မဂ်ဖိုလ်နိဗ္ဗာန်ကို တကယ် အလိုရှိသော ယောဂီပုဂ္ဂိုလ်တို့အတွက် မျက်မှောက် ခန္ဓာ(ဝါ) ပစ္စုပ္ပန် ခန္ဓာသာလျှင် မုချတန်ဘိုးရှိသည်။ ပစ္စုပ္ပန် ခန္ဓာကို တန်ဘိုးဖြတ်၍ မရနိုင်။

ပစ္စုပ္ပန် မျက်မှောက် ခန္ဓာ၏ တန်ဘိုးရှိပုံကို ထုတ်ပြလိုက်ဦးမည်။ ဗုဒ္ဓရှင်မြတ်ကြီးနှင့် ဒိဋ္ဌမမှုဖူးတွေ့ နေရဘိသကဲ့သို့ ဗုဒ္ဓရှင်မြတ်ကြီး၏ အဆုံးအဖြတ်ဖြစ်သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်ကြီး သုံးရပ်နှင့်လည်း ကြုံကြိုက်နေရသည်။

လူသားစင်စစ်ဖြစ်သော လူဇာတ်၊ လူဘဝ၊ လူအဖြစ်ကို လည်း မုချ ရရှိနေသည်။ အလွန် ကြားနာရခဲသော သူတော် ကောင်း တရားစစ် တရားမှန်တို့ကိုလည်း ဒိဋ္ဌိဓမ္မ ကြားနာဘူး နေရသည်။ ဘာဝနာ ကမ္မဋ္ဌာန်း အားထုတ်နိုင်လောက်သော ကျန်းမာမှုနှင့်လည်း ပြည့်စုံနေရသည်။ ဘာဝနာ ကမ္မဋ္ဌာန်း တို့ကို တကယ်တမ်း အားထုတ်နေမည်ဆိုက အားထုတ်နိုင် လောက်သော အခြေအနေ အကြောင်းတရားလည်း ပြည့်စုံ နေသည်။

ဤသို့ အဘက်ဘက်မှ ရနိုင်ခဲ၊ ရောက်နိုင်ခဲသော အခြေ အနေများနှင့် ပြည့်စုံနေသော ဤပစ္စုပ္ပန်ခန္ဓာထက် တန်ဘိုး ရှိသော ခန္ဓာ အဘယ်မှာ ရှိတော့အံ့နည်း။ နောင် သံသရာ၌ ဤသို့ အဘက်ဘက်မှ ပြည့်စုံနေသော အဖြစ်ကို မုချ ရလိမ့်မည် ဟု အဘယ်ပုဂ္ဂိုလ်က အာမခံနိုင်မည်နည်း။

အမှန်စင်စစ် လောကီ စည်းစိမ်ချမ်းသာတို့ဖြင့် ပြည့်စုံရခြင်း ကို ကံကောင်းသည်၊ ကုသိုလ်ထူးသည်ဟု မဆိုထိုက်။ အထက်ပါ ရခဲသော အဖြစ်များကို ရခြင်းသည်သာလျှင် ခပ်သိမ်းသော သူတို့ထက် ပိုလွန်၍ ကံကောင်းသည်၊ ကုသိုလ်ထူးသည်ဟု ခေါ် ဆိုထိုက်သည်။

ကမ္မဋ္ဌာန်း ဘာဝနာတို့ကို အားထုတ် နေကြကုန်သော ကလျာဏ ယောဂီအပေါင်းတို့သည် အထက်ပါ ရခဲသော အဖြစ် များကို ရနေသောကြောင့် အလွန် ကံကောင်းသူ၊ အလွန် ကုသိုလ်ထူးမြတ်သူများ ဖြစ်ကြောင်းကို နှလုံးပိုက်ထားမိရန် လိုသည်။

သို့မှသာလျှင် ပစ္စုပ္ပန် ခဏ၏ တန်ဖိုးမဖြတ်နိုင်ပုံကို ဒိဋ္ဌတွေ့မြင်လာလိမ့်မည်။ ဤပစ္စုပ္ပန်ခဏ၌ သေချာအောင် အားထုတ်မှသာလျှင် နောင် သံသရာ၌ သေချာပေါက် ဖြစ်နိုင်သည်။ ပစ္စုပ္ပန်ခဏကို မျက်ကွယ်ပြု၍ စေတနာဓိက ကံတွေကိုချည်း အားထုတ်နေလျှင် ဤပဋိစ္စသမုပ္ပါဒ် ပင်လယ်ကြီးထဲမှ လွတ်မြောက်နိုင်ရန် လမ်း မရှိ။

ပဋိစ္စသမုပ္ပါဒ် ဒုက္ခပင်လယ်ကြီးထဲမှ အမှန်တကယ် လွတ်မြောက်လိုသော အမျိုးကောင်းသား ကလျာဏ ပုဂ္ဂိုလ်တို့သည် ဆရာတော် သမားတော်၊ ဆရာကောင်း သမားကောင်းတို့ထံ၌ ကမ္မဋ္ဌာန်း ဘာဝနာတို့ကို စံနစ်တကျ လေ့လာ သင်ကြားပြီး နေ့ညမနား ကိုယ်တိုင်ကြိုးစား အားထုတ်မှသာလျှင် ပစ္စုပ္ပန်ခဏကို တန်ဘိုးရှိရှိ အသုံးချသည် မည်၏။

ယင်းသို့ လက်တွေ့ကျကျ အသုံးချတတ်မှသာလျှင် ပစ္စုပ္ပန်ခဏ၏ တန်ဘိုးမဖြတ်နိုင်ပုံကို သိရှိရမည့် အပြင် ပစ္စုပ္ပန်ခဏလည်း အဘိုးထိုက်သည် မည်၏။ ယင်းသို့ အသုံးမချတတ်ပါက ပစ္စုပ္ပန်ခဏသည် မုချ အချည်းအနှီး ဖြစ် သွား ရ မည် ကား မလွဲတည်း။

ဗုဒ္ဓရှင်မြတ်ကြီး၏ ဒေသနာတော်ဖြစ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အကျဉ်းခြုံးလိုက်လျှင် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ သုံးပါးသာ ရသည်။ ယင်း သိက္ခာ သုံးပါးသာ လိုရင်းဖြစ်သည်။ သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ မုချ လွတ်မြောက်လိုသော ယောဂီပုဂ္ဂိုလ်သည် ယင်း သိက္ခာ သုံးပါးလုံးနှင့် ပြည့်စုံနေရမည်။

ဗုဒ္ဓ၏ သားတော် ရဟန်းရှင်မြတ်များတွင်ကား စတုပါရိသုဒ္ဓိသီလကြီးနှင့် ပြည့်စုံပြီးဖြစ်၍ အထူးပြောရန် မလို။ယောဂီပုဂ္ဂိုလ်တို့အဘို့တွင် လောကုတ္တရာသီလ၊ ဝိဝဋ္ဋနိဿိတသီလ၊ မဂ်ဖိုလ်သီလတို့နှင့် ပြည့်စုံနေရန် အထူး လိုအပ်လှသည်။

မဂ်ဖိုလ်တရားကို တကယ် အားထုတ်လိုသော ယောဂီတို့အနေဖြင့် မိမိတို့ကိုယ်ကို သီလအဘယ်မျှ လုံခြုံသနည်း၊ စင်ကြယ်သနည်းဟု စစ်ဆေးသင့်သည်။ အလွန်ခိုင်လုံ စင်ကြယ်သော သီလနှင့် ပြည့်စုံမှသာလျှင် မဂ်ဖိုလ်တရားကို အားထုတ်ထိုက်ကြောင်း ကျေးဇူးရှင် လယ်တီဆရာတော်ကြီး မိန့်ဆိုသည်။

ခိုင်လုံစင်ကြယ်သော သီလနှင့် ပြည့်စုံမှသာလျှင် သမာဓိနှင့် ပညာတို့လည်း လွယ်ကူစွာ ပြည့်စုံလာနိုင်ကြောင်းကို ဗုဒ္ဓရှင်မြတ်ကြီးက အင်္ဂုတ္တရနိကာယ် အာနိသံသဝဂ်၌ ညွှန်ပြတော်မူသည်ကို အထူး နှလုံးသွင်းအပ်သည်။

လောဘ၊ဒေါသ၊အလောဘ၊အဒေါသတို့၏ အကျိုးအပြစ်ကို မသိ။ အလွန် တွေဝေမိသောကြောင့် စေတနာကံတွေကို အားထုတ်၏။ ယင်းစေတနာကံတွေကို တလကြမ်း အားထုတ်မိသောကြောင့် ဝိညာဏ် နာမ် ရုပ်တွေ တလကြမ်း ဖြစ်ပေါ်လာရသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဘဝစက်ကြီးလည်း မရပ်မနား လှည့်ပတ်နေရ၏။ အာရုံခြောက်ပါး၌ မှီ၍ ဖြစ်ပေါ်လာသော တဏှာခြောက်ပါးတို့ကြောင့် လောဘ၊ ဒေါသ ဖြစ်ရ၏။ ယင်းလောဘ၊ဒေါသတို့၏ အကျိုးအပြစ်ကို မသိ။အလွန် တွေဝေမိသောကြောင့် စေတနာကံတွေကို အားထုတ်မိပြန်၏။

ယင်း စေတနာကံကို အားထုတ်မိသောကြောင့် ဝိညာဏ် နာမ်ရုပ်တွေ ဖြစ်ပေါ်လာရပြန်၏။ ဤနည်းဖြင့် ခန္ဓာ အာယတန ဓါတ် သစ္စာ တည်းဟူသော ပဋိစ္စသမုပ္ပါဒ် ဘဝစက်ကြီးလည်း ရပ်နားခြင်း မရှိ။ အဟုန်ပြင်းစွာဖြင့် လည်ပတ်နေရသည်မှာ အရင်းခံ အဝိဇ္ဇာနှင့် တဏှာကြောင့်သာ ဖြစ်ရသည်။

အာရုံခြောက်ပါးကို စွဲ၍ ဖြစ်ပေါ်လာသော တဏှာခြောက်ပါးတို့ကို မသိလျှင် ပဋိစ္စသမုပ္ပါဒ် ဒုက္ခနယ်မှ မုချ မလွတ်နိုင်။ ယင်း တဏှာခြောက်ပါး (ဝါ) တဏှာဘီလူးကြီးခြောက်ကောင်တို့ကို ထူးသောဉာဏ်ဖြင့် ယှဉ်၍ သိလျှင် ပဋိစ္စသမုပ္ပါဒ်ဒုက္ခနယ်မှ မုချလွတ်မြောက်နိုင်သည်။ လောကီ စေတနာကံတည်းဟူသော အကြောင်းတရား ချုပ်လျှင် အကျိုးတရားလည်း မုချ ချုပ်ရသည်။

ကျွန်ုပ်သည် ဘာဝနာ၏ အစွမ်းဖြင့် ဗုဒ္ဓသာသနာတော် သုံးရပ် အကျိုးအတွက် ဤကျမ်းငယ်ကို ရေးသား စီရင်ရခြင်း ဖြစ်၍ ချွတ်ချော် တိမ်းစောင်းသည်ကို တွေ့လျှင် တိဟိတ်ပညာရှင်တို့ပိပိ ဖြစ်မသိပဲ၊ ဉာဏ်မြင်ကဲလျက်၊ လိုက်လှဲမေတ္တာ၊ ယှဉ်ကာသာလျှင် ကျွမ်းလာရှိတိုင်း၊ ညှိနှိုင်းရှုမူ၊ ယူစေလိုရှင့်၊ တဆင့် အာဂုမ်၊ ယုတ္တိခြုံလျက်၊ ညွှန့်တုံ့ပါက၊ မာနညွှတ်ကျူး၊ တိဟိတ် မျိုးသို့၊ မြတ်နိုးကြည်ဖြူ၊ ခံယူအသင့်၊ ဝမ်းမြောက်လင့်လျက်၊ ရှင်ပင့်သာသနာ၊ လင်းရောင်ဖြာသား၊ ဝဋ္ဋာသိမ့်သိမ့် တုန်သတည်း။

ဒဂုဏ်ထွန်း

### ရတနတ္တယံ အဟံ နမာမိ

## ပဋိစ္စသမုပ္ပါဒ်ဘဝစက်လည်ပုံ

ပဋိစ္စသမုပ္ပါဒ်ဟူသည်မှာ အကြောင်းတရားကို စွဲ၍ အကျိုးတရားဖြစ်ခြင်းဟူသော အဓိပ္ပါယ် ဖြစ်သည်။ အကြောင်းနှင့် အကျိုးတို့ကို ဆက်စပ်ပြသော တရား ဖြစ်သည်။ ဤတရားသည် ဗုဒ္ဓ၏ အဘိဓမ္မာ၌ အလွန်တရာ နက်ရှိုင်း သိမ်မွေ့သော တရား ဖြစ်သည်။

ခပ်သိမ်းသော သတ္တဝါတို့သည် ဤဘဝစက်ကြီး၌ မနား တမ်း လည်ပတ်နေရသည်။ ဤဘဝစက်ကြီးနှင့် ကင်းလွတ်သော သတ္တဝါဟူ၍ မရှိ။ အရိယာအနွယ်သို့ ရောက်အောင် အားထုတ်သူတို့သာလျှင် ဤဘဝစက်ကြီးမှ လုံးဝ လွတ်မြောက်နိုင်သည်။ သတ္တဝါတို့ ဤဘဝစက်ကြီး၌ သနားစဘွယ် မရပ်မနား လည်နေရသည်ကို မြင်၍ မဟာကရုဏာကြီးလှသော ဗုဒ္ဓက

ဤဘဝစက် သံသရာကြီးအတွင်းမှ သတ္တဝါတို့ကို ကယ်တင်ရန် သဗ္ဗညုတဉာဏ်တော်ဖြင့် သိထားသော ဝိမုတ္တိတရားကို ဟောကြားတော်မူရသည်။

ပဋိစ္စသမုပ္ပါဒ် ဘဝစက်လည်ပုံကို ထိုးထွင်းသည့် ဉာဏ်ဖြင့် မသိသားလျှင် မည်သည့်အခါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်။ နိဗ္ဗာန်သို့ မရောက်နိုင်။

ကျမ်းပြုဆရာ၊ ဓမ္မကထိကနှင့် တရားကို လက်ပွန်းတတီး သင်ပြပေးသော ဆရာတော် သမားတော်တို့သည် ယောဂီတို့အား ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးမဂ်ဖိုလ်တရားတို့ကို ထူးသော ဉာဏ်ဖြင့် သိစေရန် မတတ်နိုင်။ ယောဂီတို့က မိမိတို့အစွမ်းဖြင့် ကြိုးစား အားထုတ်မှသာလျှင် ထူးသောဉာဏ်ကို ရနိုင်သည်။

ကျမ်းပြုဆရာ၊ ဓမ္မကထိကနှင့် တရားပြ ဆရာတော် သမားတော်တို့သည် နည်းလမ်းကိုသာ ပြပေးနိုင်သည်။ ထူးသောဉာဏ်ကို မပေးနိုင်။ ထူးသောဉာဏ် ရရန်မှာ မိမိအပေါ်၌သာ တည်ကြောင်း သိထားရန် လိုသည်။

ပဋိစ္စသမုပ္ပါဒ် ဘဝစက် (ဝါ) သံသရာလည်ပုံမှာ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရ၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရ၏။ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ရ၏။ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ရ၏။ သဠာယတနကြောင့် ဖဿ ဖြစ်ရ၏။ ဖဿကြောင့် ဝေဒနာ ဖြစ်ရ၏။ ဝေဒနာကြောင့် တဏှာ ဖြစ်ရ၏။ တဏှာကြောင့် ဥပါဒါန် ဖြစ်ရ၏။ ဥပါဒါန်ကြောင့် ဘဝ ဖြစ်ရ၏။ ဘဝကြောင့် ဇာတိ ဖြစ်ရ၏။ ဇာတိကြောင့် အိုခြင်း၊ နာခြင်း၊

သေခြင်း၊ ငိုကြွေးခြင်း၊ သောကအပူမီး တောက်လောင်ခြင်း စသည့် ဒုက္ခတရားစုတို့ ဖြစ်ရ၏။

သတ္တဝါတို့ ဤအဆုံးမရှိသော သံသရာစက်ကြီး မရပ်မနား လည်ပတ်နေကြရသည်မှာ အဝိဇ္ဇာကြောင့် ဖြစ်သည်။ အဝိဇ္ဇာနှင့်တဏှာ နှစ်ပါးတို့သည် ဝဋ္ဋ်၏ မူလ အရင်းအမြစ်တရားဖြစ်ကြောင်းကို "ဒွေမူလာနိ ဝဋ္ဋာနိ" ဟူ၍ ဟောတော်မူသည်။

အဝိဇ္ဇာနှင့် တဏှာတို့ကို ဘဝစက်၏မူလနှစ်ပါး ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အပိုဒ် ၄၀၁ ၌ ဖွင့်ပြသည်။

အဝိဇ္ဇာဟူသည်ကို (မသိခြင်း(ဝါ)မိုက်မဲခြင်း)ဟူ၍ သာမန်မျှသာ သိကြသည်။ အဝိဇ္ဇာတရားသည်လည်း အသိခက်သော သဘော ရှိသည်။အဝိဇ္ဇာကိုသိလျှင် ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ရ၏။ အဝိဇ္ဇာကို သာမန်သိရုံမျှနှင့် မပြီး။ ထိုးထွင်း၍ သိမှသာ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်နိုင်၏။

အဝိဇ္ဇာ၌ (အ)တလုံးမဖြုတ်နိုင် မဖြုတ်တတ်သောကြောင့် သတ္တဝါတို့ ဘဝစက်၌ လည်နေရခြင်း ဖြစ်သည်။ အမှန်စင်စစ် အဝိဇ္ဇာ၌ (အ)ဖြုတ်ရန် မလွယ်။ ထူးသောဉာဏ်ဖြင့် ဖြုတ်မှသာ (အ)ပြုတ်နိုင်၏။

အဝိဇ္ဇာသည် အဘယ်ကြောင့် ဖြစ်ရသနည်းဆိုသော် ဟေတုတည်းဟူသော ဟိတ်တို့ကြောင့် ဖြစ်ရသည်။ ယင်းဟိတ်တို့မှာ လောဘ၊ဒေါသ၊မောဟ စသည့် ဟိတ်တို့ ဖြစ်သည်။

ယင်း ဟိတ်တို့သည် အကြောင်းတရား ဖြစ်သည်။ ယင်း အကြောင်းတရားတို့ကြောင့် အဝိဇ္ဇာဟု ခေါ်သည်။ အဝိဇ္ဇာသည် သာမန်မသိခြင်း၊ မိုက်မဲခြင်း၊တွေဝေခြင်းမဟုတ်။ဝိသေသ

ထူးသော မသိခြင်း၊ ထူးသော မိုက်မဲခြင်း၊ ထူးသော တွေဝေခြင်း ဖြစ်သည်။

အဘယ်သို့ ထူးသနည်း ဆိုသော် ဒုက္ခဖြစ်သော အကျိုးတရား၌ မသိ။ ဒုက္ခဖြစ်ရသော အကြောင်းတရား၌ မသိ။ ဒုက္ခတို့၏ ချုပ်ရာ အကျိုးတရားကို မသိ။ ဒုက္ခတို့၏ ချုပ်ငြိမ်းရာသို့ ရောက်စေတတ်သော အကြောင်းတရားအကျင့်မှန်တို့ကို မသိ။ ဤသစ္စာတရား လေးပါး၌ မသိခြင်းကြောင့် ထူးသော မသိခြင်း (ဝါ) အထူးမသိခြင်း၊ အထူးမိုက်မဲခြင်း၊ အထူးတွေဝေခြင်းဟု ဟောတော်မူသည်။

သစ္စာလေးပါး၌ မသိ မိုက်မဲ တွေဝေသောကြောင့် သင်္ခါရ ခြောက်ပါးတို့ ဖြစ်ရသည်။ ကောင်းမှုစေတနာ၊ မကောင်းမှုစေတနာ၊ အရူပဘုံ၌ အကျုံးဝင်သော ကောင်းမှုစေတနာ၊ နှုတ်ကြောင့်ဖြစ်သော စေတနာ၊ ကိုယ်ကြောင့်ဖြစ်သော စေတနာ၊မနောကြောင့်ဖြစ်ရသော စေတနာ တည်းဟူသော သင်္ခါရ ခြောက်ပါး ဖြစ်ရ၏။

ဤ စေတနာ ခြောက်ပါး တို့သာလျှင် ကြောက်စရာ အကောင်းဆုံးဖြစ်သည်။ ဘဝကို လည်စေတတ်သည်။ ပဋိစ္စသမုပ္ပါဒ် ဘဝစက် (ဝါ) သံသရာစက်ကို မပြတ်စေတတ်။ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်၊ ရှည်စေတတ်သည်။ ဗုဒ္ဓရှင်တော်မြတ်က စေတနာသာ ကြောက်စရာ အကောင်းဆုံး ဖြစ်ကြောင်းကို နိဒါနသံယုတ် ပါဠိတော်၌ ဟောတော်မူသည်။

အကြောင်းတရား ဖြစ်သောကြောင့် ကံ ဟူ၍ရင်း၊ ကုသိုလ် အသိုလ်တို့ကိုအာရုံနှင့်စိတ် ဘဝတခုနှင့် တခုတို့ကို ဂဟေကဲ့သို့

ဆက်စပ်ပေးတတ်သောကြောင့် စေတနာဟူ၍၎င်း၊ အကြောင်းတရား (ကံ) ဖြစ်အောင် ပြုပြင်စီမံတတ်သောကြောင့် သင်္ခါရ (အဘိသင်္ခါရ) ဟူ၍၎င်း၊ ဘဝသစ်ကို ဖြစ်အောင် ဆောင်ရွက်တတ်သောကြောင့် အာဟာရဟူ၍၎င်း ဟောတော်မူသည်။

တခါတရံ ကောင်းမှုကို အားထုတ်မိ၏။ တရံတရံ မကောင်းမှုကို အားထုတ်မိ၏။ ယင်း အကုသိုလ် ကုသိုလ် တည်းဟူသော အကြောင်းတရားကြောင့် စက္ခုဝိညာဏ် အစ ရှိသည့် လောကီဝိပါက် ဝိညာဏ် ၃၂ ပါးတို့ ဖြစ်ရသည်။

စက္ခု အစရှိသည့် လောကီဝိပါက် ဝိညာဏ် သုံးဆယ့်နှစ် ပါးတို့ကြောင့် ဝိညာဏ်နှင့်ယှဉ်ဘက်ဖြစ်သောဝေဒနာ၊ သညာ၊ သင်္ခါရ ဟူသော နာမ်ခန္ဓာ၊ မဟာဘုတ် ဓါတ်ကြီးလေးပါး၊ ဥပါဒါန်ရုပ် ၂၄ ပါး တည်းဟူသော ရုပ်တရား ၂၈ ပါးတို့ ဖြစ်ရသည်။

ယင်း ရုပ်ခန္ဓာ နာမ်ခန္ဓာ ဟူသော အကြောင်းတရားကြောင့် အတွင်း အာယတန ၆ ပါး တည်းဟူသော သဠာယ-တန ၁၂ ပါးတို့ ဖြစ်ရသည်။

သဠာယတန တည်းဟူသော အာယတနဓါတ် ၆ ပါးတို့ ကြောင့် ဖဿ ၆ ပါးတို့ ဖြစ်ရသည်။ အာယတန ဟူသည်မှာ ပသါဒအကြည်ဓါတ်၏ တည်ရာဖြစ်သည်။ ဖဿဟူသည် အာရုံ ကို တွေ့ထိခြင်း ဖြစ်သည်။ အတွင်း အာယတန ခြောက်ပါး သည် အပြင် အာယတန ခြောက်ပါးနှင့် တိုက်ဆိုင်မိသော အခါ စက္ခုသမ္ဖဿ (မျက်စိအတွေ့) စသည်တို့ ဖြစ်ပေါ် လာရသည်။

ဖဿခြောက်ပါးဟူသော အကြောင်းတရားကြောင့် ဝေဒ-နာ (ခံစားမှု) သုံးပါးတို့ ဖြစ်ပေါ်လာရသည်။ အတွင်း အာယတနနှင့် အပြင် အာယတနတို့ ထိခိုက်မိသောအခါ မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့၊ နှလုံးအတွေ့တို့ ဖြစ်ပေါ်လာရသလို—

ယင်း အာရုံတို့သည် အငွေ့နှင့် အတွေ့သဘောမျှနှင့် မရပ်သေးပဲ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ တည်းဟူသော ဝေဒနာ ၁၈ ပါးတို့ ဖြစ်ပေါ်လာရပြန်သည်။

အတွေ့ကြောင့် ဖြစ်သော မျက်စိ သာယာမှု ဝေဒနာ၊ နား သာယာမှု ဝေဒနာ စသည်ဖြင့် သုခဝေဒနာ ၆ ပါး။ အတွေ့ကြောင့်ဖြစ်သော မျက်စိမသာယာမှု (ဝါ) မျက်စိ ဆင်းရဲမှု ဝေဒနာ၊ နား ဆင်းရဲမှု ဝေဒနာ စသည်ဖြင့် ဒုက္ခ-ဝေဒနာ ၆ ပါး။ အတွေ့ကြောင့်ဖြစ်သော မျက်စိလျစ်လျူရှုမှု ဝေဒနာ၊ နား လျစ်လျူရှုမှု ဝေဒနာ စသည့် ဥပေက္ခာဝေဒနာ ၆ ပါး။ ဤ၁၈ ပါးသော ဝေဒနာတို့သည် ဖဿ(အတွေ့(ဝါ) ထိခိုက်မှု) ခြောက်ပါးတို့ကြောင့် မုချ ဖြစ်ပေါ်လာရသည်။

ဝေဒနာတည်းဟူသော အကြောင်းတရားတို့ကြောင့် တဏှာ ဖြစ်ရသည်။ ဝေဒနာကြောင့် တဏှာ ဖြစ်ပုံမှာ အာရုံတို့၌ တပ်မက်မိသဖြင့် တဏှာ ဖြစ်ရသည်။

ဆင်းရဲသော ဝေဒနာ ရှိသူက ချမ်းသာမှု ဝေဒနာကို တောင့်တသည်။ ချမ်းသာမှု ဝေဒနာ ရှိသူ

က ထိုထက် ချမ်းသာမှုကို တောင့်တသည်။ ဥပေက္ခာ
ဝေဒနာမှာကား ငြိမ်သက်ခြင်းသဘော ရှိသည်။
ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖွင့်ပြသည်။

သတ္တဝါတို့သည် (ဝါ) ပုထုဇဉ်တို့သည် ချမ်းသာမှု ဝေဒနာတို့ကိုသာ အလိုရှိစမြဲဖြစ်သောကြောင့်သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ကြောင့် တဏှာဖြစ်ရသည်မှာ ထင်ရှားနေသည်။

တဏှာတို့သည် ဘယ်အရပ်က စတင် ဖြစ်ပေါ်လာသည်ကို လေးလေးနက်နက် တွေးဆရန် လိုသည်။ သို့မှသာ တဏှာ၏ အရင်းအမြစ် ဖြစ်ပေါ်ရာအရပ်ကို သိနိုင်မည်။ တဏှာဖြစ်ပေါ်ရာ အရပ်ကို သိမှသာ တဏှာတို့ကို ဖျက်ဆီးပစ်နိုင်သည်။

ယင်း တဏှာတို့သည် အရပ် ၆ ပါးမှ စတင် ဖြစ်ပေါ်လာရသည်ကို ပညာမျက်စိဖြင့် ကြည့်လျှင် တွေ့မြင်နိုင်သည်။ အဆင်း၌ တပ်မက်ခြင်း၊ အသံ၌ တပ်မက်ခြင်း၊ အနံ့၌ တပ်မက်ခြင်း၊ အရသာ၌ တပ်မက်ခြင်း၊ အတွေ့၌ တပ်မက်ခြင်း၊ စိတ်၌ တပ်မက်ခြင်းတို့သည် တဏှာဖြစ်ပေါ်ရာ အရပ်ခြောက်ပါး ဖြစ်သည်။

ဝေဒနာတို့ကြောင့် တဏှာပေါင်း ၁၀၈ ပါးအထိ ဖြစ်ပေါ်လာနိုင်သည်။ တဏှာ ၁၀၈ ပါး ဖြစ်ပေါ်ရပုံမှာ—

စက္ခုပသာဒ၌ ထင်ဟပ်လာသော ရူပါရုံ(အဆင်း အာရုံ)ကို သာယာမိသောအခါ၌'ကာမတဏှာ' ဖြစ်ရသည်။ သောတပသာဒ၌ ထင်ဟပ်လာသော အသံအာရုံကို သာယာ မိသော

အခါ၌ ‘ကာမတဏှာ’ ဖြစ်ရသည်။ ဤသို့ အဆင်းအသံ စသည် အာရုံခြောက်ပါး၌ သာယာမိသောကြောင့် ‘ကာမတဏှာ’ ဖြစ်ရသည်။

စက္ခုပသာဒ၌ ထင်ဟပ်လာသော ရူပါရုံကိုပင် ‘ဖောက်ပြန်ခြင်းမရှိ။ ပျက်စီးခြင်းမရှိ။ မြဲမြဲခိုင်ခန့်ခြင်းမရှိပါကလား’ ဟုနှလုံးပြုမိသောအခါ သဿတဒိဋ္ဌိသဘောကြောင့် ‘ဘဝတဏှာ’ ဖြစ်ရသည်။

ဤသို့အားဖြင့် စက္ခုဝိညာဏ်စသည့် အာရုံ၆ပါးတို့၌ နှလုံးပိုက်မိတတ်သောကြောင့် ဘဝတဏှာ ၆ ပါး ဖြစ်ရပြန်သည်။

အဆင်းအာရုံ၊ အသံအာရုံ စသည်တို့၌ မြင်ရကြားရ ထိတွေ့ရသောအာရုံတို့သည် သေပြီးလျှင် ပျောက်၏၊ ပျက်၏ ဟူသော ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်၍ နှလုံးပိုက်သောကြောင့် ‘ဝိဘဝတဏှာ’ ဖြစ်ရပြန်သည်။ အာရုံ ၆ပါး၌ ဖြစ်သောကြောင့် ဝိဘဝတဏှာ ၆ပါးပင် ဖြစ်သည်။

အာရုံခြောက်ပါး၌ သာယာမိသောကြောင့် ကာမတဏှာ ဖြစ်ရသည်။ အာရုံ ခြောက်ပါး၌ ဘဝကို စွဲ၍ တပ်မိသောကြောင့် ဘဝတဏှာ ဖြစ်ရသည်။ စည်းစိမ်ချမ်းသာ တို့၌ တပ်မိသောကြောင့် ဝိဘဝတဏှာ ဖြစ်ရသည်။ ဤသို့ အားဖြင့် တဏှာ ၁၈ပါး ဖြစ်ရသည်။

ယင်းတဏှာ ၁၈ပါး၌ အတွင်းသန္တာန် အပသန္တာန်နှစ်ပါး၌ တည်သောကြောင့် တဏှာပေါင်း၃၆ပါးတို့သည် အတိတ်၊

အနာဂတ်၊ ပစ္စုပ္ပန် ဟူသော ကာလသုံးပါး၌ ယှဉ်သောကြောင့် ၁၀၈ ပါး ဖြစ်ရသည်။

တဏှာ တည်းဟူသော အကြောင်းတရားကြောင့် ဥပါဒါန် လေးပါးတို့ ဖြစ်ရသည်။ ဥပါဒါန် ဟူသည်မှာ စွဲလမ်းမှု ဖြစ်သည်။ ကာမဂုဏ် စည်းစိမ်ချမ်းသာ၌ စွဲလမ်းခြင်း၊ အယူမှား အမြင်းမှားတို့၌ စွဲလမ်းခြင်း၊ အကျင့်မှား တို့၌ စွဲလမ်းခြင်း၊ ခန္ဓာ ငါးပါး၌ အတ္တရှိ၏ ဟူ၍ စွဲလမ်းခြင်း ဟူ၍ ပြင်းစွာ စွဲလမ်းမှု ဥပါဒါန်တရား လေးပါးတို့ ဖြစ်ပေါ် လာရသည်။

ဥပါဒါန်တို့ ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်း (ဝါ) တရားခံမှာ တဏှာပင် ဖြစ်သည်။ ဥပါဒါန်သည် တဏှာကြောင့် ဖြစ်ပေါ်လာရသော အကျိုးတရား ဖြစ်သည်။

အာရုံ ၆ပါးကို စွဲ၍ ဖြစ်ပေါ် လာရသော တဏှာ တို့ကို ပြင်းစွာ တပ်မက်မှုကြောင့် ကာမုပါဒါန်ဖြစ်ရသည်။ မှားယွင်း ဖေါက်ပြန်သောအယူအမြင်တို့၌ ပြင်းစွာ စွဲသမ်းယုံကြည်မိသော ကြောင့် ဒိဋ္ဌုပါဒါန် ဖြစ်ရသည်။

မှားယွင်းစွာ ကိလေသာတို့ကို ပိတ်ပင်ခြင်း (ဝါ) ဤသို့ ပြုလျှင် ကိလေသာကုန်တတ်၏ ဟူသော အကျင့်၌ ပြင်းစွာ စွဲလမ်းခြင်းတို့ကြောင့် သီလဗ္ဗတုပါဒါန် ဖြစ်ရသည်။

တနည်းအားဖြင့် ကိုယ်စိတ်နှစ်ပါး အလွန် ပင်ပန်းဆင်းရဲစေ တတ်သော ပဉ္စာတပ အကျင့်၊ လက်ကို မြှောက်၍ ခြေကို ထောက်၍ ကိုးယိုးကားယား နေရသော အကျင့်၊ မီးပုံဆင်းရ သော အကျင့်၊ ယစ်ပူဇော်ခြင်း၊ ရေငုပ်ခြင်း၊ အာဟာရ မမှီ ဝဲပဲ ရက်ပေါင်း လပေါင်း များစွာ နေခြင်းစသည့် အကျင့်တို့

ဖြင့် ဝဋ်ဆင်းရဲမှ မချ လွတ်မြောက်လတံ့၊ ကိလေသာတဏှာ တို့ ကုန်၍ စင်ကြယ်လတံ့ ဟူသော အကျင့်များတို့၌ ပြင်းစွာ ယုံကြည် စွဲလမ်းခြင်းကြောင့် သီလဗ္ဗတုပါဒါန် ဖြစ်ရသည်။

ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့၌ လိပ်ပျာ၊ ဇီဝ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ အတ္တကောင် ရှိ၏ ဟူ၍ ပြင်းစွာ စွဲလမ်း နေသောကြောင့် အတ္တဝါဒုပါဒါန် ဖြစ်ရသည်။

ဥပါဒါန် တည်းဟူသော အကြောင်းတရားကြောင့်၊ ကမ္မ ဘဝ၊ ဥပပတ္တိဘဝတို့ ဖြစ်ရသည်။ မပြုသင့်သော ကောင်းမှု စေတနာ၊ မကောင်းမှု စေတနာ တို့ကို အားထုတ် ပြုလုပ်မိ ပြန်သောကြောင့် ကမ္မဘဝ ဖြစ်ပေါ်လာရသည်။

စေတနာကံတရားတို့ ရှေးရှုသောကြောင့် ဖြစ်ရသော ခန္ဓာ နာမ်ရုပ်တို့သည် ဥပပတ်(ဥပပတ်)ဘဝ မည်၏။ အကျဉ်း အားဖြင့် ဥပါဒါန်တရား တို့ကြောင့် ဘဝကြီး ကိုးပါး ဖြစ်ရ သည်။

ယင်း ဘဝ တည်းဟူသော အကြောင်းတရားကြောင့် ဇာတိ ဖြစ်ရသည်။ ဇာတိဟူသည်မှာ သစ္စနိဒ္ဒေသ၌ ဟောတော်မူသည့် အတိုင်း ဖြစ်ခြင်း၏ လက်မှန်အစ၊ ဥပါဒ်ခဏ၊ ပဋိသန္ဓေ ခန္ဓာ တို့သည် ဇာတိမည်၏။

ဤ၌ ဇာတိနှင့် ဘဝကို ခွဲခြား၍ သိရန်လိုသည်။ ဇာတိ ဟူသည်မှာ ပဋိသန္ဓေ (ကလလရေကြည်) တည်သော ကာလမှ စ၍ မွေးဖွားသော ကာလအထိ ဇာတိ မည်၏။ မွေးဖွားပြီး သောကာလမှ သေသည်အထိ ကာလအပိုင်းအခြားသည် ဘဝ

မည်၏။ အကျဉ်းအားဖြင့် ဖြစ်ပေါ်ခြင်း၏ လက်မှန်အစသည် ဇာတိ မည်၏။

သေပြီးနောက် ဘုံးကနဲ ဒိုင်းကနဲ ဖြစ်ပေါ်ရသော ဥပပါတ် ပဋိသန္ဓေ ဖြစ်ရသော နတ်၊ ပြဟ္မာ၊ ငရဲတို့၌ ကလလ ရေကြည်တည်ရန် အကြောင်း မရှိသောကြောင့် ပဋိသန္ဓေ ဥပါဒ် ခဏ(တဘဝနှင့် တဘဝစပ်ခြင်း)သည် ဇာတိ မည်၏။ ထို့ကြောင့် ဥပပါတ်သတ္တဝါတို့၌ ဗီဇ(မျိုးစေ့)ကိုသာ ဇာတိ ဖြစ်ကြောင်း မှတ်ယူရမည်ဟု ဝိသုဒ္ဓိမဂ်၌ အကျယ်ဖွင့်သည်။

ဇာတိ ဟူသော အကြောင်းတရားကြောင့် အိုခြင်း၊နာခြင်း၊ သေခြင်း၊ ငိုကြွေးခြင်း၊ ပြင်းစွာပူပန်ခြင်း စသည့် ဒုက္ခတရားစုတို့ ဖြစ်ရသည်ဟု သဗ္ဗညုတ အတုမဲ့ဉာဏ်တော်ဖြင့် ပိုင်းခြား စိတ်ဖြာလျက် ဟောတော်မူသည်။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ရှာမှီးလေ့ရှိသော ယောဂီတို့သည် အကြောင်းအကျိုး အင်္ဂါ ၁၂ ပါးတို့ဖြင့် ပိုင်းခြားထားသော (ဝါ)အကြောင်းအကျိုး ဆက်စပ်ပြသော ပဋိစ္စသမုပ္ပါဒ် ဘဝစက်တရားကြီးကို ဝေဖန်တတ်သော ဉာဏ်၊ ထိုးထွင်းတတ်သော ဉာဏ်၊ ထူးသော ဉာဏ်ဖြင့် မသိသေးသမျှ ကာလပတ်လုံး မဂ်ဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက် နိုင်မည် မဟုတ်။

ဤပဋိစ္စသမုပ္ပါဒ် ဘဝစက်တရားကြီးကို ဝေဖန် တတ်သော ဉာဏ်၊ထိုးထွင်းတတ်သော ဉာဏ်၊ ထူးသော ဉာဏ်ဖြင့် မသိသမျှ ကာလပတ်လုံး တဏှာ၏ ဖြစ်ခြင်း အကျိုး၊ တဏှာ၏ ဖြစ်ခြင်း

အကြောင်း၊ တဏှာ၏ချုပ်ရာ၊ တဏှာ၏ချုပ်ရာသို့ ရောက်ခြင်း
အကြောင်းတရား တို့ကိုလည်း လုံး၀ သိနိုင်မည် မဟုတ်။

ဤသစ္စာလေးပါးတို့ကို ဝေဖန်တတ်သော ဉာဏ်၊ ထိုးထွင်း
တတ်သော ဉာဏ်၊ ထူးသော ဉာဏ်တို့ဖြင့် မသိနိုင် သေးသမျှ
ကာလပတ်လုံး ပိုးသာကုန် မောင်ပုံ စောင်းမတတ် ဟူသကဲ့သို့
မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးမည် မုချပင်။

# ဘဝစက်ဖြစ်ပုံ

ဤပဋိစ္စသမုပ္ပါဒ် ဘဝစက်တရားကြီးကို ဝေဖန်တတ်သော ဉာဏ်၊ ထိုးထွင်းတတ်သော ဉာဏ်၊ ထူးသော ဉာဏ်တို့ဖြင့် စေ့စေ့ဆင်ခြင်ကြည့်သော် လုံးဝ အနှစ်သာရ မရှိ၊ ဆင်းရဲအတိသာ ဖြစ်၏ ဟု ထင်မြင်လာပေအံ့။

သံသရာစက်ဟူသော ပဋိစ္စသမုပ္ပါဒ် ခြားရဟတ်၌ ကုသိုလ်ကောင်းမှုကို အားထုတ်ပြန်လျှင် ပုညာဘိသင်္ခါရ ဖြစ်ရ၏။ အကုသိုလ်မကောင်းမှုကို အားထုတ်ပြန်လျှင် အပုညာဘိသင်္ခါရ ဖြစ်ရ၏။ အရူပဈာန်လေးပါးကို အားထုတ်ပြန်လျှင်လည်း အာနေဉ္စာဘိသင်္ခါရ ဖြစ်ရ၏။

ဤသံသရာစက်မှ လွတ်ကြောင်း မမြင်။ အဝိဇ္ဇာ တိုက်တွန်းနေသောကြောင့် စေတနာတည်းဟူသော သင်္ခါရတို့ကိုပင် ထပ်တလဲလဲ အားထုတ်မိလျက် ဖြစ်နေရသောကြောင့် ခပ်သိမ်း

သော သတ္တဝါတို့သည် ဤသံသရာစက်မှ မလွတ်နိုင်ခြင်း ဖြစ်သည်။

ယင်းသို့ သံသရာစက်မှ မလွတ်နိုင်ခြင်းမှာ သတ္တဝါတို့ အတွင်းသန္တာန်၌ အဝိဇ္ဇာခေါ်တံကြီး အစဉ် ကိန်းအောင်းနေသောကြောင့် ဖြစ်သည်။

ယင်း အဝိဇ္ဇာခေါ်တံကြီး၏ အရင်းအမြစ်ကို ဝေဖန်တတ်သော ဉာဏ်၊ ထိုးထွင်းတတ်သော ဉာဏ်ဖြင့် နေ့မနား ညမနား ကြိုးစားအားထုတ်၍ ရှာကြံသောအခါ အဝိဇ္ဇာခေါ်တံကြီး ပျက်၍ ဝိဇ္ဇာဉာဏ်ဖြစ် ပေါ်လာရသည်။

ယင်း ဝိဇ္ဇာဉာဏ်သည်ပင် ထူးသောဉာဏ် ဖြစ်သည်။ ထူးသောဉာဏ်၌ အပိတ်အပင် အတားအဆီး မရှိ။ နာမ်တရား ရုပ်တရားတို့၌ ပကတိ ထိုးထွင်းလျက် ဖေါက်ခွဲပြီး သိနိုင်စွမ်း ရှိသည်။

ဤပဋိစ္စသမုပ္ပါဒ် တည်းဟူသော သံသရာစက်မှ ထွက်မြောက်ရန် လမ်းကြောင်းကို ဟောတော်မူနိုင်ရန် ဗုဒ္ဓကိုယ်တိုင် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကိုယ်တော်တိုင် အပင်ပန်း အဆင်းရဲခံပြီးမှ ထိုးထွင်း၍ သိမြင်တော်မူပြီးနောက် သံသရာစက်မှ ထွက်မြောက်ကြောင်း တရားတော်ကို—

"ချစ်သား ရဟန်းတို့၊ ယခု ဟောလတ္တံ့သော ကံလေးပါးတို့ကို ငါဘုရားသည် ဆရာမရှိပဲ အလိုလို ထူးသောဉာဏ်ဖြင့် သိတော်မူပြီ။ အခြားသူတို့ကိုလည်း သိစေအပ်ကုန်ပြီ။ ယင်း ကံလေးပါးတို့ကား အဘယ်နည်း။

'ချစ်သား ရဟန်းတို့၊ မည်းညစ်သော ကံ၊ ဖြူစင်သော ကံ၊ အမည်းအဖြူ ရောသော ကံ၊ အမည်းအဖြူ မဟုတ်သော ကံ ဟူ၍ လေးပါး ရှိ၏။ မည်းညစ်သော ကံ ဟူသည်မှာ အပြစ်နှင့် တကွ ဖြစ်သည့် ကိုယ်ဖြင့် ပြုအပ်သော အကုသိုလ်ကံ စေတနာ၊ နှုတ်ဖြင့်ပြုအပ်သော အကုသိုလ်ကံစေတနာ၊ စိတ်ဖြင့်ပြုအပ် သော အကုသိုလ်ကံ စေတနာ။ ရဟန်းတို့၊ ကာယ ဝစီ မနော ဒွါရသုံးပါး၌ ဖြစ်သော အပြစ်ရှိသည့် အကုသိုလ်ကံစေတနာ တို့ကို မည်းညစ်သော ကံဟူ၍ ဆိုအပ်၏။

'ချစ်သားရဟန်းတို့၊ ဖြူစင်သော ကံ ဟူသည်မှာ အပြစ်မရှိ သည့် ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်ဖြင့် ပြုလုပ် အားထုတ်သော ကုသိုလ်ကံ စေတနာကို ဖြူစင်သော ကံ ဟူ၍ ဆိုအပ်၏။

'ချစ်သားရဟန်းတို့၊ အမည်းအဖြူ ရောသော ကံ ဟူသည် မှာ အပြစ်ရှိသော အကုသိုလ်ကံ စေတနာကို ကိုယ်ဖြင့် အား ထုတ်၏။ အပြစ်မရှိသော ကုသိုလ်ကံ စေတနာကို ကိုယ်ဖြင့် အားထုတ်၏။ နှုတ်ဖြင့် အပြစ်ရှိသော မရှိသော စေတနာ သင်္ခါရတို့ကို အားထုတ်၏။ စိတ်ဖြင့် အပြစ်ရှိသော မရှိသော စေတနာ သင်္ခါရတို့ကို အားထုတ်၏။ ဤသည်တို့ကား ကုသိုလ် အကုသိုလ် ရောသော(ဝါ)အမည်းအဖြူ ရောသော ကံ ဟူ၍ ဆိုအပ်၏။

'ချစ်သား ရဟန်းတို့၊ အမည်းအဖြူ မဟုတ်သော ကံတို့မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသည်တို့တည်း။ ရဟန်းတို့၊ ဤအရိယ မဂ္ဂင်ရှစ်ပါးကို အမည်းအဖြူ မဟုတ်သော ကံ ဟူ၍ ဆိုအပ်၏။

ဤအရိယမဂ္ဂင်ရှစ်ပါးဟူသော ကံသည် ဆိုခဲ့ပြီးသော ကံသုံးမျိုးတို့ ကုန်စေခြင်းငှာ ကောင်းစွာ ဖြစ်၏'

ဟူ၍ စတုတ္ထအင်္ဂုတ္တရပါဠိတော် အရိယမဂ္ဂသုတ်(၃၃၈)၌ ဟောတော်မူသည်။

ဗုဒ္ဓ ဟောတော်မူသော ကံလေးမျိုးမှာ အကုသိုလ်စေတနာဖြစ်သော အပုညာဘိသင်္ခါရကံ၊ ကုသိုလ်စေတနာဖြစ်သော ပုညာဘိသင်္ခါရကံ၊ အာနေဉ္ဇာဘိသင်္ခါရ ကံ၊ကုသိုလ်အကုသိုလ် ရောသော မိဿကစေတနာကံနှင့် စေတနာမဟုတ်သော မဂ္ဂင်ရှစ်ပါးကံ ဟူ၍ လေးပါး ဖြစ်သည်။

မဂ္ဂင်ရှစ်ပါး တည်းဟူသော ကံသည် ကုသိုလ် အကုသိုလ် မိဿကကံသုံးပါးတို့ကို ပယ်ဖျောက်နိုင်စွမ်း ပယ်ဖျက်နိုင်စွမ်း ရှိသည်။ အဘယ်ကြောင့်ဆိုသော် ယခင် ကံသုံးပါးသည် စေတနာဓိကကံများ ဖြစ်သည်။ မဂ်ကံသည် စေတနာဓိကကံ မဟုတ်။ ပညာဖြင့် ယှဉ်သောကြောင့် စေတနာကံကို ဖျက်ဆီး နိုင်သည်။

မဂ်ကံ၌ စေတနာစေတသိက် အဓိက မဟုတ်။ပညာ၊ဝိတက်၊ ဝိရတိ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ တည်းဟူသော စေတသိက်ရှစ်ပါးတို့သာ အဓိက အကြီးအမှူး ဖြစ်သည်၊ ထို့ကြောင့် အစွမ်းထက်သည်။ ပြိုင်ဘက် ယှဉ်ဘက် မရှိ။

မဂ်ကံ၌ ပါဝင်သော ဝိပဿနာပညာ မဂ်ပညာဖိုလ်ပညာတို့သည် ဝိဇ္ဇာဉာဏ်ဖြစ်၏။ (ဝါ)ထူးသောဉာဏ်ဖြစ်၏။ စေတနာကံကို ဖြစ်စေတတ်သော မောဟဟူသော အဝိဇ္ဇာကို ဤထူးသော ဝိဇ္ဇာဉာဏ်ဖြင့် ဖျက်ဆီးပစ်နိုင်သည်။

စေတနာကံ၏ အကြောင်းရင်း ဖြစ်သော အဝိဇ္ဇာခါတ်ကြီး ပျက်လျှင် အကျိုး စေတနာကံလည်း မုချ ပျက်ရသည်။ တဖန် ဖြစ်ပေါ်ခြင်း မရှိ။အဝိဇ္ဇာကြောင့် ဖြစ်ရသော စေတနာကံကို ကုန်ခမ်းစေရန် ထူးသော ဝိပဿနာဉာဏ်ဖြင့် မဂ္ဂင်ရှစ်ပါးတို့ကို အဖန်တလဲလဲ ကြိုးစားအားထုတ်ရန် လိုသည်။

ဤပဋိစ္စသမုပ္ပါဒ် တည်းဟူသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသော ယောဂီသည် စေတနာတည်းဟူသော ကုသိုလ် အကုသိုလ်ကံတို့ကို အဆိပ်ကဲ့သို့ငှင်း၊ ရန်သူကဲ့သို့ငှင်း၊ ဘေးအန္တရာယ်ကဲ့သို့ငှင်း၊ သေမင်းကဲ့သို့ငှင်း စွဲစွဲမြဲမြဲ နှလုံးပိုက်၍ မဂ္ဂင်ရှစ်ပါး တည်းဟူသော ကံကို မိမိအသက်ကဲ့သို့၊ အမြိုက်အရသာကဲ့သို့ စုံမက်မြတ်နိုး ကြိုးစား အားထုတ်ရန် လိုသည်။

ကုသိုလ် အကုသိုလ်ကံ စေတနာတို့ကို ရန်သူကဲ့သို့၊ ဘေးအန္တရာယ်ကဲ့သို့၊ သေမင်းကဲ့သို့၊ အဆိပ်အတောက်ကဲ့သို့ အလွန်ကြောက်မက်ဘွယ်ရာ ကောင်းသည်ကို ဗုဒ္ဓရှင်မြတ်ကြီးက နိဒါန ဝဂ္ဂသံယုတ်ပါဠိတော် မဟာဝဂ် အတ္တိရာဂသုတ် (၃၂၅)၌ တိကျစွာ ညွှန်ပြတော်မူသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသော အာဇာနည် သူရဲကောင်းတို့သည် သတိပဋ္ဌာန်၊သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တည်းဟူသော ကံ ၇ ပါးတို့ကိုသာ ကြိုးစားအားထုတ်ရန် လိုသည်။

အကျဉ်းအားဖြင့် ၇ ပါး၊အကျယ်အားဖြင့် ၃၇ ပါးသော ဗောဓိပက္ခိယ တရားတို့သည် အမှန်စင်စစ် အင်္ဂါရှစ်ပါးရှိသော အရိယမဂ္ဂင်၌ အကျုံးဝင်ပြီဖြစ်၍ အရိယ မဂ်ကံကို အားထုတ်

လျှင် ခပ်သိမ်းသော လောကီကုသိုလ်အကုသိုလ် စေတနာကံတို့မှချုပ်ခန်းစေနိုင်သည်။

အရိယမဂ်ကံသည် လောကီစေတနာမှ လွတ်သော လောကုတ္တရာကံဖြစ်၍ ဘဝတခုနှင့် တခုတို့ကို ဆက်စပ်ပေးတတ်သည့် စေတနာ၊ ဘဝကို ပြုပြင်စီမံတတ်သည့် သင်္ခါရတရားတို့ကို ချုပ်ငြိမ်းစေတတ်သောကြောင့် ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဘဝစက် သံသရာ ဝဋ်ဆင်းရဲတို့မှ လွတ်မြောက်ကြောင်း လမ်းကောင်း လမ်းမှန် ဖြစ်သည်။

# ပဋိစ္စသမုပ္ပါဒ်ကို သစ္စာလေးပါးဖြင့် ကိုက်၍ပြခြင်း

ဇာရာမရဏတို့သည် ဆင်းရဲခြင်း 'ဒုက္ခသစ္စာ' မည်၏။ ဇာတိသည် အိုခြင်း၊ သေခြင်းတို့၏ အကြောင်းတရားဖြစ်သော 'သမုဒယသစ္စာ' မည်၏။ ဇာတိ၊ဇရာ၊ မရဏတို့၏ ထွက်မြောက်ရာ ချုပ်ရာသည် 'နိရောဓသစ္စာ' မည်၏။ ဒုက္ခအပေါင်းတို့၏ ချုပ်ရာသို့ ရောက်ခြင်း အကြောင်းတရား မဂ္ဂင်ရှစ်ပါးသည် 'မဂ္ဂသစ္စာ' မည်၏။

ပရိယာယ်အားဖြင့် အမိဝမ်း၌ ဖြစ်ရသော ခန္ဓာငါးပါး နာမ်ရုပ်တရားတို့သည်၎င်း၊ ဥပပါတ် ပဋိသန္ဓေ၌ လက်မှန်အစ ဖြစ်သော ခန္ဓာတို့သည်၎င်း၊ နိပ္ပရိယာယ်အားဖြင့် တခုသော ဘဝ၌ ရှေးဦးစွာဖြစ်ရသော ( ဥပါဒ် ) ခန္ဓာတို့သည်၎င်း ဇာတိ မည်၏။

ယင်း ဇာတိသည် ဥပါဒ်၊ ဌီ၊ ဘင် ဟူသော ခဏငယ်သုံးပါးတို့ဖြင့် မပြတ်နှိပ်စက်အပ်သောကြောင့် 'ဒုက္ခသစ္စာ' မည်၏။ ဇာတိဖြစ်ရခြင်း အကြောင်းတရား ကမ္မဘဝသည် 'သမုဒယသစ္စာ' မည်၏။ ယင်း ဇာတိကမ္မဘဝတို့၏ ထွက်မြောက်ရာ ချုပ်ရာ နိဗ္ဗာန်သည် 'နိရောဓသစ္စာ' မည်၏။ ထွက်မြောက်ရာ ချုပ်ရာသို့ ရောက်ခြင်း အကြောင်းတရား မဂ္ဂင်ရှစ်ပါးသည် 'မဂ္ဂသစ္စာ' မည်၏။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါတပါးစီ၌ သစ္စာလေးပါးစီ ဖြစ်သောကြောင့် အခြင်းအရာအားဖြင့် ၄၈ ပါးရှိသည်။ သစ္စာတပါးစီ၌ အနက်လေးချက်စီရှိသောကြောင့် အခြင်းအရာအားဖြင့် ၁၉၂ ပါး ရှိ၏။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး၌ အင်္ဂါတပါးလျှင် သစ္စာလေးပါးဖြင့် ပိုင်းခြား စိတ်ဖြာ၍ သိသောဉာဏ်ကို 'ဓမ္မဋ္ဌိတိဉာဏ်' ဟုခေါ်သည်။

အတိတ်၌ မဂ်ဖိုလ်ရပြီးကုန်သော အရိယာတို့သည် ဤအတိုင်းပင် သိလေပြီ။ အနာဂတ်၌ မဂ်ဖိုလ်ရလတ္တံ့သော အရိယာတို့သည်လည်း ဤအတိုင်းပင် သိလတ္တံ့ဟူ၍ သိခြင်းကို 'အန္ဝယဉာဏ်' ဟုခေါ်သည်။

## ပဋိစ္စသမုပ္ပါဒ်ကို နည်းလေးပါးဖြင့် သိခြင်း

အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ရသည်။ အကြောင်းနှင့် အကျိုး မသက်ဆိုင်သည် မဟုတ်။ မချ ဆက်စပ်

နေသာသည် ဖြစ်၏။ အကြောင်းတရားတို့ ချုပ်ပြီးသည်၏ အခြားမဲ့၌ အခြားမရှိ တဆက်တည်း အကျိုးတရားတို့ဖြစ်ရ၏။

အကြောင်းနှင့် အကျိုး စပ်သောသဘောကြောင့် အဝိဇ္ဇာ သင်္ခါရစသည့် အကြောင်းနှင့် အကျိုးနှစ်ခုအကြား၌ ဆက်စပ်ခြင်း သဘောတခုတည်းအဖြစ်ဖြင့် ဖြစ်ရ၏။ ဤသို့ အကြောင်းနှင့် အကျိုး ဆက်စပ်ခြင်းသည်လည်း အကြောင်းမဲ့ မဟုတ်။ ဟိတ်စသော ပစ္စည်းဖြင့် ဆက်စပ်မှုဖြစ်ရ၏ဟု ပိုင်းခြား၍ သိခြင်းကို 'ဧကတ္တနည်း'ဟု ခေါ်သည်။

အဝိဇ္ဇာသင်္ခါရ စသည့် အကြောင်းအကျိုးတို့သည် တခုတည်းအဖြစ်ဖြင့် စပ်တတ်သော်လည်း အကြောင်းတရားကား တခု။ အကျိုးတရားကား တခု။ အဝိဇ္ဇာသည် သင်္ခါရ မဟုတ်။ သင်္ခါရသည် အဝိဇ္ဇာ မဟုတ်။ သဘောလက္ခဏာ အစွမ်းသတ္တိ အကျိုးပေးခြင်း မတူ။ အသီးသီး တရားသဘော တမျိုးစီ ဖြစ်ကြသည်ဟူ၍ သိခြင်းကို 'နာနတ္တနည်း' ဟု ခေါ်သည်။

အကြောင်းအကျိုး တရားတို့သည် အချင်းချင်း "ငါ အဝိဇ္ဇာက သင်္ခါရကို ဖြစ်စေရ၏။" သင်္ခါရကလည်း "ငါ ဝိညာဏ်ကို ဖြစ်စေရ၏" ဟူ၍ တိုက်တွန်းခြင်း အားထုတ်ခြင်း မရှိ။ ဇီဝ မဟုတ်ကုန်။ သဘာဝဓမ္မသာ ဖြစ်ကုန်၏။ အကြောင်းကြောင့် အကျိုး ဖြစ်ရ၏။ အကြောင်းမရှိလျှင် အကျိုး မဖြစ်။ အကြောင်းချုပ်လျှင် အကျိုးလည်း ချုပ်ရ၏။ အကြောင်း အကျိုးလည်း အခြား မရှိ။ စပ်ကာစပ်ကာ အချင်းချင်း အပြန်အလှန်ဖြစ်ရ၏ ဟူ၍ သိခြင်းကို 'အဗျာပါရနည်း' ဟုခေါ်သည်။

သံသရာစက်ဟူသည် နာမ်ရုပ်သဘောပင် ဖြစ်၏။ လောက သုံးပါး၌ နာမ်တရားရုပ်တရားတို့မှတပါး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊အထီး၊အမ၊လူ၊ နတ် ဟူ၍ မရှိ။ အဝိဇ္ဇာ သင်္ခါရစသော အကြောင်း အကျိုးတို့အား ဖန်ဆင်းမည့် သတ္တဝါ၊ ပုဂ္ဂိုလ် ဟူ၍ တစုံယောက်မျှ မရှိ။ဆန်ကိုချက်လျှင် ထမင်း အစရှိသော အကျိုးတို့မှတပါး အခြားအကျိုးတရား ဖြစ်ခြင်း မရှိ။

ထို့အတူ အဝိဇ္ဇာဟူသော အကြောင်းတရားကြောင့် သင်္ခါရ စသော အကျိုးတရားတို့ မုချ ဖြစ်ရ၏။ ဤအကြောင်းအား လျော်စွာ ဖြစ်ရသော အကျိုးတရားတို့အား ပြုပြင်ဖန်ဆင်း မည့် တန်ခိုးရှင်ဟူ၍ မရှိ။ ဤပဋိစ္စသမုပ္ပါဒ် ဘဝစက်တရား ကြီးသာလျှင် မုချ ရှိသည်။

အကြောင်းတရား အကျိုးတရားတို့သည် သဘာဝဓမ္မတရား တို့ပင်တည်း ဟူ၍ သိခြင်းကို 'ဓမ္မဋ္ဌိတိနည်း' ဟူ၍ ခေါ်သည်။

## ပဋိစ္စသမုပ္ပါဒ်သည် အယူမှားတို့ကို ဖျက်ဆီးနိုင်ပုံ

အဝိဇ္ဇာ သင်္ခါရစသည့် အကြောင်းနှင့် အကျိုးတို့သည် မကင်းမကွာ စပ်ခြင်းသဘော ရှိသည်။ အကြောင်းကင်း၍ အကျိုးမဖြစ်ဟူသော ဧကတ္တနည်းကို သိသောကြောင့်—

လောကကို ဖန်ဆင်းသော တန်ခိုးရှင်၊ ခပ်သိမ်းသော သတ္တ ဝါတို့ကို ဖန်ဆင်းသော တန်ခိုးရှင် ရှိ၏။အကြောင်းမရှိ အလိုလို ဖြစ်ရ၏။ ဤတန်ခိုးရှင်သည် လောကသုံးပါးကို အစိုးရ၏။

လောက၏ အစ- အာဒိ-ပုရိသ ဖြစ်၏။ ဟေတု၊ကာရဏ၊ပစ္စယ၊ နိဒါန၊ ပဘဝ၊ သမုဋ္ဌာန် စသော အကြောင်းအမျိုးမျိုးတို့တွင် တစုံတခုသော အကြောင်းကြောင့်မျှ ဖြစ်ရသည်မဟုတ်။ အလိုလို ဖြစ်ရ၏ ဟူသော 'အဟေတုကဒိဋ္ဌိအယူ' ကိုရင်း-

မည်သည့် အကြောင်းအကျိုးနှင့်မှ စပ်ခြင်း မရှိ။ သေလျှင် ကင်းပြတ်တော့၏။ သတ္တဝါသေလျှင် ချုပ်ငြိမ်းရာသို့ ရောက်တော့၏ ဟူသော 'ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒ' တို့ကိုရင်း အမြစ်က မကျန် ဖျက်ဆီးပစ်နိုင်သည်။

အကျိုးတရား တခြား၊ အကြောင်းတရား တခြား သဘော လက္ခဏာ မတူသည်ကို နာနတ္တနည်းဖြင့် သိမြင်သောကြောင့် ဤဘဝမှ တစုံတခုသော ဝတ္ထုသည်(ဝါ)လိပ်ပျာကောင် အတ္တ ကောင်သည် နောင် တမလွန်ဘဝသို့ ပြောင်းရွှေ့သွားရသည် ဟူသောအယူ၊ အတ္တကောင်သည် ခန္ဓာအိမ်ဟောင်းကို စွန့်၍ ခန္ဓာအိမ်အသစ်သို့ ရောက်ရပြန်သည်ဟူသော 'ဧကတ္တသဿဒိဋ္ဌိ' အယူတို့ကို အမြစ်မကျန် ဖျက်ဆီးပစ်နိုင်သည်။

အဗျာပါရနည်းကို သိသောကြောင့် ပြုပြင်ဖန်ဆင်းနိုင်သူ တန်ခိုးရှင်ရှိ၏ ဟူသော ကာရကဝါဒကိုရင်း၊ ဇီဝ၊ အတ္တရှိ၏ ဟု ယူသော အတ္တဒိဋ္ဌိတို့ကိုရင်း ဖျက်ဆီးချေမှုန်းပစ်နိုင်သည်။

ဧဝံဓမ္မတာနည်းကို မဖေါက်မပြန် ဟုတ်တိုင်းမှန်ရာ သိသော ကြောင့် အကျိုးကို ပြုပြင်တတ်သော ဇီရင် တတ်သော အကြောင်း မရှိပါဟု ယူသော အကိရိယဒိဋ္ဌိအယူကို အမြစ်မှ စ၍ ဖျက်ဆီးပစ်နိုင်၏။

သံသရာစက် ဟူသည်မှာ ပဋိစ္စသမုပ္ပါဒ်ပင် ဖြစ်သည်။ ဝိညာဏ်

နာမ် ရုပ်တို့ကိုပင် လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါ၊ အထီး၊ အမ ဟူ၍ ပညတ်ခြင်းမျှသာ ဖြစ်၏။ အမှန်စစ်စင် ပဋိစ္စသမုပ္ပါဒ် တရား သည် အကြောင်းအကျိုးတို့ဖြင့် ဆက်စပ်ထားသော နာမ်တရား ရုပ်တရားမျှသာတည်း။

ဤပဋိစ္စသမုပ္ပါဒ်ကို ပိုင်ဆိုင်သူ အစိုးရသူ မရှိ။ အကြောင်း ကြောင့်သာ အကျိုး ဖြစ်ရသည်။အကြောင်း မရှိလျှင် အကျိုး မရှိ။အကြောင်း ချုပ်လျှင် အကျိုး ချုပ်၏။

ဘဝတခု၌ ဖြစ်ရသော နာမ်ရုပ်တို့သည် ဘဝတခု၌ အကြွင်း မရှိ ချုပ်ရ၏။ နောင် တမလွန်သို့ (ဝါ)ဘဝတခုမှ တခုသို့ ကူးပြောင်းသွားသော အရာဝတ္ထုဟူ၍ မရှိ။ ဘဝတခု၌ နာမ် ရုပ်တို့ ချုပ်ခြင်း ဟူသော အကြောင်းတရားကြောင့် ဘဝတခု၌ ဝိညာဏ်၊ နာမ် ရုပ် တည်းဟူသော အကျိုးတရားတို့ မုချ ဖြစ်ရ၏။

ဤသို့လျှင် ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်၍ ဖြစ်သော သမာဓိဖြင့် ထိုးထွင်း၍ နည်းလေးပါးတို့ဖြင့် ဟုတ်တိုင်း မှန်ရာ သိသောကြောင့် မဂ်ဖိုလ်ကို မရသည့်တိုင် စူဠသောတာပန် ဖြစ်နိုင်ကြောင်းကို ယောအတွင်းဝန်၏ ဝိမုတ္တိရသကျမ်း၌ ဆိုသည်။

ဤပဋိစ္စသမုပ္ပါဒ်၌ နာမ်တရား ရုပ်တရားတို့ကို ပိုင်းခြား လျက် ဝေဖန်လျက် ဖေါက်ခွဲလျက် သိနိုင်သော ဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်ဟု ခေါ်သည်။ ယင်းဓမ္မဋ္ဌိတိဉာဏ်ကိုပင် အထူး အားဖြင့် သိသော ဉာဏ် ဖြစ်သောကြောင့် ဉာတပရိညာဟူ၍ ၎င်း၊ အဘိညာဏ်ဟူ၍၎င်း ခေါ်သည်။

# လက္ခဏာယာဉ်သုံးပါး

လက္ခဏာယာဉ် (ဝါ) လက္ခဏာရေးသုံးပါးကို ဗုဒ္ဓဘာသာဝင်တိုင်း သိသည်။ တရားသမား (ယောဂီ) တိုင်း လက္ခဏာယာဉ်သုံးပါးကို ကောင်းကောင်း သိသည်။ သို့သော် လက္ခဏာယာဉ်သုံးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ သာမညမျှသာ ရှုလေ့ရှိကြသည်။

ယောဂီတို့နှင့် တွေ့ဆုံ၍ ဆွေးနွေးကြည့်ခိုင်း အားရလောက်သော အဖြေကို မရခဲ့။ အပေါ်ယံမျှသာ ဖြစ်သည်။ ယောဂီတို့သည် ဘာဝနာ ကမ္မဋ္ဌာန်း အားထုတ်ကြသော်လည်း ပရိညာသုံးပါးနှင့် မပြည့်စုံသဖြင့် ဤလက္ခဏာယာဉ်သုံးပါး၌ ဖုံးအုပ်လျက်ရှိသော သန္တတိ အစဉ်ကို ထိုးထွင်း၍ မသိနိုင်ခြင်းဖြစ်သည်။

# ပရိညာသုံးပါး

ရုပ်သည် ဖေါက်ပြန်ခြင်း လက္ခဏာ ရှိ၏။ ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ ရှိ၏။ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏဟူသော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ လက္ခဏာကို ပိုင်းခြား ဝေဖန်၍ သိသော ပညာကို 'ဉာတပရိညာ' ဟု ခေါ်သည်။

ရုပ်သည် မမြဲ။ ရုပ်သည် ချမ်းသာမှု ကင်း၏။ ရုပ်သည် အမှန်စင်စစ် အစိုးမရ။ ထို့ကြောင့် အနှစ်သာရ မရှိ။ ဤသို့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူသော ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၌ လက္ခဏာသုံးပါးတင်ပြီး ပိုင်းခြား ဝေဖန်၍ သိသောပညာကို 'တီရဏပရိညာ' ဟု ခေါ်သည်။

ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၌ သမ္မာသတိကို အစောင့် ထားလျက် ရန်သူ တဏှာခြောက်ပါးတို့ကို ပဟာန်ငါးပါးဖြင့် နှိပ်နှင်းခြင်း၌ ပိုင်းခြား၍ သိသောဉာဏ်ကို 'ပဟာနပရိညာ' ဟု ခေါ်သည်။

ခန္ဓာငါးပါး နာမ်ရုပ်တရားတို့ကို စုပေါင်း၍ အဖန်တလဲလဲ ရှုခြင်းဟူသော သမ္မာသနဉာဏ်နှင့် အဖြစ်အပျက်ကို ရှုခြင်း ဟူသော ဥဒယဗ္ဗယဉာဏ်စဉ်အထိ ဉာတပရိညာ၊ တီရဏပရိညာ နှစ်ပါးနှင့် သက်ဆိုင်သည်။

'ဖြစ်ခြင်း' ကိုလွှတ်၍ 'ပျက်ခြင်း' ကို တဖန်တလဲလဲ ရှုရသော 'ဘင်္ဂါနုပဿနာ' ဉာဏ်စဉ်မှ စ၍ အထက်မဂ်အထိ ပဟာနပရိညာနှင့် သက်ဆိုင်သည်။

ယင်း ပရိညာသုံးပါးကိုပင် ဝိပဿနာ ပညာသုံးပါး ဖြစ်ကြောင်း ဟောတော်မူသည်။ ယင်း ပရိညာသုံးပါးကိုမှ မသိလျှင် မိမိအလုပ်စခန်း၌ ကမောက်ကမ ဖြစ်နိုင်သည်။

အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ ဟူသော အနုပဿနာသုံးပါးသည် ဝိပဿနာ ပညာသုံးရပ်ပင်ဖြစ်သည်။

ရုပ်နာမ်တရားတို့အား အဖန်တလဲလဲ နှိပ်စက်နေသည်မှာ ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟူသော ဖြစ်၊တည်၊ပျက် ခဏတ္တယသာလျှင် ဖြစ်၏။ အဘယ်တရားသည် ဖြစ်၍ အဘယ်တရားသည် တည်ပြီး အဘယ် တရားသည် ပျက်သွားရသနည်း ဆိုသော်—

ဉာတပရိညာ၊ တီရဏပရိညာပညာတို့ဖြင့် ရုပ်၊ နာမ်၊သင်္ခါရတို့ကို အထပ်ထပ် တဖန်တလဲလဲ ရှု၍ ဝေဖန်သုံးသပ် ကြည့်သောအခါ ရုပ်၊ဝေဒနာ၊သညာ စသည်တို့ မရပ်မနား တလစပ်ဖြစ်တည် ပျက်သွားနေသည်ကို ဒိဋ္ဌမမှ တွေ့မြင်ရမည် ဖြစ်သည်။

ရုပ်တရား နာမ်တရား တို့အား ဥပါဒ်၊ ဌီ၊ ဘင် တည်း ဟူသော ဖြစ်တည်ပျက် လက္ခဏာ သုံးပါးတို့က မပြတ် နှိပ်စက်နေသည်ကို ထူးသောဉာဏ်ဖြင့် သိမြင်လာရသောအခါ အာယတနဓါတ် အရင်းခံဖြစ်သော သံသရာစက်ကို အမှန်တကယ် ရှုရှာမုန်းတီးလာသောကြောင့် 'နိဗ္ဗိဒါဉာဏ်' (ငြီးငွေ့သော ဉာဏ်) ဖြစ်ပေါ်လာရ၏။

ယင်း နိဗ္ဗိဒါဉာဏ်သည် သင်္ခါရတရားတို့၏ စက်ဆုပ်ရွံရှာဘွယ်ကို အမှန်ထိုးထွင်း၍ သိပြီးမှဖြစ်ပေါ်လာသည့် ဉာဏ် ဖြစ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် အလွန်နီးစပ်သော ဉာဏ် ဖြစ်၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာသုံးပါးကို ဥပါဒ်၊ ဌီ၊ဘင် တိုင်အောင် ထင်မြင်သည်အထိ ရှုနိုင်မှသာလျှင် ဝိပဿနာဉာဏ် ဆယ်ဆင့်တွင် ခြောက်ဆင့် မြောက် ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် အလွန်နီးစပ်သော 'နိဗ္ဗိဒါဉာဏ် အဆင့်' သို့ ရောက်ရှိနိုင်မည်။

အနိစ္စကို မမြဲခြင်း၊ ဒုက္ခကို ဆင်းရဲခြင်း၊ အနတ္တကို အစိုးမရခြင်းဟု ရှုနေရုံမျှဖြင့် ခရီးမရောက်နိုင်။ ရွတ်ဖတ် သရဇ္ဈာယ်နေရုံဖြင့်လည်း ခရီးမရောက်နိုင်။ ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့ကို ရုပ်၊ ဝေဒနာ၊ သညာ စသည်ဖြင့် စိတ်ဖြာခွဲခြမ်းဝေဖန်ပြီး အဖန်တလဲလဲ လက္ခဏာ တင်ကြည့်နိုင်မှ သာလျှင် အထင်အမြင် ပေါက်၍ ခရီးရောက်နိုင်သည်။

ယောဂီတို့သည် အများအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုသာ ရှုကြ၏။အနိစ္စကို ဥပါဒ်ခဏ (ဖြစ်ဆဲ)၊ ဒုက္ခကို(ဌီ)တည်ဆဲ၊ အနတ္တကို ပျက်ဆဲ (ဘင်) အထိ မရှုကြ။ ဥပါဒ်၊ ဌီ၊ ဘင် အထိ ပေါက်ရောက်အောင် (ဝါ) ဥပါဒ်၊ ဌီ၊ဘင် တို့ မြင်လာအောင် ရှုသော သူ အလွန် ရှားသည်။

လက္ခဏာ သုံးပါး ဟုဆိုလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ရှုသူများသည်။ ဥပါဒ်၊ ဌီ၊ ဘင် ဖြစ်သော လက္ခဏာ ရုပ်အစစ် လက္ခဏာယာဉ်အစစ် တို့ကို ပေါက်ရောက်အောင် ရှုလေ့ မရှိကြ။

ဥပါဒ်၊ ဌီ၊ ဘင် တို့ကို နာမ်ရုပ်ဖြစ်သော သင်္ခတလက္ခဏာ ဟူ၍၎င်း၊ဇာတိ၊ဇရတာ၊အနိစ္စတာဟူ၍၎င်း ဟောတော်မူသည်။ ဤလက္ခဏာရုပ် သုံးပါးတို့သည် သိမ်မွေ့သောကြောင့် အသိ ခက်ပုံ အကောက်ခက်ပုံကို ယောခင်းကြီး၏ ဝိမုတ္တိရသ ကျမ်း၌ ဆိုသည်။

ခန္ဓာငါးပါး နာမ် ရုပ် တရား၌ ဥပါဒ်ခဏသည် ဌီခဏ၌ ရင့်ခြင်းသို့ ရောက်၍ ဘင်ခဏ၌ ပျက်စီးသွား ရသောကြောင့် ရုပ်၊ ဝေဒနာ၊ သညာတို့သည် အနိစ္စ မည်၏။

ထို့ကြောင့်—

'သင်္ခါရ တရား တို့သည် မမြဲ။ ဖြစ်တတ်ပျက်တတ် သောသဘောရှိကုန်၏။ ဖြစ်တတ်သော ပျက်တတ်သော တရားတို့သည်ပင် ဖြစ်ပြီးနောက် ချုပ်ငြိမ်းရကုန်၏။ ဟူ၍ ဗုဒ္ဓ ရှင်တော်မြတ် ဟောကြားတော်မူသည်။

သင်္ခါရတရားတို့ ဤသို့ဖြစ်ပျက်ရန် တနေရာ၌ ငုပ်ထားခြင်း၊ သိုလှောင်ထားခြင်း ဟူ၍လည်းမရှိ။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် လျှပ်စစ်ပြက်သကဲ့သို့ တလစပ် ဖြစ်ပျက်နေကုန်၏။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို လက္ခဏာ သုံးပါးတင်၍ ရှုသော အခါ ဥပါဒ်၊ ဌီ၊ ဘင် ဟု မသိနိုင်အောင် ဖုံးလွှမ်းတတ်သည်မှာ သန္တတိ အစဉ်ပင် ဖြစ်သည်။

ဤရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ရေအယဉ်ကဲ့သို့ တလစပ်ဖြစ် နေသော ကြောင့် ဥပါဒ်၊ ဌီ၊ဘင် လက္ခဏာ ရုပ်တို့ကို မထင်မြင်

နိုင်ခြင်းဖြစ်သည်။ ယင်းသို့ အစဉ် မပြတ် ဖြစ်ပျက်နေခြင်းကိုပင် သန္တတိဟု ခေါ်သည်။

ဥပမာ - ပန်ကာလည်နေသော အခါ ပန်ကာအရွက် မည်မျှ ရှိသည်ကို မသိနိုင်ခြင်း ကဲ့သို့ ဖြစ်သည်၊ ဤသို့ တလစပ် ပန်ကာ လည်နေခြင်းသည်ပင် သန္တတိဟု ခေါ်သည်။

ဤသို့ မရပ်မနား တလစပ် လည်ပတ်နေသော ရုပ်နာမ် ခန္ဓာ သင်္ခါရတို့ကို ဉာဏ်မျက်စိဖြင့် ဖေါက်ခွဲ စိတ်ဖြာ၍ အဖန် တလဲလဲ ရှုကြည့်နိုင်မှသာလျှင် တလစပ် လည်ပတ်နေသော သန္တတိအစဉ် ရပ်၍ ဖြစ်၊ တည်၊ ပျက် တည်းဟူသော လက္ခဏရုပ် သုံးပါးတို့ ထင်ရှားလာနိုင်သည်။

ရေအယဉ် သည် တလစပ် စီးဆင်းနေ၍သာ ရေသစ် ရေ ဟောင်းတို့ ပြောင်းလဲသွားသည်ကို မသိနိုင်ခြင်း ဖြစ်သည်။ နာမ်တရား ရုပ်တရား တို့သည်လည်း တဆက်တည်း ဖြစ်ပျက်နေ သောကြောင့် ဥပါဒ်ဟူသော ဖြစ်စကိုလည်း မမြင်နိုင်။ တည်စ ရင့်ကျက်ဆဲ ကာလကိုလည်း မမြင်နိုင်။ ဘင်ဟူသော ပျက်ခြင်း ကိုလည်း မမြင်နိုင်ခြင်း ဖြစ်သည်။

ဤသို့ အနိစ္စကို မထင်အောင် ဖုံးလွှမ်းတတ်သော သန္တတိ အစဉ်ကို ဉာဏ်မျက်စိဖြင့်အထပ်ထပ် ရှုသည်ရှိသော် အနိစ္စတည်း ဟူသော ဥပါဒ် လက္ခဏာသည် ဘွားကနဲ ထင်ရှား ပေါ်လာ ရ၏။

တသွင်သွင် စီးဆင်းနေသော ရုပ်နာမ် သင်္ခါရတို့မှာ အာယ တန ချောင်းကြီးသာလျှင် ဖြစ်သည်။ အာယတနခေါ်တို့

ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် တလစပ် ဖြစ်ပျက်နေသောကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ကြီး လည်ပတ်နေရခြင်း ဖြစ်သည်။

ယင်းသို့ တသွင်သွင် စီးဆင်းနေသော အာယတန ရေအယဉ်ကို ရပ်တန့်သွားအောင် အားထုတ်နိုင်ပါက ပဋိစ္စသမုပ္ပါဒ်စက်မှုချ ရပ်တန့်သွားရမည် ဖြစ်၏။

ထို့ကြောင့် အာယတနဓါတ်တို့ မပြတ် လည်နေခြင်းသာလျှင် သံသရာစက် မည်ကြောင်းကို 'သမ္မောဟဝိနောဒနီ အဋ္ဌကထာ အာယတနဝိဘင်း' ၌ ဖွင့်ပြသည်။

ဗုဒ္ဓရှင်မြတ်ကြီးက ဤသံသရာမည်သော အာယတန ၁၂ ပါးတို့ကို ဉာဏ်မျက်စိ ပညာမျက်စိဖြင့် ရှု၍ ပယ်ဖြတ်ရမည် ဖြစ်ကြောင်း အာယတနဝိဘင်း ပါဠိတော်၌ ညွှန်ပြတော် မူသည်။

ဤရုပ်နာမ်တရားတို့ကို ဥပါဒ်၊ ဌီ၊ ဘင် တည်းဟူသော သင်္ခါရတို့ဖြင့် မပြတ်နှိပ်စက်တတ်သောကြောင့် ဒုက္ခ မည်၏။

ရုပ်နာမ် တရားတို့အား ဥပါဒ်၊ ဌီ၊ ဘင်တို့ဖြင့် အစဉ်မပြတ် နှိပ်စက်နေသဖြင့် ရုပ်နာမ်တရားတို့သည် အမှန်စင်စစ် ချမ်းသာမှု မရှိ၊ ဆင်းရဲအတိသာတည်း။

ဤရုပ်နာမ်တရားတို့သည် ဥပါဒ်၊ ဌီ၊ ဘင် တို့ဖြင့် အစဉ်မပြတ် နှိပ်စက် ပူပြင်ခြင်းကို ခံနေရသဖြင့် မိမိအလိုသို့ မလိုက်။ မိမိအလိုဆန္ဒအတိုင်း ဖြစ်ခြင်းမရှိ။ ထို့ကြောင့် ရုပ်နာမ်တရားသည် မိမိပိုင် ဥစ္စာပစ္စည်း မဟုတ်။ အစိုးရခြင်း မရှိ။ မိမိအလိုဆန္ဒအတိုင်း မဖြစ်သော ရုပ်နာမ်တရားတို့၌ အမှန်စင်စစ် အနှစ်သာရ မရှိကုန်။

ဤသို့ဆင်ခြင်သောအခါ ရုပ်တရား နာမ်တရားတို့၌ ဥပါဒ်၊

ဋ္ဌိ၊ ဘင်ဟူသော ရန်သူတို့ မပြတ် နှိပ်စက်နေသောကြောင့် ဒုက္ခလက္ခဏာ မှချ ထင်လာသည်။

ထိုဒုက္ခတုံးကြီးဖြစ်သော နာမ်ရုပ်တို့သည်ပင် မိမိအလိုသို့ မလိုက်တတ်ခြင်း၊ အနှစ်သာရ မရှိကြောင်း ဉာဏ်မျက်စိဖြင့် သိရသောအခါ အနတ္တလက္ခဏာ ထင်လာသည်။

အနိစ္စနှင့် ဒုက္ခသည် အနတ္တ၏ အခြံအရံမျှသာ ဖြစ်သည်။ အလွန်သိမ်မွေ့သော အနတ္တတရားကို ထင်မြင်နိုင်ရန် အသိသွယ် သော အနိစ္စနှင့် ဒုက္ခတို့ကို ဟောတော်မူရခြင်း ဖြစ်သည်။

ဗုဒ္ဓက သိစေလိုသော လက္ခဏာမှာ အနတ္တသာ လိုရင်း ဖြစ် သည်။ ပဋိစ္စသမုပ္ပါဒ် ဟူသော နာမ်ရုပ်တို့သည် ဥပါဒ်၊ ဋ္ဌိ၊ ဘင် တို့ဖြင့် တလစပ်ဖြစ်ပျက်နေသောကြောင့် အမြဲမရှိ။ ထို့ကြောင့် အနိစ္စမည်၏၊

နာမ်ရုပ်တရားတို့ကို ဥပါဒ်၊ ဋ္ဌိ၊ ဘင်တို့ဖြင့် မပြတ် နှိပ်စက် နေသောကြောင့် ချမ်းသာမရှိ ဆင်းရဲ အတိသာ ဖြစ်၍ ဒုက္ခ မည်၏။ ဆင်းရဲအတိသာဖြစ်သော နာမ်ရုပ်တို့သည် မည်သူ၏ အလိုကိုမျှ မလိုက်တတ်။ အစိုးရပိုင်သခြင်း မရှိသောကြောင့် အနှစ်သာရ ကင်း၏။ ထို့ကြောင့် အနတ္တ မည်၏။

# အနတ္တ အသိခက်ပုံ

အနတ္တ သဒ္ဒါကို (န+အတ္တ)ဟု ပုဒ်ဖြတ်။ နအတ္တ၊ အတ္တ မဟုတ်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အတ္တ မဟုတ်။ အနတ္တမျှသာ ဖြစ်၏။

ခန္ဓာကိုယ်ကြီးကို အနတ္တဟု ရှုရုံမျှဖြင့် အရာရောက်မည် မဟုတ်။ အစုအပေါင်းမျှသာ ဖြစ်သော ခန္ဓာကြီးကို အနတ္တဟု ရှုနေရုံဖြင့် အတ္တ မပြုတ်နိုင်။ ခန္ဓာအစုကြီးကို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ စသဖြင့် ခွဲခြမ်း စိတ်ဖြာ၍ အထပ်ထပ် ရှုမှသာ လျှင် အနတ္တ ပြုတ်နိုင်မည်။

ရုပ်တို့သည် ဓါတ်ကြီးလေးပါးကြောင့် ဖြစ်ရသော မဟာဘူတရုပ်၊ မျက်စိအကြည်ဓါတ်၊ နားအကြည်ဓါတ် စသည်တို့ကြောင့် ဖြစ်ရသော ပသာဒရုပ်၊ ရူပါရုံ သဒ္ဒါရုံတို့ကြောင့်

ဖြစ်ရသော ဂေါစရရုပ်၊ အထီး အမဟူသော ဘာဝရုပ်၊ ဘဝင်၌ ဖြစ်သော ဟဒယရုပ်၊ စောင့်ရှောက်တတ်သော ဇီဝိတရုပ်၊ အာဟာရရုပ်၊ အာကာသရုပ် စသည့် ရုပ် ၂၈ ပါးတို့ကို ရုပ်တို့သည် ဤသို့ သဘောရှိကုန်၏၊ ဤသို့ ဖေါက်ပြန်ပျက်စီးကုန်၏ဟု ပိုင်းခြား ဝေဖန်၍ အထပ်ထပ်ရှုမှသာလျှင် အနှစ်မရှိသော သဘော အနတ္တလက္ခဏာ ထင်လာမည်။

နာမ်တရားတို့ကိုလည်း ဤကား သညာသဘော၊ ဤကား ဖဿသဘော၊ ဤကား ဝေဒနာသဘော၊ ဤကား ပြုပြင်တတ်သော သဘော စသည်ဖြင့် ပိုင်းခြား ဝေဖန်၍ သိမှသာလျှင် အနှစ်မရှိကြောင်း အနတ္တလက္ခဏာ ထင်မည်၊ အနတ္တလက္ခဏာကို နှလုံး၌ စွဲစွဲမြဲမြဲ ထင်မှတ်နိုင်မှသာလျှင် အတ္တ ပြုတ်မည်။ သို့မဟုတ်က မပြုတ်။

နာမ်တရား ရုပ်တရားတို့၌ လက္ခဏာသုံးပါးကို အထပ်ထပ် တင်၍ အဖန်တလဲလဲရှုသောအခါ ဝိပဿနာဉာဏ် ရင့်ခြင်းသို့ ရောက်၏။ ထိုအခါ 'ဒွိကောဋိက' စသော သုညတနည်းတို့ဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တို့ကို အထပ်ထပ် ထုချေသောအခါ သင်္ခါရ ပြုပြင်တတ်သော တရားတို့ကို လျစ်လျူ ရှုနိုင်သည့် သင်္ခါရုပေက္ခာဉာဏ်ကို ရသည်။ ဝိပဿနာဉာဏ် ထိပ်ဆုံးသို့ ရောက်သွားပြီး ပထမမဂ်ဉာဏ်ကိုရမှ အလွန် သိမ်မွေ့သော 'အတ္တအယူကို' လုံးဝ ပယ်နိုင်သည်။

ထိုအခါမှ သက္ကာယဒိဋ္ဌိ တည်းဟူသော အတ္တအယူ ပြုတ်သည်။ အနိစ္စ၊ ဒုက္ခတို့ကို ဝိပဿနာဉာဏ်ဖြင့် အဖန်တလဲလဲ

ရှုလျှင် ထင်မြင်နိုင်လွယ်သော်လည်း အတ္တအစွဲကို ထင်မြင်နိုင်ရန် အလွန်ခက်သည်။

နာမ်ရုပ်တို့ကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြား၍ သိစေကာမူ အလွန် သိမ်မွေ့သော အတ္တကို ပထမ မဂ်ဉာဏ် မရမချင်း မစွန့်နိုင်သေးသည်မှာ အစမထင်နိုင်သော သံသရာက စွဲလမ်းကိန်းအောင်းလာခဲ့သော အတ္တအစွဲကို ဉာဏ်ထင်ရုံမျှနှင့် တခါတည်း ပယ်လိုက်ရန် မလွယ်။

နာမ်ရုပ်တို့ကို အဖုအဆစ် ကုန်အောင် အထပ်ထပ် အားထုတ်ပြီးနောက် ဘာဝနာအားကိုရမှ အစမထင်သော သံသရာက စွဲလာခဲ့သော အတ္တစွဲကို ဖြုတ်နိုင်သည်။

အတ္တအစွဲကို ပယ်ရန် အဘယ်မျှ ခက်ခဲသနည်းဆိုသော် သုခ ဒုက္ခ ဝေဒနာတို့ကိုပင် ငါခံစားရသည်၊ ငါ ခံစားရသည်ဟု ထင်၍ အတ္တအစွဲ မဖြုတ်နိုင်။

မှချ ခံရသည်မှာ နာမ်ရုပ်တရား သဘာဝမျှတို့ဖြစ်သည်။ သညာသဘော ဝေဒနာသဘောပင် ဖြစ်သည်ဟု သဘာဝ ဓမ္မတို့ကို လျစ်လျူရှု၍ သည်းခံနိုင်ခြင်း မရှိ။

ဝိပဿနာအလုပ်စခန်း၌ အားထုတ်ကုန်သော ကလျာဏ ယောဂီတို့ပင် ဤမျှသည်းမခံနိုင်လျှင် သာမန် ပုထုဇဉ်တို့မှာ အဘယ် ဆိုဘွယ်ရာ ရှိမည်နည်း။ ထို့ကြောင့် အတ္တာပြုတ်ရေးသည် အလွန်တရာ ခက်ခဲသော အမှုကြီး ဖြစ်ပေသည်။

အချို့သော ယောဂီတို့သည် အတ္တပြုတ်ရေး၌ ရှန်းရှန်းဝေအောင် ပြောတတ်ကြသည်။ လက်တွေ့မပြနိုင်။ ဤဗုဒ္ဓသာသနာ

ကြီးနှင့် ကြုံခိုက် နေ့ညမပြတ် ကြိုးစားအားထုတ်၍ဖြတ်မှသာ အတ္တအစွဲ ပြုတ်နိုင်မည်ကိုလည်း နှလုံးသွင်းမိရန် လိုသည်။

ဤသာသနာမှ လွန်လျှင် အတ္တအစွဲပြုတ်ရန်ပင် မဆိုထားနှင့် အနိစ္စ၊ဒုက္ခတို့ကို သိရန်ပင် မလွယ်။ ဤဗုဒ္ဓသာသနာတော်ကြီးသည် မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကုန်သော ယောဂီတို့အတွက် အခွင့်အခါကောင်း ဖြစ်သည်၊

ဤဗုဒ္ဓသာသနာကြီးနှင့် ကြုံကြိုက်တုန်း အခွင့်အရေးကို အသုံးမချတတ်ပါက မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရအောင် မကြိုးစားနိုင်ပါက နောင် မြော်လင့်စရာအချိန် ရှိတော့မည် မဟုတ်။ ဤသို့ ထူးမြတ်သော ဗုဒ္ဓသာသနာကြီးနှင့် ကြုံကြိုက်ရန်မှာ လွယ်ကူသော အလုပ် မဟုတ်။ဤသို့ အခွင့်အခါနှင့် ကြုံကြိုက်မည်ဟု မည်သူမျှလည်း အာမခံနိုင်မည် မဟုတ်။

ဤကဲ့သို့ ဗုဒ္ဓသာသနာ တည်းဟူသော အခါအခွင့် ထူးကြီးနှင့် ကြုံကြိုက်၍မှ အနတ္တကို မသိလိုက်ရလျှင် ဤပဋိစ္စသမုပ္ပါဒ် သံသရာစက်အတွင်းမှ ကျွတ်လွတ်ရန်လမ်း မရှိ။ မုချလည်ပတ်နေရတော့မည် ဖြစ်၏။

စင်စစ် နာမ်ရုပ်မျှဖြစ်သော ပရမတ်တရားသည် မြဲမြံခိုင်ခန့်သော အနှစ်သာရ မရှိ။ လောက၌ တစုံတခုသော ရုပ်နာမ်ဓမ္မသည် မြဲ၏၊ အနှစ်သာရရှိ၏ ဟု ဆိုလျှင် ယင်းနာမ်ရုပ်တို့ကို တည်၍ ဥပါဒ်၊ ဌီ၊ ဘင် ဟူသော လက္ခဏာသုံးပါးဖြင့် နှုတ်၊ မုချ သုဉ်း၏။

နာမ်ရုပ်တို့မှ တပါး အခြား အတ္တရှိသေးသည်ဟု ဆိုလျှင် ယင်းအတ္တကို တည်၊ နာမ်ရုပ်တို့ကို နှုတ်၊ အကြွင်း မရှိ သုဉ်း

ပြန်၏။ ထို့ကြောင့် ဥပါဒ်၊ ဌီ၊ ဘင် တို့ဖြင့် မနှိပ်စက်နိုင်၊ နှိပ်စက်ခြင်း မခံရသော ရုပ်နာမ်ဓမ္မတို့ မည်သည် အဘယ်မှာလျှင် ရှိအံ့နည်း။

ထို့ကြောင့် ရုပ်နာမ်တို့၌ အတ္တသုဉ်းပုံကို-

'ချစ်သား အာနန္ဒာ၊ စင်စစ် အကြင်သဘော ကြောင့် အတ္တအားဖြင့် သုဉ်း၏။ အတ္တ မဟုတ်။ အတ္တ နိယေနဝါ၊ အတ္တနှင့်စပ်သောအားဖြင့်လည်း သုဉ်း၏။ အတ္တနှင့်ဆိုင်သော နာမ်တရား ရုပ်တရားဟူ၍ မရှိ၊ အကြင်ကြောင့် ဖြစ်တတ်ပျက်တတ်သည့် လောကမည်သော နာမ်ရုပ်ကို သုညောတိ ဆိတ်သုဉ်း၏ ဟူ၍ ဆို **အပ်၏'**

ဟူ၍ ဟောတော်မူသောကြောင့်-

နာမ်ရုပ်တို့ကို အထက်ပါ 'ဒုက္ခကောဋ္ဌာသညတ' နည်းဖြင့် အဖန်တလဲလဲ ကြည့်ရှုသုံးသပ်သောအခါ နာမ်ရုပ်တို့မှတပါး အကြွင်းမရှိ ဆိတ်သုဉ်းသည်ကို မြင်၍ အတ္တပြုတ်၏။ ထိုအခါ နာမ်ရုပ်တို့ကို အတ္တဟူ၍ မထင်၊ အနတ္တကို မြင်သောကြောင့် ခပ်သိမ်းသော နာမ်ရုပ်တို့သည် အမှန်စင်စစ် 'သင်္ခတသဘော' မျှသာ တည်းဟူ၍ ဉာဏ်၌ ထင်ရှားပေါ်လာသည်။

ထို့ကြောင့် ဉာဏ်အမြင်ရှိသော ယောဂီသည် နာမ်ရုပ် တရားတို့၌ အတ္တကို နှစ်စုနှစ်ပုံထားလော 'ဒုက္ခကောဋ္ဌာသညတ'

နည်း၊ လေးစုလေးပုံထားသော 'စတုကောဋ္ဌိကသုညတ' နည်း၊ ခြောက်စုခြောက်ပုံထားသော'ဆကောဋ္ဌိကသုညတ'နည်းစသည်တို့ဖြင့် အထပ်ထပ် နှိပ်နင်း ဖျက်ဆီးပစ်မှသာ အစမထင်သော သံသရာက စွဲလာခဲ့သော အတ္တအစွဲ ပြုတ်နိုင်သည်။

ခန္ဓာငါးပါး အစုအဝေးကြီးကို အတ္တဟု ထင်နေလျှင် သခ်တာဖြစ်သော ရုပ်နာမ်တို့ကို နှုတ်၊ အကြွင်း မရှိ သုဉ်း၏။ ခန္ဓာငါးပါး၌ သခ်တာဖြစ်သောစိတ်၊ စေတသိက်တို့ကို နှုတ်၊ အကြွင်း မရှိ သုဉ်း၏။ဤကား အနတ္တကို ရှုသော နည်းတည်း။

အတ္တအစွဲတို့ကို ထုတ်ပြဦးမည်။ လူသေလျှင် ခန္ဓာကိုယ်မှ တစုံတခု ထွက်သွားသည်။ ထိုတစုံတခု ရှိ၍သာလျှင် နောင်ဘဝ၌ ခန္ဓာအသစ်တခု ဖြစ်ရသည်။ အချို့ကလည်း လူတို့၌ လိပ်ပြာ ရှိသည်။ သေလျှင် လိပ်ပြာ ထွက်သွားသည်။ အသက် ထွက်သွားသည်ဟု ပြင်းစွာ ယုံကြည်စွဲလမ်းမှုသည်ပင် အတ္တအယူ ဖြစ်သည်။

လူတို့၏အတွင်းသန္တာန်၌ အတ္တအစွဲထုထယ် မည်မျှ ကြီးမားနေသည်မှာ ထင်ရှားနေသည်။ အချို့ မည်မျှအထိ အတ္တအစွဲ အားကြီးသည်ကို သာဓကပြုသော် လူတို့ သေပြီးနောက် လိပ်ပြာကောင်သည် (ဝါ) ဝိညာဉ်သည် မကျွတ်နိုင်သေး။ သွားလိုရာသို့ မသွားနိုင်သေး။ မိမိ၏ အိမ်၌သာ တည်ရှိနေရစ်သေးသည်။

ရက်လည်ပြီး ဆွမ်းသွတ် အမျှအတမ်းဝေမှ ထိုလိပ်ပြာကောင် ဝိညာဉ်လည်း လွတ်လွတ်ကျွတ်ကျွတ် သွားနိုင်တော့သည်။ လူ့ကိုယ်မှ ထွက်ခွါသွားသော ဝိညာဉ်သည် ရက်လည်

ဆွမ်း သွတ်ပြီးမှပင် လွတ်လပ်ရေး ရတော့သယောင်ယောင် ပြောဆိုထင်မှတ်နေသည်မှာ အစမထင်သော သံသရာက သည်းနှင့်အောင် စွဲရစ်လာခဲ့သော အတ္တအစွဲကြီးပင် ဖြစ်၏။

အချို့က သူသာန်မှ သစ်ခက်ဝါးခက် ရရာတခုခုကိုပင် ချိုး၍ ယူလာလိုက်သေးသည်။ ကျွန်ုပ် မေးမြန်းကြည့်ရာ သေဆုံးပြီးသူ၏ ဝိညာဉ်ကို ခေါ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ကျွန်ုပ်စိတ်ထဲမှ ပြုံးမိသည်။ သူတို့ကိုလည်း သနားမိသည်။

ဗုဒ္ဓအယူယူ၍ ဤမျှ အတ္တအစွဲ အားကြီးနေသည်ကို အလွန်အံ့ဩသွားမိသည်။ မြန်မာတို့သည် မိရိုးဖလာ ဗုဒ္ဓဘာသာက များသည်။ ဗုဒ္ဓက တခြား မိမိက တခြား ဖြစ်နေသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဟူသည် အဝိဇ္ဇာကြောင့် ဖြစ်ရသော ကောင်းမှုဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာတို့ကိုသာ အစဉ်အလာ အားထုတ်ကြသည်က များသည်။

လောကုတ္တရာဟူ၍ တပြားသားဘိုးမျှ မပါ။ ထို့ကြောင့် နောင်လာနောင်သားတို့သည်လည်း မိရိုးဖလာ အစဉ်အလာ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်နေကြရသည်။ ဘာကြောင့် ဗုဒ္ဓကို ကိုးကွယ်နေကြရမှန်း မသိ။ အချို့က ဗုဒ္ဓဟူသည် ကိုးကွယ်ရာ ဖြစ်သည်ဟု လွယ်လွယ်ပင် အဖြေပေးကြသည်။

ဗုဒ္ဓ၏ အဆုံးမရှိသော ဂုဏ်ကျေးဇူးကား အဘယ်နည်း။ အဘယ်ကြောင့် အဆုံးအမရှိသော ဂုဏ်ကျေးဇူးဟု ခေါ်သနည်း။ မေးစမ်းကြည့်သော် တိတိကျကျ မဖြေနိုင်။

ဗုဒ္ဓ၏ တန်ခိုးတော် အနန္တ၊ ကျေးဇူးတော် အနန္တမျှလောက်ကို သိရုံမျှဖြင့် ကျေနပ် နေကြသည်။ ကိုးကွယ်နေကြသည်။

အမှန်ငင်စစ် ဗုဒ္ဓဟူသည် သစ္စာလေးပါးကို ဆရာမကူ သယမ္ဘူ ဉာဏ်မြတ်ဖြင့် ကိုယ်တိုင် သိမြင်သောကြောင့် ဗုဒ္ဓဟု ခေါ်သည်။

ဗုဒ္ဓသည် သစ္စာလေးပါးကို မိမိကိုယ်တိုင် သိမြင်ရုံမျှမကသေးပဲ ခပ်သိမ်းသော ကျွတ်သင့်သည့် သတ္တဝါတို့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်အောင် သွန်သင်ပြသည့် လမ်းညွှန်ပေးနိုင်သည့်အတွက် မဂ်ဖိုလ်နိဗ္ဗာန် ဆရာမြတ်ကြီး စင်စစ်ဖြစ်ပေသောကြောင့် ဗုဒ္ဓ မည်တော်မူ၏။

ခပ်သိမ်းသော ကိလေသာအပူမီးတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်အောင် သင်ကြားပြ၍ ဆုံးမတော်မူနိုင်သော ကျေးဇူးတော်ကိုသာလျှင် အနန္တဂုဏ်၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ထိုက်သောကြောင့် ဗုဒ္ဓ မည်တော်မူ၏။

ဤသို့ ခွဲခြားသိမှသာလျှင် ဗုဒ္ဓဘာသာဝင် အမည်ခံထိုက်သည်။ ဗုဒ္ဓသည် ကျွတ်ထိုက်သော သတ္တဝါတို့အား ခပ်သိမ်းသော ဘေးဒုက္ခအပေါင်းတို့မှ မုချ ကယ်တင်နိုင်သောကြောင့် ကိုးကွယ်ရာ မည်၏။

သို့သော် ဗုဒ္ဓသည် လက်တွေ့သမားဖြစ်၍ ဒုက္ခငြိမ်းလိုသောသူက မိမိကိုယ်တိုင် အားထုတ်မှသာ ဒုက္ခအပေါင်း ချုပ်ငြိမ်းရာသို့ ရောက်နိုင်သည်။ ဗုဒ္ဓသည် ဒုက္ခအပေါင်း ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း နည်းလမ်းတို့ကိုသာ ညွှန်ပြပေးနိုင်သည်။ ဗုဒ္ဓကို ကိုးကွယ်စရာ ထင်နေရုံမျှဖြင့် ဒုက္ခ မငြိမ်း။ ဝက္ကလိမထေရ်ကို ဥပမာတင်၍ ကြည့်နိုင်၏။

ဒုက္ခငြိမ်းရာသို့ ရောက်လိုသူတို့ကို ဆွဲကိုင်၍ မတင်ပေးနိုင်။ ဗုဒ္ဓညွှန်ပြပေးသော လမ်းစဉ်အတိုင်း မိမိကိုယ်တို အားထုတ်

ကျင့်ကြံမှသာ ဒုက္ခအပေါင်းမှ လွတ်နိုင်မည်ကိုလည်း သတိချပ်သင့်၏။

အပ္ပာစွဲ အားကြီးနေသမျှ ဤသံသရာမှ မလွတ်နိုင်။ အနိစ္စ၊ ဒုက္ခ လက္ခဏာတို့ကို သိလွယ်သော်သည်း အနတ္တကို သိနိုင်ရန် မလွယ်။ အလွန် ခက်ခဲသည်။

အနတ္တဟူသည်မှာ အဖြစ်နှင့်အပျက် နှစ်ပါးပင် ဖြစ်၍ ဉဒယဗ္ဗယဉာဏ်ဖြင့် ရှုလျှင် အနတ္တကို မြင်နိုင်သည်။ ဉဒယဗ္ဗယဉာဏ်ဟူသည်မှာလည်း (ဠိခဏ) တည်ဆဲသဘောကို လွတ်၍ အဖြစ်နှင့်အပျက်ကို အထပ်ထပ် ရှုသောအခါ နာမ်ရုပ်တရားတို့၏ အဖြစ်အပျက်တို့ကို ဟုတ်မှန်သည့်အတိုင်း သိမြင်ရသောကြောင့်ဉဒယဗ္ဗယဉာဏ်ဟု ခေါ်သည်။

ရုပ်နာမ်ဓမ္မတို့၏ အဖြစ်အပျက်ကို ဟုတ်မှန်သည့်အတိုင်း ထင်မြင်လာသောအခါ အလင်းရောင် စသည့် ဝိပဿနာ အန္တရာယ်ဆယ်ပါးတို့ ဖြစ်ပေါ်လာတတ်သည်။

ထိုအခါ မဂ်ဉာဏ် မဟုတ်သည်ကို မဂ်ဉာဏ်ဟု ထင်တတ်သည်။ မဂ် မရသေးသည်ကို မဂ်ရသည်ဟု ထင်တတ်သည်။ ရပြီးသော ဝိပဿနာဉာဏ်ပင်လျှင် ရပ်တန့်သွားတတ်သည်။ ယောဂီတို့ ကြပ်ကြပ် နှလုံးသွင်း၍ ဆင်ခြင်။

အလင်းရောင် ပီတိ ပဿဒ္ဓိ စသည့် (ဝိပဿနာကို) ညစ်နွမ်းစေတတ်သော တရားတို့ကိုပင် လက္ခဏာသုံးပါး တင်၍ အထပ်ထပ် ရှုသောအခါ ဉဒယဗ္ဗယဉာဏ် ရင့်ကျက်ခြင်းသို့ ရောက်၏။

တည်ဆဲဖြစ်သော ဌီကာလကို လွှတ်၍ ရုပ်နာမ်ဓမ္မ၌ ဖြစ်ခြင်းနှင့် ပျက်ခြင်း ဉပါဒ်နှင့်ဘင်ကို ရှုသော် မိုးသည်းပေါက် မိုးသည်းစက်

တို့သည် ရေမျက်နှာပြင်ပေါ်သို့ ကျ၍ လျှပ်ပြက်သကဲ့သို့ တမုဟုတ်ခြင်း ဖြစ်၍ ပျက်သွားသည်ကို ရှုမြင်ရဘိသကဲ့သို့ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ရ၏။

ထို့ကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက-

'ရေပွက်ကို ရှုသကဲ့သို့၎င်း၊ တံလျှပ်ကို ရှုသကဲ့သို့၎င်း၊ နာမ်ရုပ်တို့၏ အဖြစ်အပျက်ကို ရှုသောသူအား သေမင်း မမြင်နိုင်' ဟူ၍ ဟောတော်မူသည်မှာ ဤဥဒယဗ္ဗယဉာဏ်ကို ရည်၍ ဟောတော်မူခြင်း ဖြစ်သည်။

မှန်ပေသည်။ ရုပ်နာမ် သင်္ခါရတရားတို့၏ အဖြစ်အပျက် ဥပါဒ်နှင့် ဘင်ကို အဖန်တလဲလဲ ရှုမြင်သုံးသပ်နေသော ယောဂီအား သေမင်း မြင်နိုင်ရန် အကြောင်း မရှိ။

# ဝိပဿနာဉာဏ်ဆယ်ဆင့်

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရှာမှီးသော ယောဂီတို့သည် ဤဝိပဿနာ ဉာဏ်ဆယ်ပါးကို ရအောင် ကြိုးစားအားထုတ်သင့်သည်။

ဤဝိပဿနာဉာဏ်ဆယ်ပါးမှ တပါး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရနိုင်သော ဉာဏ်ဟူ၍ မရှိ။ ဤဝိပဿနာဉာဏ် ဆယ်ပါးတို့မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရစေနိုင်သော ရောက်စေနိုင်သော လမ်းမှန်ကြီး ဖြစ်သည်။

တရားအားထုတ်သော ယောဂီတို့သည် မိမိတို့၏ အားထုတ်မှုများကို ဤဝိပဿနာဉာဏ် ဆယ်ပါးနှင့် ကိုက်မကိုက် စစ်ဆေးသင့်သည်။ မကိုက်သေးလျှင် ကိုက်အောင် ကြိုးစားသင့်သည်။ ဆရာကောင်းတို့ထံ၌ နည်းခံသင့်သည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသည် အလွန်နက်နဲ သိမ်မွေ့ပြီး ရတောင့်ရခဲသောကြောင့် ကျင့်စဉ်တချက် တိမ်းစောင်းသွား

သည်နှင့် တပြိုင်နက် မဂ်စခမ်း ဖိုလ်စခမ်းကြီးနှင့် မုချ အလွဲကြီး လွဲသွားရမည် ဖြစ်သည်။

ထိုမျှသာမက သံသရာဘေးဆိုးကြီး၌ ငုပ်ချည် ပေါ်ချည်ဖြင့် မျောနေရဦးမည့် ကာလကိုလည်း မခန့်မှန်းနိုင်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် အင်မတန် ရတောင့်ရခဲ အလွန်သိမ်မွေ့သောကြောင့် သာမန်ကျင့်ကြံရုံ အားထုတ်ရုံဖြင့် မရနိုင်သည်ကိုလည်း အထူး သတိပြုသင့်သည်။

ပထမ အမြင်မှန်ရမည်။ ဒုတိယ ကျင့်စဉ်မှန်ရမည်။ တတိယ ပညာရင့်ကျက်ရမည်။ သို့မှသာလျှင် လိုရာခရီးသို့ ဆိုက်ရောက်နိုင်မည်။

ခပ်သိမ်းသော ရုပ်နာမ်တရားတို့ကို စုပေါင်းသိမ်းဆည်းလျက် လက္ခဏာသုံးပါးတင်၍ အထပ်ထပ် ရှုသောအခါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် အမှန်စင်စစ် ဥပါဒ်၊ ဌီ၊ ဘင် သဘောမျှသာဖြစ်၏။ ဥပါဒ်၊ ဌီ၊ ဘင်တို့ဖြင့် မပြတ် နှိပ်စက်လျက် ရှိကုန်၏။

ရုပ်နာမ်ဓမ္မတို့သည် ဥပါဒ်သက်သက် ဌီသက်သက် ဘင်သက်သက် ဟူ၍ မရှိ။ ရုပ်နာမ်ဓမ္မတို့သည် ဥပါဒ်၌ ဖြစ်၍ ဌီ၌တည်ပြီး ဘင်၌ ပျက်စီးသွားရ၏။ ဥပါဒ်၊ ဌီ၊ ဘင် ဟူသော ဖြစ်၊ တည်၊ ပျက် တို့သည် ရုပ်တရား နာမ်တရားတို့အား တလစပ်အဆက်မပြတ် ဖြစ်စေရန် ပြုပြင်ဖန်တီး ပေးတတ်သော သင်္ခါရဓမ္မသာလျှင် ဖြစ်ပေသည်။

ယင်း သင်္ခါရဓမ္မတို့သည်လည်း အမှန်စင်စစ် မြဲသောသဘော မရှိ။ ဥပါဒ်အခိုက်ဖြစ်၍ ဌီအခိုက်တည်ပြီး ဘင်အခိုက်၌ ပျက်စီးသွားရ၏၊ ဤသို့ ရုပ်နာမ်တရားတို့အား ဥပါဒ်၊ ဌီ၊

ဘင်တို့ဖြင့် ရှု၍ ဟုတ်မှန်သည့်အတိုင်း ဉာဏ်၌ ထင်မြင်လာသောအခါ 'သမ္မသနဉာဏ်'ဟု ခေါ်သည်။

ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ၄-အခိုက်ကိုလွှတ်၍ ဥဒယ-ဖြစ်ခြင်းနှင့်ဝယ-ပျက်ခြင်းဟူသော လက္ခဏာနှစ်ပါးကို တင်၍ ကြိမ်ဖန်များစွာ ရှုသောအခါ ရုပ်နာမ်တို့သည် ဥပါဒ်အခိုက်ဖြစ်၍ ဘင်အခိုက် ပျက်စီးသွားရသည်ကို မျက်ဝါးထင်ထင် မုချ တွေ့မြင်ရသောအခါ 'ဥဒယဗ္ဗယဉာဏ်'ဟု ခေါ်သည်။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ဖြစ်ခြင်းဥပါဒ်ကို လွှတ်၍ ပျက်ခြင်းဘင်ကိုချည်း အဖန်တလဲလဲ ဉာဏ်ဖြင့်ပိုင်း၍ ရှုသောအခါ ရုပ်နာမ်တရားတို့သည် ဤဘင်ခဏသို့(ဝါ)ဘင်အခိုက်သို့ ရောက်သည်နှင့် တပြိုင်နက် ပျက်စီးချုပ်ငြိမ်း သွားရသော သဘောရှိကုန်၏။

ရုပ်တရား နာမ်တရားတို့သည် ဘင်ခဏသို့ ရောက်တိုင်း တံလျှပ်ကဲ့သို့ တလစပ် ပျက်သုဉ်းနေသည်ကို ယောဂီဉာဏ်၌ လက်ပေါ် ပတ္တမြား တင်ထားဘိသကဲ့သို့ ရှုမြင် နေရသောကြောင့် 'ဘင်္ဂဉာဏ်'ဟု ခေါ်သည်။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ဘင်ခဏသို့ ရောက်တိုင်း ပျက်စီးသွားရသည်ကို ကြိမ်ဖန်များစွာ ရှုမြင်ရသောအခါ ဤရုပ်နာမ်ခမ္မ သင်္ခါရတို့သည် ကေန်စင်စစ် ကြောက်မက်ဘွယ်သော ဘေးအန္တရာယ်ကြီး ပါတကားဟု ဉာဏ်၌ ထင်မြင်လာသည်။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် ဘင်ခဏ၌ တလစပ် ပျက်သုဉ်းနေသည်ကို မြင်၍ ဤရုပ်နာမ်ဓမ္မကိုပင် ကြောက်မက်ဘွယ်

သော ဘေးဟု ထင်မြင်လာသောကြောင့် 'ဘယဉာဏ်' ဟု ခေါ်သည်။

ဤရုပ်တရား နာမ်တရားတို့၏ အစဉ်မပြတ် ပျက်သည်းလျက်ရှိနေပုံကို ကြိမ်ဖန်များစွာ ရှုမြင်လာရသောအခါ ရုပ်တရား၌ အပြစ် ရှိ၏။ နာမ်တရား၌ အပြစ် ရှိ၏ဟု နှလုံးမူ၍ နာမ်ရုပ်တရား၌ ရှိသောအပြစ်တို့ကို ဖေါက်ခွဲ၍ မြင်လာသောကြောင့် 'အာဒီနဝဉာဏ်'ဟု ခေါ်သည်။

ရုပ်တရား နာမ်တရားတို့သည် ကေန်စင်စစ် အပြစ်ချည်းဖြစ်၍ အနှစ်သာရ မရှိ။ ချမ်းသာခြင်း ကင်း၏။ ဆင်းရဲအတိသာ ဖြစ်ကုန်၏။ သူဌေးကြီးအဖြစ်၊ အစိုးရမင်းအဖြစ်၊ ဘုရင်အဖြစ်၊ စကြဝတေးမင်းကြီးအဖြစ်၊ သိကြားမင်းကြီးအဖြစ်၊ မဟာကပ် ရှစ်သောင်းလေးထောင်အထိ အသက် ရှည်သော ဗြဟ္မာမင်းကြီး အဖြစ်တို့သည် အမှန်စင်စစ် ဆင်းရဲအတိသာ ဖြစ်ကုန်၏။ အနှစ်သာရ မရှိကုန်။

လူနတ်ဗြဟ္မာတို့သည်လည်း အမှန်စင်စစ် ဥပါဒ်၊ ဌီ၊ ဘင်တို့ဖြင့် နှိပ်စက်အပ်သော ရုပ်နာမ်ဓမ္မ သင်္ခါရမျှသာ ဖြစ်၍ ဤအနှစ်မရှိ၊ အချည်းနှီးသာဖြစ်သော ရုပ်တရား နာမ်တရားတို့၌ တပ်မက်နေခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း။ ဤသို့ ရုပ်နာမ်တရားတို့၌ ဒိဋ္ဌဓမ္မ ငြီးငွေ့စိတ် ဖြစ်ပေါ်လာသောကြောင့် 'နိဗ္ဗိဒါဉာဏ်' ဟုခေါ်သည်။

ဤသို့ ရုပ်နာမ်တရားတို့၌ ယထာဘူတ ဟုတ်မှန်သည့်အတိုင်း ရှု၍ နိဗ္ဗိဒါဉာဏ်ကို ရပြီးနောက် အချုပ်အနှောင် ခံရသူကဲ့သို့ နာမ်ရုပ်ဟူသော ဘုံသုံးပါးမှ မုချ လွတ်မြောက်လိုသော စိတ်

ဖြစ်ပေါ် လာသောကြောင့် 'မုစ္စိတုကမျတာဉာဏ်' ဟု ခေါ်သည်။

နာမ်ရုပ်ဟူသော လောကမှ အမှန်တကယ် လွတ်မြောက်လိုသော 'မုစ္စိတုကမျတာဉာဏ်' ကို ရပြီးနောက် အချုပ်အနှောင် ခံရသူသည် မိမိ၏ ထွက်ပေါက်ကို ရှာကြံသကဲ့သို့ တဖန် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ဖြစ်ခြင်း လက္ခဏာနှစ်ပါးဖြင့် ပိုင်းခြား၍ ထပ်မံ ဆင်ခြင်ပြန်သောကြောင့် ရရှိလာသောဉာဏ်မှာ 'ပဋိသင်္ခါဉာဏ်' ဟုခေါ်သည်။

ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အတ္တမှ ဆိတ်ကုန်၏။ အတ္တနှင့်စပ်သော ပစ္စည်းသဘောမှလည်း ဆိတ်ကုန်၏။ ဤရုပ်နာမ်ဓမ္မ၌ အတ္တဟူ၍ မူမျှ မရှိ။ လူနတ် ဗြဟ္မာဟူသော အဖြစ်မှလည်း ဆိတ်သုဉ်းကုန်၏။ အထီး၊ အမငါ၊ သူတပါး ဟူသော အဖြစ်မှလည်း ဆိတ်သုဉ်းကုန်၏။

နာမ်ရုပ်တို့သည် ဖေါက်ပြန် ပျက်စီးတတ်သော သဘောမှလည်း ဆိတ်သုဉ်းကုန်၏။ ဓုဝ ဟူသော ခိုင်မြဲသော သဘောမှလည်း ဆိတ်သုဉ်း၏။ သဿတ ဟူသော အစဉ်တည်သော သဘောမှလည်း ဆိတ်သုဉ်း၏။ မြဲသော အဖြစ်မှလည်း ဆိတ်သုဉ်း၏။ ချမ်းသာသော အဖြစ်မှလည်း ဆိတ်သုဉ်း၏။ တင့်တယ်သော အဖြစ်မှလည်း ဆိတ်သုဉ်း၏။ အစိုးရခြင်း၊ အနှစ်သာရရှိခြင်း ဟူသော အဖြစ်မှလည်း ဆိတ်သုဉ်း၏။

အနိစ္စာနုပဿနာ၊ အနတ္တာနုပဿနာတို့သည် သုညတကမ္မဋ္ဌာန်းပင်ဖြစ်၍ ဤသို့လျှင် သုညတကမ္မဋ္ဌာန်းကို အထပ်ထပ်

ရှုသောအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ လျင်လျင်မြန်မြန်ရှုနိုင်စွမ်းရှိသောကြောင့် 'သင်္ခါရုပေက္ခာဉာဏ်' ဟု ခေါ်သည်။

သင်္ခါရုပေက္ခာဉာဏ်ကို ရှိသေစွာ မှီဝဲပြီးသော ယောဂီသည် ရုပ်နာမ်တို့၌ အဖြစ်အပျက်ဟု ရှုအပ်သော ဥဒယဗ္ဗယဉာဏ်မှ စ၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ပြန်လည်သုံးသပ် ဆင်ခြင်နိုင်စွမ်းရှိသောကြောင့် 'အနုလောမဉာဏ်' မည်၏။

ဖြစ်ပေါ်ခဲ့သော ဉာဏ်တို့ဖြင့် ရုပ်နာမ်တရားတို့၌ ဟုတ်မှန်သည့်အတိုင်း ပြန်လည် သုံးသပ်နိုင်စွမ်းသောကြောင့် အနုလောမဉာဏ်ကိုပင် 'သစ္စာနုလောမိကဉာဏ်' ဟု ခေါ်သည်။

အနုလောမဉာဏ်သာလျှင် မဂ်၏ အနီး၌ဖြစ်သော 'ဝုဋ္ဌာနဂါမိနီဝိပဿနာ' ဟု ခေါ်သည်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟူသည်မှာ အထွတ်အထိပ်သို့ ရောက်သွားသော ဝိပဿနာဉာဏ် မည်၏။

ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကို 'အနုလောမံဂေါတြဘုဿ၊အနုလောမံဝေါဒါနဿ'ဟူ၍ ပဋ္ဌာန်းကျမ်းကြီး၌ ဟောတော်မူသောကြောင့် အနုလုံဉာဏ်ဟူ၍၎င်း၊ ဂေါတြဘုဉာဏ် ဟူ၍၎င်း၊ ဝေါဒါန် ဟူ၍၎င်း အမည်သုံးပါး ရသည်။

သုသိမသုတ်ပါဠိတော်၌ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်ဟူ၍ ဟောတော်မူသည်။ အလဂဒ္ဒသုတ်၌ နိဗ္ဗိဒါဉာဏ် ဟူ၍ ဟောတော်မူသည်။

အနုလောမဉာဏ်သည် မဂ္ဂသစ္စာ၏ ပစ္စည်းဖြစ်သောကြောင့် 'သစ္စာနုလောမိကဉာဏ်' မည်၏။ အနုလောမဉာဏ် ဖြစ်ပြီးနောက် 'ဂေါတြဘုဉာဏ်' ဖြစ်၏။

အနုလောမဉာဏ်သည် အာသေဝနပစ္စည်း ရပြီးသော ဉာဏ်၏အဆုံး၌ နိမိတ်ကင်းသော သင်္ခတတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ် တည်းဟူသော အနွယ်ဇာတ်ကို ဖြတ်၍ အရိယာ၏ အနွယ်ဇာတ်သို့ ရောက်၏။

နိဗ္ဗာန်အာရုံ၌ ရှေးဦးစွာ ဆင်ခြင်ခြင်း၊ နှလုံးသွင်းခြင်းဖြစ်သော သောတာပတ္တိ ပဌမမဂ်အား အနန္တရ၊ သမနန္တရ၊ အာသေဝန၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသော ပစ္စည်းခြောက်ပါး အစွမ်းသတ္တိဖြင့် ကျေးဇူးပြုသောသောကြောင့် ဧကန်စင်စစ် တကြိမ်သာဖြစ်ပြီး ပြန်မလည်တတ်သော သောတာပတ္တိမဂ် ဆိုက်၏။

ဤဝိပဿနာဉာဏ်ဆယ်ပါးတို့သည် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း အကျင့်၌ အထူး စင်ကြယ်သောကြောင့် 'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ' ဟူ၍ဟောတော်မူသည်။

ထို့ကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို အလိုရှိသော ယောဂီတို့သည် သီလဖြင့် စင်ကြယ်၍ သမာဓိ၌ ရပ်ပြီး ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်သော ဤဝိပဿနာဉာဏ်ဆယ်ပါးတို့ကို သာလျှင် အထူးကြိုးစား အားထုတ်သင့်သည်။

ဤဝိပဿနာဉာဏ်ဆယ်ပါးမှတပါး မဂ်ဖိုလ်ရောက်နိုင်သော ရနိုင်သော ကျင့်စဉ်ကမ္မဋ္ဌာန်းဟူ၍ မရှိ။ ဤဝိပဿနာဉာဏ်ဆယ်ပါးဖြင့် မကိုက်ညီသော လမ်းစဉ်ကျင့်စဉ်များတို့ကို ပယ်ရှားသင့်သည်။

'အထူးသတိပြုရန်မှာ အမြိုက်တရားကို ရှာဖွေလေ့ရှိသော ယောဂီသည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ

ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ ဟူသော ဝိသုဒ္ဓိစင်ကြယ်မှု ၇ ပါးတို့ဖြင့် အထူးပြည့်ဝနေရန် လိုသည်'

သို့မှသာ ထူးသော ဉာဏ်ကိုရ၍ မဂ်ဖိုလ်ဆိုက်မည်။ မဂ်ဖိုလ်ဟူသည်မှာသီလ၊သမာဓိ၊ ပညာ ဟူသော သိက္ခာသုံး ပါးတို့ အထူးစင်ကြယ်မှ ရနိုင်ရောက်နိုင်သည်။

လွယ်လွယ်ပြော လွယ်လွယ်ကျင့်၍ ရနိုင်ရောက်နိုင်သော အရာ မဟုတ်။ ပဋ္ဌာတပအကျင့်ကဲ့သို့ သေလုမြောပါး ကျင့်၍လည်း မရနိုင်။ မယုတ်မလွန် အလယ်အလတ် ကျင့်မှသာလျှင် ရနိုင်ရောက်နိုင်ကြောင်း ယောဂီတို့ အထူး သတိပြုရန်လိုသည်။

# သိက္ခာသုံးပါး

ဗုဒ္ဓရှင်မြတ် ဟောတော်မူသော သိက္ခာသုံးပါးတို့မှာ သီလ၊ သမာဓိ၊ ပညာ ဖြစ်သည်။ သီလသည် အစ၏ကောင်းခြင်း၊ သမာဓိသည် အလယ်၏ကောင်းခြင်း၊ ပညာသည် အဆုံး၏ကောင်းခြင်းဟူ၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ ဓမ္မာနုဿတိ၌ ဖွင့်ပြသည်။

## သီလမဂ္ဂင်

### သီလအဖွင့်

သီလဟူသည်မှာ အလေ့အကျင့်၊ အလေ့အထပင် ဖြစ်သည်။ အဘိဓာနပ္ပဒီပိကာ၌ စင်ကြယ်သော အမှုဟူ၍လည်း ဖွင့်သည်။ ကောင်းမှုစသည်တို့၌ ကောင်းစွာ ဆောက်တည်ခြင်း၊ ဝန်ခံခြင်းဟူ၍ အဘိဓာန်ဋီကာ၌ ဖွင့်ပြသည်။

သီလတို့သည် ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး၊ စသည်ဖြင့် များစွာ ရှိသည်။ ပဋိသမ္ဘိဒါမဂ်၊ ဝိသုဒ္ဓိမဂ်တို့၌ စေတနာသီလ၊ စေတသိကသီလ၊ သံဝရသီလ၊ အဝီတိက္ကမသီလဟူ၍၎င်း ပဟာနသီလ၊ ဝေရမဏီသီလ၊ စေတနာသီလ၊ သံဝရသီလ၊ အဝီတိက္ကမ သီလ ဟူ၍၎င်း လာရှိသည်။

သီလတို့ကို နှစ်ပါးစု သုံးပါးစု စသည်ဖြင့် များစွာ ခွဲခြား၍ ဖွင့်ပြသည်။ ယင်းသီလစုများကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

အသက်သတ်ခြင်း စသည်တို့မှ ရှောင်ကြဉ်လိုသော သူ၏ စေတနာသည် စေတနာသီလမည်၏။

သူ့အသက်သတ်ခြင်း စသည့်တို့မှ ရှောင်ကြဉ်မှုဖြစ်သော ဝိရတိစေတသိက်သည် 'စေတသိကသီလ' မည်။ အဘိဇ္ဈာကင်း အောင် နေမည်။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတို့ ကင်းဝေး အောင် နေမည်ဟု ပြဋ္ဌာန်းသော စိတ်သည် စေတသိကသီလ မည်ကြောင်း ဖွင့်ပြသည်။

သူ့အသက်သတ်ခြင်း စသည်တို့ကို ရှောင်ကြဉ် လိုသော 'ကမ္မပထစေတနာ' သည်ပင် စေတနာသီလ ဖြစ်သည်။ ကမ္မပထ ဟူသည်မှာ ကံကိုမြောက်စေသော စေတနာကို ခေါ်သည်။

သံဝရသီလဟူသည်မှာ ပိတ်ဆို့စောင့်ရှောက်ခြင်းပင် ဖြစ် သည်။ သံဝရသီလ ငါးပါး ရှိသည်။ ပါတိမောက္ခသံဝရ၊ သတိ သံဝရ၊ ဉာဏသံဝရ၊ ခန္တီသံဝရ၊ ဝီရိယသံဝရဟူ၍ ငါးပါး ဖြစ်သည်။

အသက်သတ်ခြင်း စသည့် မကောင်းမှုတို့ကို မလွန်ကျူးစေ ရန် စောင့်ထိန်းခြင်းသည် အဝီတိက္ကမသီလ ဖြစ်သည်။

သီလဟူသည်မှာ အချို့က ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသည့်တို့ကိုသာ သီလဟူ၍ ထင်မှတ်နေသည်။ အမှန်စင်စစ် ကာမနယ်မှ ထွက်မြောက်လို၍ ကာမဆန္ဒကို ပယ်ခြင်းသည် သီလ မည်၏။ သူတပါး၏ အသက်စည်းစိမ်တို့ကို မဖျက်ဆီးလိုမှုကြောင့် ဗျာပါဒကို မေတ္တာဖြင့် ပယ်ခြင်းသည် သီလ မည်၏။

စိတ်မပျံ့လွင့်အောင် စောင့်ထိန်းခြင်းသည် သီလ မည်၏။ တွေးတောယုံမှားခြင်းကို နာမ်ရုပ်တရား၌ ပိုင်းခြားခြင်းဖြင့် ပယ်ခြင်းသည် သီလ မည်၏။

နိစ္စသညာကို အနိစ္စဟုရှုခြင်း၊ သုခသညာကို ဒုက္ခဟုရှုခြင်း၊ အတ္တသညာကို အနတ္တဟုရှုခြင်းတို့သည်လည်း ကေန်မုချ သီလ မည်ကုန်၏၊ ဟူ၍ ဝိသုဒ္ဓိမဂ်၌ အကျယ်ဖွင့်ပြသည်။

သီလတွင် အနိစ္စသီလ၊ နိစ္စသီလဟူ၍ နှစ်ပါး ရှိသည်။ လူသာမန်တို့၌ ငါးပါးသည် နိစ္စသီလ ဖြစ်သည်။ ရှစ်ပါးသည် အနိစ္စသီလဖြစ်ကြောင်း သီလဝိနိစ္ဆယကျမ်း၌ ဖွင့်ပြသည်။

ဆိုလိုသည်မှာ လူ့ဝတ်ကြောင်တို့၌ ငါးပါးသီလသည် အမြဲထိန်းမည်ဆိုက ထိန်းနိုင်သောကြောင့် နိစ္စသီလဟု ခေါ်သည်။ ရှစ်ပါး- ဆယ်ပါးတို့သည် အမြဲမထိန်းနိုင်သောကြောင့် အနိစ္စသီလဟု ခေါ်သည်။

စေတနာသီလ ဟူသည်မှာ ရှေ့ဆော်တိုက်တွန်းမှုကြောင့် စောင့်ထိန်းရခြင်း ဖြစ်သည်။ စေတသိက သီလသည် ဆန္ဒ၊ ဝီရိယ စေတသိက်တို့ တပ်သောကြောင့် စောင့်ထိန်းရခြင်း ဖြစ်သည်။ စေတသိကသီလ၊ သံဝရသီလ၊ အဝိတိက္ကမ သီလ တို့သည် ထူးလွန်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့ဖြင့် ယှဉ်၍ စောင့်

ထိန်းရသောကြောင့် မြတ်သောသီလ၊ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်စေတတ်သောသီလ၊ လောကုတ္တရာသီလ မည်၏။

စေတနာသီလ ဟူသည်မှာ စေတနာ သက်သက်မျှသာ (ဝါ) ကုသိုလ်လိုချင်သော စေတနာသက်သက်သာ ဖြစ်သည်။ ဤသို့ စောင့်ထိန်းလျှင် ကုသိုလ်ရသည်။ နောင်သံသရာ၌ ကောင်းကျိုးကို ပေးနိုင်သည်ဟု စောင့်ထိန်းခြင်းကြောင့် စေတနာသီလ မည်၏။ လောကီသာ အကျိုးပေးသည်။

ပညာဖြင့် ဆင်ခြင်၍ ဝိပဿနာ အခြံအရံအတွက် ပြဋ္ဌာန်း၍ စောင့်ထိန်းသော သီလသည် အမှန်စင်စစ် စေတနာသီလဟု မဆိုနိုင်။ လောကုတ္တရာသီလ၊ ပညာသီလဟုသာ ခေါ်နိုင်သည်။ စေတနာ ပြဋ္ဌာန်းနေသမျှ စေတနာသာ ဖြစ်မည်။ ပညာသီလမဖြစ်နိုင်။ စေတသိကသီလ၊ ဝိရတိသီလ၊ သံဝရသီလတို့သာလျှင် ပညာသီလ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသီလတို့ကို အမှုမဲ့ စောင့်ထိန်း၍ မရ။ ပညာဖြင့် စောင့်ထိန်းမှ ရနိုင်သောကြောင့် ဉာဏ်သီလ၊ လောကုတ္တရာသီလဟု ခေါ်သည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလိုရှိသော လူယောဂီတို့ စောင့်ထိန်းရမည့် သီလမှာ အာဇီဝဋ္ဌမကသီလ ဖြစ်သည်။ ယင်းသီလကို နိစ္စအဖြစ် စောင့်ထိန်းရန် လိုသည်။ အာဇီဝဋ္ဌမကသီလ တည်သောသူ၌ အပြဟ္မစရိယာနှင့် ဝိကာလဘောဇနာ သိက္ခာပုဒ်တို့သည် အမှန်းတင် သက်သက်သာ ဖြစ်သည်ဟု လယ်တီဆရာတော်၏ သီလဝိနိစ္ဆယကျမ်း၌ မိန့်သည်။

အာဇီဝဋ္ဌမကသီလကို ဝိရတိသီလ၊ သုစရိတသီလ၊ အာဒိဗြဟ္မစရိယကသီလ ဟူ၍ ခေါ်သည်။

ဝိရတိသီလဟူသည်မှာ ဝိရတိစေတသိက် သုံးပါးကြောင့် ဖြစ်သည်။ ဝိရတိစေတသိက် သုံးပါးမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ ဖြစ်သည်။

ယင်းဝိရတိစေတသိက်ကြောင့် ဖြစ်ရသော ဝိရတိသီလသည် လောကီ လောကုတ်နှစ်ပါး ရှိသည်။ ကောင်းမှုကံ ပုညာဘိသင်္ခါရကို ဖြစ်စေတတ်သော ဝိရတိသီလသည် လောကီသီလ မည်၏။

အရိယာမဂ်စိတ်၌ ယှဉ်သော ဝိရတိသီလသည် လောကုတ္တရာသီလ မည်၏ ဟူ၍ သီလဝိနိစ္ဆယ၌ မိန့်သည်။ လောကီကောင်းမှုသက်သက်မျှကိုသာ ဖြစ်အောင် စောင့်ထိန်းသော သီလသည် ဝဋ္ဋနိဿိတသီလဟု ခေါ်၍ သံသရာဝဋ်ဆင်းရဲတို့မှ လွတ်မြောက်အောင် စောင့်ထိန်းသော သီလသည် ဝိဝဋ္ဋနိဿိတသီလဟု ခေါ်သည်။

အာဒိဗြဟ္မစရိယကသီလဟု အဘယ့်ကြောင့် ခေါ်သနည်း ဆိုသော် မဂ်ဖိုလ်တို့၏ ရှေးဦးအစ၌ ဖြစ်သောကြောင့် အာဒိဗြဟ္မစရိယကဟု ခေါ်သည်။

မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ လက်မှန်မဆု အကျင့် ဖြစ်သောကြောင့် အာဒိဗြဟ္မစရိယက မည်၏ ဟူ၍ 'ဥပရိပဏ္ဏာသအဋ္ဌကထာ ဝိဘင်္ဂဝဂ် ၁၇၃ ၌' ဖွင့်ပြသည်။

ထို့ကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရလိုသော သူတို့သည် အာဇီဝဋ္ဌမကသီလကို အစအဦးပြု၍ ကျင့်ဆောင်ရသော

ကြောင့် အာဒိဗြဟ္မစရိယက မည်၏ ဟူ၍ သီလဝိနိစ္ဆယ၌ မိန့်သည်။

တဖန် ယင်း သီလဝိနိစ္ဆယ၌ပင် အာဇီဝဋ္ဌမက သီလကို လုံခြုံစွာ စောင့်ရှောက်သော ယောဂီတို့သည် သမထ ဝိပဿနာ မဂ်ဖိုလ်သို့မပေါက်မရောက်နိုင် ရှိကြသည်မှာ အာဒိဗြဟ္မစရိယက သီလကြောင့် မဟုတ်။ သီလကို အပြစ်မတင်ထိုက်။ လူပုဂ္ဂိုလ်ကိုသာ အပြစ်တင်ဘွယ် ရှိသည် ဟူ၍ မိန့်ဆိုထားသည်။

မှန်ပေသည်။ မည်သည့် သီလမဆို အကြောင်းနှင့်အကျိုးကို သိ၍ စောင့်သုံးလျှင် မဂ်ဖိုလ်နိဗ္ဗာန် ပေါက်နိုင်သည်။ အကျိုးနှင့် အကြောင်းကို မသိပဲ အားထုတ်ကျင့်သုံးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်။ စေတနာ အရင်းခံသော လောကီအကျိုးကိုသာ ရနိုင်သည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

အာဘိသမာစာရိကသီလ၊ အာဒိဗြဟ္မစရိယကသီလ ဟူ၍ နှစ်ပါးရှိသည်။ ယင်း နှစ်ပါးတွင် အာဘိသမာစာရိကသီလ ဟူသည် မြင့်မြတ်သော အကျင့်ဖြစ်သည်။ ထူးမြတ်သော မဂ်ဖိုလ် သီလကို ရည်၍ ပညတ်အပ်သော သိက္ခာလီလသည် အာဘိသမာစာရိက သီလမည်၏။

ယင်း အမည်သည်ကား အာဇီဝဋ္ဌမကသီလတို့မှ ကြွင်းသော သီလတို့၏ အမည်ဖြစ်သည်။ အာဒိဗြဟ္မစရိယက သီလဆိုသည်မှာ မဂ်တည်းဟူသော မြတ်သော အကျင့်၏ အစဖြစ်သော ကြောင့် အာဒိဗြဟ္မစရိယက သီလဟူ၍ ခေါ်သည်။

ယင်း အာဒိပြဟ္မစရိယက သီလဟူသော အမည်သည် သမ္မာ အာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သော အာဇီဝဋ္ဌမက သီလ၏ အမည်ပေတည်း။ ယင်းအာဇီဝဋ္ဌမကသီလသည် မဂ်၏ ရှေးအဘို့၌ သုတ်သင်စင်ကြယ်စေအပ်သည်၏ အဖြစ်ကြောင့် မဂ်၏အစ၌ ပွားအပ်သည်၏အဖြစ်သို့ ရောက်၏။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်တို့အား ရှေးအဘို့ကပင်လျှင် ကာယကံ၏ စင်ကြယ်ခြင်း၊ ဝစီကံ၏ စင်ကြယ်ခြင်း ဖြစ်ကုန်၏ဟူ၍ ဗုဒ္ဓရှင်တော်မြတ်ဟောတော်မူကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖွင့်ပြသည်။

စေတနာသီလသည် အများအားဖြင့် တဏှာဒိဋ္ဌိတို့ဖြင့် ယှဉ်သည်။ ထို့ကြောင့် မဂ်ဖိုလ်ကို အလိုရှိသော ယောဂီတို့သည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မယှဉ်သော စင်ကြယ်သော သီလဖြစ်သည့် စေတသိကသီလ၊ ဝိရတိသီလ၊ သံဝရသီလ၊ အဝီတိက္ကမသီလတို့ကို ဆောက်တည်သင့်၏။

တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ယှဉ်သော သီလသည် 'နိဿိတသီလ'ဟူ၍ ခေါ်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မယှဉ်သော သီလကို 'အနိဿိတသီလ'ဟူ၍ ခေါ်သည်။(ဝါ) လောကုတ္တရာ သီလမည်၏။ သီလဘိုး ဝဋ္ဋဆင်းရဲမှ လွှတ်မြောက်စေတတ်သော သီလ မဖြစ်နိုင်။

ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ၌ပင်—

တဏှာ ဒိဋ္ဌိတို့ဖြင့် ယှဉ်သော ဟာနဘာဂိယ သီလ၊ သီလ၏ ပြည့်စုံခြင်းမျှဖြင့် ရောင့်ရဲသော ဌိတိဘာဂိယ သီလ၊ ချွန် သမာဓိရအောင် စောင့်ထိန်းသော ဝိသေသ ဘာဂိယသီလ၊

ဝဋ္ဋဆင်းရဲမှ လွတ်မြောက်စေတတ်သော နိဗ္ဗာနဂါမိယသီလ ဟူ၍ သီလလေးပါးရှိရာတွင်-

အကြင် ယောဂီ၊ ရဟန်းတို့သည် သီလအကျင့်မျှဖြင့် အားရ တင်းတိမ်ခြင်းမရှိ။ ဝဋ္ဋဆင်းရဲ၌ ငြီးငွေ့ကြောင်း ဖြစ်သော ဝိပဿနာကို အားထုတ်ကြိုးစား၏။ ထိုယောဂီ၊ ရဟန်းတို့၏ သီလသည် သစ္စာလေးပါးကို ထိုးထွင်း သိမြင်နိုင်သော ကိလေသာ အစိုင်အခဲကြီးကို ဖေါက်ခွဲနိုင်သော အဖြစ်ကြောင့် အကြင် သီလသည် နိဗ္ဗာနဂါမိယသီလမည်၏ ဟူ၍ ဖွင့်ဆိုတော်မူသည်။

မဂ်ဉာဏ်ကို အလိုရှိသော ယောဂီတို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ဖြစ်စေတတ်သော ကာယ၊ ဝစီ၊ မနော စေတနာ သုံးရပ်ကို အထူးရှောင်ကြဉ်သင့်သည်။

ယင်း စေတနာက သည်ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို ဖြစ်စေ တတ်၏။ စေတနာကို ကံဟူ၍ငင်း၊ သင်္ခါရဟူ၍ငင်း၊ ဟော တော်မူသောကြောင့် အဆိပ်အတောက်ကဲ့သို့၊ သေမင်းကဲ့သို့ မှတ်ယူရမည်ဖြစ်ကြောင်း နိဒါနသံယုတ် မဟာဝဂ် အတ္ထိရာဂ သုတ် (၃၊၇)၌ ဟောတော်မူသည်။

ယောဂီတို့ အားထုတ်နေကြသည်မှာ စေတနာသီလ၊ စေတ နာ ဒါန၊ စေတနာ ဘာဝနာတွေသာ များနေသည်။ ယင်း စေတနာကံတရားကို အားထုတ်နေသမျှ ယင်း စေတနာသည် ဘဝသစ်ကို ဖြစ်စေတတ်သောကြောင့် ရုပ်နာမ်ခန္ဓာ တည်းဟူ သော ပဋိစ္စသမုပ္ပါဒ်နယ်မှ ကျွတ်လွတ်နိုင်မည် မဟုတ်။

စေတနာသည် ရုပ်နာမ်ခန္ဓာတို့ကို ဖြစ်ရန် အကြောင်းရင်း ဖြစ်၍ မည်သည့်အခါမှ ချုပ်ငြိမ်းရာ 'နိရောဓ'သို့ ရောက်မည်

မဟုတ်။ မဂ်ဖိုလ်ကိုလိုသော ယောဂီတို့သည် အထူးသတိပြုသင့်သည်။

မဂ်ဖိုလ်ကို လိုသော ယောဂီတို့အနေဖြင့် စေတနာကံကို အားထုတ်ရန်မလို။ စေတနာကံကို လုံးဝ ဖျက်ဆီးပစ်နိုင်သော ကံမှာ မဂ်ကံ (အရိယာမဂ္ဂင်ရှစ်ပါး)သာလျှင် ဖြစ်သည်။ ယောဂီတို့အနေဖြင့် ယင်း မဂ်ကံကိုသာလျှင် အားထုတ်သင့်၏။

မဂ်ကံသည် ခန္ဓာနာမ်ရုပ်တည်းသော ပဋိစ္စသမုပ္ပါဒ် ဘဝစက်ကြီးကို ဖျက်ဆီးပစ်နိုင်၏။ ခန္ဓာနာမ်ရုပ်ဟူသော သင်္ခါရတရားတို့ကို ဖျက်ဆီးပစ်နိုင်၏။ ထို့ကြောင့် စေတနာ စေတသိက် အရင်းမခံသော မဂ်ကံကိုသာလျှင် အားထုတ်သင့်၏။

မဂ်ကံဟူသည် ဤနေရာ၌ သတိပဋ္ဌာန်၊ သမ္မပ္ပဓါန်၊ ဣဒ္ဓိပ္ပါဒ် စသော ဗောဓိပက္ခိယ ၃၇ပါးသည် မဂ်ကံ၌ အကျုံးဝင်သည်။ စေတနာကံ မဟုတ်။

ကုသိုလ် အကုသိုလ်ဖြစ်သော စေတနာကံမှာ ၂၉ပါးသာ ရှိသည်။ မဟာကုသိုလ်စိတ် ၈ခု၊ ရူပကုသိုလ်စိတ် ၅ခု၊ ယင်း စေတနာ ၁၃ခုတို့သည် ကောင်းမှုတည်းဟူသော ပုညာဘိသင်္ခါရကို ဖြစ်စေ၏။

အကုသိုလ်စိတ် ၁၂ခု၌ ရှိသော စေတနာ ၁၂ခုသည် မကောင်းမှု အပုညာဘိသင်္ခါရကို ဖြစ်စေ၏။ အရူပကုသိုလ်စိတ် လေးခု၌ ရှိသော စေတနာလေးခုသည် အာနေဉ္ဇာဘိသင်္ခါရကို ဖြစ်စေ၏။ (ဝါ)အရူပလေးဘုံသို့ ရောက်အောင် အကျိုးပေး၏။ ယင်း စေတနာ လေးပါးတို့သည် နာမ်ခန္ဓာ လေးခုတို့ကို ဖြစ်စေနိုင်သောကြောင့် ကုသိုလ်စေတနာ စာရင်းဝင်သည်။

ကောင်းမှု ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို ဖြစ်စေတတ်သော စေတနာ ၁၇ ခု၊ မကောင်းမှု ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို ဖြစ်တတ်စေသော စေတနာ ၁၂ ခု၊ ယင်းနှစ်ရပ်ပေါင်းသော် ကုသိုလ် အကုသိုလ် စေတနာ ၂၉ ခု ရှိသည်။

ဤစေတနာ ၂၉ ခုကို ရှောင်ကြဉ်နိုင်မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်သည်။ ဤစေတနာတို့ကို သိအောင်လည်း အားထုတ်သင့်သည်။ ယင်း စေတနာတို့သာလျှင် ကောင်းသော ရုပ်နာမ်ခန္ဓာ၊ မကောင်းသော ရုပ်နာမ်ခန္ဓာတို့ကို ဖြစ်စေနိုင်သည်။

ယင်း စေတနာတို့သည် ဘဝတခုနှင့် တခုကို ဆက်စပ်ပေးတတ်သည်။ ဘဝသစ်ကို ဖြစ်ပေါ်စေတတ်သည်ဖြစ်၍ ဝေးစွာ ရှောင်ကြဉ်သင့်သည်။

ရုပ်နာမ်ခန္ဓာကို ဖြစ်စေဘတ်သော စေတနာတို့ကို ရှောင်ကြဉ်ပါဟု ဆိုသော်လည်း ယင်း စေတနာတို့ကို ဖျက်ဆီးတတ်ရန် လို၏။

မဂ်ကံကို အားထုတ်လျှင် စေတနာကံတို့ ပျက်စီး ဆိတ်သုဉ်းနိုင်ကြောင်းကို 'စတုက္က နိပါတ် အင်္ဂုတ္တရပါဠိတော် အရိယမဂ္ဂသုတ်' ၅၅၈/၉'၌ တိကျစွာ ညွှန်ပြတော်မူသည်။

ထို့ကြောင့်—

စေတနာကံကို ဖြစ်စေတတ်သော မောဟ (အဝိဇ္ဇာ) ကို ပညာဟူသော ဝိဇ္ဇာဉာဏ် (ဝိပဿနာ) ဖြင့် ဖျက်ဆီးနိုင်၏။ စေတနာကံ၏ အကြောင်းရင်းဖြစ်သော အဝိဇ္ဇာပျက်လျှင်

အကျိုးစေတနာကံလည်း ပျက်၏။ ဟူ၍ ဝိမုတ္တိရသကျမ်း၌ ဆိုသည်။

အဝိဇ္ဇာတည်းဟူသော မောဟ ဖုံးလွှမ်းမှုကြောင့် စေတနာ ဒါန၊ စေတနာသီလ၊ စေတနာဘာဝနာ ဖြစ်ရပုံကို-

'ပေးလှူခြင်းကို အကြောင်းပြု၍ ပေးလှူခြင်းဟူသော စေတနာဖြစ်၏။ စေ့ဆော်တိုက်တွန်းကာမျှ အဖြစ်၊ တိုက်တွန်း တတ်သည့် အဖြစ်ကို စေတနာဟူ၍ ဆိုအပ်၏။ ဤစေတနာ ကြီးမှူးသော ဒါနကြောင့် ကောင်းမှု အဘိသင်္ခါရကို ဖြစ်စေ၏။

'စေတနာ ကြီးစိုးကာမျှဖြစ်သော စေ့ဆော်ရုံ တိုက်တွန်းရုံ မျှဖြစ်သော သီလကို အကြောင်းပြု၍ ဘာဝနာ အားထုတ်လို သော စေတနာ ဖြစ်၏။ ယင်းသို့ စေ့ဆော်တတ်တိုက်တွန်း တတ်သည်၏ အဖြစ်ကြောင့် ပုညာဘိသင်္ခါရ ဖြစ်ရ၏'

ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၁၂၃) ၌ ဖွင့်ပြ သည်ကို ထောက်၍ စေတနာဒါန၊ စေတနာသီလ၊ စေတနာ ဘာဝနာတို့ကြောင့် ကောင်းမှုသင်္ခါရဖြစ်ရကြောင်း ထင်ရှား နေသည်။

ဗုဒ္ဓရှင်မြတ်ကြီးကိုယ်တိုင်ကလည်း အဝိဇ္ဇာကြောင့် စေတနာ ၂၉ ပါးဖြစ်ရသည်ဟု အတိအလင်း ဝိဘင်းပါဠိတော်၌ ဟော တော်မူသည်။ စေတနာဟူသော စေ့ဆော်တိုက်တွန်းမှုကြောင့် ကောင်းမှု၊ မကောင်းမှုတို့ ဖြစ်ရပုံ၊ ယင်း စေတနာတို့သည်ပင် ကောင်းမှု မကောင်းမှုတို့၏ အကြောင်းရင်းဖြစ်ကြောင်းကို ဝိဘင်းပါဠိတော် ကုသိုလ်အကုသိုလ်အဖွင့်တို့၌ များစွာပင် ဟောတော်မူသည်။

အဝိဇ္ဇာတည်းဟူသော အဲကြောင်းကြောင့် စေတနာဖြစ်ရ၏။ ယင်းစေတနာသည်ပင် သင်္ခါရမည်၏ ဟူ၍ ဝိဘင်းပါဠိတော် အဝိဇ္ဇာမူလကုသိုလ်နိဒ္ဒေသ (၁၁) ၌ တိကျစွာပင် ဝေဖန်ပြတော်မူသည်။

လူအဖြစ် နတ်အဖြစ် လူ့စည်းစိမ်နတ်စည်းစိမ်တို့ကို တောင့်တ၍ ဖြစ်စေ၊ ကုသိုလ်တရား၌ ယုံကြည်မှုသက်သက်ကြောင့် ဖြစ်စေ၊ ကုသိုလ်လိုချင်၍ဖြစ်စေ၊ အများ သီလစောင့်သည်နှင့် မကောင်းတတ်၍ ဆောက်တည်ရသည်ဖြစ်စေ ဤသီလတို့သည် မုချ သံသရာ၏ အကျိုးကို ပေးနိုင်သည်။ လောကုတ္တရာအကျိုးကို မပေးနိုင်။

ကုသိုလ်ဖြစ်ရုံမျှ သို့မဟုတ် ကုသိုလ်ကို ယုံကြည်၍ ဘဝစည်းစိမ်တို့ကို တပ်မက်၍ ကောင်းမှုလုပ်လျှင် ကောင်းမှုဖြစ်ရမည်ဟူသော သဘောဖြင့် စောင့်ထိန်းသော သီလသည် အမှန်စင်စစ် စေတနာသီလသာ ဖြစ်သည်။ လောကီသီလ မည်၏။

လောကီတည်းဟူသော သံသရာကြီး ရှည်ဝေးအောင်သာ အကျိုးပေးတတ်သည်။ သံသရာခရီးတိုအောင် မဂ်ဖိုလ်နိဗ္ဗာန်နီးအောင် အကျိုးပေးနိုင်ခြင်း မရှိ။

မဂ်ဖိုလ် နိဗ္ဗာန်အလို့ငှာ ဝိပဿနာ၏ အခြံရံဖြစ်စေရန် သဘောဖြင့် အားထုတ်ဆောက်တည်သော သီလသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်သော စင်ကြယ်သည့် သီလဖြစ်သည်။

စင်ကြယ်သော သီလ (ဝါ) သီလဝိသုဒ္ဓိ ဟူသည်မှာ တဏှာဒိဋ္ဌိတို့ မကပ်ငြိသော သီလပင် ဖြစ်သည်။ ထို့ကြောင့်

မဂ်ဖိုလ်ကိုလိုသော ယောဂီတို့သည် တဏှာဒိဋ္ဌိတို့ကို အထူးစင်ကြယ်စေ၍ အာဇီဝဋ္ဌမကသီလကို အသက်ထက်ဆုံး ဆောက်တည်သင့်၏။

အာဇီဝဋ္ဌမက သီလသည် အရိယမဂ္ဂင်ရှစ်ပါးနှင့် အထူးညီညွတ်ကြောင်း သိက္ခာသုံးပါးအဝင် ဖြစ်ကြောင်းကို ဗုဒ္ဓရှင်မြတ်ကြီးကိုယ်တိုင် ဟောတော်မူသောကြောင့် မဂ်ဖိုလ်ကိုအလိုရှိသော အမျိုးကောင်းသားယောဂီတို့သည် အားထုတ်မည့်နေ့မှ စတင်၍ ရာသက်ပန် 'နိစ္စသီလ' အဖြစ်နှင့် ဆောက်တည်သင့်သည်။

သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါး၌ မဂ္ဂင်ရှစ်ပါး ပါဝင်ပြီး ဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်းသည် ဤအရိယာမဂ္ဂင်ရှစ်ပါးမှတပါး အခြား မရှိ။ ထို့ကြောင့် ဗုဒ္ဓ၏ ပိဋကတ်သုံးပုံ သာသနာသုံးရပ်တို့သည် ဤသိက္ခာသုံးပါး၌ အကျုံးဝင်ပြီး ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်က—

ဝိသာခကို အကြောင်းပြု၍ 'တီဟိစခေါ်အာဝုသော' စသဖြင့် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည်ကား 'သီလမဂ္ဂင်'။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည်ကား 'သမာဓိမဂ္ဂင်'။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့သည်ကား 'ပညာမဂ္ဂင်' ဟူ၍သိက္ခာသုံးပါးဖြစ်ကြောင်း

ကို မူလပဏ္ဏာသပါဠိ စူဠဝေဒလ္လသုတ် (၃၇၅) ၌ ဟောတော်မူသည်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတည်းဟူသော သမ္မာအာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သော အာဇီဝဋ္ဌမကသီလသည် မဂ္ဂင်နှင့်ကိုက်သော သီလဟု ဆိုနိုင်သည်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် ဝိရတိစေတသိက်သုံးပါး ဖြစ်သည်။ ယင်း စေတသိက်သုံးပါးသည်ပင် ဗုဒ္ဓ ဟောတော်မူသော အရိယသီလမဂ္ဂင်နှင့် အံဝင်ခွင်ကျဖြစ်သည်။

ယင်း သီလသည် မဂ္ဂင်နှင့် ကိုက်ညီသောကြောင့် အာဒိဗြဟ္မစရိယကသီလ-မဂ်၏ အဦးအစဖြစ်သော သီလဟူ၍ ဟောတော်မူသည်။သမ္မာအာဇီဝလျှင် ရှစ်ခုမြောက်ဖြစ်သောကြောင့် အာဇီဝဋ္ဌမကသီလဟု ခေါ်သည်။

ယင်းသီလသည် စေတနာသီလကဲ့သို့ ရှောင်ကြဉ်ရုံမတ္တမဟုတ်၊ အသက်ကဲ့သို့အာဟာရကဲ့သို့ 'အသက်ဆက်ဆုံး' ရှိသော မြတ်နိုးစွာ မှီဝဲအပ်သော မဟာသီလကြီး ဖြစ်ပေ၏။

ဤမဂ္ဂင်ကိုက် အာဇီဝဋ္ဌမကသီလနှင့် ပြည့်စုံပြီးသောယောဂီအား ငါးပါး ရှစ်ပါး ဆယ်ပါးတို့သည် ကျေးဇူးရှင် လယ်တီဆရာတော် မိန့်သည့်အတိုင်း အမွန်းတင်သီလများသာဖြစ်သည်။

ဝိနည်းအဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာများကိုထောက်၍ ရဟန်းသာမဏေတို့ ကျင့်အပ်သော ဝိနည်းသိက္ခာပုဒ်၊ သုတ္တန်သိက္ခာပုဒ် ဟူသမျှ လူတို့ကျင့်အပ်သော၊ သုတ္တန်

သိက္ခာပုဒ် ဟူသမျှ တစုံတခုမျှ မကျန် ကာယကံ၊ ဝစီကံ၊ မနောကံ တို့၌ အကုန်သက်ဝင်ကြောင်း၊ ယင်းကံသုံးပါးတို့သည်လည်း အာဇီဝဋ္ဌမကသီလတွင် အကုန်သက်ဝင်ကြောင်း ဗုဒ္ဓရှင်မြတ် ဟောတော်မူပုံကို သီလဝိနိစ္ဆယ၌ အကျယ် ဖွင့်ပြတော်မူသည်။

အာဇီဝဋ္ဌမကသီလကို ကလျာဏပုထုဇဉ်နှင့်ရဟန်းသာမဏေ တို့အတွက် ခွဲခြား၍ သီလဝိနိစ္ဆယ၌ပင် အကျယ် ဝေဖန် ပြသည်။

မဂ်ဖိုလ်ကို အလိုရှိသော ယောဂီတို့ ကျင့်သုံး အပ်သည့် အတွက်ကြောင့် -

> သီလဝိနိစ္ဆယကျမ်း (၁၃၇)၌ 'အာဇီဝဋ္ဌမကဝိရတိ သီလနှင့် ကင်း၍ မဂ်ကို ရသူရောက်သူဟူ၍ တစုံ တယောက်မျှ မရှိ။ အာဇီဝဋ္ဌမကသီလ၏ အခွင့်သည် သောတာပတ္တိမဂ်သို့ ရောက်၍ သက္ကာယဒိဋ္ဌိချုပ်ငြိမ်း သောအခါ သမုစ္ဆေဒဝိရတိအဖြစ်သို့ ရောက်မှ ကိစ္စ ပြီး၏။ နိယတအဖြစ်သို့ ရောက်၏-ဟူ၍ မိန့်သည်။

အာဇီဝဋ္ဌမကသီလသည်ပင် အဓိသီလမည်ကြောင်းမိန့်သည်။ ငါးပါးသီလသည် လူသာမန်တို့ အစဉ်စောင့်ထိန်းရသည့် အတွက် နိစ္စသီလ မည်၏။ အာဇီဝဋ္ဌမကသည် ယောဂီတို့ အစဉ် စောင့်ထိန်းအပ်သောကြောင့် နိစ္စသီလ မည်၏။

ဥပေါသထရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့မှာ လူယောဂီတို့ အတွက် အမြဲမထိန်းနိုင်။ ရံဖန်ရံခါသာ စောင့်ထိန်းရသော ကြောင့် အနိစ္စသီလ မည်၏။

သီလဝန္တ (သီလနှင့်ပြည့်စုံသူ)ဟူသည်မှာ—

သမ္ပတ္တဝိရတိသီလ၊ သမာဒါနဝိရတိ သီလ ဟူ၍ နှစ်မျိုးရှိသည်။ သမ္ပတ္တဝိရတိသီလဟူသည်မှာ အတွေ့ကို ရှောင်ကြဉ်သော သီလ၊ သမာဒါနဝိရတိသီလဟူသည်မှာ ခံယူ၍ဆောက်တည်သော သီလ ဖြစ်သည်။ အမိဋ္ဌာန်သီလ မည်၏။

အတွေ့ကို ရှောင်ကြဉ်သော သီလနှင့်ဖြစ်စေ၊ ခံယူဆောက်တည်သော သီလနှင့်ဖြစ်စေ ပြည့်စုံသော သူသည် သီလဝန္တပုဂ္ဂိုလ်မည်၏၊ ရံဖန်ရံခါမှ စောင့်ထိန်းသောသူသည် သီလဝန္တပုဂ္ဂိုလ်ဟူ၍ မခေါ်နိုင်၊ မခေါ်ထိုက်။

သီလခံယူရာ၌ ပါဠိအနက်ကို သိ၍ စိတ်ပြဋ္ဌာန်းခြင်း ရှိမှသာလျှင် ဝိရတိသီလ ဖြစ်သည်။ ပါဠိအနက်(ဝါ)အဓိပ္ပါယ်ကို သေချာစွာ မသိလျှင် စေတနာသီလသာ ဖြစ်နိုင်ကြောင်း ကုသိုလ်ရတတ်သော သီလခံမှုပေတည်းဟု သိရုံမျှဖြင့် ဝိရတိ မဖြစ်နိုင်။ သူ့အာရုံနှင့် သူ ရှေးရှုမိမှ ဝိရတိဖြစ်နိုင်ကြောင်းကို သီလဝိနိစ္ဆယ၌ မိန့်သည်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ ဟူသော အာဇီဝဋ္ဌမကသီလ၌-

သမ္မာဝါစာဟူသည်မှာ ဝစီကံ ၄ ပါး၊ သမ္မာကမ္မန္တဟူသည်မှာ ကာယကံ ၃ ပါး၊ သမ္မာအာဇီဝ ဟူသော ကိုယ်နှုတ်၌ဖြစ်သော ကံတပါး၊ ပေါင်း ရှစ်ပါ ဖြစ်သည်။

အင်္ဂါအားဖြင့်ခွဲသော်—

၁။ သူ့အသက် သတ်ခြင်း၊

၂။ သူတပါးပစ္စည်းဥစ္စာ ခိုးယူခြင်း၊

၃။ မေထုန်မှု၌ မှားယွင်းပြစ်မှားခြင်း၊
၄။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊
၅။ ကုန်းတိုက်ခြင်း၊
၆။ ကြမ်းတမ်းသော စကားကိုပြောဆိုခြင်း၊
၇။ ပြိန်ဖျင်းသောစကား၊ အချည်းနှီးအကျိုးမဲ့သော စကားဆိုခြင်း၊

ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်သော သမ္မာကမ္မန္တ သိက္ခာပုဒ်၌ ပညတ်သော ကာမေသုမိစ္ဆာစာရတွင် ယစ်မျိုးငါးပါးနှင့်လောင်းကစားမှုတို့ အကျုံးဝင်ကြောင်း မဂ္ဂဒီပနီ (ဆဋ္ဌမှု)၁၀၃၌ မိန့်သည်။

ထို့ကြောင့် ငါးပါး ရှစ်ပါးသီလတို့သည် ဤအာဇီဝဋ္ဌမက သီလ၌ အကျုံးဝင်ပြီး ဖြစ်သည်။ ယောဂီတို့၏ နိစ္စသီလဖြစ်ကြောင်းကို ယုံမှားရန် မရှိ။ သို့ဖြစ်၍ သီလဝိနိစ္ဆယကျမ်း၌—

'အာဇီဝဋ္ဌမကသီလ၌ ကောင်းစွာတည်သော သူသည် လူသီလဝန္တ စင်စစ် ဖြစ်၏။ ဤလူသီလဝန္တအဖြစ်၌ တည်၍ပြု အပ်သော ဒါန၊ ရှစ်ပါးသီလတို့သည် အလွန်ကြီးကျယ်သော အကျိုးကို ပေးနိုင်၏။ ရှေး သာဝတ္ထိ ပြည်သားတို့သည် ဤအာဇီဝဋ္ဌမကသီလ၌တည်၍ အရိယာအဖြစ်သို့ ရောက်ကုန်၏'

အာဇီဝဋ္ဌမက၌ မတည်သော သူတို့သည် ဒါနမှု ဥပုသ် စောင့်မှု ပြုကြသော်လည်း တည်သော သူကို အကျိုးအားဖြင့် မမှီကုန်။မတုနိုင်ကုန်။ ယခုဘဝ၌ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပွားများခြင်းငှါထိုက်သော အခြေအနေမျိုး မဟုတ်ကုန်ဟူ၍ သီလဝိနိစ္ဆယ (၁၄၃)၌ မိန့်သည်။

ထို့အပြင် အာဇီဝဋ္ဌမကသီလသည် ပကတိသော အသက်သခင်အစာထမင်းနှင့်တူ၏။ ဥပေါသထသီလ(ရှစ်ပါးသီလ)သည် ဝက်သား၊ ကြက်သား၊ ငါး စသော ဟင်းလျာကောင်းနှင့်တူ၏။ အာဇီဝဋ္ဌမက သီလ၌ ကောင်းစွာတည်သော သူသည် မနောသုစရိုက်သုံးပါးနှင့် ပြည့်စုံပြီး ဖြစ်၏ ဟူ၍ သီလဝိနိစ္ဆယ၌ အကျယ်ဖွင့်ပြတော်မူသည်။

မဂ်ဖိုလ်ကို အလိုရှိကုန်သော ယောဂီတို့သည် သူ့အသက်သတ်ခြင်း၊ သူ့တပါးဥစ္စာ ခိုးယူခြင်း၊ မှားယွင်းသော မေထုန်မှုပြုခြင်း၊မဟုတ်မမှန် ပြောဆိုခြင်း၊ မူးယစ်စေတတ်သော သေရည်သေရက် သောက်စားခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသော စကားဆိုခြင်း၊ အကျိုးမရှိသော စကား အလေအဖျင်းတို့ကို ပြောဆိုခြင်း၊ မှားယွင်းစွာ အသက်မွေးဝမ်းကျောင်းပြုခြင်း စသည့် မကောင်းမှုတို့ကို လုံးဝ မပြုလုပ်ပဲ ရာသက်ပန်ပယ်မှသာလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်ရောက်နိုင်သည်။

ယခုအခါ၌ တရား အားထုတ်နေကြသော ယောဂီတို့သည် ရှေးဦးစွာ မိမိတို့၏ သီလကို ခိုင်မြဲခြင်း ရှိမရှိ စင်ကြယ်ခြင်း ရှိမရှိ စစ်ဆေးသင့်သည်။ သီလစင်ကြယ်မှသာလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်သည်။ထို့ကြောင့်—

အင်္ဂုတ္တရ ပါဠိတော် အာနိသံသဝဂ်၌—

'အပြစ်မရှိသော၊ စင်ကြယ်သော သီလတို့သည် နှလုံး သာရွှင်မှုရှိ၏။ နှလုံး သာရွှင်မှုရှိသော် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံ၏။ ဝမ်းမြောက်ခြင်း ရှိသော်

နှစ်သက်မှုနှင့် ပြည့်စုံ၏။ နှစ်သက်မှုရှိသော် ငြိမ်းချမ်းမှုနှင့် ပြည့်စုံ၏။ ငြိမ်းချမ်းမှုရှိသော် ချမ်းသာမှုနှင့် ပြည့်စုံ၏။ ချမ်းသာမှုရှိသော် မှန်ကန်သော တည်ကြည်မှုနှင့် ပြည့်စုံ၏။ မှန်ကန်သော တည်ကြည်မှုရှိသော် ဟုတ်တိုင်းမှန်စွာ (ယထာဘူတဉာဏ်) သိမြင်မှုနှင့် ပြည့်စုံ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်မှုရှိသော် ငြီးငွေ့မှု တပ်စွန်းခြင်း ကင်းမှုနှင့် ပြည့်စုံ၏။ ငြီးငွေ့မှု တပ်စွန်းခြင်းကင်းမှု ရှိသော် လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်နှင့် ပြည့်စုံ၏။ အာနန္ဒာ၊ ဤသို့လျှင် အပြစ်မရှိသော၊ စင်ကြယ်သော သီလတို့သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်စေကုန်၏' ဟူ၍ ညွှန်ပြတော်မူသည်။

မစင်ကြယ်သော၊ အပြစ်ရှိသော သီလ ချို့တဲ့သူတို့သည် စိတ်ကြည်လင်ခြင်း မရှိ။ စိတ်ကြည်လင်ခြင်း မရှိသော် တည်ကြည်မှု (သမာဓိ)လည်းမဖြစ်နိုင်။ တည်ကြည်မှု မရှိသော် ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၌ ဟုတ်တိုင်းမှန်စွာ မသိ။ ဟုတ်တိုင်းမှန်စွာ မသိနိုင်သော် ငြီးငွေ့မှုနှင့် တပ်စွန်းခြင်း ကင်းမှု အကြောင်း ချို့၏၊ ငြီးငွေ့မှုနှင့် တပ်စွန်းခြင်းကင်းမှုအကြောင်း ချို့သော် လွတ်မြောက်မှုနှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင်မရှိ။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဘဝစက်အတွင်းမှ မလွတ်နိုင်ဟု အင်္ဂုတ္တိုရ်ပါဠိတော် ဥပနိသသုတ်၌ ဟောတော်မူသည်။

ယောဂီတို့သည် မိမိတို့၏ သီလကို နေ့စဉ် စစ်ဆေးသင့်

သည်။ ကျိုးပေါက်သော သိက္ခာပုဒ်ကို မှတ်၍ သီလဆေးသင့်သည်။ (ဝါ) ပြန်လည် ဆောက်တည်သင့်သည်။ သို့မှသာ သီလ စင်ကြယ်သည်။

ယောဂီတို့သည် မိမိတို့ စောင့်ထိန်းအပ်သော သီလ၊ စောင့်ထိန်းထားသော သီလကို အသက်ကဲ့သို့ မြတ်နိုးသင့်သည်။ ရတနာသုံးပါးကဲ့သို့ ရိုသေသင့်သည်။

သို့မှသာလျှင် ကြည်လင်သော စိတ်ရှိ၍ တည်ကြည်သော သမာဓိကို ဖြစ်စေနိုင်သည်။ တည်ကြည်မှု ရှိမှသာလျှင် ခန္ဓာ ငါးပါး နာမ်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းပိုင်းခြား၍ သိမည်။ ထိုးထွင်းပိုင်းခြား၍ သိမြင်သော ယထာဘူတဉာဏ်ကို ရမှသာလျှင် လွတ်မြောက်မှုနှင့် လွတ်မြောက်မှု ဉာဏ်ကိုရ၍ မဂ်ဖိုလ် တည်နိုင်၏။

မဂ်ဖိုလ်ကိုလိုသော ယောဂီတို့အနေဖြင့် မိမိတို့ စောင့်ထိန်းအပ်သော သီလကို အသက်ကဲ့သို့ အမြိုက်အရသာကဲ့သို့ ရတနာသုံးပါးကဲ့သို့ ရိုသေမြတ်နိုးလျက် အထူးစင်ကြယ်သော သီလ ဖြစ်စေရန် စောင့်ထိန်းအပ်ကြောင်း အထူး သတိချပ်သင့်သည်။

အရိယမဂ္ဂင်နှင့် ကိုက်ညီသော အာဇီဝဋ္ဌမက ဝိရတိသီလကိုသာလျှင် မဂ်ဖိုလ်ကိုလိုသော ယောဂီတို့အနေဖြင့် ဆောက်တည်သင့်ကြောင်း၊ အခြားသီလတို့ထက် ဤသီလကို အသက်ထက်ဆုံး မှီဝဲသင့်ကြောင်း ပညာယှိယောမင်းကြီး၏ ဝိမုတ္တိရသကျမ်း၌ တိုက်တွန်းထားသည်။

မည်သို့ပင်ဖြစ်စေ မည်သည့် သီလမဆို တဏှာဒိဋ္ဌိတို့ဖြင့် လုံးဝမကပ်ငြိစေပဲ ဆောက်တည်ပါက ဝိဝဋ္ဋနိဿိတ သီလ၊ အနိဿိတသီလဖြစ်၍ လောကီ လောကုတ် နှစ်ဖြာသော အကျိုးကျေးဇူးကို မုချပေးနိုင်သည်သာ ဖြစ်၏။

# သမာဓိမဂ္ဂင်

## သမာဓိအဖွင့်

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော အရိယမဂ္ဂင်သုံးပါး၌—

မှန်ကန်သော အားထုတ်မှု၊ မှန်ကန်သော သတိ၊ မှန်ကန်သော တည်ကြည်မှု (ဝါ)တည်ငြိမ်မှု ဟူသည် အဘယ်နည်း။ အဘယ်သဘောရှိသနည်း။

သမာဓိဟူသည်မှာ တခုတည်းသော အာရုံ၌ စိတ်စေတသိက်တို့ကို စုစည်း၍ထားခြင်းကို သမာဓါန-သမာဓိဟု ခေါ်သည်။ တနည်းအားဖြင့် အာရုံကို မပျံ့လွင့် စေရန် ထိန်းချုပ် ထားခြင်းကို သမာဓိဟု ခေါ်သည်။ ထို့ကြောင့် တည်ကြည်မှုဟူသောအဓိပ္ပါယ် ရှိသည်။

ယင်းသမာဓိကို လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန် တို့

ဖြင့် ဆုံးဖြတ်ရလျှင် စိတ်၊ စေတသိက်တို့ကို မပျံ့လွင့်စေခြင်း 'လက္ခဏာ'ရှိ၏။ ပျံ့လွင့်ခြင်း (ဥဒ္ဒစ္စ)ကို ဖျက်ဆီး တတ်သော 'ကိစ္စရသ'ရှိ၏။ မတုန် မလှုပ်သော အားဖြင့် ဉာဏ်အားရှေ့ရှု ထင်ခြင်း(ငါ) တုန်လှုပ်သောစိတ်မရှိဟု ယောဂီဉာဏ်၌ ထင် ခြင်း 'ပစ္စုပဋ္ဌာန်'ရှိ၏။ 'ချမ်းသာသော သူ၏ စိတ်သည် တည် ကြည်၏ ဟု ဟောတော်မူသောကြောင့် သုခသည် သမာဓိ၏ နီးစွာသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

သမာဓိ အရေးအတွက်ကို ဝိသုဒ္ဓိမဂ်၌ များစွာ ဖွင့်ပြသည်။ သမာဓိတို့သည် နှစ်ပါး သုံးပါး စသည်ဖြင့် များစွာပင် ရှိသော် လည်း ပရိကံသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ ဟူ သော သမာဓိ သုံးပါးကိုသာလျှင် ယောဂီတို့ သိထားသင့် သည်။

တစုံတခုသော ကသိုဏ်းဝန်း(ဥပမာ-မြေကြီး) ကို ပကတိ မျက်စိဖြင့် မမှိတ်မသုန် ကြည့်ရှုနေစဉ် ပရိကံသမာဓိဟု ခေါ် သည်။ စတင်၍ အားထုတ်ရသော သမ္မာဓိ ဖြစ်သောကြောင့် 'ပရိကံသမာဓိ' ဟု ခေါ်သည်။

ပရိကံနိမိတ်ကို ယူပြီးနောက် မျက်စိမှိတ်၍ ဆင်ခြင်သော အခါ ပကတိ မျက်စိဖြင့် ရှုမြင်ရသကဲ့သို့ ထင်မြင် လာသော ကြောင့် ဥဂ္ဂဟနိမိတ် ဖြစ်၏။ ယင်း ဥဂ္ဂဟနိမိတ်ကို 'ဥပစာရ သမာဓိ' ဟုခေါ်သည်။

ဥဂ္ဂဟနိမိတ်ကိုရပြီးနောက် မျက်စိမှိတ်၍ ယူထားသော ကသိုဏ်းကို ကြိမ်ဖန်များစွာ ဆင်ခြင်သောအခါ ကြေးမုံပြင်၌ ထင်လာသကဲ့သို့ အလွန်ကြည်လင်ပြတ်သားသော နိမိတ်သည်

'ပဋိဘာဂနိမိတ်' ဖြစ်၏။ ယင်း ပဋိဘာဂနိမိတ်ကိုပင် အပ္ပနာသို့ရောက်သော (ဝါ) အထွတ်အထိပ်သို့ ရောက်သော 'အပ္ပနာသမာဓိ' ဟူ၍ခေါ်သည်။

အပ္ပနာသမာဓိကို ရရှိသည့် အချိန်မှစ၍ ပိတ်ဆို့တတ်သောတရား (နီဝရဏ) တို့ ကွာကုန်၏။ ကိလေသာတို့ ငြိမ်ဝပ်ကုန်၏။ ထို့ကြောင့် ယင်းသမာဓိသည် စျာန်ကို ပဌမစျာန်တိုင်အောင် ဝင်စားနိုင်စွမ်း ရှိ၏။

သမာဓိဖြစ်စေရန် အာဟာရေပဋိကူလသညာ(အဟာရ၌ရွံရှာစက်ဆုပ်ဘွယ်ရာ ဟူသော နိမိတ်)နှင့် ဓါတ်ကြီးလေး ကမ္မဋ္ဌာန်းနှစ်ရပ်တို့ကို အားထုတ်ရမည်ဟု ဝိသုဒ္ဓိမဂ်၌ ဖွင့်ပြသည်။

သို့သော် ဝိသုဒ္ဓိမဂ်၌ ကဏ္ဍခွဲထားခြင်းမျှသာ ဖြစ်၍ပါဠိတော်နှင့် လုံးဝခြားနားခြင်း မရှိ။ ဝိသုဒ္ဓိမဂ်ဆရာက မူလပဏ္ဏာသပါဠိတော်၌ ဟောတော်မူသော မဟာသတိပဋ္ဌာန် လေးပါးတို့ကို ကဏ္ဍအလိုက်ခွဲ၍ ဖွင့်ပြခြင်းသာ ဖြစ်သည်။

မဂ်ဖိုလ်ကို အလိုရှိသော ယောဂီတို့သည် သမာဓိကိုဖြစ်စေရန် မဟာသတိပဋ္ဌာန် လေးပါးတို့ကိုသာ အားထုတ်ရန်လိုသည်။ အမှန်စင်စစ် သတိပဋ္ဌာန်လေးပါးသည် လောကုတ္တရာသမာဓိ ကမ္မဋ္ဌာန်းကြီး ဖြစ်သည်။

ယင်း သတိပဋ္ဌာန် လေးပါးတို့ကိုသာ ယောဂီတို့ အားထုတ်ဘို့ လိုသည်။ သတိပဋ္ဌာန် လေးပါးကို အသက်ကဲ့သို့ အမြိုက်အရသာကဲ့သို့ ရတနာသုံးပါးကဲ့သို့ ရှိသေမြတ်နိုးစွာ မှီဝဲဆည်းကပ်ရန် လိုသည်။

သတိပဋ္ဌာန်ဟူသည် လောကုတ္တရာမဂ်နှင့် ယှဉ်သောကြောင့်ဂုဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၏ ရှေ့အဘို့၌ ပြုအပ်သော အကျင့်ဖြစ်သောကြောင့်ဂုဏ်၊ ကေသာလောမာ စသည့် အာရုံ၌ စွဲမြဲစွာတည်တတ်သောကြောင့်ဂုဏ်၊ သမ္မာသတိကြောင့်ဂုဏ် သတိပဋ္ဌာန်ဟု ခေါ်သည်။

## သတိလေးပါး၏ အစွမ်း

သတိပဋ္ဌာန်လေးပါးသည် ကာယ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မာတို့၌ အာရုံယူ၍ အသုဘနိမိတ်၏ အစွမ်းဖြင့် တင့်တယ်ခြင်းဟူသော နိမိတ်ကို ဖျက်ဆီးနိုင်၏။ ဒုက္ခနိမိတ်အစွမ်းဖြင့် ချမ်းသာခြင်းဟူသော အစွဲကို ဖျက်ဆီးနိုင်၏။ အနိစ္စနိမိတ်အစွမ်းဖြင့် မြဲသော လောကဟူသော အယူကို ဖျက်ဆီးနိုင်၏။ အနတ္တနိမိတ်အစွမ်းဖြင့် (ဝါ) အတ္တရှိ၏ ဟူသော သက္ကာယအစွဲကို ဖျက်ဆီးပစ်နိုင်၏။

ဤသို့ သတိပဋ္ဌာန် လေးပါးသည် သုဘ၊ သုခ၊ နိစ္စ၊ အတ္တ ဟူသောလွဲမှားဖေါက်ပြန်သည့် အယူအစွဲတို့ကို ဖျက်ဆီးနိုင်စွမ်းရှိသည်။ သတိပဋ္ဌာန်လေးပါးကို နှလုံးသွင်းနေသမျှ ကာလပတ်လုံး အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တ ဟူသော သတိလေးပါးတို့ အစဉ် ဖြစ်ပေါ်နေသဖြင့် တည်ငြိမ်မှုသမာဓိ ဖြစ်၏။

သတိပဋ္ဌာန်လေးပါးသည် သစ္စာလေးပါးကို ထိုးဖေါက်မြင်နိုင်သော အကြောင်းရင်း ဖြစ်သည်။ ဗောဓိပက္ခိယတရား

၃၇ ပါးတွင် အကြီးအမှူးလည်းဖြစ်သည်။ သတိတရားသာမရှိလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်။ ရနိုင်ရန် အကြောင်း မရှိ။

ထို့ကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက—

'ကာမဂုဏ်၌ လိုချင်မှု၊ သူတပါးအကျိုးမဲ့ရန်ကြံစည်မှု၊ ထိုင်းမှိုင်းမှု၊ ပျံ့လွင့်မှု၊ ယုံမှားတွေးတောမှုတည်းဟူသော ပိတ်ပင်မှုကြီး (နီဝရဏ) ငါးပါးတို့ကို ပယ်ရန် သတိပဋ္ဌာန်လေးပါတို့ကို ပွါးများအပ်ကုန်၏။

ဟု အင်္ဂုတ္တရနိကာယ် သတိပဋ္ဌာနဝဂ်၌ ဟောတော်မူသည်။

ယင်း အင်္ဂုတ္တရပါဠိတော်၌ပင် ကာမဂုဏ်အာရုံငါးပါး၊ ဥပါဒါနက္ခန္ဓာငါးပါး၊ အောက်ပိုင်း သံယောဇဉ်ငါး ပါး၊ ငရဲ တိရစ္ဆာန် စသည့် ဂတိငါးပါး၊ ဝန်တိုမှုငါးပါး၊ အထက်ပိုင်း သံယောဇဉ်ငါးပါး၊ ပြောင့်တံသင်းငါးပါး၊ စိတ်ကိုနှောင်ဖွဲ့မှုငါးပါး၊ ဤမိစ္ဆာတရားတို့ကို ပယ်ရန် သတိပဋ္ဌာန်တရားလေးပါးတို့ကို အကြိမ်ကြိမ် ပွါးများအပ်ကုန်၏ ဟူ၍ ဟောတော်မူသည်။

သတိပဋ္ဌာန်တရား လေးပါးကို သမထဖြင့် ပိုင်းခြား၍ ဟောတော်မူသောကြောင့် သမာဓိကမ္မဋ္ဌာန်း မည်၏။

ထို့ကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက—

ကာယ၊ စိတ္တာ၊ ဝေဒနာ၊ ဓမ္မာ ဟူသော သတိပဋ္ဌာန်လေးပါတို့ဖြင့် အဘိဇ္ဈာ၊ ဗျာပါဒ မဖြစ်စေရန် ဆင်ခြင်၍ သတိဖြင့် နေ၏။ ဤသို့ နေခြင်းကို သမ္မာသတိဟူ၍ဆိုအပ်၏

ဟု ဒီဃနိကာယ် မဟာဝဂ် မဂ္ဂသစ္စာအဖွင့်၌ ဟောတော်မူသည်။

တဖန် မဂ္ဂသစ္စာအဖွင့်၌ပင်—

သတိပဋ္ဌာန်လေးပါးကို ၇ နှစ်ပတ်လုံး ပွါးသင့်၏။ ထိုသို့ ပွါးခြင်းကြောင့် တရားတို့၌ အလိုရှိသလို ဝင်စားနိုင်ခြင်း၊ အနာဂါမ်ရဟန္တာအဖြစ်သို့ ရောက်နိုင်ခြင်း အကျိုးရှိ၏။

သတိပဋ္ဌာန်လေးပါးတို့ကို ခြောက်နှစ်ပတ်လုံး၊ ငါးနှစ်ပတ်လုံး၊ သုံးနှစ်ပတ်လုံး၊ ယုတ်စွအဆုံး တနှစ်ပတ်လုံး တည်ရာ၏။ သို့တည်းမဟုတ် ၇လပွါးရာ၏။ ထိုအခါ တရားတို့၌အလိုရှိသ၍ နှလုံးသွင်းနိုင်ခြင်း၊ အနာဂါမ်ဖြစ်နိုင်ခြင်း အကျိုးနှစ်ပါး တို့ကို ခံစားရ၏။

ဤသတိပဋ္ဌာန် လေးပါးကို ယုတ်စွအဆုံး ၇ ရက် မပျက်မကွက် အားထုတ်ပါက အနာဂါမ် မဂ်ဖိုလ်တည်နိုင်၏။ နီဝရဏ ၅ ပါးတို့ စင်ကြယ်စေရန် သောက၊ပရိဒေဝ စသည် တို့မှ လွတ်မြောက်ရန် ဒုက္ခ ဒေါမနဿ စသည်တို့ ချုပ်ငြိမ်းရန် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွားများ အားထုတ်အပ်ကုန်၏ဟူ၍ ဒီဃနိကာယ် မဂ္ဂသစ္စာအဖွင့်၌ ဟောတော်မူသည်။

သတိပဋ္ဌာန်လေးပါးသည် မဂ္ဂင်ထိုက်သောတရား ဖြစ်သည်။ အရိယမဂ်၌ အကျုံးဝင်သည်။ ကာယ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မာတို့၌ မှန်ကန်စွာ အောက်မေ့ နှလုံးသွင်း ရသောကြောင့် သမ္မာသတိမဂ္ဂင်မည်၏ဟု ဒီဃနိကာယ် မဂ္ဂသစ္စာ အဖွင့်၌ပင် ဟောတော်မူသည်။

သမာဓိမဂ္ဂင်၌ အကျုံးဝင်သော သမ္မာသတိကို ပြပြီး၍ ယခု သမ္မာဝါယာမ နှင့် သမ္မာ သမာဓိ မဂ္ဂင် နှစ်ပါးကို ပြဦးမည်။ သမ္မာအာဇီဝလျှင် ရှစ်ခုမြောက်ရှိသော အာဇီဝဋ္ဌမကသီလ၌ တည်ပြီးသောယောဂီသည် မဂ္ဂင်နှင့်ယှဉ်သောပျင်းရိခြင်းကိုဖြတ်တတ်သော ဝီရိယာရမ္ဘသည် သမ္မာဝါယာမမည်၏ ဟူ၍ ဝိသုဒ္ဓိမဂ်၌ ဖွင့်ပြသည်။

မှန်ကန်စွာ အားထုတ်ခြင်းသည် သမ္မာဝါယာမ မဂ္ဂင်ဖြစ်၏။ မှန်ကန်စွာ အားထုတ်ခြင်းကို ဝီရိယာရမ္ဘ ဟူ၍ ပါဠိ အဋ္ဌကထာ စသည်တို့၌ ဖွင့်ပြကုန်သည်။

မှန်ကန်စွာ အားထုတ်ခြင်းကို အချို့ပညာရှင်တို့က လွဲမှားစွာ ကောက်ယူကြသည်။ ဘုရားအလောင်းတော်တို့၏ဝီရိယမျိုးဖြစ်သော အသား အသွေး၊အရေ၊အကြော၊ ခန်းခြောက်သည့်တိုင်အောင် အားထုတ်မှုမျိုးကို အတုယူ၍ အားထုတ်ရမည်ဟူ ထင်မှတ်ကြသည်။

မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း၌ အရိုးအရေ ကြွင်းသည် အထိ သေလုမြောပါးကျင့်ရန် အားထုတ်ရန် မလိုကြောင်းကို—

မူလပဏ္ဏာသပါဠိတော် ဓမ္မဒါယဒ သုတ်၌ လောဘ-ဒေါသ-မောဟစသည်တို့ကို ပယ်ရန် အကြွင်းမဲ့ပယ်ရန် အလယ်အလတ်ဖြစ်သော မဇ္ဈိမကျင့်စဉ်သည် အရိယ မဂ္ဂင် ရှစ်ပါးပင် ဖြစ်ကြောင်း ဗုဒ္ဓရှင်မြတ်ကိုယ်တိုင် ဟောတော်မူ၏။

အကယ်၍ ဝီရိယဟူသည်မှာ သေလုနီးပါးအားထုတ်ခြင်းကို ခေါ်သည်ဆိုပါက ကိုယ်၏ ပင်ပန်းခြင်းကို လုံ့လပြုခြင်း 'အတ္တကိလမထာနုယောဂ'၊ အကယ်၍ ဝီရိယ ဟူသည်မှာ ကာမဂုဏ်

စည်းစိမ်ချမ်းသာတို့ကို မှီဝဲသုံးဆောင်၍ အားထုတ်ခြင်းကို ခေါ်သည်ဆိုပါက 'ကာမသုခလ္လိကာနုယောဂ' ဟူသော ဤအစွန်း နှစ်ပါးကို ဗုဒ္ဓကိုယ်တိုင် ဓမ္မစကြာသုတ်၌ ဟောတော် မူခဲ့မည် မဟုတ်။

ဤအစွန်း တရား နှစ်ပါးကို ဝိနည်းမဟာဝါ ပါဠိတော် ဓမ္မစကြာသုတ်၌ အထင်အရှားပင် ဟောတော်မူသည်။ ကာမ အစွန်း၊ အတ္တအစွန်း၊ သဿတအစွန်း၊ ဥစ္ဆေဒ အစွန်းစသည့် အစုံအစုံတို့ကို ဟောတော်မူခဲ့သည်မှာ ပါဠိအဋ္ဌကထာ တို့၌ အထင်အရှားရှိ၏။

ဤသို့ မဇ္ဈိမ ပဋိပဒါ ကျင့်စဉ်ကြီးကို ချမှတ် ထားပါလျက် ဗုဒ္ဓရှင်မြတ်ကြီး၏ ဒေသနာတော် ဟူသမျှကို တဘက်အစွန်းသို့ ရောက်အောင် မဆွဲဆောင်သင့်။ ယောဂီကို အထူးသတိထားရန် လိုသည်။

ဗုဒ္ဓရှင်မြတ်ကြီး၏ အလွန်တရာ နက်နဲ သိမ်မွေ့ လှသော မဇ္ဈိမကျင့်စဉ်ကြီးကို သိက္ခာသုံးပါး၊ ပရိညာသုံးပါး၊ ဝိသုဒ္ဓိခုနှစ်ပါး၊ လက္ခဏာသုံးပါး၊ ဝိပဿနာဉာဏ်ဆယ်ပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးတို့ဖြင့် အံဝင်ဂွင်ကျ ဖြစ်သော အာရုံခြောက် ပါးတရား၌ ဖွင့်ပြမည်။

'ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စအကုသလေဟိ သဝိတက္က' သဝိစာရံ' ဟူ၍ ဟောတော် မူသောကြောင့် ကာမဂုဏ်နှင့် အကုသိုလ် ဒုစရိုက်တရားတို့မှ ကင်းဆိတ်၍ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ငါးပါးနှင့်အတူ စတုတ္ထ

ဈျာန်တိုင်အောင် ဝင်နိုင်သော တည်ငြိမ်မှုသည် မှန်ကန်သော တည်ငြိမ်မှု ဖြစ်၏။ ထို့ကြောင့်'သမ္မာသမာဓိ မဂ္ဂင်'မည်၏။

အကျဉ်းအားဖြင့် နီဝရဏ တရားတို့ကို ပယ်ခွာနိုင်သော စိတ်၏ တည်ငြိမ်မှုကိုသာလျှင် သမာဓိဟုခေါ်သည်။ နီဝရဏ တရားတို့ကို ပယ်ခွာနိုင်သော စိတ်၏တည်ငြိမ်မှုကို မရသေးသမျှ သမာဓိဖြစ်ပြီ ဟူ၍ မဆိုနိုင်။ဆင်ခြင်ကြည့်။

## မဇ္ဈိမကျင့်စဉ်အဖွင့်

မဇ္ဈိမကျင့်စဉ် ဟူသည်မှာ မြန်မာလို အလယ်ကျင့်စဉ် ခေါ်သည်။ တဏှာဖြစ်သော လောဘအစွန်းတခု၊ ဒေါသအစွန်းတခု ဤ အစွန်းနှစ်ပါးမှ လွတ်မြောက်ခြင်းသည် 'မဇ္ဈိမပဋိပဒါ၊ အလယ်ကျင့်စဉ်' မည်၏ ဟူ၍ မူလပဏ္ဏာသ အဋ္ဌကထာ၌ ဖွင့်ပြသည်။

တဏှာ၌ သာယာမိသောကြောင့် သောမနဿ၊ အမျက်ထွက်သောကြောင့် ဒေါမနဿ ဖြစ်ရ၏။ သောမနဿလည်း အစွန်းတခု ဒေါမနဿလည်း အစွန်းတခုဖြစ်၍ သောမနဿ အစွန်းသို့လည်း မကပ်၊ ဒေါမနဿ အစွန်းသို့လည်း မကပ်ခြင်းသည် အလယ်ကျင့်စဉ် မည်၏။

ကာမဂုဏ် စည်းစိမ် ချမ်းသာတို့၌ လုံ့လပြုခြင်း၊ ကိုယ်၏ စိတ်၏ ပင်ပန်းခြင်း၌ လုံ့လပြုခြင်း ဟူသော အစွန်းနှစ်ခုတို့ကို

လွတ်အောင် ရှောင်ကြဉ်၍ ကျင့်ခြင်းသည် အလယ် ကျင့်စဉ် မည်၏။

ဤအစွန်းနှစ်ပါးသည် တဏှာဟူသော လောဘနှင့် ဒေါသ တို့ပင် ဖြစ်သည်။ ပဋိပဒါဟူ၍ ဟောတော်မူသောကြောင့် ဗုဒ္ဓ သည် သက်သက်သာသာလည်း မကျင့်၊ ပြင်းပြင်းထန်ထန် အားထုတ်၍လည်း မကျင့်၊ အလယ်အလတ် မှန်မှန်သာ ကျင့် သောကြောင့် နှစ်ဘက်စွန်းလွတ်သော သမ္မာ(မှန်ကန်စွာ)ဟူ၍ ထည့်သွင်းဟောတော်မူသည်။

ဗုဒ္ဓသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ် တို့ကို ရအောင် ပြင်းပြင်းထန်ထန် အားထုတ်ရန် မကျင့်ပဲ မှန်ကန်စွာ အလယ်အလတ် ကျင့်၍သာ ရခဲ့သော သာဓကမှာ—

'အာဝုသော၊ နတ်သား။ ခေါ၊ စင်စစ်။ အပ္ပတိဋ္ဌံ၊ မရပ်ပဲ။ အနာယူတံ၊ အားထုတ်၍ မကူးပဲ။ အဟံ၊ ငါ ဘုရားသည်။ ဩဃံ၊ ဩဃလေးပါးကို။ အတရိံ၊ လွန် မြောက်တော်မူပြီ'

ဟူ၍ သဂါထာဝဂ္ဂသံယုတ်-ဩဃတရဏသုတ်၌ ဟော တော်မူသည်။

'ကာမဂုဏ်ချမ်းသာကို ခံစားခြင်း ကာမသုခလ္လိကာ နုယောဂသည် မကူးပဲ ရပ်သည်မည်၏။ ပဉ္စာတပအကျင့် အစရှိသော ကိုယ်စိတ်တို့၏ ပင်ပန်းဆင်းရဲစေတတ်သော အတ္တကိလမထာ အကျင့်သည် အားထုတ်၍ ကူးသည်

မည်၏။ မဂ္ဂင်ရှစ်ပါး ဖြစ်သော အကျင့်သည် မဇ္ဈိမ ပဋိပဒါ မည်၏။

ထို့ကြောင့် ကာမသုခလ္လိကာ နုယောဂ အတ္တကိလမထာနုယောဂ ဟူသောအစွန်းနှစ်ခု လွတ်၍ အလယ်လမ်း ဖြစ်သောကြောင့် မဇ္ဈိမပဋိပဒါဟူ၍ ဟောတော်မူ၏။

ဟူ၍ အဂ္ဂမဟာသေနာပတိ ယောအတွင်းဝန်ပညာယု၀ စီရင်သော ဝိမုတ္တိရသကျမ်း၌ သာဓကေယုတ္တိ၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိကျအောင် ဖွင့်ပြ၏။

ဩဃတရဏသုတ်၌ ဟောတော်မူသော အာယူဟနဟူသည်မှာ ကာမ၊အတ္တ နှစ်ရပ်လုံးကို ရည်ညွှန်းကြောင်း သိထားရန် လိုသည်။ အဘယ်ကြောင့်ဆိုသော် ကာမ၊ အတ္တ နှစ်ရပ်စလုံး၌ စေတနာပါမှသာလျှင် အာယူဟန အားထုတ်ခြင်း ဖြစ်နိုင်သည်။

ဆိုလိုသည်မှာ စေတနာကို အားထုတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် အာယူဟနပုဒ်ကို စေတနာဟူ၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ ခန္ဓနိဒ္ဒေသ အပိုဒ် ၄၆၀၌ ဖွင့်ပြသည်။

တဖန် ယင်းမဟာဋီကာ၌ပင် 'စေတနာဘာဝေါ ဗျာပါရဘာဝေါ' ဟူ၍ ဖွင့်ပြသောကြောင့် စေတနာဟူသော သဘောသည် ကြောင့်ကြစိုက်ထုတ်ခြင်း၊ အမှုစိုက်ခြင်း၊ လုံ့လစိုက်ခြင်း၊ အားထုတ်ခြင်းဟူသော အဓိပ္ပါယ်ဖြစ်သည်။

ထို့ကြောင့် စေတနာသည် အာယူဟန ဗျာပါရဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓရှင်မြတ်က ဝဩဃလေးပါး၌ စေတနာ တည်းဟူ

သော လုံ့လဗျာပါရဖြင့် မကူးပဲ အလယ်ကျင့်စဉ် မဂ္ဂင်ဖေါင် ဖြင့်သာ မှန်မှန်ကူး၍ လွန်မြောက်ခဲ့ကြောင်း ဒေဝတာ သံယုတ်၌ ဟောတော်မူခြင်းဖြစ်သည်။

အချို့သော ဆရာတို့မှာ ဝီရိယ အဓိပ္ပါယ်ကို အမျိုးမျိုးဖွင့် ဆိုကြသည်။ အမှန်စင်စစ် ဝီရိယ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုရာ၌ 'သမ္မာဝါယာမ မဂ္ဂင်' မှန်ကန်သော အားထုတ်မှုနှင့် ကိုက်ညီ ရန် လိုသည်။

ယင်းဝီရိယဟူသည် မှန်ကန်စွာ အားထုတ်မှုနှင့် ကိုက်ညီမှု သာ မဇ္ဈိမကျင့်စဉ်၌ ဘောင်ဝင်မည်။ ဗုဒ္ဓရှင်မြတ်၏ မဂ်ဖိုလ် ရောက်ကြောင်း ဒေသနာဟူသမျှ မဇ္ဈိမကျင့်စဉ်ဖြင့် ကိုက်၍ ဟောထားသောကြောင့် အနက်အဓိပ္ပါယ် ကောက်ယူရာ၌ ဤမဇ္ဈိမကျင့်စဉ်ကြီးနှင့် အံဝင်ဂွင်ကျ ဖြစ်ရန်လိုသည်။

ဝီရိယပုဒ်ကို ပါဠိအဋ္ဌကထာတို့၌ ဝီရိယာရမ္ဘဟူ၍ များစွာ ပြတော်မူသည်။ ဤဝီရိယာရမ္ဘဟူသော ဝီရိယသဒ္ဒါကို မဇ္ဈိမကျင့် စဉ်ကြီးနှင့်လည်း ကိုက်၊ သမ္မာဝါယာမ မဂ္ဂင်ကြီးနှင့်လည်း ကိုက်အောင် ဝိသုဒ္ဓိမဂ် မဟာဋီကာ ခန္ဓနိဒ္ဒေသ(၁၄၁)၌-

> ရဲရင့်သော သဘောသည် ဝီရိယမည်၏။ မဆုတ်နစ် သော သဘောသည် ဝီရိယမည်၏။ အားအဆင့်ကိုပေး ခြင်း၊ စိတ် စေတသိက်တို့ကို အထပ်ထပ် ချီးမြှောက် ခြင်း၊ အားပေးခြင်းတို့သည် ဝီရိယမည်၏။ အမှန်စင်စစ် ဝီရိယဟူသည် မဆုတ်နစ်စေရန် ပျင်းရိခြင်းကို ပယ် ဖျောက်ခြင်းဖြစ်၏။ အဘယ်သို့ ပျင်းရိခြင်းကို ပယ်

ဖျောက်သနည်း။ (၁)ခရီးသွားရန် ကိစ္စကိုပယ်၍ (၂) ခရီးမှ အရောက် အပန်းဖြေခြင်း စသည်ကို ပယ်၍(၃) လုပ်ရန် အလုပ်ကိစ္စတို့ကို ပယ်၍ (၄)အမှုကိစ္စ ပြီးသည် နှင့် အမောပြေအောင် နေခြင်းကို ပယ်၍ (၅)အနည်း ငယ် နာမကျန်းသည်ကို ပယ်၍ (၆)ဖျားနာပြီးစ ပကတိ ကျန်းမာသည့်အထိ နေခြင်းကိုပယ်၍ (၇)အစား အသောက် နည်း၍ အားနည်း၍ မအီမသာ ဖြစ်ခြင်းကို ပယ်၍ (၈)အစားအသောက် များသွား၍ မအီမသာ ဖြစ်ခြင်းကို ပယ်၍ အားထုတ်ခြင်းသည်ပင်လျှင် ဝီရိယာ ရမ္ဘမည်၏။ ဤသို့ ဝီရိယာရမ္ဘဖြစ်ကြောင်း ရှစ်ပါးရှိ၏။ ဟူ၍ ဝီရိယ အင်္ဂါရှစ်ပါးတို့ကို အကျယ် ဖွင့်ပြသည်။

သီရိပဒုသမ္မာတိ လက်ာရတ္တရ လုံးတော်ဆရာတော်ကြီး စီရင်သော ပုဏ္ဏောပကိဏ္ဏကကျမ်း၌လည်း ဝီရိယအင်္ဂါ ရှစ်ပါး ရှိကြောင်း ဖွင့်ပြသည်။

ထို့ကြောင့် ဝီရိယဟူသည်မှာ ပျင်းရိခြင်းကို ဖျောက်၍ ကမ္မဋ္ဌာန်းဘာဝနာတို့၌ မှန်မှန်အားထုတ်ခြင်း အခိပ္ပါယ် ဖြစ် သည်။ မပျက်မကွက်ဟူသော အခိပ္ပါယ်သည်း သက်ရောက်သည်။ မှန်မှန် အားထုတ်ခြင်းသည် အလယ်ကျင့်စဉ်ကြီးနှင့်လည်း ကိုက် သည်။ သမ္မာဝါယာမ မဂ္ဂင်နှင့်လည်း ကိုက်သည်။

ဤဝီရိယ စေတသိက်ကို အလွဲကောက်၍ အစာ မစား၊ ရေ မသောက်ပဲ သေလုနီးပါး အားထုတ်ခြင်း အကျင့်သည် ဗုဒ္ဓ၏ ဝိသုဒ္ဓိလမ်းစဉ်ကြီး၌ မရှိကြောင်းကို-

ပရမတ္ထသရူပ ဘေဒနီ ပဋိစ္စသမုပ္ပါဒ်အဖွင့် ၁၃၇၁၌—
ဒုက္ခချုပ်ရာ၊ ဒုက္ခချုပ်ရာသို့ ရောက်ကြောင်းအကျင့်
တို့ကို မသိ၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဟု
ထင်မှတ်သော မစား မသောက်ပဲ ကျင့်ခြင်း၊ အထူး
ခြိုးခြံစွာ ကျင့်ခြင်း၊သေလုနီးပါး အကြီးအကျယ် ကျင့်
ခြင်းတို့ကို အားထုတ်၏။

မှန်ပေသည်။ ယင်း အယူသည် ယဇ်ပူဇော်တတ်သည့် ဟိန္ဒူ
တို့၏ အယူပင် ဖြစ်သည်။ ဤသို့ ဝီရိယကို အမှားကောက်၍
မစား မသောက်ပဲ အပြင်းအထန် ကျင့်လျှင် သေသော်လည်း
သေအံ့။ မသေသော် ကိုယ်စိတ်ပင်ပန်း ဆင်းရဲခြင်း ဖြစ်အံ့။

ကိုယ်စိတ် ပင်ပန်းဆင်းရဲသော် စိတ်ကြည်လင်ခြင်း မရှိ။
စိတ်မကြည်လင်သော် တည်ကြည်မှု မရှိ။ တည်ကြည်မှု မရှိသော်
ထက်မြက်သောဉာဏ်၊ ပိုင်းခြားတတ်သော (ပဋိသမ္ဘိဒါ)ဉာဏ်၊
ထူးသောဉာဏ်တို့ကို မရနိုင်။ ထူးသောဉာဏ်ကို မရသော် ရုပ်
နာမ်သင်္ခါရတို့၌ ဟုတ်မှန်သည့်အတိုင်း မြင်သောဉာဏ် (ယထာ
ဘူတဉာဏ်) မဖြစ်။ ယထာဘူတဉာဏ် မရသော် လွတ်မြောက်
မှုကို မသိ၍ ဤပဋိစ္စသမုပ္ပါဒ် သံသရာကြီးမှ မည်သည့်အခါမှ
လွတ်မြောက်နိုင်တော့မည် မဟုတ်။

ဗုဒ္ဓရှင်မြတ်ကြီး၏ ချိန်ခွင်လျှာကဲ့သို့ တိကျ၍ အစွန်းနှစ်ဘက်
လွတ်သော အလယ်ကျင့်စဉ်ကြီးသည် ခပ်သိမ်းသော ကလျာဏ
ယောဂီတို့အား ကိုယ်စိတ်နှစ်ပါးကို ချမ်းသာစေတတ်သော

သက်သာစေတတ်သော လမ်းစဉ်ကြီး ဖြစ်ပါလျက် ကိုယ်စိတ်နှစ်ပါး အလွန် ပင်ပန်းဆင်းရဲစေတတ်သော အယူမှား၊ အကျင့်များတို့ကို ယူရန် ကျင့်ရန်မသင့်။

ဗုဒ္ဓ၏တရားဟု ဟောပြောလာလျှင် မဇ္ဈိမကျင့်စဉ်မဂ္ဂင်ရှစ်ပါးတည်းဟူသော မှတ်ကျောက်ဖြင့် ကိုက်ကြည့်။ မကိုက်လျှင်ပယ်။ ကိုက်လျှင်ယူ။ဤကား မဂ်ဖိုလ်ကို အဟုတ်တကယ် အလိုရှိသော ကလျာဏ ပုထုဇဉ် သူရဲကောင်းတို့၏ စစ်မှန်သော လမ်းစဉ်ကြီး ဖြစ်၏။

ဝီရိယဟူသော သဒ္ဒါကို အဓိပ္ပါယ် ကောက်ရာ၌ အရိယမဂ္ဂင်နှင့် ကိုက်ရမည်၊ အမှန်စင်စစ် မဂ္ဂင်နှင့်ကိုက်သော အားထုတ်ခြင်းကို ဝီရိယသက်သက်ဟု မခေါ်။ သမ္မပ္ပဓါန်ဟူ၍၎င်း၊ သမ္မာဝါယမဟူ၍၎င်း ဟောတော်မူသည်။

'သမ္မပ္ပဓါန်ဟူသည်မှာ (သမ္မာ+ပဓါန)ဟူ၍ ပုဒ်ဖြတ်။ မှန်ကန်စွာ အားထုတ်ခြင်းဟူသော အဓိပ္ပါယ် ဖြစ်သည်။ သမ္မာဝါယာမ ဟူသည်မှာလည်း မှန်ကန်စွာ အားထုတ်ခြင်းဟူသော အဓိပ္ပါယ်ပင် ဖြစ်သည်'

မှန်ကန်စွာ အားထုတ်ခြင်းဟူသည်မှာ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရန် အားထုတ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်ဘရားတို့ကို မဖြစ်စေရန် အားထုတ်ခြင်း၊ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်ရှိစေရန်၊ မမေ့မလျော့ရန်၊ လွန်စွာတိုးပွားစေရန်၊ ပြန့်ပြောခြင်းဖြစ်ရန် အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ရန် ဆန္ဒပြု၍ စိတ်ကို ချီးမြှောက်

၍ အားထုတ်ခြင်းတို့သည် သမ္မာဝါယာမ မဂ္ဂင်မည်၏ ဟူ၍ 'ဝိဘင်းပါဠိမဂ္ဂသစ္စာအဖွင့်'၌ ဟောတော်မူသည်။

ထို့ကြောင့် မှန်ကန်စွာ အားထုတ်ခြင်းသည် သမ္မပ္ပဓါန် လေးပါးနှင့်လည်း ကိုက်သည်။သမ္မာဝါယာမမဂ္ဂင်နှင့်ကိုက်သည်။ မဂ္ဂင်နှင့်ကိုက်လျှင် အလယ်ကျင့်စဉ်ကြီးဖြင့်လည်းကိုက်သည်သာ ဖြစ်၏။

ဝီရိယာရမ္ဘဟူ၍သည်မှာ လုံ့လကို အားထုတ်ခြင်း၊ ထကြွမှုကို အားထုတ်ခြင်းဟူသော အဓိပ္ပါယ် ဖြစ်သည်။

တဖန်ဝီရိယာရမ္ဘသမ္မာဝါယာမကိုမမေ့မလျော့ခြင်း၊စိတ်ကို ချီးမြှောက်ခြင်း ဟူ၍ ဝိဘင်းပါဠိတော်၌ ဖွင့်ပြညွှန်းကြားတော်မူသောကြောင့် အစာရေစာ မစားမသောက် သေလုနီးပါး ကျင့်ကြံအားထုတ်သော ဝီရိယသည် စင်စစ် ဗုဒ္ဓရှင်မြတ်ကြီး၏ အလိုကျအယူဝါဒ မဟုတ်ကြောင်း ထင်ရှားနေသည်။

ဗုဒ္ဓရှင်မြတ်ကြီးက သူ၏ ကျင့်စဉ်သည် အလယ်ကျင့်စဉ် စင်စစ်ကြီး ဖြစ်ကြောင်းကို လျောက်ပတ်သော ရာသီဥတု၊ လျောက်ပတ်သော အာဟာရတို့ကို ခွင့်ပြုတော်မူပြီးနောက် ဣရိယာပုထ်ကြီးလေးပါးကို ချမှတ်တော်မူသည်။

ဣရိယာပုထ်လေးပါးမှာ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း ဖြစ်သည်။ ဤဣရိယာပုထ် လေးပါးလုံး၌ တရားအားထုတ်နိုင်ကြောင်းကို ဒီဃနိကာယ်သုတ် မဟာဝါ ပါဠိတော် (၂၃၂) ၌ ဟောတော်မူသည်။

စကြံသွားသောအခါ၌ရင်း၊ ရပ်သောအခါ၌ရင်း၊ထိုင်သော အခါ၌ရင်း၊ လျောင်းသောအခါ၌ရင်း ကာယနုပဿနာစသည့် ကမ္မဋ္ဌာန်းကို အားထုတ်နိုင်ကြောင်း ဟောတော်မူသည်ကို ထောက်ရှု၍ ဗုဒ္ဓရှင်မြတ်ကြီး၏ ကျင့်စဉ်သည် အလယ်အကျင့် စဉ်ကြီး စင်စစ်ဖြစ်ကြောင်း ထင်ရှားနေသည်။

မဂ်ဖိုလ်နိဗ္ဗာန်သို့ မျက်မှောက်ပြုကုန်ပြီးသော အရိယာတို့ သည် ဥတု၏လျောက်ပတ်ခြင်း၊အစာအာဟာရ၏လျောက်ပတ် ခြင်း၊ ဣရိယာပုထ်လေးပါး၏ မျှတခြင်းတို့ကို ပယ်သည်ဟူ၍ မရှိ။ ယင်း လျောက်ပတ်မှုတို့ကို ပယ်၍လည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်နိုင်။

ယင်း လျောက်ပတ်မှုတို့ကို ထောက်ရှု၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင် အစာရေစာပယ် သေလုနီးပါး ကျင့်ရန် မလို။ ယင်း သို့ ကျင့်လျှင်လည်း သေမည် မုချ။ မှန်မှန်ကျင့်ခြင်းသည်ပင် မှန်ကန်သော အားထုတ်မှုဖြစ်သောကြောင့် သစ္စမဂ္ဂင်ကိုက်၍ မဂ်ဖိုလ်ဆိုက်နိုင်မည် ဖြစ်၏။

ထို့ကြောင့်—

ကျောင်း၊ ဆွမ်းခံရာအရပ်၊ စကား၊ ပုဂ္ဂိုလ်၊ ဘောဇဉ်၊ဥတု၊ဣရိယာပုထ်၊ဤခုနစ်ပါးတို့၌မလျောက် ပတ်ခြင်းကို ပယ်၍ လျောက်ပတ်ခြင်းကို မှီဝဲရာ၏။ဤသို့ ကျင့်သော ပုဂ္ဂိုလ်အားမကြာမီ ကာလ၌ အပ္ပနာသမာဓိ သို့ ရောက်အံ့။

ဟူ၍ ဝိသုဒ္ဓိမဂ် ပထဝီကသိုဏ်းအဖွင့်(၂၄၅)၌ မိန့်သည်။

အမှန်စင်စစ် ဣရိယာပထဟူသော ဝေါဟာရသည် နှစ်ဘက် အစွန်းမလွတ်သော သေလုနီးပါး တိတ္ထိတို့အကျင့်ကို ပယ်သည်။ အလယ်ကျင့်စဉ်ကို သက်သေပြသော ဒေသနာတော်ဖြစ်သည်။

ကမ္မဋ္ဌာန်း ဘာဝနာကို စင်္ကြံသွား၍လည်း အားထုတ်နိုင် သည်။ ရပ်၍လည်း အားထုတ်နိုင်သည်။ ထိုင်၍လည်း အားထုတ် နိုင်သည်။ လျောင်း၍လည်း အားထုတ်နိုင်သည်။ ဤလေးပါး၌ မျှ၍ အားထုတ်ခြင်းသည်ပင် ဣရိယာပထဖြစ်သည်။ ဣရိယာ ပုထ်လေးပါးနှင့် ပြည့်စုံသူဟူ၍ ခေါ်ဆိုသည်။

ဝိသုဒ္ဓိမဂ်ပထဝီကသိုဏ်အဖွင့်၌—

'အိုရဟန်းတို့၊ လက်ဦးအစ အားထုတ်မှု အာရမ္ဘ ဓါတ် ဝီရိယ၊ ပျင်းရိခြင်းမှထွက်မြောက်မှု နိက္ကမဓါတ် ဝီရိယ၊ အဖန်တလဲလဲ စွဲစွဲမြဲမြဲ အားထုတ်မှု ပရက္ကမဓါတ် ဝီရိယတို့သည် ရှိကုန်၏။

ဟူ၍ ဟောတော်မူကြောင်း ဖွင့်ပြသည်။

ဤ၌ ဝီရိယကို ဓါတ်သုံးပါးဖြင့် ပိုင်းခြား၍ ဟောတော်မူ သည်။ ယင်း ဓါတ်သုံးပါးဖြင့် အတ္တဝါဒီတို့ယူသော မစား မသောက် သေလုနီးပါးအကျင့်ကို ပယ်တော်မူသည်။

အာရမ္ဘဓါတ်သည် လက်မှန်အစ အားထုတ်ခြင်း၊ နိက္ကမ ဓါတ်သည် ပျင်းရိမှုကိုဖျောက်၍ မှန်မှန်အားထုတ်ခြင်း၊ ပရက္ကမ

ဓါတ်သည် စွဲစွဲမြဲမြဲ အဖန်တလဲလဲအားထုတ်ခြင်း တို့ကိုသာ ရည်ညွှန်းတော်မူသည်။ ဤဓါတ်သုံးပါး၌ မစားမသောက် သေလုနီးပါး အပြင်းအထန် ကျင့်ကြံအားထုတ်ခြင်းဟူ၍ မြူ မျှ မပါ။ ဗုဒ္ဓ ရှင်မြတ် ဟောသည်က တခြား၊ မိမိကောက်ယူ သည်က တခြား မဖြစ်စေရန် အထူးသတိပြု နှလုံးသွင်းထိုက်၏။

ကာမဂုဏ်ချမ်းသာဖြင့် ယှဉ်၍ အားထုတ်ခြင်းသည် နှစ်မွန်း သည် မှည်၏။ အတ္တကိလမထာနုယောဂ အကျင့်သည်။ ကိုယ် စိတ် အလွန် ပင်ပန်းဆင်းရဲသော အကျင့်မည်၏။ ထို့ကြောင့် 'အတ္တာကိလမထာနုယောဂေ ါဒုက္ခော'ဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။

အတ္တကိလမထာနုယောဂ အကျင့်သည် ကိုယ်စိတ်တို့ကို အလွန်တရာ ပင်ပန်းစေတတ်သောကြောင့် ဆင်းရဲသော အကျင့် ဖြစ်သည်။ ကာမသုခလ္လိကာနုယောဂအကျင့်သည် ကာမဂုဏ်၌ နှစ်မွန်းသောကြောင့် ယုတ်ညံ့သော ရွာသူတို့၏ အကျင့်၊ ပုထု ဇဉ်တို့၏ အကျင့်သာ ဖြစ်သည်။

ရှင်တော်ဗုဒ္ဓသည် ထိုအစွန်းနှစ်ပါးကို ရှောင်၍ ပညာမျက် စိကို ဖြစ်စေတတ်သော ဉာဏ်အမြင်ကို ဖြစ်စေတတ်သော အလယ်ကျင့်စဉ်ကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ ဟော တော်မူသည်။ မဇ္ဈိမကျင့်စဉ်ကြီးသည် ပညာမျက်စိကိုလည်း ပြုတတ်၏။ ဉာဏ်အမြင်ကိုလည်း ပြုတတ်၏။

ဤအလယ်ကျင့်စဉ်သည် ကိလေသာတို့ ချုပ်ငြိမ်းရန်၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်ရန်၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် မြင်ရန်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်၏။ အကြင် အလယ်ကျင့်စဉ်သည်ကား အင်္ဂါရှစ်ပါးရှိသော အရိယမဂ္ဂင်သာတည်း ဟူ၍ ဝိနည်းမဟာဝါ ပဥ္စဝဂ္ဂိယကထာ(၁၄) ဓမ္မစကြာသုတ်၌ ဟောတော်မူသည်။

လောဘဟူသော တဏှာ၊ ဒေါသဟူသော အမျက်။ ဤအစွန်းနှစ်ပါးကို မူတည်၍ ကာမတဏှာ၊ ဘဝတဏှာနှင့်ယှဉ်သော သဿတဒိဋ္ဌိ၊ ဝိဘဝတဏှာနှင့်ယှဉ်သော ဥစ္ဆေဒဒိဋ္ဌိ ဟူသော အစွန်းနှစ်ပါး၊ ကောင်းအာရုံ၊ ဆိုးအာရုံဟူသော အစွန်းနှစ်ပါး၊ ကောင်းဝေဒနာ၊ ဆိုးဝေဒနာဟူသော အစွန်းနှစ်ပါး၊ နာမ်ရုပ်ခန္ဓာငါးပါးကို ဖြစ်စေတတ်သော ကောင်းစေတနာ၊ ဆိုးစေတနာ ဟူသော အစွန်းနှစ်ပါးတို့၌ မည်သည့်ဘက်ကိုမှ မှတိမ်းယိမ်းစေပဲ တည့်မတ်မှန်ကန်စွာ 'ဉာဏ်ယှဉ်သောဥပေက္ခာစိတ်ဖြင့်' အားထုတ်ခြင်းသည် ဗုဒ္ဓအလိုတော်ကျ 'အလယ်ကျင့်စဉ်' ကြီးပင်ဖြစ်သည်။

အလယ်ကျင့်စဉ်ကြီးသည် ကိုယ်၏ အကျင့်မှန်ကန်မှုကိုသာ ညွှန်ပြရုံမျှ မဟုတ်သေး။ စိတ်၏ အကျင့်မှန်ကန်မှုကိုလည်း ညွှန်ပြသည်။ ကိုယ်၏ မှန်ကန်မှုကို သိလွယ်သော်လည်း စိတ်၏ မှန်ကန်မှုကို သိရန် မလွယ်။ စိတ်ကို အစွန်းနှစ်ပါး လွတ်သော မဇ္ဈိမပဋိပဒါကျအောင် ကျင့်ပုံကျင့်နည်းမှာ အလွန် နက်ရှိုင်း

သိမ်မွေ့လှသောကြောင့် ဦးစွာ လောဘနှင့် မောဟစိတ် အားနည်းအောင် ပြုပြီးမှသာလျှင် (ဝါ) စိတ်ကိုသိမ်မွေ့အောင် ပြုပြီးမှသာလျှင် ထင်မြင်နိုင်သောကျင့်စဉ်ကြီး ဖြစ်သည်။

# အလယ်ကျင့်စဉ် ပထမအဆင့်

မင်္ဂဥာဏ်ဖိုလ်ဥာဏ်ကို အလိုရှိသော ယောဂီသည် ပထမဦးစွာ သီလဝိသုဒ္ဓိဖြစ်ရန် လိုသည်။ သီလဟူရာ၌ အင်္ဂါရှစ်ပါးရှိသော (၀၇) သမ္မာအာဇီဝအဆုံးရှိသော အာဇီဝဋ္ဌမကသီလကို ယူသင့်သည်၊ အာဇီဝဋ္ဌမကသီလသည် မဂ်၏ အနီး၌ ဖြစ်သောကြောင့် မဂ်ဖိုလ်ရရန် ရှေးဦးစွာကျင့်သုံးရသော သီလဖြစ်သောကြောင့် ယင်း သီလသာလျှင် ယောဂီတို့အတွက် အထူး သင့်လျော်သည်။

ရှစ်ပါးသီလကို ယောဂီတို့ နေ့စဉ်စောင့်၊ အစဉ်သဖြင့် ထိန်းနိုင်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် နေ့လွဲညစာ မစားရသော သိက္ခာပုဒ်နှင့် မေထုန်ကို ရှောင်ကြဉ်ရသော သိက္ခာပုဒ်တို့ ပါဝင်နေသည်။ ယောဂီတို့အနေဖြင့် ဆောက်တည်ရန် သင့်သောသီလမှာ အာဇီဝဋ္ဌမကသီလသာ ဖြစ်သည်။

အမှန်စင်စစ် ငါးပါး၊ ရှစ်ပါးသီလတို့သည် အာဇီဝဋ္ဌမက သီလအပေါ်၌ အမှန်းတင်သီလသာ ဖြစ်ကြောင်း လယ်တီဆရာတော်၏ သီလဝိနိစ္ဆယကျမ်း၌ မိန့်သည်။

အချို့သော ဆရာတို့က အာဇီဝဋ္ဌမကသီလ၌ သုရာမေရယ သိက္ခာပုဒ် မပါဝင်သောကြောင့် ငါးပါးသီလလောက် အာနိသင်မရှိဟု ဆိုကြသည်။ အမှန်စင်စစ် ကာယကံသုံးပါးတွင် သေရည်သေရက် သောက်စားမှု ရှောင်ကြဉ်သော သိက္ခာပုဒ် ပါဝင်ပြီး ဖြစ်သည်။

သေရည်သေရက် သောက်စားမှုသည် ကိုယ်ဖြင့်သာ ကျူးလွန်နိုင်သော ဒုစရိုက် ဖြစ်သည်။ ကိုယ်ခန္ဓာ၏ လှုပ်ရှားမှုမပါပဲ ယင်းဒုစရိုက်ကို မပြုလုပ်နိုင်။ ထို့ကြောင့် ကာယကံသုံးပါးတွင် သုရာမေရယသိက္ခာပုဒ် မုချ ပါဝင်နေသည်။

ကာယကံသုံးပါးတွင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်၌ ယစ်မျိုးငါးပါး ဆယ်ပါး ပါဝင်ကြောင်းကို လယ်တီဆရာတော်ကြီး၏ မဂ္ဂင်ဒီပနီ၌ ဖွင့်ပြသည်။ အာဇီဝဋ္ဌမကသီလ ခံယူပုံ ဆောက်တည်ပုံ အကျယ်ကို သိလိုက ထိုကျမ်း၌ပင် ရှု။

ဤအာဇီဝဋ္ဌမကသီလသည် လူသူတော်စဉ်နှင့် ယောဂီတို့၌ အမြဲထိန်းရသော နိစ္စသီလမျိုးဖြစ်သည်။ ရှစ်ပါး ဆယ်ပါးသီလ တို့မှာ လူတို့၌ မမြဲသော သီလမျိုးဖြစ်၍ တတ်နိုင်လျှင် သာ၍ ကောင်း၏။ မတတ်နိုင်လျှင် နေနိုင်သည်။ မဂ်ဖိုလ်ကို အလိုရှိသော အမျိုးကောင်းသား ယောဂီတို့အနေဖြင့် အာဇီဝဋ္ဌမကသီလကို အသက်နှင့်လဲ၍ ရာသက်ပန် ဆောက်တည်ရမည့် သီလကြီးပင် ဖြစ်၏။

မဂ်ဖိုလ်ကိုလိုသော ယောဂီတို့၌ အာဇီဝဋ္ဌမကသီလသည် နိစ္စသီလ၊ ရဟန်းတို့၌ စတုပါရိသုဒ္ဓိသီလသည် နိစ္စသီလဖြစ် ကြောင်း ဗောဓိပက္ခိယဒီပနီ၌ ဖွင့်ပြသည်။

အမှန်စင်စစ် ငါးပါးသီလသည် အာဇီဝဋ္ဌမကသီလအတွင်း၌ ပါဝင်ပြီး ဖြစ်သည်။ ငါးပါးသီလမှာ လူသာမန်တို့ စောင့်ထိန်း နိုင်ရန် ပုထုဇဉ်တို့ အများအားဖြင့် ဆောက်တည်နိုင်ရန် ခွဲထုတ် ထားသော သီလအမျိုးအစား ဖြစ်သည်။

သာမန်ပုထုဇဉ်တို့သည် ငါးပါးသီလမျှကိုပင် လုံခြုံအောင် မထိန်းနိုင်။ အမှန်စင်စစ် သာမန်ပုထုဇဉ်တို့အတွက် ငါးပါးသီလ ဖြင့် လုံလောက်ပြီ ဖြစ်သော်လည်း ကလျာဏ ပုထုဇဉ်တို့အတွက် သမ္မာအာဇီဝ အဆုံးရှိသော အာဇီဝဋ္ဌမကသီလသာလျှင် အမြဲ ဆောက်တည်ရမည့် သီလကြီး ဖြစ်၏။ အမှန်စင်စစ် ငါးပါး ရှစ်ပါး ဆယ်ပါး သီလတို့မှာ အိမ်ရာထောင်သူတို့၏ သီလဖြစ် ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ)တွဲ(၁၅)၌ မိန့်၏။

အာဇီဝဋ္ဌမကသီလကို ဘုရားရှေ့တော်၌ ခံယူနိုင်သည်။ ဘုရားရှေ့တော်၌ ခံယူလျှင်ပင် ဆောက်တည်ပြီး ဖြစ်သည်။ 'ဘုရားတပည့်တော်သည် ဤသိက္ခာပုဒ်တို့ကို အသက်ထက်ဆုံး ဆောက်တည်ပါ၏။ အသက်အန္တရာယ်နှင့် တွေ့ကြုံသည့်တိုင် ဤသိက္ခာပုဒ်တို့ကို ဖျက်ဆီးခြင်း မပြုပါ'ဟု စိတ်မှသော်ငင်း၊ နှုတ်မှသော်ငင်း ဘုရားရှေ့တော်၌ ဝန်ခံ၍ ဆောက်တည်သင့်၏။

အာဇီဝဋ္ဌမက၌ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ အာဇီဝ တပါး၊ ပေါင်း ရှစ်ပါး ရှိသည်။ ကာယကံသုံးပါးမှာ သူ့အသက်

သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူ့သားမယား ပြစ်မှားခြင်း နှင့် သေရည်သေရက် သောက်စားခြင်းတို့ ဖြစ်သည်။

ဝစီကံလေးပါးမှာ မဟုတ်မမှန် ပြောခြင်း၊ တဦးနှင့်တဦး အထင်လွဲမှားအောင် ကုန်းတိုက်ပြောခြင်း၊ ကြမ်းတမ်းစွာ ပြော ဆိုဆဲရေးခြင်း၊ အချည်းနှီး အကျိုးမရှိသော စကားကို ပြောဆို ခြင်းတို့ ဖြစ်၏။ မှားယွင်းသော အကြံ အလုပ်အကိုင် အပြော အဆိုတို့ဖြင့် အသက်မွေးခြင်းသည် မိစ္ဆာအာဇီဝ ဖြစ်၏။ မှန်ကန် သော အသက်မွေးဝမ်းကြောင်းသည် 'သမ္မာအာဇီဝ' ဖြစ်၏။

မဂ်ဖိုလ်ကို အလိုရှိသော ယောဂီတို့အနေဖြင့် အထူး သတိပြု ရန်မှာ မိမိတို့ ဆောက်တည်သော သီလကို စင်ကြယ်မှု ရှိ မရှိ နေ့စဉ် စစ်ဆေးရန်လိုသည်။

ထို့အပြင် မိမိတို့ ဆောက်တည်ထားသော သီလကို စေတ နာသီလမဖြစ်ရန် အထူး သတိပြုရမည်။ စေတနာသီလနှင့် ဝိရတိ သံဝရသီလ မတူ။ ကွာခြားချက်ရှိ၏။

စေတနာနှင့် ဝိရတိသံဝရ ကွာခြားပုံကို ရှင်းပြမည်။ အများ စောင့်၍ စောင့်ထိန်းခြင်း၊ အစဉ်အလာကြောင့် စောင့်ထိန်း ခြင်း၊ အမျိုးပတ်ဝန်းကျင် စသည်ကို ငဲ့၍ စောင့်ထိန်းခြင်း၊ သူတော်ကောင်းအမည်ခံလို၍ စောင့်ထိန်းခြင်း၊ အပါယ်ငရဲ စသည့် အပြစ်ကို ကြောက်၍ ဘဝအဆက်ဆက် ကောင်းကျိုး ချမ်းသာကို လို၍ လူ့စည်းစိမ်၊ နတ်စည်းစိမ် စသည့် ဘဝ ချမ်းသာကို လို၍ ဤဒုစရိုက်တို့ကို ရှောင်လျှင် ကုသိုလ်ရတတ်

သည် ဟူသော သဘော စသည်တို့ကြောင့် စောင့်ထိန်းခြင်း သည် အမှန်စင်စစ် စေတနာသီလဟု ခေါ်သည်။

သီလကို အဓိကထား၍ ဆောက်တည်လိုသော စေတနာ သည် စေတနာသီလသာ ဖြစ်ကြောင်းကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌မိန့်သည်။ အချုပ်အားဖြင့် သိထားရန်မှာ ကုသိုလ် ရလိုသော သဘောသက်သက်ဖြင့် စောင့်ထိန်းလျှင် စေတနာ သီလကိုသာ ရမည်၊ ဝိရတိသံဝရသီလတို့ကို မရနိုင်။

ဝိရတိသီလဟူသည်မှာ မုချ အကြောင်းအကျိုးတရားကို သိ၍ အထူး ရှောင်ကြဉ်သော သီလ ဖြစ်သည်။ သံဝရသီလဟူ သည်မှာ ကာယကံသုံးပါး၊ မျက်စိနား စသည့် ဒွါရခြောက် ပါးတို့ကို အထူး ပိတ်ဆို့ စောင့်စည်းခြင်း ဖြစ်သည်။

ဝိရတိ၌ သမ္ပတ္တဝိရတိ၊ သမာဒါနဝိရတိဟူ၍ နှစ်မျိုး ရှိသည်။ ဘုရားရဟန်း စသည်တို့ထံ၌ ခံယူဆောက်တည်ခြင်း မရှိပဲ ဒုစရိုက်မှုကို ရှောင်ခြင်းသည် သမ္ပတ္တဝိရတိ မည်၏။ ဤဒုစရိုက် မှုတို့ကို မကျူးလွန်ပါဟု ဝန်ခံ၍ ဆောက်တည်သော် သမာ ဒါနဝိရတိသီလဟု ခေါ်သည်။

ဝိရတိသီလကို ခံယူဆောက်တည်ပြီးနောက် အသက်ဘေးနှင့် တွေ့ကြုံရသည့်တိုင် သီလမပျက်စေရ။ ဥပမာ သေရည်သေရက် မသောက်လျှင် အသတ်ခံရမည်ဆိုပါက အသက်ကို စွန့်။ ရန်ရှာ တတ်သော တိရစ္ဆာန်ဖြင့် တွေ့လျှင် သတ်ဖြတ်ခြင်းမရှိပဲ ရှောင် လွှဲသွားရမည်။

သားရဲတိရစ္ဆာန် ဘေးအန္တရာယ်တို့ ရှောင်လွှဲ၍မရသော် မေတ္တာစျာန်ကို ဝင်စား၍ အသေခံရမည်။ အပြစ်ပေါ့သော သိက္ခာပုဒ်ငယ်များ ကျိုးပေါက်လျှင် ဘုရားရှေ့တော်၌ သီလ ဆေးရမည်။

သီလဆေးရမည်ဟူသည်မှာ ကျိုးပေါက်သော သိက္ခာပုဒ်ကို ပြန်၍ ဝန်ခံဆောက်တည်ခြင်းပင် ဖြစ်သည်။ ရဟန်းတော်တို့၌ အာပတ်ဖြေသကဲ့သို့ ဖြစ်သည်။ အပြစ်ပေါ့သော သိက္ခာပုဒ်ငယ် ဟူသည်မှာ ကာယကံ၌ မရှိ။ ဝစီကံ၌သာ ရှိသည်။

သို့သော် ဝစီကံလေးပါးတွင် သူတပါး မုချ အကျိုးပျက်စီး ထိခိုက်စေပါက ပေါ့သော အပြစ် မဟုတ်။ ကြီးလေးသော အပြစ်သာ ဖြစ်သည်။ယင်းသို့ ကြီးလေးသော သိက္ခာပုဒ်ကို ချိုးဖေါက်မိပါက မုချ သီလပျက်၏။ ယင်းပြစ်မှုကြီးများကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ထိန်းရန် လိုသည်။

မဂ်ဖိုလ်ကို အလိုရှိသော ယောဂီတို့မှာ အာဇီဝဋ္ဌမကသီလ ကို အသက်ထက်ဆုံး ဆောက်တည်ရမည်ဆိုရာ၌ တကြိမ်ဆောက် တည်မိရုံဖြင့် မပြည့်စုံနိုင်။ အမှတ်မဲ့ အပြစ်ငယ်များကို ကျူး လွန်မိမည်မှာ ဓမ္မတာပင် ဖြစ်သည်။ ထို့ကြောင့် နေ့စဉ် ဗုဒ္ဓ၏ ရှေ့တော်၌ သီလဆေးသွားသင့်၏။

သို့မှသာလျှင် စင်ကြယ်သော သီလ ဖြစ်မည်။ မဂ်ဖိုလ်စခန်း ကို မြှော်မှန်းသောယောဂီတို့၌ သီလ အထူး စင်ကြယ်ရန် အရေးကြီးသည်။

ယောဂီ၏ ပထမတာဝန်မှာ အာဇီဝဋ္ဌမကသီလကို ဘုရား ရှေ့မှောက်၌ 'ဘုရားတပည့်တော်သည် သူ့အသက်သတ်ခြင်း၊

သူ့ဥစ္စာကို ခိုးယူခြင်းစသည်ဖြင့် အသက်ထက်ဆုံးစောင့်ထိန်းပါမည်။ အသက်ဘေး အန္တရာယ်နှင့် တွေ့သည့်တိုင် တပည့်တော် စောင့်ထိန်းသော သီလကို မစွန့်လွှတ်ပါ' ဟူ၍ဆိုပြီး ခံယူလျှင် ဆောက်တည်ပြီး ဖြစ်တော့သည်။

ထို့နေ့မှစ၍ မိမိ ဆောက်တည်ထားသော သီလကို နေ့စဉ် ကျိုးပေါက်ခြင်း ရှိ မရှိ စစ်ဆေး၍ နေ့စဉ် ရှစ်ပါးစလုံး ပြန်လည် ခံယူရန်လိုသည်။ အမှန်စင်စစ် အာဇီဝဋ္ဌမက ဝိရတိသီလ ဟူသည် သံဝရသီလ၌ အကျုံးဝင်သည်။ သံဝရသီလ ဟူသည်မှာ ကာယ၊ ဝစီ၊ မနောကံသုံးပါး မျက်စိစသည့် ဒွါရခြောက်ပါးတို့၌ ဒုစရိုက်မှုမဖြစ်အောင် ပိတ်ဆို့ထားခြင်းပင် ဖြစ်၏။

သံဝရသီလကြီး ငါးပါး ရှိသည်။ သီလသံဝရ၊ သတိသံဝရ၊ ခန္တိသံဝရ၊ ဉာဏသံဝရ၊ ဝီရိယသံဝရ ဟူ၍ သံဝရသီလ ငါးပါးရှိရာ ရဟန်းတော်တို့၌ စတုပါရိသုဒ္ဓိကြီးလေးပါးသည် သံဝရသီလ ဖြစ်သည်။ လူယောဂီတို့၌ အာဇီဝဋ္ဌမကသီလကို ပိတ်ဆို့ခြင်းဖြင့် ထိန်းလျှင် သံဝရသီလဟု ဆိုနိုင်သည်။

ကျန် သံဝရကြီးလေးပါးသည် လူ ရှင် ရဟန်း အားလုံးနှင့် သက်ဆိုင်သည်။ လူဟူရာ၌ အထူးသဖြင့် မဂ်ဖိုလ်ကို အားထုတ်သော အမျိုးကောင်းသား ယောဂီတို့အတွက် ရည်ညွှန်းခြင်း ဖြစ်သည်။

သီလဖြင့် ပြည့်စုံပြီးသော ယောဂီသည် မှန်ကန်သော သတိဖြင့် ပြည့်စုံနေရမည်။ သို့မှသာ သီလစင်ကြယ်၍ခိုင်လုံနေမည်။ ခန္တိဟူသည်မှာ သီလဝန္တဖြစ်သော ယောဂီသည် (၀၁)သီလဝန်ကို ဆောင်ထားသော ယောဂီသည် အပူအချမ်း စသည့် ဒဏ်၊

အစားအသောက် ချို့တဲ့ခြင်း၊ အဝတ်အစား အနေအထိုင်ချို့တဲ့ခြင်း၊ တဖက်မှ ဆဲရေးတိုင်းထွာခြင်း၊ ကြမ်းတမ်းယုတ်မာစွာ ပြောဆိုခြင်း စသည့် ဆင်းရဲမှုများကို ပကတိ ဖြူစင်သော စိတ်ဖြင့် သည်းခံ၍ သီလကို စောင့်ထိန်းထားရမည်။

မဂ်ဖိုလ်အတွက်ဟု ဉာဏ်ပညာ ယှဉ်၍ စောင့်ထိန်း ခြင်းသည် ဉာဏသံဝရမည်၏။ နေ့ည မဟူ သီလ၌ ကြိုးစား အားထုတ်၍ ထိန်းခြင်းသည် ဝီရိယ သံဝရ မည်၏။

မဂ်ဖိုလ်နိဗ္ဗာန်အတွက် အားထုတ်နေကြသော အချို့ယောဂီတို့သည် အသေးအဖွဲ့ ကိစ္စလေးများကိုပင် သည်းမခံ နိုင်ကြောင်း တွေ့ရသည်။ ဤကား ခန္တီသံဝရချို့တဲ့ခြင်း ဖြစ်သည်။ သံဝရ ငါးပါးလုံး ပြည့်စုံမှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်မည် ဖြစ်သည်ကိုလည်း ယောဂီတို့ အထူးသတိချပ်သင့်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟူသည် လွယ်လွယ် ရနိုင်သော အလုပ် မဟုတ်။ ဆရာဝါသော အိမ်ယာထောင်သော သူတို့၏ အလေ့ ဖြစ်သော (ကာမ သုခလ္လိကာနုယောဂ) ကာမဂုဏ် စည်းစိမ် ချမ်းသာကို မှီအားကြီးပြီး ငါတို့ပုထုဇဉ်ပဲ ဟူသော ဆင်ခြေဖြင့် ကျင့်ကြံအားထုတ်နေလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် မုချ ဝေးမည် မုတ်။

လောကီဥပမာဖြင့် ပြရလျှင် လှေလည်း လှေ အလျောက်၊ သင်္ဘောလည်း သင်္ဘောအလျောက်၊ မော်တော် ကားလည်း မော်တော်ကားအလျောက် ပစ္စည်းစက်ကရိယာ စသည့် ရှိသင့် ရှိထိုက်သော အင်္ဂါတို့စုံမှ သာလျှင် လိုရာခရီးသို့ ရောက်နိုင်ကြောင်း သတိပြုရမည်။

ထို့ကြောင့် ယောဂီတို့ သီလလုံခြုံအောင် သတိ သံဝရဖြင့် ထိန်းရမည်။ သီလကို ရဟန်းထံ၌ သော်၎င်း၊ ဘုရား ရှေ့တော်၌သော်၎င်း ခံယူ ဆောက်တည် နိုင်သည်။ ဘုရားရှေ့တော်၌ သီလခံယူရာတွင် အသံထွက်၍ ဖြစ်စေ၊ အသံမထွက်ပဲ ဖြစ်စေ ခံယူ ဆောက်တည်နိုင်သည်။

သီလခံယူရာတွင် သိက္ခာပုဒ်တိုင်းကို ကောင်းစွာနှလုံးသွင်း၍ ရွတ်ဆိုရမည်။ သို့မှသာလျှင် သီလ၏ ထက်မြက်မှု လေးနက်မှု ဖြစ်နိုင်သည်။ မိမိ ဆောက်တည် ထားသော သီလကို ရတနာ သုံးပါးကဲ့သို့ အမိအဘ ဆရာသမားကဲ့သို့၊ အဘိုးတန်ရတနာ ကဲ့သို့ ရိုသေ၍ အသက်ကဲ့သို့ မြတ်နိုးရမည်။

ယောဂီတို့ သီလဆောက် တည်ရာတွင် ဦးစွာ နှလုံးသွင်း ထားရမည်မှာ—

'အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ ဖြစ်ရ၏။ စေတနာကံ တည်းဟူသော အကြောင်း တရား ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဖြစ်ရ၏။ ဤ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ အဖန်တလဲလဲ နှိပ်စက် တတ်သောကြောင့် ဒုက္ခ ဖြစ်ရ၏။ ဆင်းရဲ ခြင်းသည် အမှန်စစ်စစ် အနှစ်သာရ မရှိ။ အနှစ်သာရ မရှိ ဒုက္ခ စင်စစ်သာ ဖြစ်သော အကြင် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၌ မှန်ကန်သော သမာဓိကို ဖြစ်စေရန် မှန်ကန် သော ဝိပဿနာဉာဏ်အမြင်ကို ဖြစ်စေရန် ဤ သီလ တို့တို့ အသက်ထက်ဆုံး ဆောက်တည်ခြင်း ဖြစ်ပါ၏'

ဟူ၍ နှလုံးသွင်းပြီးမှ သီလကို ခံယူဆောက်တည်ပါက စေတနာသီလတို့မှ လွတ်ကင်း၍ ဝိဝဋ္ဋနိဿိတတည်း ဟူသော ဝဋ္ဋဆင်းရဲအပေါင်းမှ လွတ်မြောက်ကြောင်း သီလကြီး ဖြစ်နိုင်၏။

သို့မှသာလျှင် ယင်းသီလသည် မဂ္ဂင်ကိုက် သိက္ခာ သုံးပါးအဝင် ဖြစ်နိုင်သည်။ မဂ်ဖိုလ်ရည်စူး၍ အထူး စင်ကြယ်သော သီလဖြစ်လျှင် မှန်ကန်သော ပညာတို့ကိုလည်း မုချ မလွဲရမည် ဖြစ်သတည်း။

အကြောင်းကြောင့် အကျိုးဖြစ်ရ၏။ အကြောင်း ချုပ်လျှင် အကျိုးလည်းချုပ်၏။ စေတနာကံ အကြောင်းချုပ်လျှင် နာမ်ရုပ်အကျိုးလည်းချုပ်၏။ ဤသို့အကြောင်း အကျိုးတို့ကို သိ၍ မှန်ကန်သော သမာဓိ၊ မှန်ကန်သောအမြင်ကို ရရန် အတွက် ဓိဋ္ဌာန်၍ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့ဖြင့် အားထုတ်သော ဒါန၊ သီလ တို့သာလျှင် ဝဋ္ဋဆင်းရဲ အပေါင်းမှ မုချ လွတ်မြောက်စေနိုင်သည်။

အကြောင်းအကျိုး ဆက်စပ်ပုံကို မသိ။ ကုသိုလ် အတွက် သက်သက်ဖြင့် အားထုတ်ကြပါက စေတနာဒါန၊ စေတနာသီလ၊ စေတနာဘာဝနာတို့သာ ဖြစ်၍ စေတနာကံ အားကြီးသောကြောင့် ပုညာဘိသင်္ခါရသာ ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် ဝဋ္ဋဆင်းရဲမှ မည်သည့်အခါမျှ လွတ်မည် မဟုတ်။

အကြောင်းအကျိုးကို သိ၍ ဝိပဿနာ အခြံအရံ ဖြစ်စေရန် ထက်သန်သော ဆန္ဒ၊ ဝီရိယတို့ဖြင့် အားထုတ်သော ဒါန၊သီလ တို့သာလျှင် မဂ်ကံ အားကြီးသောကြောင့် မဂ်ဉာဏ်ကို ရနိုင်သည်။

ယခုအခါ၌ အားထုတ်နေကြသော ဒါန သီလတို့သည် စေတနာသက်သက်ချည်းဖြစ်၍ စေတနာကံ အားကြီး နေသည်ကိုလည်း အထူး သတိပြုသင့်၏။

မဂ်ဖိုလ်ကို အလိုရှိသော အမျိုးကောင်းသား ယောဂီတို့သည် သီလ၏ စင်ကြယ်မှု၊ သမာဓိ၏ စင်ကြယ်မှု၊ ဉာဏ်အမြင်၏ စင်ကြယ်မှုတည်းဟူသော သိက္ခာ သုံးပါး၌ မှန်ကန်သောသတိဖြင့် စောင့်ကြပ်၍အားထုတ်မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်မည် ဖြစ်၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တကယ်ဘမ်း လိုချင်သည် ဆိုပါက ဗုဒ္ဓရှင်မြတ်ကြီး၏ အလယ် ကျင့်စဉ်၌ ပထမ အဆင့်အနေဖြင့် အထူး စင်ကြယ်သော သီလကြီး ဖြစ်အောင် အသက်ထက်ဆုံး ဆောက်တည်ရန် လိုသည်။

ဤကား ဗုဒ္ဓရှင်မြတ်ကြီး၏ အလယ် ကျင့်စဉ်၌ ပထမဆင့် အနေဖြင့် အထူးလိုအပ်သော အဓိသီလ သိက္ခာပုဒ်ကို ခွဲခြမ်းစိတ်ဖြာ၍ ပြရာ ဖြစ်သော သီလမဂ္ဂင်ဆောက်တည်ပုံတည်း။

## အလယ်ကျင့်စဉ် ဒုတိယအဆင့်

ဤအလယ်ကျင့်စဉ် ဒုတိယပိုင်း၌ မှန်ကန်သော သတိ၊ မှန်ကန်သော သမာဓိကို ပြရန်ဖြစ်သော်လည်း 'သမာဓိမဂ္ဂင်' တည်ဆောက်မှု မပြုခင် ခန္ဓာငါးပါး နာမ်ရုပ် တရား တို့ကို ဖြစ်စေတတ်သော အကြောင်းရင်းကို ကြိုတင်သိထားရန် လိုအပ်သည်ဟု ယူဆမိသောကြောင့် သင်္ခါရ ၆ ပါးကို ဖွင့်ပြရခြင်း ဖြစ်သည်။

### သင်္ခါရအဖွင့်

အဘိဓမ္မာဝိဘင်းပါဠိတော်
သုတ္တန္တဘာဇနီယ
ပဋိစ္စသမုပ္ပါဒ်အဖွင့်၌—

အဝိဇ္ဇာတည်းဟူသော မောဟကြောင့် ဖြစ်ရသော သင်္ခါရ တို့မှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရ၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ဟူ၍ ခြောက်ပါးရှိကြောင်း ဟောတော်မူသည်။

ပုညာဘိသင်္ခါရ ဟူသည်မှာ အဘယ်နည်း။

ကာမာဝစရ ကုသိုလ် စေတနာ၊ ရူပါဝစရ ကုသိုလ် စေတနာ၊ ဒါနစေတနာ၊ သီလစေနာ၊ ဘာဝနာစေတနာ တို့ပင် ဖြစ်သည်။

ယင်း ကုသိုလ်ဖြစ်ရာ ဘုံတို့၌ စေတနာအရ ကောက်သော်—

ကာမာဝမရ ကုသိုလ်စိတ်၌ ဖြစ်သော စေတနာ ၈ ပါး၊

ရူပါဝစရ ကုသိုလ်စိတ်၌ ဖြစ်သော စေတနာ ၅ ပါး၊

ကာမဘုံ၊ ရူပဘုံ နှစ်ရပ်ပေါင်းသော် စေတနာ ၁၃ ပါးဖြစ်သည်။ ဒါန၊ သီလ၊ ဘာဝနာ စေတနာသုံးပါးသည် ကာမရူပ ကုသိုလ်နှစ်ရပ်၌ ပါဝင်ပြီး ဖြစ်သည်။

ဒါနဟူသည်မှာ ရှေးဦးစွာ လှူဒါန်းလိုသော စေတနာ၊ လှူဆဲ၌ (ဝါ) ဝတ္ထုပစ္စည်းတို့ကို စွန့်လွှတ်ဆဲ၌ ဖြစ်သော စေတနာ၊ လှူပြီးနောက် တစိမ့်စိမ့် ဖြစ်ပေါ်နေသော စေတနာ။ ဤစေတနာသုံးပါးတို့သည် ဒါနကြောင့်ဖြစ်သော ကောင်းမှုကံ (ဝါ) ကောင်းမှုစေတနာတို့ မည်ကြောင်းကို 'အဘိဓမ္မာဝတာ-ရ ပုရာဏဋီကာ' ၌ ဖွင့်ပြသည်။

ဒါန၌ စေတနာသုံးပါးရှိသလို သီလနှင့် ဘာဝနာတို့၌ လည်း စေတနာသုံးပါးစီ ရှိကြောင်းကို ယင်း အဘိဓမ္မာဋီကာ ၌ပင် ဖွင့်ပြသည်။ ယင်း ဋီကာ၌ပင်-

ကာမာဝစရ ကုသိုလ်ရှစ်ပါးသည် ပုညကြိယာ ဝတ္ထုဆယ်ပါးတို့ကြောင့် ဖြစ်ရခြင်းကို မိန့်သည်။ ပုညကြိယာ ဝတ္ထုဆယ်ပါးဟူသည်မှာ ဒါန၊ သီလ၊ ဘာဝနာ မိမိပြုအပ်သော ကုသိုလ်အတို့ကို အမျှပေးဝေခြင်း၊ သူတပါးပြုသော ကုသိုလ်ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခြင်း၊ ကျောင်းကန်ဘုရား အမိအဘာ သက်ကြီးရွယ်အို စသည်တို့၌ အမှုကြီး အမှုငယ် ဆောင်ရွက်ပေးခြင်း၊ တရားနာခြင်း၊ တရားဟောပြောခြင်း၊ မှန်ကန်သော အယူရှိခြင်းတို့ဖြစ်သည်။

ပုညကြိယာ ဝတ္ထုဟူသည်မှာ ကောင်းမှုပြုခြင်း အကြောင်းတရားဖြစ်သည်။ တနည်းအားဖြင့် ကောင်းမှုကို ဖြစ်စေတတ်သော အကြောင်းတရား ဖြစ်သည်။ ထို့ကြောင့် ကောင်းမှုကို ဖြစ်စေတတ်သော အကြောင်းဆယ်ပါးဟု ခေါ်သည်။ ဤကောင်းမှုဖြစ်ကြောင်း ဆယ်ပါးကို မှီ၍ ကာမာဝစရ ကုသိုလ်စေတနာ ရှစ်ပါး ဖြစ်ရသည်။

လောကီကသိုဏ်း ဘာဝနာတို့ကို အားထုတ် ဆည်းပူးသောကြောင့် ရူပါဝစရ ကုသိုလ်စေတနာ ငါးပါးဖြစ်ရသည်၊ ထို့ကြောင့် ကာမရူပ နှစ်ရပ်ပေါင်း ကုသိုလ်စေတနာ ၁၃ပါးဖြစ်ရသည်။

အပုညာဘိသင်္ခါရ ဟူသည်မှာ အဘယ်နည်း။

ကာမာဝစရ အကုသိုလ်စိတ်၌ ရှိသော စေတနာ ၁၂ပါးသည်ပင် အပုညာဘိသင်္ခါရ မည်ကြောင်းကို ဗုဒ္ဓရှင်မြတ် ဟောတော်မူသည်။

အကုသိုလ်စိတ် ၁၂ပါး ရှိသည်။ လောဘစိတ် ၈ပါး၊ ဒေါသစိတ် ၂ပါး၊ မောဟစိတ် ၂ပါး ဟူ၍ အကုသိုလ်စိတ် ၁၂ပါးရှိ၏။ ယင်း အကုသိုလ်စိတ် ၁၂ပါး၌ ရှိသောစေတနာ ၁၂ပါးကြောင့် ကာမာဝစရအကုသိုလ် ၁၂ပါး ဖြစ်ရသည်။

ထို့ကြောင့် ဗုဒ္ဓက 'အကုသလာ စေတနာ ကာမာဝစရာ' ဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။

အာနေဉ္ဇာဘိသင်္ခါရ ဟူသည်မှာ အဘယ်နည်း။

အာကာသစျာန်၊ ဝိညာဏစျာန်၊ အာကိဉ္စညာစျာန်၊ နေဝသညာနာသညာယတနစျာန် လေးပါးတို့ကို အားထုတ်သော စေတနာကြောင့် အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ရသည်။

ကာယ၊ ဝစီ၊ မနော သင်္ခါရသုံးပါးတို့မှာ အဘယ်နည်း။

ကိုယ်ဖြင့် ပြုလုပ်အားထုတ်သော စေတနာသည် ကာယသင်္ခါရ၊ နှုတ်ဖြင့်ပြုလုပ် အားထုတ်သော စေတနာသည် ဝစီသင်္ခါရ၊ စိတ်ဖြင့်ပြုလုပ်အားထုတ်သော စေတနာသည် မနောသင်္ခါရ ဖြစ်သည်။

ယင်း ကိုယ်နှုတ်စိတ် သုံးပါးတို့၌ ကောင်းသော စေတနာ၊ ဆိုးသောစေတနာ (ဝါ) ကုသိုလ်စေတနာ၊ အကုသိုလ် စေတနာ နှစ်မျိုးလုံး ဖြစ်နိုင်၏။

သင်္ခါရကို ကံဟူ၍၎င်း၊ စေတနာဟူ၍၎င်း၊ အာဟာရ ဟူ၍၎င်း ဟောတော်မူသည်။ မိမိကိုယ်တိုင် အားထုတ်ပြုလုပ်ရသောကြောင့် ကံမည်၏။ ဘဝတခုနှင့် တခုကို ဂဟေဆက်သကဲ့သို့ ဆက်စပ်ပေးတတ်သော သဘောကြောင့် စေတနာမည်၏။

နာမ်ရုပ်တို့၏ အကြောင်းတရားဖြစ်အောင် ပြုပြင်ဖန်တီး ပေးတတ်သောကြောင့် အဘိသင်္ခါရ မည်၏။ ဘဝအသစ်ကို ဖြစ်အောင် ဆောင်ရွက်ပေးတတ်သောကြောင့် အာဟာရမည်၏ ဟူ၍ ဟောတော်မူသည်။

ကံ၊ စေတနာ၊ သင်္ခါရ၊ အာဟာရတို့သည် သံသရာ၌ ရုပ်တရား၊ နာမ်တရား ခန္ဓာငါးပါးတို့ ဖြစ်ပေါ်ရန်အကြောင်း ရင်း ဖြစ်သည်။ရုပ်နာမ်တို့၏ အကြောင်းတရား ဖြစ်သည်။

ဤကံ၊ စေတနာ၊ သင်္ခါရတို့ကြောင့် ဘဝဖြစ်ရကြောင်းကို ပရမတ္ထသရူပ ဘေဒနီကျမ်း၌

အတိတ်စေတနာသည် သင်္ခါရ။ ပစ္စုပ္ပန် စေတနာသည် ဘဝ။

စေတနာသက်သက်သည် သင်္ခါရ။ စေတနာနှင့် စေတနာ သမ္ပယုတ်ကံ ဟူသမျှသည် ဘဝ။ ဝိညာဏ်၏ အကြောင်းရင်း သည် သင်္ခါရ။ ကုသိုလ်အကုသိုလ်သည် သင်္ခါရစသည်ဖြင့် ခွဲ၍ ကောက်ယူပြသည်။

ကာမာဝစရ ကုသိုလ်စေတနာ ရှစ်ပါးတည်းဟူသော ပုညာ ဘိသင်္ခါရကြောင့် ကာမသုဂတိ ခုနစ်ဘုံ၌ ပဋိသန္ဓေဖြစ်ရခြင်း၊ ရူပါဝစရကုသိုလ် စေတနာဟူသော ပုညာဘိ သင်္ခါရကြောင့် ရူပဘုံ၌ ပဋိသန္ဓေဖြစ်ရခြင်း၊ ကာမာဝစရ အကုသိုလ်စေတနာ ၁၂ပါးတည်းဟူသော အပုညာဘိသင်္ခါရကြောင့် အပါယ်ဘုံ၌ ပဋိသန္ဓေ ဖြစ်ရခြင်း၊ အရူပ စေတနာလေးပါး ဟူသော အာနေဉ္ဇာဘိ သင်္ခါရကြောင့် အရူပဘုံ၌ ပဋိသန္ဓေ ဖြစ်ရခြင်း တို့ကို 'ဝိသုဒ္ဓိမဂ်အဋ္ဌကထာ'၌ အကျယ်ဖွင့်ပြထားသည်။

အကျဉ်းအားဖြင့် ပုညာဘိသင်္ခါရ စေတနာ ၁၃ပါး၊ အပုညာဘိသင်္ခါရ စေတနာ ၁၂ပါး၊ အာနေဉ္စာဘိသင်္ခါရ စေတနာ ၄ပါး။ ပေါင်းစေတနာ ၂၉ပါးကြောင့် (ဝါ) ကုသိုလ် အကုသိုလ်စေတနာ ၂၉ပါးကြောင့်သာလျှင် နာမ်ခန္ဓာ ရုပ်ခန္ဓာတို့ ဖြစ်ရကြောင်း ထင်ရှားနေ၏။

ထို့ကြောင့် နိဒါန သံယုတ်ပါဠိ စေတနာသုတ် (၂၉၅)၌- စေတနာဟူသော အကြောင်းတရားကြောင့် ဝိညာဏ် ဖြစ်ရ၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ရ၏။ နာမ်ရုပ်ကြောင့် ဘဝသစ်ဖြစ်ရ၏ ဟူ၍ ဗုဒ္ဓရှင်မြတ်ကိုယ်တိုင် တိကျစွာ ညွှန်ပြတော်မူသည်။

ထို့အပြင် စေတနာကံကို အဆိပ်အတောက်ကဲ့သို့ ဘေးရန်ကဲ့သို့ သေမင်းနိုင်ငံကဲ့သို့ စွဲစွဲမြဲမြဲ မှတ်သင့်ကြောင်းကို နိဒါန သံယုတ်ပါဠိတော် ပုတ္တမံသူပမသုတ်(၃၂၄)၌ "ကထဉ္စ ဘိက္ခဝေ မနောသဉ္စေတနာ ဟာရော ဒဋ္ဌဗ္ဗော" အစရှိ သည်ဖြင့် ကျယ်ဝန်းစွာ ဟောတော်မူသည်။

လောကီ စေတနာကံသည် မည်မျှ ထိတ်လန့်ကြောက်ရွံ့ဘွယ် ရာ ကောင်းသည်ကို ဗုဒ္ဓကိုယ်တိုင်ပင် နိဒါနသံယုတ် ပါဠိတော်၌ တိကျစွာ ညွှန်ပြတော်မူခဲ့သည်။ တဖန် ယင်းပါဠိ၌ပင် စေတနာ ချုပ်လျှင် နာမ်ရုပ်တည်းဟူသော ဒုက္ခအစုအဝေးကြီး အကြွင်း မရှိ ချုပ်နိုင်ပုံကို အကျယ်တဝင့် ညွှန်ပြတော်မူသည်။

လောကီ စေတနာဟူသည်မှာ အမှန်စင်စစ် တဏှာအရင်းခံ ကြောင့်ဖြစ်ရသည်။ စေတနာလွန်လျှင် တဏှာကျွံသည်ဟူသော

စကားပုံပင် ရှိနေသည်။ တဏှာအရင်းခံသော စေတနာသည် ကောင်းကျိုး ဆိုးကျိုးတို့ကို ပေးတတ်သည်။

လောကီစေတနာ အားကြီးသောကံ ဖြစ်သောကြောင့် သံသရာတည်းဟူသော ဝဋ်ဆင်းရဲတို့မှ လွတ်မြောက်အောင် လုပ်ပေးနိုင်ခြင်း မရှိ။ စေတနာအရင်းပြု၍ အမြတ်ထုတ်သော ကံသည် သေမင်းကဲ့သို့ ကြောက်စရာကောင်းပုံကို ဗုဒ္ဓရှင်မြတ်ကြီး ကိုယ်တိုင် ညွှန်ပြထားတော်မူသောကြောင့် သံသရာဝဋ်ဆင်းရဲမှ မုချလွတ်မြောက်လိုသော ယောဂီတို့သည် စေတနာကံကို မှန်ကန်သော သတိဖြင့် ရှောင်ကွင်းတတ်ရန် လိုသည်။

စေတနာကံရှောင်နည်း၊ တိမ်းနည်း၊ တိုက်ဖျက်နည်းများကို ဗုဒ္ဓရှင်တော်မြတ်ကြီး၏အလွန်တရာ သိမ်မွေ့သော နည်းဗျူဟာ အသစ်အဆန်း တကယ်အစွမ်းထက်သော အလယ်လမ်းကျကျ မဂ်သဘာဝတို့ကို တတိယအဆင့်၌ ပြသသွားမည် ဖြစ်ပါသည်။

ဤစေတနာကံကို လူတို့ ဘာကြောင့် အားထုတ်နေရသနည်း။ အဖြေကား ရှင်းနေသည်။ သစ္စာလေးပါး၌ မသိသော မောဟကြောင့် (ဝါ) အဝိဇ္ဇာကြောင့် စေတနာကံများကို တလကြမ်း အားထုတ်နေခြင်း ဖြစ်၏။

စေတနာကံကို တလကြမ်း အားထုတ်လေလေ ခန္ဓာနာမ်ရုပ်တွေ တလကြမ်းဖြစ်လေလေ။ ပဋိစ္စသမုပ္ပါဒ်စက်ယန္တယားလည်း တလကြမ်း လည်လေလေ။ ပဋိစ္စသမုပ္ပါဒ် လည်နေတာ ကောင်းသလား၊ မကောင်းသလား ကိုယ့်ကို ကိုယ် ပြန်စစ်ဆေးကြည့်။

ထို့ကြောင့်-

'အကြင်သူသည် သေခြင်း၊ ပဋိသန္ဓေနေခြင်း၌ရှင်း၊ ခန္ဓာအာယတနဓါတ်တို့၏ အစဉ်မပြတ်ဖြစ်နေသော သံသရာ၌ရှင်း၊ သင်္ခါရတို့၏ ဖေါက်ပြန်ပျက်စီးခြင်း၊ တိမ်းညွတ်ခြင်း စသည့် ဝိသေသလက္ခဏာ၊ ကြမ်းတမ်းခြင်း ထိတွေ့ခြင်း စသည့် ဝိသေသလက္ခဏာ၊ အနိစ္စတာ စသော သာမညလက္ခဏာတို့၌ရှင်း၊ အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ် ဇရာ မရဏ စသော ပဋိစ္စသမုပ္ပန္နတရားတို့၌ရှင်း တွေဝေခြင်း။

'ထိုသူသည် တွေဝေ မိန်းမော မိုက်မဲသောကြောင့် သင်္ခါရသုံးပါးတို့ကို အစွမ်းကုန် အားထုတ်ပြုလုပ်၏။ ထိုကြောင့် ဤအဝိဇ္ဇာသည် အဘိသင်္ခါရ သုံးပါးတို့ကို ဖြစ်စေတတ်၏။'

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌ မိန့်သည်။

သံသရာဟူသည်ကိုလည်း အလွဲ မတွေးနှင့်။ ခန္ဓာငါးပါး အာယတန ၁၂ ပါး၊ ဓါတ် ၁၈ ပါးတို့ အဆက်မပြတ် တလစပ် ဖြစ်ပျက်နေခြင်းကိုသာ သံသရာခေါ်သည်။ သံသရာဟူသည်မှာ တလံမျှသော ခန္ဓာအတွင်း၌သာ ရှိသည်။ အပြင်၌မရှိ။ သတ္တဝါတို့ ဤစေတနာကံ ကိုသာလျှင် အပြင်းအထန်အား

ထုတ်ကြသောကြောင့် ပဋိစ္စသမုပ္ပါဒ် ဘဝစက်၌ လည်ပတ်နေကြရပုံကို—

'ထောက်ထားပညာ၊ မှတ်သားနာလော့၊ သတ္တဝါသ၊ ဘုံကိုးဝ၌၊ ပစ်ချကြမှာ၊ 'စေတနာကြောင့်'၊ သညာစေတ်၊ နာနတ်ထူးခြား၊ အလား လားလျှင်၊ ငါးပါးဂတိ၊ မှားဘွယ်ရှိ၏' ဟူ၍ ပါရမီခန်း ပျို့၌ ရေးစပ်တော်မူသည်။

ဤစေတနာကံ နှိပ်စက်၍ ခပ်သိမ်းသော သတ္တဝါတို့သည် ပဋိစ္စသမုပ္ပါဒ် ဘဝစက်တည်းဟူသော ဘုံကိုးပါး၊ ဂတိငါးပါးတို့၌ သနားစဖွယ် ကျင်လည်နေကြရသည်။ အမှန်စင်စစ် မောဟကြောင့်ပင် ဖြစ်သည်။

တဖန်—

'ဘဝနောင်ခါ၊သံသရာဝယ်၊လူ့ရွာနတ်ပြမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ဂတိနောင်ကို၊ ကောင်းစေလိုဟု၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနေဥဟု၊ ဘဝနှီးရင်း၊ ပွားတုံလျှင်းသည်။ ။ဝဋ္ဋခင်း ဝဋ္ဋနွယ် ရှည်သတည်း။ ။-

ဟူ၍ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ်ပျို့၌ ရေးစပ်တော်မူသည်။

ဒါန သီလ ဟူသော ကောင်းမှုဆယ်ပါး အကြောင်းတရားတို့သည် အမှန်စင်စစ် သံသရာခရီးတွက် အလွန်ကောင်းလှသောမျိုးရိက္ခာထုပ်ကြီးပင် ဖြစ်၏။ ကုသိုလ်အတွက်သက်သက် အားထုတ်နေရုံဖြင့် ပဋိစ္စသမုပ္ပါဒ်နယ်မှ မလွတ်နိုင်။ ဝိပဿနာပညာဖြင့် လုပ်ဆောင်မှသာ စေတနာကံအကြောင်း ချုပ်၍ ဝဋ်ဒုက္ခနယ် ပဋိစ္စသမုပ္ပါဒ်နယ်မှ လွတ်နိုင်မည်ဖြစ်၏။

လောကီလောကုတ် ကုသိုလ်နှစ်မျိုးရှိကြောင်း ပါဠိတော်၌ များစွာပင် ဟောတော်မူသည်။ ကုသိုလ်တိုင်း လောကုတ္တရာကုသိုလ်မဖြစ်နိုင်။ အမှန်စင်စစ် ကုသိုလ်နှစ်ရပ်တို့သည် ဆန့်ကျင်ဘက်ဖြစ်၏။ လောကီလောကုတ် ကုသိုလ်နှစ်မျိုးနှင့် ပတ်သက်၍ 'သုတ်ပါထေယျပါဠိတော် စက္ကဝတ္တိသုတ်' ၌ 'ဝိဝဋ္ဋဂါမိကုသလံနာမ စတ္တာရော သတိပဋ္ဌာနာတိ အာဒိဘေဒါ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ' အစရှိသည်ဖြင့် ဟောတော်မူသောကြောင့်-

ပဋိစ္စသမုပ္ပါဒ်နယ်မှ မုချ လွတ်မြောက်စေတတ်သော လောကုတ္တရာကုသိုလ် အရင်းအမြစ်မှာ သတိပဋ္ဌာန်လေးပါးသာလျှင်ဖြစ်သည်။ 'တတ္ထ ဝဋ္ဋဂါမိကုသလံ နာမ မာတာပိတူနံ ပုတ္တဓီတာသု' အစရှိသဖြင့် ဟောတော်မူသောကြောင့် အမိအဘတို့က သားသမီးတို့အား သားသမီးတို့က အမိအဘတို့အား ကျွေးမွေးစောင့်ရှောက်ခြင်း၊ ဒါနသီလအားထုတ်ခြင်း စသည်တို့သည် လောကီကုသိုလ် မည်၏။

ကုသိုလ်ဆိုလျှင် ဝဋ်ဆင်းရဲ၌ လည်စေတတ်သော လောကီကုသိုလ်ကိုသာ အပြောများသည်။ လောကုတ္တရာကုသိုလ်ကို ကျကျနန မပြောကြ။ သတိပဋ္ဌာန်လေးပါး စသော ဗောဓိ

ပကိဏ္ဏကတရား ၃၇ ပါးတို့သာလျှင် လောကုတ္တရာကုသိုလ်စစ်စစ် ဖြစ်ကြောင်း နှလုံးသွင်းရန် လိုသည်။

သို့သော် သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး ရှိရာ စေတနာစေတသိက် တခုတည်း အား ပြုလွန်းလျှင် အာရမ္မဏာပစ္စည်း၊ ဥပနိဿယပစ္စည်း နှစ်ပါးကို အလွန်ရလွယ်သောကြောင့် ခန္ဓာနာမ်ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရားချည်းသက်သက် ဖြစ်သွားတတ်သည်ကိုလည်း အထူး သတိပြုရန် လိုသည်။

ကောင်းမှုကို အားမထုတ်ရ၊ မလှူရ၊ သီလမဆောက်တည်ရ ဟူ၍ မဆိုလို။ ကောင်းမှုမှန်သမျှ အားထုတ်ထိုက်သော တရားချည်း ဖြစ်သည်။ ကောင်းမှုပြုတိုင်း ခန္ဓာနာမ်ရုပ်တို့မှ လွတ်မြောက်မှုအကြောင်း ဖြစ်စေရန်သာ လိုရင်းဖြစ်၏။

ဝိပဿနာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏ အဆောက်အဦဖြစ်စေရန်ဟု ဆိုလို ပါက ကောင်းမှုပြုတတ်ဘို့ လိုပါသည်။ ယင်းကောင်းမှုကို နည်းမသိ၍ မပြုတတ်ပါက စေတနာကောင်းမှုသာလျှင် ဖြစ်သွားတတ်သည်။ နိဗ္ဗာန်ရောက်ကြောင်းဟု ဆို၍ ဒါနသီလဘာဝနာတို့ကို အားထုတ်နေကြသော်လည်း ပုညာဘိသင်္ခါရချည်း ဖြစ်ဖြစ်သွားသည်ကို အများအားဖြင့် သတိပြုမိကြမည်မဟုတ်။

ပုညာဘိသင်္ခါရချည်း ဖြစ်နေလျှင် ပဋိစ္စသမုပ္ပါဒ်နယ်ထဲမှ လွတ်ရန် အကြောင်း မရှိ။ ဤပဋိစ္စသမုပ္ပါဒ်နယ်ထဲက လွတ်မြောက်အောင် ကြံဆောင် အားထုတ်ရသည်ကား အကြောင်းတရား၊ လွတ်မြောက်ရသည်ကား အကျိုးတရား ဟူ၍မှတ်။

ထို့ကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက လောကဝိမုတ္တိ၌ ကုသိုလ်နှင့် ဝိပါက်ကို ဟောတော်မူရခြင်း ဖြစ်သည်။

ကုသိုလ်ဟူသည်မှာ အကြောင်း၊ ဝိပါက်ဟူသည်မှာ အကျိုး၊ ပဋိစ္စသမုပ္ပါဒ်နယ်ထဲမှ မလွတ်သေးသမျှ အကြောင်းနှင့် အကျိုး ဒွန်တွဲနေရမည်မှာ သဘာဝတရား ဖြစ်သည်။ ထို့ကြောင့် လောကုတ္တရာကုသိုလ်သည် အကြောင်းတရား၊ လောကုတ္တရာ ဝိပါက်သည် အကျိုးတရား၊ မဂ်ဉာဏ်သည် အကြောင်းတရား၊ ဖိုလ်ဉာဏ်သည် အကျိုးတရား၊ တနည်း မဂ်ဖိုလ်သည် အကြောင်းတရား၊ နိဗ္ဗာန်သည် အကျိုးတရား ဖြစ်၏။

အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ရ၏။ ဤကား အကြောင်းတရား၊ ဤကားအကြောင်းတရား ဖြစ်ကာမတ္တသာ၊ ဤကား အကြောင်းတရားကို ချုပ်ငြိမ်းစေတတ်သော သဘော၊ ဤကား အကြောင်းတရားကို ကုန်ခန်းရန် ချုပ်ငြိမ်းစေရန် အားထုတ်ရသော သဘော၊ အကြောင်းတရားချုပ်လျှင် အကျိုးတရားလည်း မုချ ချုပ်ရ၏။

ဤသို့ အကြောင်းဖြစ်ခြင်းသဘော၊ ကုန်ခန်းခြင်းသဘော၊ ချုပ်ငြိမ်းခြင်းသဘောတို့ကို ထိုးထွင်း ဉာဏ်ဖြင့် မုချသိ၍အားထုတ်မှသာလျှင် ပြုလုပ်သောကုသိုလ်ဟူသမျှ ဝိပဿနာမဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အားကောင်းသော အထောက်အပံ့ ပစ္စည်းများ ဖြစ်နိုင်သည်။

အကြောင်းတရား အကျိုးတရားတို့၏ သဘောကို မသိပဲ ကောင်းမှုတို့ကို အားထုတ်နေပါက ပုညာဘိသင်္ခါရဖြစ်၍

ပဋိစ္စသမုပ္ပါဒ်ပင်လယ်၌ မုချ လက်ပစ်ကူးနေကြရဦးမည်ကား မလွဲတည်း။

စေတနာကံသည် သေမင်းကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသည်ကို 'နိဒါနသံယုတ်ပုတ္တမံသူပမသုတ်' ၌ တိကျစွာ ဟောတော်မူသည်။ စေတနာကံကြောင့် ဘဝသစ်၌ ဖြစ်ရခြင်း၊ နာမ်ရုပ်ကို ဖြစ်ခစေခြင်း၊ ပဋိသန္ဓေနေခြင်း၊ သေခြင်းတို့ကိုဖြစ်စေခြင်း စသည်ဖြင့် နိဒါနသံယုတ် စေတနာသုတ်၌ အကျယ်တဝင့် ဟောတော်မူသည်။

သုခ၊ ဒုက္ခ ဝေဒနာတို့၏ အာရုံတို့ကို ခံစားခြင်းသည်ပင် စေတနာကံ မည်၏။ ကံကိုပြုလုပ်ရန် ကိုယ်ဖြင့်ရင်း၊ စိတ်ဖြင့်ရင်း၊ နှုတ်ဖြင့်ရင်း စေ့ဆော်တတ်၏။ ထို့ကြောင့် စေတနာ ကံဖြစ်၏ဟူ၍ 'အင်္ဂုတ္တိုရ်နိကာယ်' အကျယ်ဖွင့်ပြသည်။

အာရုံခြောက်ပါးကို ပိတ်ဆို့ထားခြင်း မရှိလျှင် စေတနာကံဖြစ်ကြောင်း အင်္ဂုတ္တိုရ်နိကာယ်၌ပင် မိန့်သည်။ ကြိုးစားအားထုတ်ခြင်းတည်းဟူသော 'အာယူဟန' သည်ကား စေတနာကုသိုလ်အကုသိုလ်တို့၌ သာလျှင် ဖြစ်သည်။

စေတနာဟူသည်မှာ စိတ် ၈၉ ပါးလုံးနှင့် မယှဉ်သည်ဟူ၍ မရှိ။ သို့သော် စေတနာကံဟူ၍ အဘယ်ကြောင့် ဖြစ်ရသည်ကို အကြောင်းရှာသော် ရုပ်နာမ်ဓမ္မတို့၌မသိ တွေဝေလျက် သင်္ခါရကံကို ပြင်းစွာအားထုတ်မိခြင်းကြောင့် စေတနာကံ ဖြစ်ရကြောင်းကို အင်္ဂုတ္တိုရ်နိကာယ်ဆရာ ဖွင့်ပြသည်။

ကုသိုလ်အကုသိုလ် စေတနာ တကြိမ်ဖြစ်လျှင် ဝိပါက်စိတ် ၁၆ ပါး ဖြစ်ရကြောင်းကို 'တိပိဋကစူဠနာဂမထေရ်' မိန့်သည်။

တခုသော စေတနာကံကို အားထုတ်မိလျှင် တခုသောပဋိသန္ဓေ ဖြစ်ရသည်ကို ဗုဒ္ဓဟောတော်မူကြောင်း၊ အင္ဂုတ္တိုရ်ပါဠိ၌ ဖွင့်ပြသည်။ အထူးထူးသော စေတနာကံတို့ကို အားထုတ်လျှင် အထူးထူးသော ပဋိသန္ဓေတို့ ဖြစ်ရ၏။

စေတနာကံ တကြိမ်အားထုတ်မိလျှင် ပဋိသန္ဓေ တကြိမ် ဖြစ်ရသည်ဟု ဟောတော်မူသည်ကို ထောက်၍ မျက်စိတမှိတ် အတွင်း၌ စိတ္တက္ခဏပေါင်း ကုဋေတသိန်းဖြစ်၍ ချုပ်ရသောကြောင့် ရုပ်နာမ်ခန္ဓာတို့သည် မရေမတွက်နိုင်အောင် ဖြစ်ရမည်မှာ မလွဲတည်း။

ရုပ်နာမ်ခန္ဓာတို့ မရေမတွက်နိုင်အောင် ဖြစ်နေရသမျှ အနမတဂ္ဂ သံသရာမှ လွတ်ရန်မရှိ။ ပဋိစ္စသမုပ္ပါဒ် ပင်လယ်၌ မုချ လက်ပစ်ကူးနေရမည် ဖြစ်၏။

ကာမာဝစရ ကုသိုလ်စေတနာရှစ်ပါးတို့ကို အားထုတ်နေသမျှ စေတနာကံချည်း ဖြစ်နေတတ်သည်။ ကာမာဝစရကုသိုလ်စိတ်မှာ မဟာကုသိုလ်စိတ် ဖြစ်သည်။ ကာမဘုံ၌ ဆိုးစိတ် ၃၀၊ ကောင်းစိတ် ၂၄ပါး ရှိသည်။ ကောင်းစိတ် ၂၄ပါးတွင် ကုသိုလ်၊ ဝိပါက်၊ ကြိယာ ဟူ၍ သုံးပါးရှိသည်။

ကုသိုလ်ဟူသည်မှာ ကာမာဝစရကုသိုလ် စေတနာရှစ်ပါးကိုပင် ဆိုလိုခြင်း ဖြစ်သည်။ ဝိပါက်စိတ်ရှစ်ပါး၊ ကြိယာစိတ်ရှစ်ပါး၊ နှစ်ရပ်ပေါင်း စိတ် ၁၆ပါး ရှိသည်။ ယင်းစိတ် ၁၆ ပါး (ဝါ)ဝိပါက်နှင့် ကြိယာသည် အဗျာကတစိတ် ဖြစ်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။

အဗျာကတဟူသည်မှာ ဝိပါက်နှင့် ကြိယာစိတ်တို့ကို ခေါ်ခြင်း ဖြစ်သည်။ အဘယ့်ကြောင့် အဗျာကတဟု ဟောတော်မူသနည်း။ နေဝကုသလာ နာကုသလာ ဟူ၍ ဓမ္မသင်္ဂဏီ၌ ဟောတော်မူသောကြောင့် အကုသိုလ်လည်း မဟုတ်၊ ကုသိုလ်လည်း မဟုတ်သော စိတ်မည်၏။

မဟာဝိပါက်နှင့် မဟာကြိယာစိတ်တို့သည် အမှန်စင်စစ် ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော ပုညကြိယာဝတ္ထုဆယ်ပါးတို့ကို မှီ၍ ဖြစ်ရသည့် စိတ်များမဟုတ်။ ကာယဝိညတ်၊ ဝစီဝိညတ်တို့ ဖြစ်နိုင်ခြင်း မရှိသောကြောင့် အကျိုးကို ထပ်မံဖြစ်စေခြင်း သဘောမရှိ။ ဝိပါက်တို့သည် အားထုတ်ခြင်း ကင်းသော အဖြစ်၊ ငြိမ်းသော အဖြစ်၊ ပြန့်ခြင်းမရှိသော အဖြစ်၊ အားနည်းသော အဖြစ်တို့ကြောင့် အကျိုးကို ဖြစ်စေတတ်သော သဘောမရှိသောကြောင့် အဗျာကတ မည်ကြောင်းကို 'အဘိဓမ္မတ္ထသင်္ဂဟဒီပကကျမ်း'၌ ဖွင့်ပြသည်။

ထို့ကြောင့် ရုပ်နာမ်ခန္ဓာတို့ကို မှချ ဖြစ်စေတတ်သော ကာမာဝစရ ကုသိုလ် အကုသိုလ်တည်းဟူသော စေတနာကံ အားထုတ်မှုတို့ကို ရှောင်၍ လောကုတ္တရာကုသိုလ်စိတ်ဖြစ်အောင် ဉာဏသမ္ပယုတ် စိတ်ဖြင့် အားထုတ်နိုင်မှသာလျှင် ရုပ်နာမ်ခန္ဓာတို့ကို ဖြစ်စေတတ်သော 'အကြောင်းရင်း' အားနည်း၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် နီးစပ်လာမည် ဖြစ်သည်။

ဤပဋိစ္စသမုပ္ပါဒ် ပင်လယ်၌ လက်ပစ် ကူး နေ ရ ခြင်း ၏ အကြောင်းရင်း လက်သယ်အစစ်မှာ စေတနာကံသာလျှင် ဖြစ်သည်။ စေတနာကံကို အပြင်းအထန် အားထုတ်နေသောကြောင့် သတ္တဝါတို့ နစ်မွန်းနေရသည်။ ယင်း စေတနာကံကို အဘယ်ကြောင့် အားထုတ်နေရသနည်း ဆိုသော် အဝိဇ္ဇာတည်းဟူသော မောဟကြောင့် (၀၁) သစ္စာလေးပါးတို့၌ တွေဝေသောကြောင့် ဖြစ်ရ၏။

ဘုံသုံးပါး၌ စေတနာပေါင်း ၂၉ ပါးဖြစ်ရသည်မှာ အဝိဇ္ဇာကြောင့်သာ ဖြစ်ရသည်။ ယင်းစေတနာကံကြောင့် နာမ်ရုပ်ဖြစ်ရခြင်း၊ ဘဝသစ် ဖြစ်ရခြင်း၊ ပဋိသန္ဓေ နေရခြင်း၊ သေရခြင်း စသည့် ဆင်းရဲအစုအဝေး ဒုက္ခအဆိုင်အခဲကြီး မုချ ဖြစ်ရကြောင်းကို ‘နိဒါနသံယုတ် စေတနာသုတ်’၌ တိကျစွာ ညွှန်ပြတော် မူသည်။

ယင်း စေတနာကံတို့ ချုပ်လျှင် ခပ်သိမ်းသော ဝိညာဏ်၊ နာမ်ရုပ်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခအစုအဝေးတို့ မုချ ချုပ်ငြိမ်းရကြောင်းကို ယင်း ပါဠိ စေတနာသုတ်၌ပင် တိကျစွာ ညွှန်ပြတော်မူသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်းချုပ်လျှင် အကျိုးချုပ်၏ဟူရာ၌ အကြောင်းတရား ဟူသည်မှာ ဘုံသုံးပါး၌ ဖြစ်သော ကောင်းဆိုး စေတနာကံ ၂၉ ပါးကိုပင် ဟောတော်မူကြောင်း သိထားရန်လိုသည်။

ယင်း စေတနာ ၂၉ ပါးကို ကုန်ခန်းစေရန် ချုပ်ငြိမ်းစေရန် မည်သို့ အားထုတ်မည်နည်း။ ယင်း စေတနာကံတို့ကို မုချ

ကုန်ခန်းစေတတ်သော ချုပ်ငြိမ်းစေတတ်သော ကံတို့သည်ကား အဘယ်နည်း။

လောက၌ စေတနာ အားကြီးသောကံ၊ အားနည်းသော ကံဟူ၍ နှစ်ပါးရှိသည်။ စေတနာအားကြီးသော ကံမှာ ကာမာ ဝစရ ကုသိုလ် အကုသိုလ်စိတ်တို့ဖြစ်၍ အားနည်းသော ကံမှာ (၀ါ) စေတနာ စေတသိက် ရှိရုံမျှ ဖြစ်သောကံမှာ အဗျာကတ (၀ါ)ကြိယာစိတ် မည်၏။

ထို့ကြောင့် အဗျာကတကို ကုသိုလ် အကုသိုလ်ဟူ၍ မဆိုနိုင်ခြင်း ဖြစ်သည်။ အဗျာကတဟူသည်မှာလည်း မဟာဝိပါက်စိတ် မဟာကြိယာ စိတ်တို့ပင် ဖြစ်သည်။

စေတနာ စေတသိက် ပဓါန် မဟုတ်သော ကံမှာ အရိယ မဂ္ဂင်ရှစ်ပါး ဖြစ်သည်။ ဗောဓိပက္ခိယ၊ ဗောဇ္ဈင် ခုနစ်ပါးတို့သည်လည်း စေတနာနှင့် လုံး၀ မဆက်ဆံသော ကံမည်၏။

ထို့ကြောင့် လောက၌ ကံလေးမျိုး ရှိသည်။ အကုသိုလ် စေတနာကံ ဖြစ်သော အပုညာဘိသင်္ခါရကံ တပါး၊ကုသိုလ် စေတနာဖြစ်သော ပုညာဘိ-အာနေဉ္ဇာဘိကံ တပါး၊ ကုသိုလ် အကုသိုလ်ရောစပ်သော မိဿကစေတနာကံတပါး။ ဤကံသုံးပါး တို့သည် စေတနာ စေတသိက်ချည်း ပဓါနဖြစ်သောကြောင့် (၀ါ) စေတနာ စေတသိက် သက်သက်ဖြစ်သော ကံမည်၏။

စေတနာ စေတသိက်ဖြစ်သော ကံသုံးပါးတို့နှင့် မဆက်ဆံ သော သီးခြားဖြစ်သော မဂ္ဂင်ရှစ်ပါး ကံနှင့် ဆိုသော် ကံလေးပါးရှိသည်။ မဂ္ဂင်ရှစ်ပါးကို အရကောက်လျှင် စေတနာ စေတသိက်မရ။ ဉာဏသမ္ပယုတ် ကုသိုလ်စိတ်နှင့် ယှဉ်သော

ပညာ၊ ဝိတက်၊ ဝိရတိသုံးပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာဟူသော စေတသိက်ရှစ်ပါးသာ ရသည်။

မဂ္ဂင်ရှစ်ပါးဟူသော ကံသည် လောကီကုသိုလ် အကုသိုလ် စိတ်နှင့်ယှဉ်သော စေတနာ စေတသိက် (အကြောင်းရင်း)ကို ကုန်ခန်းစေနိုင်သည်။ ဖျက်ဆီးပစ်နိုင်သည်။

အဘယ့်ကြောင့်နည်း။ မဂ္ဂင်ရှစ်ပါး၌ ပါဝင်သော ဝိပဿနာ ပညာ မဂ်ဖိုလ်ပညာသည် ဝိဇ္ဇာဉာဏ်ဖြစ်၏။ စေတနာကံကို ဖန်တီးပေးတတ်သော အဝိဇ္ဇာကို ပညာဟူသော ဝိဇ္ဇာဉာဏ်ဖြင့် မုချ ဖျက်ဆီးပစ်နိုင်သည်။

> အင်္ဂုတ္တရပါဠိ စတုက္ကနိပါတ် ကမ္မဝဂ်(၃၅၆)၌—
>
> 'ချစ်သား ရဟန်းတို့၊ ဖြူသောကံ၊မည်းညစ်သောကံ၊ အဖြူ အမည်းရောသော ကံတို့သည် ရှိကုန်၏။ ယင်းကံသုံးပါးတို့ကို ကုန်ခန်းစေရန် အဖြူအမည်း မဟုတ်သော ကံသည် မုချရှိ၏။ ယင်းကံသည် အဘယ်နည်း။ သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ။ပ။ ဥပေက္ခာ သမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ။ပ။သမ္မာသမာဓိ တို့တည်း။ ဤကံတို့ သည်ကား ဆိုအပ်ပြီးသော အဖြူ အမည်းစသည့်ကံသုံးပါးတို့ကို ကုန်ခန်းစေနိုင်၏။ ဖျက်ဆီးစေနိုင်၏' ဟူ၍ ဟောတော်မူသည်။

ဖြူသောကံ၊ မည်းသောကံတို့မှာ ကုသိုလ် အကုသိုလ်နှစ်ပါး ကို ဆိုလိုခြင်းဖြစ်သည်။ အဖြူအမည်း ရောသော ကံဟူသည်မှာ

မိဿကကံဖြစ်ပြီး အဖြူအမည်း မဟုတ်သော ကံဟူသည်မှာ မဂ္ဂင်ရှစ်ပါးပင် ဖြစ်သည်။ အရိယမဂ်၏ အခြံအရံဖြစ်သော သမ္မောဇ္ဈင် စသည့် ဗောဓိပက္ခိယ တို့ကိုလည်း စေတနာမှ တပါးသော ကံဟူ၍ ယူဆိုက်သည်။

အဝိဇ္ဇာကြောင့် ဖြစ်ရသော စေတနာကံ ၂၉ပါး (၀ါ) ပဋိစ္စ သမုပ္ပါဒ် ထောင်ထဲမှ သတ္တဝါတို့ကို မလွတ် ထွက်သွားနိုင်ရန် ဖမ်းချုပ်ထားသော ဓါးပြဗိုလ်ကြီး ၂၉ယောက်တို့ကို အကြွင်း မရှိ သတ်ဖြတ်နှိမ်နင်းနိုင်သော လက်နက်ကြီးများမှာ မဂ္ဂင် ရှစ်ပါးနှင့် ဗောဇ္ဈင် ခုနစ်ပါးသာ ဖြစ်သည်။

ဗုဒ္ဓက ပဋိစ္စသမုပ္ပါဒ် ထောင်ထဲ၌ သံသရာ တလျှောက်လုံး သနားစဖွယ် အချုပ်အနှောင် ခံနေကြရသော သတ္တဝါတို့အား အလွန်ကြီးမားသော မဟာကရုဏာတော်ဖြင့် ဤလက်နက်ကြီ ၁၅လက်တို့ကို ပေးတော်မူခဲ့၏။

သို့သော် သတ္တဝါတို့သည် မိမိတို့၏လွတ်မြောက်ရေးအတွက် ပေးတော်မူသော လက်နက်ကြီးများကို ကျွမ်းကျင် လိမ်မာ ပါးနပ်စွာ အသုံးမချတတ်၍ ပဋိစ္စသမုပ္ပါဒ် ထောင်ထဲ၌ ကျင် လည်နေကြရဦးမည်ကား သာ၍ပင် သနားစရာ ကောင်း၏။

မှန်၏။ သတ္တဝါတို့၏ ရန်သူ စင်စစ်ဖြစ်သော စေတနာ ၂၉ ယောက်တို့ကို အမြစ်ကလှန်၍ သုတ်သင်တိုက်ဖျက် ပစ်နိုင်သော လက်နက်မှာ ဗောဇ္ဈင်နှင့် မဂ္ဂင်တို့သာလျှင်ဖြစ်သည်။ဗုဒ္ဓရှင်မြတ် ပေးထားသော ယင်းလက်နက်တို့မှ တပါး ရန်သူကြီး ၂၉ ယောက်ကို တိုက်ဖျက်နိုင်စွမ်းသော အခြားလက်နက်ဟူ၍ မရှိ။ ဤကား ကလျာဏ ယောဂီတို့ နှလုံးပြုဘွယ် ဖြစ်သည်။

စေတနာ ရန်သူကြီး ၂၉ ယောက်ကို ဗုဒ္ဓပေးသော လက်နက်ဖြင့် တိုက်ဖျက်လျှင် မုချ ဇာတ်သိမ်း ချုပ်ငြိမ်းရမည် ဖြစ်၏။ ယင်း လက်နက်များကို လိမ်မာပါးနပ်စွာ ကိုင်တွယ်တတ်ရန် အရေးကြီးသည်။ ဤလက်နက်များကို ကိုင်တွယ်ရာတွင် အဓိက အရေးအကြီးဆုံးမှာ 'သမ္မာသတိ'ပင် ဖြစ်သည်။

သတိလစ်သည်နှင့် တပြိုင်နက် မိမိဘက်သို့ ပြန်ကန်တတ်သည်။ ဤသို့ သတိလစ်၍ ဒုက္ခရောက်သွားရသူပေါင်းမှာလည်း ရေတွက်နိုင်မည် မဟုတ်။ ဗုဒ္ဓပေးသော လက်နက်တို့သည် အတိမ်းအစောင်းမခံ။ ကြီးစွာ၍သတိထားပါမှ တန်ရုံကျသည်။

စေတနာ စေတသိက် မယှဉ်သော စိတ်ဟူ၍ မရှိကြောင်း အဋ္ဌသာလိနီဆရာ မိန့်သည်။ သို့သော် စေတနာကံကို ဦးစား ပေးအားကြီးလျှင် စေတနာကံသာလျှင် အင်အားကြီးနေမည်။ မဂ်ကံတို့ ဖြစ်ခွင့်မရ။ မဂ်ကံ ဖြစ်ခွင့်မရလျှင် စေတနာ တဏှာ ဘီလူးတို့က စားမြဲတိုင်း စားနေဦးမည်ကား မလွဲတည်း။

ဗောဓိပက္ခိယ တရားတို့ကို ဦးစားပေး၍ အားထုတ်လျှင် (ဝါ) ဗောဇ္ဈင် ခုနစ်ပါး မဂ္ဂင်ရှစ်ပါးတို့ကို ဦးစားပေး၍ အား ထုတ်လျှင် ပင်လယ်ထဲမှ နွားသေကောင်ပုပ်ကဲ့သို့ ယင်း စေတနာ သမ္ပယုတ်ကံသည် ပျောက်ချင်းမလှ ပျောက်ကွယ် သွား ရမည်ကား မလွဲတည်း။

# စိတ်ပိုင်းနှင့်စေတနာ

အဘိဓမ္မာ၌ စိတ်တခုယုတ် ကိုးဆယ်ရှိကြောင်း ဟောတော်မူသည်။ လောက၌ စိတ်တခုယုတ် ကိုးဆယ်အပြင် ပို၍လည်း မရှိသလို လျော့၍လည်း မရှိ။ စိတ်တခုယုတ် ကိုးဆယ်ဟူသည်မှာ စိတ်ပေါင်း ကိုးဆယ်ပြည့်ရန် စိတ်တခု ယုတ်လျော့နေသည့်အတွက် (ဝါ)လိုနေသည့်အတွက် စိတ် ၈၉ ခုဟု ဆိုလိုခြင်းဖြစ်သည်။

ခပ်သိမ်းသော သတ္တဝါတို့၏ ဖြစ်ရာ ဇာတိအရ သရုပ်ခွဲလိုက်လျှင် ကုသိုလ်စိတ် ၂၁ခု၊ အကုသိုလ်စိတ် ၁၂ခု၊ ဝိပါက်စိတ် ၃၆ခု၊ ကြိယာစိတ် ၂၀ တို့ကို ပေါင်းလိုက်လျှင် စိတ်၈၉ခု၊ (ဝါ)စိတ်တခုယုတ် ကိုးဆယ် ရှိသည်။

ခပ်သိမ်းသော သတ္တဝါတို့၏ ဖြစ်ရာဘုံအရ သရုပ်ခွဲလိုက်လျှင် ကာမာဝစရစိတ် ၅၄ခု၊ ရူပါဝစရစိတ် ၁၅ခု၊ အရူပါ

ဝစရစိတ် ၁၂ခု၊ လောကုတ္တရာစိတ် ၈ခုတို့ကို ပေါင်းသော် စိတ် ၈၉ခု ရှိသည်။

စိတ်အကျယ်အားဖြင့် မူလရှိရင်း စိတ် ၈၉ခုကို ထပ်မံ၍ သရုပ်ခွဲလိုက်လျှင် ဖြစ်ရာ ဇာတိအရ အကုသိုလ်စိတ် ၁၂ခု၊ ကုသိုလ်စိတ် ၃၇ခု၊ ဝိပါက်စိတ် ၅၂ခု၊ ကြိယာစိတ် ၂၀တို့ကို ပေါင်းသော် စိတ်ပေါင်း ၁၂၁ပါး ဖြစ်လာသည်။

ဖြစ်ရာဘုံအရ သရုပ်ခွဲလိုက်လျှင် ကာမာဝစရစိတ် ၅၄ခု၊ ရူပါဝစရစိတ် ၁၅ခု၊ အရူပါဝစရစိတ် ၁၂ခု၊ လောကုတ္တရာစိတ် ၄၀ခုတို့ကို ပေါင်းသော် စိတ်ပေါင်း ၁၂၁ပါး ဖြစ်လာသည်။

စိတ်အကျယ် ၁၂၁ပါး ဖြစ်ရသည်မှာ မူလရှိရင်းဖြစ်သော စိတ်ပေါင်း ၈၉ခုတို့ကို အခြေခံ၍ ပွားယူခြင်းသာ ဖြစ်သည်။ အမှန်စင်စစ် လောက၌ စိတ်၈၉ခုတည်းသာ ရှိကြောင်း ဟောတော်မူသည်။ ရေးပညာရှိ အရိယာအရှင်မြတ်တို့ ဗုဒ္ဓ ဟောတော်မူသော စိတ် ၈၉ခုကို အခြေပြု၍ စိတ် ၁၂၁ပါးဖြစ်အောင် ဥာဏ်သွားသည်နှင့်အမျှ ခွဲစိတ်ပြတော်မူခြင်း ဖြစ်သည်။

စိတ်တို့သည် ဇာတိနှင့်ဖြစ်ရာဘုံကိုလိုက်၍ နှစ်မျိုးရှိသော်လည်း စိတ်ဖြစ်မှု၌ မည်သို့ မည်မျှ ခြားနားခြင်း မရှိ။ ဇာတိစိတ်လည်း ဘုံ၌ဖြစ်သော စိတ်၊ ဘုံစိတ်လည်း ဇာတိစိတ်ပင် ဖြစ်၏။

စိတ် ၈၉ခုစလုံး စေတနာ အဓိက မဟုတ်။ စိတ်အားလုံးကို အဝိဇ္ဇာကြောင့် ဖြစ်ရသည်ဟူ၍ ဟောတော်မူခြင်း မရှိ။ လောကုတ္တရာ ဖြစ်သော မဂ်ဖိုလ်စိတ်ရှစ်ပါးကို မဆိုထားနှင့်။

လောကီစိတ် ၈၁ခုကိုပင် အဝိဇ္ဇာကြောင့် ဖြစ်ရသည်ဟု ဟော တော်မူခြင်း မရှိ။

လောကီစိတ် ၈၁ ခုတွင် အကုသိုလ်စိတ် ၁၂ ခု၌ ရှိသော စေတနာ ၁၂ ခု၊ ကာမာဝစရကုသိုလ်စိတ်ရှစ်ခု၌ ရှိသော စေတနာရှစ်ခု၊ ရူပါဝစရကုသိုလ် ၅ ခု၌ ရှိသော စေတနာ ၅ခု၊ အရူပါဝစရစိတ် ၄ ခု၌ ရှိသော စေတနာ ၄ ခုတို့ကို ပေါင်း သော် လောကီစေတနာ ၂၉ ခု ရှိသည်။

ယင်း လောကီစိတ် ၂၉ ခု၌ ရှိသော စေတနာ ၂၉ ခုတို့ကို သာလျှင် အဝိဇ္ဇာကြောင့် ဖြစ်ရသော သင်္ခါရ ကံ အကြောင်း တရား ဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။

လွန်စွာ မှန်လှ၏၊ ယင်းလောကီစိတ် ၂၉ ခု၌ ရှိသော စေတနာ ၂၉ ခု တို့သာလျှင် ရုပ်နာမ် ခန္ဓာ၊ အာယတန၊ ဓါတ်၊ ပဋိစ္စသမုပ္ပါဒ်၊ဇာတိ၊ဇရာ၊မရဏတို့ကို အဆက်မပြတ်ဖြစ် စေတတ်သော လက်သည် တရားခံအကြောင်းရင်း ဖြစ်၏။

ယင်း ၂၉ ခုမှ ကြွင်းသော စိတ်တို့သည် အချို့ အဟော သိကံဖြစ်၍ငင်း၊ မဟာဝိပါက်စိတ် မဟာကြိယာစိတ်ဖြစ်၍ငင်း၊ အမှန်စင်စစ် ရုပ်နာမ်ခန္ဓာ၊အာယတန၊ဓါတ်၊သစ္စာတို့ကို အဆက် မပြတ် ဖြစ်စေတတ်ခြင်း သဘော မရှိ။

မှန်ပေသည်။ သောတာပန်၊ သကဒါဂါမ် တို့သည်ပင် လောကီစိတ် အကြွင်း ရှိသေးသည်။ ယင်း အရိယာ တို့၏ သန္တာန်၌ ဖြစ်သော စိတ်သည် အများ အားဖြင့် မဟာ ဝိပါက် မဟာကြိယာ မဂ်စိတ် ဖိုလ်စိတ်တို့ ဖြစ်သည်။

ဝိပါက်တရားကို ကုသိုလ်အကုသိုလ်တို့၌ ရုပ်နာမ်ခန္ဓာတို့ ဖြစ်စေခြင်း၏အကျိုးကို ဟောသည်။ မဟာဝိပါက်၌ ခန္ဓာနာမ် ရုပ်မှ တပါးသော အကျိုးကို ဟောသည်။

ဋီကာကျော်၌ 'အဝိပါက သဘာဝတော' ဟု ဖွင့်ပြသည်မှာ အကျိုးမရှိသော သဘောဟု ဖွင့်ပြခြင်း မဟုတ်။ ခန္ဓာနာမ်ရုပ် တည်းဟူသော အကျိုးကို ဖြစ်စေခြင်းသဘော မရှိကြောင်း ကိုသာ ဖွင့်ပြခြင်း ဖြစ်သည်။

မဟာဝိပါက်စိတ်သည် အကျိုးမရှိ မဟုတ်။ မုချ အကျိုး ရှိ၏။ အဘယ်အကျိုးရှိသနည်းဆိုသော် ဒွိဟိတ်စိတ်၊ တိဟိတ် စိတ်တို့ကို ဖြစ်စေတတ်သော အကျိုး ရှိသည်။ ကုသိုလ်ဝိပါက်၊ ကြိယာစိတ်တို့ကို မှီ၍ ဒွိဟိတ် တိဟိတ် ပုဂ္ဂိုလ်ဟူသော အကျိုး ကို ဖြစ်စေတတ်သည်။

မဟာကုသိုလ်စိတ် ရှစ်ခုသည် ဒါန၊ သီလ စသော ပုညကြိယာ ဝတ္ထုဆယ်ပါးကိုမှီ၍ ဖြစ်ရသည်။ မဟာဝိပါက်စိတ် ရှစ်ခု သည် ဒါန၊ သီလ စသော ကောင်းမှုဖြစ်ကြောင်းဆယ်ပါးကိုမှီ၍ ဖြစ်ရသော စိတ် မဟုတ်။ အလောဘ၊ အဒေါသ စသည့် အကြောင်းတရားတို့ကို မှီ၍ဖြစ်ရသော စိတ်မည်၏။

မဟာဝိပါက်စိတ် ရှစ်ခုတို့သည် ခန္ဓာနာမ်ရုပ်တို့၏ ရင့်ကျက် စေခြင်းအကျိုးကို ဖြစ်စေသည် မဟုတ်။ စိတ်စေတသိက်တို့၏ ရင့်ကျက်မှု တည်းဟူသော အကျိုးတရားကိုသာ ဖြစ်ရာဘဝ တိုင်း၌ ပေးတတ်သည်။ ဒွိဟိတ်အဖြစ်၊ တိဟိတ်အဖြစ် ဟူသော ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သည်ဟူ၍ အဋ္ဌသာလိနီအဋ္ဌ ကထာ၌ အကျယ် ဖွင့်ပြ၏။

မဟာဝိပါက်စိတ်ရှစ်ခုသည် အဝိညတ္တိဇနကတော အဝိပါက ဓမ္မာဟူ၍ အဋ္ဌသာလိနီဆရာ ဖွင့်သောကြောင့် ကာယဝိညတ်၊ ဝစီဝိညတ်ဟူသော အကျိုးဖြစ်ခြင်း မရှိ။ စေတနာတည်းဟူသော မနောကံကို အကောင်အထည် ပေါ်ထုတ်ပေးတတ်သော ကိုယ်နှုတ်ကံနှစ်ပါးတို့သည်ပင် နာမ်ရုပ်ခန္ဓာကို ဖြစ်စေတတ်သော တရားခံအစစ် ဖြစ်၏။

ကိုယ်နှုတ် ကံနှစ်ပါးဟူသော အကျိုးကို မဖြစ်စေတတ်သော သဘောကြောင့် အဝိပါကဓမ္မာ မည်၏။ သည်အချက်ကို ရည်၍ 'အဝိပါက သဘာဝတော' ဟူ၍ ဖွင့်ပြခြင်း ဖြစ်သည်။

မဟာဝိပါက်စိတ် ရှစ်ခုတို့သည် အဝိပါကဓမ္မ စင်စစ် ဖြစ်၏။ ဤမဟာဝိပါက်စိတ်သည် မျက်စိစသည့် အာရုံငါးပါးတို့၌ ကိလေသာကို အာရုံပြုမှု အားနည်းသောကြောင့် မဟာဝိပါက်စိတ်၌ ဖြစ်သော အာရုံကို 'ပရိတ္တာရုံ'ဟု ခေါ်သည်။

အဋ္ဌသာလိနီ၌ ' တေန္တ ပရိတ္တာရမ္မဏာနိ ဟိ ကာမာဝစရ ဝိပါကာနိ'ဟူ၍ မိန့်သောကြောင့် ဤကာမာဝစရ မဟာဝိပါက် ရှစ်ပါး၌ ဖြစ်သော အာရုံသည် (ကိလေသာ အားနည်းသော)ပရိတ္တာရုံသာဟု မှတ်လေ။

ဤမဟာ ဝိပါက်စိတ် ရှစ်ပါး၌ အလောဘ၊ အဒေါသ၊ အမောဟတည်းဟူသော ဟိတ်သုံးပါး ရှိ၏။ ယင်းဟိတ်သုံးပါးကြောင့် တိဟိတ်စိတ်၊ တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်သည်။ ဉာဏသမ္ပယုတ်စိတ် ၁၂ ခု တို့သည်လည်း တိဟိတ်စိတ်ပင်တည်း။

ကြိယာစိတ်ဟူသည်မှာ 'တတ္တ ကြိယာတိ ကရဏမတ္တ''ဟူ၍ အဋ္ဌသာလိနီ၌ ဖွင့်ပြသောကြောင့် ပြုကာမတ္တဖြစ်သော စိတ်မည်၏။ ခပ်သိမ်းသော ကြိယာစိတ်တို့၌ ဇောအဖြစ်သို့ မရောက်သောကြောင့် အမြစ်ပြတ်သော သစ်ပင် အသီးမသီး အပွင့်မပွင့်နိုင်သကဲ့သို့ ရုပ်နာမ်ခန္ဓာတို့ကို ဖြစ်စေနိုင်ခြင်း မရှိ။

ထို့ကြောင့် ကုသိုလ်လည်း မဟုတ်၊ အကုသိုလ်လည်း မဟုတ်သော အဗျာကတစိတ်သာ မည်၏။

လောဘ၊ ဒေါသ၊ မောဟ တည်းသော အမြစ်သုံးပါး ပြတ်ပြီးသောကြောင့် အဗျာကတဟု ခေါ်သည်။ အဗျာကတဟူသည်မှာ ပုံပြင်တတ်သောတရား မဟုတ်။ ဤမဟာဝိပါက်၊ မဟာကြိယာတို့ကို ကလျာဏပုထုဇဉ်နှင့် အရိယာရှစ်ယောက်တို့သာ ရထိုက်သည်။

မဟာကြိယာစိတ်သည် အဓိသီလ၊ အဓိသမာဓိ၊ အဓိပညာ ဟူသော သိက္ခာသုံးပါး အစွမ်းဖြင့်သာလျှင် ရနိုင်ခွင့် ရှိသည်။ ယင်းသိက္ခာသုံးပါးကို မှီ၍သာလျှင် မဟာကြိယာစိတ် ဖြစ်ရသည်။ ဤသိက္ခာသုံးပါးမှ တပါး ဒါန အစရှိသော အမှုတို့ကို ပြုလျှင်လည်း ပြုကာမတ္တသာဖြစ်၍ ခန္ဓာနာမ်ရုပ် ဟူသော အကျိုးကို ပေးတတ်ခြင်း မရှိ။

မဟာကုသိုလ်စိတ်ရှစ်ပါး၌ သောမနဿနှင့် ဥပေက္ခာနှစ်ပါး ရှိရာ ဉာဏ်မယှဉ်သော သောမနဿစိတ်နှင့် ဉာဏ်မယှဉ်သော

ဥပေက္ခာစိတ် အားကြီး၏။ မဟာဝိပါက်စိတ်ရှစ်ပါး၌ သောမနဿနှင့် ဥပေက္ခာနှစ်ပါး ရှိရာ ဉာဏ်ယှဉ်သော သောမနဿစိတ်နှင့် ဉာဏ်မယှဉ်သော ဥပေက္ခာစိတ် အားကြီး၏။

မဟာကြိယာစိတ်ရှစ်ပါး၌ သောမနဿနှင့် ဥပေက္ခာနှစ်ပါး ရှိရာ ဉာဏ်ယှဉ်သော သောမနဿစိတ်နှင့် ဉာဏ်ယှဉ်သော ဥပေက္ခာစိတ် အားကြီး၏။

ထို့ကြောင့် ဒါန၊ သီလစသည့် ကောင်းမှုတို့သည် မုချ အကျိုးကြီးမားကုန်၏။ သံသရာ၌ ကောင်းကျိုးကို မုချပေး တတ်၏။ ဤမကောင်းမှုတို့သည် အပါယ်ငရဲ စသည်တို့၌ မုချ ဖြစ်ရကုန်၏။

အပါယ်ငရဲစာဖြစ်သော မကောင်းမှုတို့ကို ရှောင်၍ သုဂတိ ဘုံတို့၌ အကျိုးပေးတတ်သော ကောင်းမှုတို့ကို ငါ ကျင့်သုံး အံ့ဟု စိတ်ပြဋ္ဌာန်းခြင်း ရှိသောအခါ ကာမာဝစရ မဟာကုသိုလ် စိတ် ဖြစ်ရ၏။

အတွေ့ကို ရှောင်ကာမျှ မဟုတ်။ အသက်ထက်ဆုံး သမာ ဒါနဝိရတိသီလကို ဆောက်တည်၍ ရုပ်နာမ်သင်္ခါရတို့၌ ဟုတ်မှန် သည့်အတိုင်း အဖန်တလဲလဲ ဆင်ခြင်၍ နေသောအခါ အာရုံ ခြောက်ပါး၌ 'ဖြစ်တည်ပျက်လက္ခဏာသုံးပါး' ဖြင့် သုံးသပ်၍ ရှုသောအခါ ကာမအာရုံတို့ကို မရတတ်သောကြောင့် (၀၁) စေတနာကံ တည်းဟူသော ကိုယ်နှုတ်ကံနှစ်ပါးတို့ကို မဖြစ်စေ

တတ်သောကြောင့် ထိုအခါ၌ ဥာဏ်ဖြင့်ယှဉ်သော သောမနဿ စိတ်၊ ဥာဏ်ဖြင့်ယှဉ်သော ဥပေက္ခာစိတ်တို့ ဖြစ်ရသောကြောင့် မဟာဝိပါက်မဟာကြိယာစိတ်တို့ ဖြစ်ရကုန်၏။

မဟာကြိယာစိတ် ရှစ်ပါးသည် ပုထုဇဉ်မဟုတ်သော ဖြစ်သော ကြောင့် ကုသိုလ် အကုသိုလ်တရား မဟုတ်။ အဗျာကတသာ လျှင်ဖြစ်၏။ သို့သော် အရိယာတို့၏ စိတ်သန္တာန်၌ ဖြစ်သော် မဟာဝိပါက် မဟာကြိယာတို့ကို ကုသိုလ်ဟု မဆိုနိုင်သော် လည်း ကလျာဏပုထုဇဉ်နှင့် သောတာပန်တို့၏ စိတ်သန္တာန်၌ ဖြစ်သော် ကုသိုလ်၏အကျိုးဟူ၍ ဆိုနိုင်သည်။

မဟာဝိပါက်စိတ်သည် မှန်ထဲမှ အရိပ်ကဲ့သို့ တစုံတရာ မကြံ စည်တတ်။ ကိလေသာ အာရုံကို အထူး မကြံတတ်။ ကိုယ်နှုတ်ကံ နှစ်ပါးတို့ကို အားထုတ်ခြင်း ဗျာပါရမရှိ။ အလောဘ၊ အဒေါ သ တည်းဟူသော အဗျာကတ မူလ နှစ်ပါးကြောင့် ဒွိဟိတ်၊ တိဟိတ် ပဋိသန္ဓေတို့ကိုသာ ဖြစ်စေတတ်သည်။

မဟာဝိပါက်နှင့် မဟာကြိယာစိတ်တို့သည် အမှန်စင်စစ် ရုပ်နာမ် သင်္ခါရတို့ကို အဆက်မပြတ် ဖြစ်စေတတ်သော အကြောင်းရင်း စေတနာကံကို အားမထုတ်တတ်သောကြောင့် 'အဘိသင်္ခါရနယ်မှ လွတ်သော စိတ်များ' ဖြစ်၏။

တနည်းအားဖြင့် အဝိဇ္ဇာကြောင့် ဖြစ်ရသော သင်္ခါရ ခြောက်ပါးတို့မှ လွတ်သည်။ ကာမာဝစရစိတ် ၂၄ ပါး၌ မဟာ ကုသိုလ်စိတ်၌ ရှိသော စေတနာ ရှစ်ပါးသာလျှင် အဝိဇ္ဇာ ကြောင့် ဖြစ်ရသော အဘိသင်္ခါရ မည်၏။ ကျန် မဟာဝိပါက်

နှင့် မဟာကြိယာစိတ်တို့သည် အဝိဇ္ဇာကြောင့် ဖြစ်ရသော အဘိသင်္ခါရတရားတို့၌ မဝင်။

ကာမာဝစရစိတ်၌ မဟာကုသိုလ် ရှစ်ပါး၊ မဟာဝိပါက် ရှစ်ပါး၊ မဟာကြိယာ ရှစ်ပါးအားဖြင့် စိတ် ၂၄ ပါး ရှိရာ ကာမာဝစရ မဟာကုသိုလ်စိတ်သာလျှင် စေတနာသင်္ခါရဖြစ်ကြောင်း မှတ်အပ်သည်။

# နိဗ္ဗာန်သို့ ရောက်စေတတ်သောအလှူ

ဒါနပြုတိုင်း နိဗ္ဗာန်သို့ မရောက်နိုင်။ အဘယ့်ကြောင့်နည်း။ စေတနာအဓိကဖြစ်သော စေတနာ ဒါနသာ ဖြစ်နေလျှင် ပဋိစ္စသမုပ္ပါဒ် ဘဝစက်၌ မုချ လည်ပတ် နေရဦးမည်သာဖြစ်၏။

စေတနာဒါနဟူသည်မှာ ကာမာဝစရကုသိုလ် စင်စစ် ဖြစ်သောကြောင့် ပုညာဘိသင်္ခါရပင် ဖြစ်သည်။ ဤစေတနာကံသည် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံး၌ ဖြစ်သည်။

လှူတတ်လျှင် ရုပ်နာမ် သင်္ခါရ ချုပ်မည်။ မလှူတတ်လျှင် ရုပ်နာမ်သင်္ခါရ ဖြစ်မည်။ ပုဗ္ဗ၊ မုဉ္စ၊ ပရ စေတနာသုံးတန် ပြဋ္ဌာန်း ပြီး လှူလျှင် မုချ စေတနာကံသာလျှင် ဖြစ်မည်။ စေတနာကံ ဖြစ်နေသမျှ ရုပ်နာမ်ခန္ဓာတို့လည်း အဆုံးမရှိ ဖြစ်ရတော့မည် မုချပေတည်း။

စေတနာကံသည် ရုပ်နာမ်ခန္ဓာတို့ကို ဖြစ်စေတတ်သော အကြောင်းရင်းအမှန်။ စေတနာချုပ်လျှင် ဝိညာဏ် ချုပ်၏။ ဝိညာဏ်ချုပ်လျှင် နာမ်ရုပ် ချုပ်၏။ နာမ်ရုပ်ချုပ်လျှင် ဘဝ ချုပ်၏။ ဘဝချုပ်လျှင် ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခအစုအဝေးတို့ ချုပ်ရကြောင်းကို နိဒါန သံယုတ် စေတနာသုတ်၌ တိကျစွာ ညွှန်ပြတော်မူသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ယနေ့တိုင်အောင် စေတနာသုံးတန်ကို ပါးစပ်မှ တဖွဖွရွတ်ပြီး တလကြမ်း ဦးစားပေးယင်း နိဗ္ဗာန်ဒါနဟု အမည်ခံနေကြတုန်း ခံနေကြဆဲ ဖြစ်၏။

ပုဗ္ဗ၊ မုဉ္စ၊ ပရဟူသော စေတနာသုံးတန်သည် လောကီဒါန၊ သီလ၊ ဘာဝနာတို့၌ရှိသော စေတနာတို့သာလျှင် ဖြစ်ကြောင်း 'အဘိဓမ္မာဝတာရပုရာဏဋီကာ စိတ္တနိဒ္ဒေသ'၌ အထင်းအရှား ဖွင့်ပြသည်။

ယင်း စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းနေသမျှ ခန္ဓာ နာမ်ရုပ်တို့၏ ဖြစ်မှုအကြောင်းရင်းကို မှတားမြစ်နိုင် သဖြင့် ဝိပဿနာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အခြံအရံ မဖြစ်နိုင်။ စေတနာ တည်းဟူသော အကြောင်းတရားကို အားထုတ်နေသမျှ အကျိုးတို့လည်း မုချ ဖြစ်နေရဦးမည်ကား မလွဲတည်း။

မျက်စိတမှိတ် အတွင်း၌ပင် စိတ္တက္ခဏပေါင်း ကုဋေတသိန်း ဖြစ်၍ ချုပ်သောကြောင့် မိမိ အားထုတ်သော စေတနာကံ အသချေ်အနန္တ ဖြစ်ရမည်။ စေတနာတည်းဟူသော အကြောင်း တရားသည် ရုပ်နာမ်ခန္ဓာကို ဖြစ်စေတတ်သောကြောင့် စေတ

နာကံနှင့်အတူ ရုပ်နာမ်တို့လည်း မရေမတွက်နိုင်အောင် မုချဖြစ်ရပေမည်။

ဒါနစသည့် ကောင်းမှုတို့၌ စေတနာကံကို အားမထုတ်လျှင် (ဝါ) စေတနာကံကို ဝိပဿနာမဂ္ဂင်ဖြင့် ဖျက်ဆီးပစ်လျှင် အကြောင်းတရား ပျက်၏။ အကြောင်းတရားပျက်လျှင် အကျိုးတရားလည်း ပျက်သုဉ်းရ၏။

အကျိုးတရားပျက်သည် ဟူရာ၌ ခန္ဓာနာမ်ရုပ်ကို ဖြစ်စေတတ်သည့် အကြောင်းကံ (စေတနာ) ပျက်သောကြောင့် ခန္ဓာနာမ်ရုပ်တို့ တဖန် မဖြစ်ပေါ်နိုင်ခြင်းကို ဆိုလိုသည်။

ရုပ်နာမ်ခန္ဓာတို့၏ အကြောင်းရင်းကံကို မည်သို့ဖျက်ဆီးနိုင်မည်နည်း။

မည်သည့် ကောင်းမှု၌မဆို စေတနာစေတသိက် ပါဝင်လျက်ရှိသည်ချည်း ဖြစ်၏။ သို့သော် ဗုဒ္ဓရှင်မြတ်ကြီးပေးထားသော လက်နက်တို့ဖြင့် ဖျက်ဆီးသွားရမည်။ သို့မှသာ ယင်းစေတနာအာဘိဇ္ဈာကောင်ကြီး ပျက်ဆီး ဆိတ်သုဉ်းသွားရမည်ဖြစ်၏။

ဗုဒ္ဓပေးထားသော လက်နက်သည်ကား အခြားမဟုတ်။ ဗောဇ္ဈင်နှင့် မဂ္ဂင်တို့ ဖြစ်သည်။ ဗောဇ္ဈင်ခုနစ်ပါး၌ ပါဝင်သော 'သတိလက်နက်သည်' အရေးအပါဆုံးဖြစ်၏။ စေတနာဟူသော ရန်ကို တိုက်ဖျက်ရာတွင် ဦးစွာ ပစ်လွှတ်လိုက်ရမည့် ကျည်ဆံကြီး ဖြစ်သည်။

သတိ တည်းဟူသော ချွန်းကို ဖွင့်၍ လွှတ်လိုက်လျှင် ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ စသည့် အခြွေအရံတို့လည်း ပါဝင်လာရ

မည် ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့ အများအားဖြင့် မျက်စိလည် သွားတတ်သော ကောင်းမှုမှာ ဒါနပင် ဖြစ်သည်။

စချီကတည်းက- ‘အလှူလုပ်ရအောင်’ဟု နှုတ်မြွက်သဖြင့် ပုဗ္ဗစေတနာကြောင့် ဝစီသင်္ခါရ ဖြစ်နေသည်။ ပုဗ္ဗစေတနာ ဟူသော စေ့ဆော်မှုသည်ပင် မနောစေတနာဖြစ်၍ စိတ္တသင်္ခါရလည်း မုချ ပါဝင်ပြီး ဖြစ်သည်။ စိတ္တနှင့် ဝစီသင်္ခါရနှစ်ပါး ဖြစ်ပြီးလျှင် မကြာမီ ကာယသင်္ခါရ ဖြစ်ရတော့မည်ကား မလွဲတည်း။

ယင်း သင်္ခါရသုံးပါး ဖြစ်လျှင်ပင် အဝိဇ္ဇာကြောင့် ဖြစ်ရသောသင်္ခါရကြီး တဝက်ကျိုးတော့သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ပင်လယ်၌ မနားတမ်း တလကြမ်း လက်ပစ်ကူးနေကြသည်မှာလည်း အပြစ်မဆိုသာ။ ဗုဒ္ဓကလည်း သင်္ခါရတို့သည် အဝိဇ္ဇာကြောင့် ဖြစ်ရသည်ဟု တိကျစွာ ညွှန်ပြတော်မူသည်မှာ ထင်ရှားနေ၏။

အင်္ဂုတ္တရနိကာယ် ဗောဇ္ဈင်္ဂသုတ်၌ ဗုဒ္ဓ ညွှန်ပြတော်မူသည့်အတိုင်း ဗောဇ္ဈင်ခုနစ်ပါးကို စတင် အသုံးပြုကြပါစို့။ သတိသမ္ဗောဇ္ဈင်သည်ပင် သတိပဋ္ဌာန်လည်း မည်၏။ သတိန္ဒြေလည်း မည်၏၊ သတိဗိုလ်လည်း မည်၏။ သမ္မာသတိမဂ္ဂင်လည်း မည်၏။

ယင်း သမ္မာသတိကို ပိုင်းခြားလိုက်လျှင် သမာဓိမဂ္ဂင်တွင် ဝင်သည်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်သည် ပညာမဂ္ဂင်တွင် ဝင်သည်။ သတိနှင့်ဝီရိယမှာ သမ္မာဓိမဂ္ဂင်၏ အခြံအရံ သက်တော်စောင့်ကြီးများ ဖြစ်၏။ သီလနှင့် သမာဓိသည် ပညာမဂ္ဂင်၏ အခြံအရံ သက်တော်စောင့်ကြီးများ ဖြစ်၏။

မူလစိတ်၌ ပြဌာန်းစဉ်ကတည်းက စေတနာအဓိက မထားပဲ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့ကို အဓိကထား၍ 'ငါသည် ဝတ္တုပစ္စည်းနှင့်တကွ ဝိပဿနာရှုရလျှင် ကောင်းလေစွတကား' ဟု ဆန္ဒ ပြုလိုက်သည်နှင့် တပြိုင်နက် စေတနာ စေတသိက် အားနည်းသွားပြီး ဆန္ဒစေတသိက် အားကောင်းလာ၏။

'ဟော့-ရှင်မရေ၊ တို့ လှူဘွယ်ဝတ္ထုနဲ့အတူ ဝိပဿနာ ရှုရအောင် မနက်ဖြန် အစီအစဉ် လုပ်ကွယ်' ဟု အိမ်ရှင်မအား ပြောဆိုလိုက်လျှင် ဝိပဿနာတည်းဟူသော ပညာ လက်နက်ကြောင့် စေတနာ မိစ္ဆာကောင်သည် ပျောက်လုလု ဖြစ်သွားရပြန်သည်။

ဤနည်းဖြင့် ပုဗ္ဗ စေတနာကို ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတည်းဟူသော လက်နက်တို့ဖြင့် တိုက်ဖျက် လိုက်ခြင်းဖြစ်သည်။

အလှူခံ ပုဂ္ဂိုလ်၊ အလှူရှင်၊ လှူဘွယ်ဝတ္ထု၊ မိမိ ပြုအပ်သောကံ၊ မေတ္တာ၏ အာရုံဖြစ်သော ခပ်သိမ်းသော သတ္တဝါတို့ကို လှူဆဲအခိုက်၌ လက္ခဏာရေးသုံးပါးတင်၍ 'အယံ ဒေယျဓမ္မော ခယံဂမိဿတိဝယံဂမိဿတိ'' ဤလှူအပ်သောဝတ္ထုတို့သည်မကြာမီ ကုန်ခန်းခြင်းသို့ ရောက်လတံ့။ ပျက်စီးခြင်းသို့ရောက်လတံ့' ဟု နှလုံးသွင်းပြီး ဝိပဿနာရှုနေလျှင် ပညာတည်း ဟူသော မဂ်ကံ အားကြီးလာသောကြောင့် ပုဗ္ဗ၊ မုဥ္စ တည်းဟူသော စေတနာ မိစ္ဆာ နှစ်ကောင်တို့ ပျောက်ခြင်းမလှ ပျောက်ရှိ အကြောင်း သင်္ခါရ မုချ ချုပ်ရတော့၏။

အကြောင်း ချုပ်လျှင် အကျိုးချုပ်၏ဟု ဗုဒ္ဓက တိကျစွာ ညွှန်ပြတော် မူထားသောကြောင့် ရုပ်နာမ်ခန္ဓာ၊ အာယတန၊

ခါတ်တို့သည်း ဖြစ်ခွင့်မရ၊ ရုပ်တန့်သွားရတော့၏။ (ဝါ)ချုပ်ငြိမ်းသွားရတော့၏။

ထို့ကြောင့် ဝိပဿနာရှုရန် မဟုတ်ပဲ ကုသိုလ်ပွားရန် ဟူ၍ ရည်စူးပြီး လှူဒါန်းနေသမျှ စေတနာကံ တည်းဟူသော အကြောင်းတရားကြောင့် ရုပ်နာမ်ခန္ဓာတို့ သည်လည်း မရေမတွက်နိုင်အောင် ဖြစ်နေရဦးမည်ကား မလွဲတည်း။

စေတနာကံကို အားထုတ်လျှင် ရုပ်နာမ် ခန္ဓာဟူသော ပဋိသန္ဓေအကျိုးကို ရမည်။ မဂ်ကံကို အားထုတ်လျှင် ရုပ်နာမ်ခန္ဓာတို့ ချုပ်ငြိမ်းခြင်းဟူသော အကျိုးကိုရမည်ဟူ၍ နှလုံး သွင်းလေ။

အလှူပြီးဆုံးသော အခါ၌လည်း ခပ်သိမ်းသော သင်္ခါရတရားတို့၌လက္ခဏာရေးသုံးပါးတင်၍'အနုပဿနာကမ္မဋ္ဌာန်း'* ကို စီးဖြန်းနေလျှင် ပရဟူသော စေတနာမိစ္ဆာကောင်လည်း ပျောက်ချင်းမလှ ပျောက်ရပြန်၏။

---

*မှတ်ချက်။ ။အနုပဿနာကမ္မဋ္ဌာန်း ဟူသည်မှာ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ တည်းဟူသော မဟာဝိပဿနာ ကမ္မဋ္ဌာန်း သုံးပါးကိုပင် ခေါ်သည်၊

ပဋိသမ္ဘိဒါ မဂ်၌ ယင်းအနုပဿနာသုံးပါး ကိုပင် နိစ္စ၊ သုခ၊ အတ္တ ဟူသော နိမိတ်တို့ကို စိတ်၌ လက်မခံပဲ လုံးဝပယ်စေ တတ်သောကြောင့် အနိမိတ္တ ဝိမောက္ခ မည်၏ ဟူ၍ ဟောတော်မူသည်၊ ပရမတ္ထသရူပဘေဒနီကျမ်း (၅၉၉) ၌လည်း ရှု။

စေတနာ သုံးတန် ပျောက်ဆုံး ချုပ်ငြိမ်းသွား သဖြင့် အကြောင်းသင်္ခါရလည်း ချုပ်ရ၏။ အကြောင်း သင်္ခါရ ချုပ်လျှင် အကျိုးသင်္ခါရလည်း မုချ ချုပ်ရ၏။ ဤဝိပဿနာသည် ဘင်္ဂနုပဿနာ၏ အစွမ်းဖြင့် ဖြစ်ရသောကြောင့် ဝိပဿနာဉာဏ်၏ တတိယအဆင့်သို့ ဆိုက်ရောက်ခြင်းဟု ဆိုသင့်၏။

ထို့ကြောင့် လူတတ်လျှင် မြတ်၏။ မလူတတ်လျှင် ငတ်၏။ လှူတတ်လျှင် မြတ်၏။ မလှူတတ်လျှင် ရပ်၏။ လူ့တတ်လျှင်မြတ်၏။ မလူ့တတ်လျှင် သတ်၏ ဟူသော ယုတ္တိအာဂမ တို့ကိုလည်း သတိပြုသင့်၏။

မလှူတတ်လျှင် ငတ်၏ ဆိုသည်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် အသင်္ခတ ဓါတ်တို့၏ အရသာကို မမြိဳ့ရတော့သဖြင့် ငတ်သည်ဟု ဆိုခြင်း ဖြစ်သည်။ ရပ်၏ဟူသည်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရန် အကြောင်းတရား၌ ရပ်သွားခြင်း ဆိုလိုသည်။ သတ်၏ ဟူသည်မှာ မလှူတတ်၍ သံသရာ၌ နစ်မွန်းနေခြင်း သည်ပင် မိမိကိုယ်ကို သတ်ခြင်းနှင့် တူနေသည်ကို ဆိုလိုသည်။

ဒါန၊ သီလမှုတို့၌ အားထုတ်ကုန်သော အမျိုးကောင်း သားနှင့် ယောဂီတို့သည် ဝိပဿနာ၏ အခြံအရံဖြစ်ရန်အလို့ငှါ ဝိပဿနာ ရှုရန်အလို့ငှါ ဟူ၍ စိတ်ပြဋ္ဌာန်းခြင်းရှိရန်လိုသည်။

သို့မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်း အကြောင်းတရား ဖြစ်နိုင်၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရခြင်း အကြောင်းတရား ဖြစ်လျှင် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ခြင်း အကျိုးတရားလည်း မုချ ရရှိမည် ဖြစ်၏။

# အလယ်ကျင့်စဉ် တတိယအဆင့်

## အာရုံခြောက်ပါး တရား

ယောဂီသည် မိမိဆောက်တည်သော အာဇီဝဋ္ဌမကသီလကို အသက်ထက် ရှိသေမြတ်နိုးစွာ စောင့်ထိန်းသောကြောင့် ပကတိ စင်ကြယ်သော သီလရှိသူ သီလဝန္တ ဖြစ်လာမည်။

ပကတိစင်ကြယ်သော သီလကြောင့် စိတ်၏ကြည်လင်မှု ဖြစ်မည်။ စိတ်ကြည်လင်သောကြောင့် တည်ကြည်မှု သမာဓိကို ဖြစ်ရန် မခဲယဉ်းတော့။ အဆင့်သင့် ဖြစ်နေ၏။ သတိပဋ္ဌာန် လေးပါး၌ မည်သည့် သတိကို ယူယူ ဝိပဿနာ သမာဓိကို မုချ ရပေတော့အံ့။

သမာဓိဟူသည်မှာ ပျံ့လွင့်နေသော စိတ်များကို စုစည်း ပေးခြင်းဖြစ်သည်။ ချုပ်ထိန်းပေးခြင်း ဖြစ်သည်။တနေရာတည်း ၌ စိတ်ကို စုစည်းပေးထားလျှင် အာရုံ မည်သည့် နေရာသို့မျှ

ပျံ့လွင့်ခြင်း မရှိသောကြောင့် စိတ်၏ တည်ငြိမ်မှု (သမာဓိ) ဖြစ်၏။

ကာယာ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မာ တည်းဟူသောသတိပဋ္ဌာန် လေးပါးသည် သမာဓိမဂ္ဂင်အဝင်ဖြစ်၍ မှန်ကန်သော တည်ကြည်မှုကို ရရန် အကြောင်းတရား ဖြစ်၏။ ရအပ်သော သမာဓိသည် အကျိုးတရား ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓက—

'ရဟန်းတို့၊ မှန်ကန်သော သတိဟူသည်ကား အဘယ်နည်း။ အကြင် ရဟန်းသည် ငါ၏ သာသနာတော်တွင် (ကိုယ်ဟူသော) အပေါင်းအစု၌ အဖန်တလဲလဲ ရှု၍ နေ၏။ လောက (ကိုယ်)၌ လောဘ၊ ဒေါသတို့ကို ပယ်ဖျောက်၍ လုံ့လအားထုတ်၍ ပညာဖြင့် ဆင်ခြင်၍ သတိဖြင့် ပြည့်စုံ၍ ဝေဒနာကို အဖန်တလဲလဲ ရှု၍ နေ၏။ ကိုယ်ဟူသော လောက၌ စိတ်ကို အဖန်တလဲလဲ ရှု၍ နေ၏။ ကိုယ်ဟူသော လောက၌ နီဝရဏ အစရှိသော တရားတို့ကို အဖန်တလဲလဲ ရှု၍ နေ၏။ ရဟန်းတို့ 'ဤသို့ အားထုတ်ခြင်းကို သမ္မာသတိဟူ၍ ဆိုအပ်၏'

ဤသို့ 'ဒီဃနိကာယ် မဟာဝဂ်ပါဠိတော် မဂ္ဂသစ္စနိဒ္ဒေသ'၌ ဟောတော်မူသည်။ ဗုဒ္ဓ၏ ညွှန်ပြချက်ကို ထောက်၍ သတိ

ပဋ္ဌာန် တရားလေးပါးသည် သမာဓိမဂ္ဂင်၌ အံဝင်ဂွင်ကျ ဖြစ် နေကြောင်း သိရသည်။

ထို့ကြောင့် သတိပဋ္ဌာန်တရား လေးပါးသည် အဓိစိတ္တ တည်းဟူသော 'မှန်ကန်သောတည်ကြည်မှု'ကိုရရန် အကြောင်း တရားဖြစ်၏။

သတိပဋ္ဌာန်တရား လေးပါး၌ ကာယာနုပဿနာ သတိ ပဋ္ဌာန်ကို စတင်အားထုတ်သင့်၏။

ကာယာနုပဿနာသတိပဋ္ဌာန်၌ နည်းခြောက်ပါး ရှိသည်။ ထွက်သက် ဝင်သက်အားဖြင့်၎င်း၊ ဣရိယာပုထ် အားဖြင့်၎င်း၊ ဆင်ခြင်သောအားဖြင့်၎င်း၊ စက်ဆုပ်ရွံရှာဘွယ်ရာအားဖြင့်၎င်း၊ ဓါတ်ကြီးလေးပါးအားဖြင့်၎င်း၊ ခန္ဓာကို ကိုးပိုင်းခွဲ၍ ရှုခြင်း အားဖြင့်၎င်း နည်းခြောက်ပါး ရှိသည်။

ယင်းနည်းခြောက်ပါး၌ မိမိတို့ နှစ်သက်ရာကို ယူနိုင်သည်။ သို့သော် 'ကိလေသာ အနုအကြမ်း' နှစ်မျိုးရှိရာ ကိလေသာ ကြမ်းကို သတိကြမ်းဖြင့် နှိမ်မှသာလျှင် အောင်နိုင်မည်ဖြစ်၍ မိမိ၏ကိုယ်၌ စက်ဆုပ်ရွံရှာဘွယ်ရာဟူသော နိမိတ်ကို အဖန် တလဲလဲ ရှုရသော ပဋိကူလသညာကမ္မဋ္ဌာန်းသည် မည်သည့် ပုဂ္ဂိုလ်နှင့်မဆို အထူး သင့်လျော်သော ကာယာနုပဿနာ ကမ္မဋ္ဌာန်း ဖြစ်သည်။

# အလုပ်စခန်းစဉ် (၁)

၁။ ဝတ္ထုတို့ကို စင်ကြယ်အောင်ပြုခြင်း။
၂။ ဣန္ဒြေတို့ကို မျှစေခြင်း။
၃။ နိမိတ်၌ ကျွမ်းကျင်လိမ္မာခြင်း။
၄။ စိတ်ကို ချီးမြှောက်သင့်သည့်အခါ ချီးမြှောက်ခြင်း။
၅။ စိတ်ကို နှိမ်သည့်အခါ နှိမ်ခြင်း။
၆။ စိတ်ကို ရွှင်စေသည့်အခါ ရွှင်စေခြင်း။
၇။ စိတ်ကို လျစ်လျူရှုအပ်သည့်အခါ လျစ်လျူရှုခြင်း။
၈။ စိတ်မတည်ကြည်သော ပုဂ္ဂိုလ်ကို ရှောင်ခြင်း။
၉။ စိတ်တည်ကြည်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။
၁၀။ အပ္ပနာသမာဓိသို့ စိတ်ကို ညွတ်စေခြင်း။

ယင်းစံနစ်ဆယ်ပါးကို 'ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ အပ္ပနာကောသလ္လဉာဏ်' ဆယ်ပါးဟူ၍ဖွင့်ပြသည်။ ကမ္မဋ္ဌာန်းယူသော ယောဂီတိုင်း လိုက်နာပြုကျင့်ရမည့် စံနစ် (၁၀)နည်းဆယ်ပါး ဖြစ်သည်။

ဝတ္ထုတို့ကို စင်ကြယ်အောင် ပြုခြင်းဟူသည်မှာ ကမ္မဋ္ဌာန်း ယူမည့် ယောဂီသည် ခြေသည်း လက်သည်းမှအစ ဆံပင်၊ မုတ်ဆိတ်၊ ကျင်စွယ်တည်းဟူသော အတွင်းဝတ္ထုတို့ကို သန့်ရှင်းအောင် ပြုလုပ်ခြင်း၊ ရေချိုးခြင်း၊ ယုတ်စွအဆုံး ခြေလက်ဆေးခြင်း၊ အပဝတ္ထုဖြစ်သော အဝတ်အထည် နေရာထိုင်ခင်း ပတ်ဝန်းကျင်စသည်တို့ကို သန့်ရှင်းအောင် ပြုလုပ်ခြင်းတို့ပင် ဖြစ်သည်။

ဣန္ဒြေတို့ကို မျှစေခြင်း ဟူသည်မှာ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာတည်း ဟူသော ဣန္ဒြေငါးပါး တို့ကိုအညီအမျှ ထား၍ အားထုတ်ခြင်းကို ဆိုလိုသည်။

စိတ်ကို ချီးမြှောက်သင့်သည့်အခါ ချီးမြှောက်ခြင်း ဟူသည်မှာ အပျင်းစိတ်ဝင်၍ ဝီရိယ လျော့သွားသောအခါ၌ အပျင်းစိတ်ကို ကြိုးစား၍ ပယ်ဖျောက်ခြင်းကို ဆိုလိုသည်။

စိတ်ကို နှိမ်သင့်သည့်အခါ နှိမ်ရမည် ဆိုသည်မှာ ဝီရိယအားကောင်း၍ အပြင်းအထန် အားထုတ်မိသောအခါ စိတ်တုန်လှုပ်ပျံ့လွင့်တတ်၏။ ယင်းသို့ မဖြစ်စေရန် ငြိမ်းအေးမှု၊ တည်ငြိမ်မှု၊ လျစ်လျူရှုမှု တည်းဟူသော ဗောဇ္ဈင်သုံးပါးဖြင့် ထိန်းချုပ်ပေးခြင်းပင် ဖြစ်သည်။

စိတ်ကို ရွှင်လန်းစေရန် ဟူသည်မှာ ယောဂီသည် ကမ္မဋ္ဌာန်း၌ ငြီးငွေ့မှု ရှိလာသောအခါ သံဝေဂတရား ရှစ်ပါးဖြင့်သော်၎င်း၊ ရတနာသုံးပါးဂုဏ်ကို အဖန်တလဲလဲ နှလုံးသွင်းခြင်းဖြင့်သော်၎င်း ပြုရမည်ကို ဆိုလိုခြင်း ဖြစ်သည်။

စိတ်ကို လျစ်လျူရှုသင့်သောအခါ၌ လျစ်လျူရှုရမည် ဆိုသည်မှာ ကြောင့်ကြဗျာပါရ မရှိဘိသကဲ့သို့ စိတ်ကို လျစ်လျူရှုထားရန်ပင် ဖြစ်သည်။ အပ္ပနာသမာဓိသို့ စိတ်ကို ညွတ်စေခြင်း ဟူသည်မှာ ဈာန်သမာဓိသို့ စိတ်ကိုညွတ်သော အဖြစ်၊ တည်ကြည်မှုကို အလေးဂရုပြုသော အဖြစ်ကို ဆိုလိုခြင်း ဖြစ်သည်။

ကမ္မဋ္ဌာန်းတရားကို သိက္ခာသုံးပါးနှင့် ပြည့်စုံသော ရဟန်းရှင်လူတို့ထံ၌ခံယူသင့်သည်။ သို့သော် မိမိကိုယ်တိုင် ပညာဖြင့်

ပြည့်စုံနေပါက သက်တော်ထင်ရှား ဗုဒ္ဓရှင်တော်မြတ်ကြီးအား ရည်စူး၍ မျှော်တော်မှောက်၌ မိမိ လိုသော ကမ္မဋ္ဌာန်းကို ယူနိုင်သည်။

ဗုဒ္ဓထံ၌သော်၎င်း၊ ရဟန်းရှင်လူတို့ထံ၌သော်၎င်း၊ ကမ္မဋ္ဌာန်းကို ခံယူသောအခါတိုင်း ယောဂီတို့ သတိပြုရမည့် အချက်မှာ—

ဗုဒ္ဓထံ၌မှောက်၌ ဖြစ်လျှင် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤအတ္တဘောကို အရှင်ဘုရားအား စွန့်လှူပါ၏'– ဟူ၍ ရွတ်ဆိုရမည်။

ရဟန်းသံဃာတော်တို့ထံ၌ ဖြစ်လျှင် 'အရှင်ဘုရား၊ တပည့်တော်သည် ဤအတ္တဘောကိုအရှင်ဘုရားတို့အား စွန့်လှူပါ၏' ဟူ၍ရွတ်ဆို။

ဝတ်ကြောင် ကမ္မဋ္ဌာန်းဆရာထံ၌ ဖြစ်လျှင် 'ဆရာ၊ ကျွန်ုပ်သည် ဤအတ္တဘောကို ဆရာတို့အား အပ်နှံပါ၏'ဟူ၍ ရွတ်ဆိုရန်လိုသည်။

ယောဂီ၏ စိတ်ထဲ၌ မိမိ ယူထားသော ကမ္မဋ္ဌာန်းမှတပါး မှိုခိုရာ၊ အားထားရာ၊ လဲလျောင်းရာ၊ မြတ်နိုး ခင်တွယ်ရာ မရှိဟူ၍ နှလုံးသွင်းထားသင့်၏။ မိမိ ယူထားသော ကမ္မဋ္ဌာန်းသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မုချ ရစေ ရောက်စေနိုင်သော ကမ္မဋ္ဌာန်းဟု ယုံကြည်စွာ နှလုံးသွင်းထားရမည်။

မိမိ ယူထားသော ကမ္မဋ္ဌာန်းကို အသက်ကဲ့သို့ ချစ်ခင်ရမည်။ မြတ်နိုးရမည်။ စောင့်ရှောက်ရမည်။ သို့မှသာ မဂ်ဖိုလ်ရခြင်းအတွက် ခိုင်လုံသော အကြောင်းတရား ဖြစ်လာရမည်။

ကမ္မဋ္ဌာန်းယောဂီသည် သီလမယ၊ သုတမယ၊ ဘာဝနာမယ တို့ဖြင့်ပြည့်စုံသော လူရှင်ရဟန်းတို့နှင့် မကြာခဏ တွေ့ဆုံ၍ တရား ဓမ္မများကို ဆွေးနွေး မေးမြန်း စူးစမ်းသင့်သည်။

ဤ၌ အလျဉ်းသင့်၍ 'ပဋိကူလသညာ ကမ္မဋ္ဌာန်း' ရှုပုံကို အကျဉ်းချုပ်၍ ပြမည်။ စက်ဆုပ် ရွံ့ရှာဘွယ်ရာ အားဖြင့် ကမ္မဋ္ဌာန်းရှုပုံမှာ—

'သလေးစပါး၊ ကောက်ကြီးပေါါး၊ ပဲနောက်၊ နှမ်း၊ ဆန် တို့ဖြင့် ရောနေသော အိတ်ကို ဖွင့်၍ ကြည့်သော် ဉာဏ်အမြင်နှင့် ပြည့်စုံသော ယောက်ျားသည် ဤကား သလေး၊ ဤကား ကောက်၊ ဤကား ပဲနောက်၊ ဤကား နှမ်း၊ ဤကား ဆန် ဟူ၍ ခွဲခြား၍ မြင်ရ သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အောက်ခြေဖဝါးမှ အထက်ဆံဖျားတိုင် မိမိကိုယ်ကို ဆင်ခြင်သည်ရှိသော် တစုံတရာသော အကျော်၊ စမ္ဗာ၊ ကရမက် အမွေး အကြိုင် တင့်တယ်ဘွယ်ရာ နှစ်သက်ဘွယ်ရာတို့ကို မမြင် ရပဲ စင်စစ်သော်ကား- ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အရိုး၊ အသား၊ အကြော၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊

ကျင်ငယ်တည်းဟူသော ရှိရှာစက်ဆုပ်ဘွယ်ရာ သုံးဆယ့်နှစ်ပါးတို့ဖြင့် ဤခန္ဓာသည် ပြည့်နှက်လျက် ရှိပေ၏။

ဤသုံးဆယ့်နှစ်ပါးသော အစုတို့သည် အဆင်းအားဖြင့်၎င်း၊ အနံ့အားဖြင့်၎င်း၊ သဏ္ဍာန်အားဖြင့်၎င်း၊ တည်ရာအားဖြင့်၎င်း မတင့်တယ်။ စင်စစ်ရှိရှာ စက်ဆုပ်ဘွယ်ရာသာဖြစ် ပေ၏။

ဤသို့လျှင် မိမိ၏ အတွင်းသန္တာန်၌၎င်း၊ရုံခါ အပြင်သန္တာန်၌၎င်း အထက်ပါ နည်းအတိုင်း ကမ္မဋ္ဌာန်းကို စွဲမြဲစွာ နှလုံးသွင်းရမည်။ သုံးဆယ့်နှစ်ခုသော ကမ္မဋ္ဌာန်းနိမိတ်တို့ကို ပကတိမျက်စိဖြင့် မြင်ရဘိသကဲ့သို့ ထင်မြင်လာအောင် အဖန်တလဲလဲ ရှုရမည်။

သို့မှသာလျှင် မိမိ ယူလိုသော အချိန်၌ ကမ္မဋ္ဌာန်းနိမိတ်ကို ရုတ်ခြည်းရနိုင်မည်။ ကမ္မဋ္ဌာန်းနိမိတ်ကို ပကတိမျက်စိဖြင့် မြင်နေရသကဲ့သို့ ဖြစ်နေခြင်းကို 'ဥဂ္ဂဟနိမိတ်'ဟုခေါ်သည်။

ဥဂ္ဂဟနိမိတ်ကို တမုဟုတ်ခြင်း ယူနိုင်သောကြောင့် ကြေးမုံပြင်ကဲ့သို့ ပကတိကြည်လင်သော အလင်းရောင်နှင့်တကွ ဖြစ်ပေါ်လာသော ကမ္မဋ္ဌာန်းနိမိတ်ကို မုချရရှိ၏။

ယင်းနိမိတ်ကို 'ပဋိဘာဂနိမိတ်' ဟု ခေါ်သည်။ ယင်း ပဋိဘာဂနိမိတ်ကို ရရှိလျှင် နီဝရဏတို့ ကွာကုန်၏။ ကိလေသာတို့ ငြိမ်ဝပ်ကုန်၏။မကြာမီ စျာန်သမာဓိသို့ ရောက်အံ့ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ မိန့်သည်။

လို့ အတိအကျ မဆိုနိုင်သေးတာက အဲဒီမဂ္ဂင်ဖေါင်ကြီးကို စီးမယ်ဆိုယင် စီးနိုင်တဲ့ အချိန် ရှိနေသေးလို့ပဲ။ ခုလို မဂ္ဂင်ဖေါင်ကြီးနဲ့ တိုက်ဆိုင်တွေ့ကြုံနေရတုန်း ခင်ဗျားတို့ကျုပ်တို့ မလိုက်ပါသွားယင်တော့ ဘယ်တော့မှ လိုက်ခွင့် ကြုံတော့မှာ မဟုတ်ဘူး။

'အဲဒီလို အခွင့်အရေးကြုံဘို့ ဆိုတာကလဲ အခက်တကာ့အခက်ဆုံးပဲ။ ဘယ်သူမှလဲ အာမခံနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် အင်မတန်ကြုံတောင့်ကြုံခဲ မဂ္ဂင်ဖေါင်ကြီးနဲ့ လိုက်ပါနိုင်အောင် ကြိုးစားကြပါလို့ ယောဂီတို့ကို တိုက်တွန်းလိုတယ်။

'ဒီတခါ ရှေ့မှောက်ရောက်နေတဲ့ မဂ္ဂင်ဖေါင်ကြီးနဲ့ ပါမသွားယင်တော့ ဒီပင္ကိစ္စသမုပ္ပါဒ် ပင်လယ်ထဲက လွတ်မြောက်ဘို့ လမ်းစနဲ့ ဝေးပြီလို့သာ မှတ်ပေတော့။ ဒါကို ယောဂီတို့ ကြပ်ကြပ် သတိထား။

'အဲ တခုတော့ ရှိတယ်။ အဲဒီ မဂ္ဂင်ဖေါင်ကြီးကို ရောက်အောင် သတိနဲ့ ကူးရလိမ့်မယ်။ သတိတချက် လွတ်တာနဲ့ ဒုက္ခနဲ့ မုချ တွေ့ရမယ်ဆိုတာလဲ မြဲမြဲ မှတ်ထားကြ။

'အဲဒီ မဂ္ဂင်ဖေါင်ပေါ်ကို ရောက်ဘို့ အလွန်အရေးကြီးတယ်။ အဲဒီမဂ္ဂင်ဖေါင်ရဲ့ ပတ်လယ်မှာ ကာမဘီလူးကြီး ခြောက်ကောင်က အမြဲ စောင့်နေတယ်။ သူတို့ကတော့ မဂ္ဂင်ဖေါင်ပေါ်ကို ဘယ်နည်းနဲ့မှ အတက်ခံမှာ မဟုတ်ဘူး။ အစိမ်းလိုက် ဝါးစားပစ်မှာ မုချပဲ။

'အဲဒီတော့ ကျုပ်တို့က သတိကို နဲနဲလေးမှ အလစ်မပေးပဲ ဗောဇ္ဈင်ခုနစ်ပါးကို ကြပ်ကြပ် နှလုံးသွင်းပြီး ပညာလက်နက်

သုံးပါးနဲ့ ကာမဘီလူးကြီးခြောက်ကောင်ကို အပြတ်အသတ် နှိမ်နင်းပစ်ရမယ်။ ဒါမှ ကျုပ်တို့ မဂ်ဖော်ပေါ်ကို အလွယ်တကူ ရောက်မှာ။ခင်ဗျားတို့ကျုပ်တို့တတွေ မဂ်ဖော်ပေါ်ကို ရောက်မှ စိတ်ချရမယ်။

'အဲဒီ မဂ်ဖော်ပေါ်ကို ရောက်ဘို့နည်းလမ်း နှစ်လမ်းပဲရှိ တယ်။ ပထမလမ်းကတော့ အလုပ်စခန်း အမှတ်စဉ်(၁) မှာ ပြခဲ့တဲ့အတိုင်းပဲ။ ဒါပေမဲ့ ရှင်းအောင် ထပ်ပြီး ပြလိုက်ဦးမယ်။ စွဲစွဲမြဲမြဲ နှလုံးသွင်းကြ။

'ပထမ အလုပ်စခန်းကတော့ စိတ်ကို လေ့ကျင့်ပေးရတဲ့ အလုပ် ဖြစ်တယ်။တနည်းဆိုလျှင် စိတ်ဓါတ် ကြံ့ခိုင်မှုရအောင် လေ့ကျင့်ပေးရတဲ့ အလုပ် ဖြစ် တယ်။ တရားသဘောအရပြောရ ယင် သမာဓိတည်ဆောက်မှုလုပ်ငန်းလို့ ခေါ်တယ်။

'အဲ သမာဓိ တည်ဆောက်မှုလုပ်ငန်းကို အလုပ်စခန်း(၁) မှာ ပြခဲ့တဲ့အတိုင်း ဘုရား၊ ရဟန်းရှင်လူ စတဲ့ ဆရာမြတ်တွေထံက သင့်တော်မဲ့ ကမ္မဋ္ဌာန်းကို ယူပြီး ဆိတ်ငြိမ်ရာအရပ်ကို ရှာ။

'အဲဒီ ဆိတ်ငြိမ်ရာ အရပ်မှာ ကိုယ်ယူထားတဲ့ ကမ္မဋ္ဌာန်းကို 'ဘာဝိကတော ဗဟုလီကတော' လို့ ဗုဒ္ဓညွှန်ပြတော်မူတဲ့အတိုင်း အထပ်ထပ်အခါခါ အဖန်တလဲလဲ ဆင်ခြင်ရမယ်။ ပွါးများ အားထုတ်နေရမယ်။ အဲဒါ သမာဓိတည်ဆောက်ရေး ပထမ အလုပ်စခန်းပဲ။

'စိတ်ကိုတည်ငြိမ်အောင် ပထမ လုပ်ရမယ်။ စိတ်တည်ငြိမ်မှု ရပြီးမှ ပညာနဲ့ တွေးခေါ်ကြံစည်ရမယ်လို့ ဗုဒ္ဓက ညွှန်ကြား တော်မူတယ်။

'ဒါပေမဲ့ သမာဓိတည်ဆောက်ရေးက တကန့်၊ ပညာအား ထုတ်မှုက တကန့်လို့ အတွေးအံချော်မသွားနဲ့ဦး။ စိတ်ရဲ့တည် ငြိမ်မှုကို အရဖမ်းပြီး ပညာစခမ်းကို တိုက်ရိုက်ဝင်သွားရမယ် လို့ ဟောတော်မူတာကို သိထားဘို့လိုတယ်။

'သမာဓိ တည်ဆောက်ရေးက သပ်သပ်၊ ပညာစခန်းက သပ်သပ် လုပ်နေယင် ဘယ်တော့မှ ပညာစခန်းကို ရောက်မှာ မဟုတ်တော့ဘူး။

'သမာဓိနဲ့ ပညာစခန်းတွေဟာ တခြားစီဖြစ်သွားလိမ့်မည်။ သမာဓိ တည်ဆောက်ရေး လုပ်ငန်းဖြစ်တဲ့၊ သတိပဋ္ဌာန် လေးပါးထဲမှာ ပညာခန်းတွေ အသင့်ပါဝင်နေတယ်။

'ဒါကြောင့် မလယအရပ်မှာ သီတင်းသုံးနေတဲ့ မဟာ ရေဝတ မထေရ်ထံမှာ တပည့်မထေရ်နှစ်ဦးက ဇ္ဈာန်း တောင်းလေတော့ ကာယဂတာသတိဖြစ်တဲ့ သုံးဆယ့်နှစ် ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို လေးလပတ်လုံး နှုတ်တိုက် ရွက်ဆို ရမယ်လို့ ဆရာမထေရ်က မိန့်လိုက်တယ်။

'တပည့်ဖြစ်တဲ့ ရဟန်းနှစ်ပါးကလဲ ဆရာ့ရဲ့ မိန့်ဆိုချက်ကို အင်မတန် ရိုသေလေးစားသူတွေ ဖြစ်လေတော့ လေးလပတ်လုံး သုံးဆယ့်နှစ်ကောဋ္ဌာသပါဠိကို ကြိုးစားပြီး ရွတ်ဆိုသရဇ္ဈာယ် လိုက်ကြတာ လေးလမြောက်တဲ့ နေ့ကျတော့ သောတာပတ္တိ မဂ်ဆိုက်ပြီး သောတာပန်တွေ ဖြစ်သွားကြတယ်။

'သတိပဋ္ဌာန်လေးပါးဟာ သမာဓိ ဆောက်တည်ရုံသက်သက် မဟုတ်ဘူး။ ဝေဖန်မှု၊ ဆင်ခြင်မှုဆိုတဲ့ ပညာခန်းတွေ အများ

ကြီးပါတယ်။ ဒါကြောင့် ဗုဒ္ဓက 'သတိပဋ္ဌာန်လေးပါးနဲ့ ပြည့်စုံနေယင် ဗောဇ္ဈင်ခုနစ်ပါးလဲ ပြည့်စုံတယ်။

'ဗောဇ္ဈင်ခုနစ်ပါးနဲ့ ပြည့်စုံနေယင် ဝိဇ္ဇာဝိမုတ္တိဉာဏ်ကို ပြည့်စေတယ်။ သတိပဋ္ဌာန်လေးပါးဟာ ဗောဇ္ဈင်ခုနစ်ပါးပြည့်ရန် အကြောင်း ဖြစ်တယ်။

'ဗောဇ္ဈင်ခုနစ်ပါးဟာ ဝိဇ္ဇာဝိမုတ္တိ လွတ်မြောက်တဲ့ဉာဏ်ကို ရစေနိုင်တဲ့ အကြောင်းတရား ဖြစ်တယ်လို့ အင်္ဂုတ္တရနိကာယ် အဝိဇ္ဇာသုတ်မှာ အတိအကျ ညွှန်ပြတော်မူထားတယ်။

သတိပဋ္ဌာန်လေးပါးထဲမှာ သမာဓိနဲ့ ပညာတွဲပြီး ပါဝင်နေပုံကို သာဓကပြရမယ်ဆိုယင် သတိဆိုတဲ့ သမာဓိပစ္စည်း သမ္ပဇဉ်ဆိုတဲ့ ပညာစွည်း၊ အဲဒီနှစ်ရပ်ကို ပေါင်းစပ်လိုက်တော့ သတိသမ္ပဇဉ် ဆိုတဲ့ သတိပဋ္ဌာန်လေးပါး ဖြစ်လာတယ်။

ဒါကြောင့် သတိသမ္ပဇဉ်နဲ့ ပြည့်စုံတဲ့ ရဟန်းနဲ့ ယောဂီတို့ဟာ နောက်ဆုံး လွတ်မြောက်မှု ဝိဇ္ဇာဝိမုတ္တိဉာဏ် (မဂ်ဉာဏ် ဖိုလ်ဉာဏ်) ကို ရနိုင်တယ်လို့ 'အင်္ဂုတ္တရနိကာယ်သမ္ပဇညသုတ်' မှာ ဟောတော်မူတယ်။

'ပထမ အလုပ်စခန်းကတော့ တိုတိုပြောရရင် စိတ်ငြိမ်ရာမှာ တကိုယ်တည်း ကျင့်သုံးရတဲ့ လုပ်ငန်းပဲ ဆိုပါတော့။

'ဒုတိယ အလုပ်စခန်းကတော့ လွယ်လွယ်နဲ့ အင်မတန်ခက်တဲ့ လုပ်ငန်းဗျ။ လွယ်တယ်ဆိုတာကိုတော့ သွားရင်း လာရင်း စားရင်း သောက်ရင်း လုပ်လို့ရတဲ့အတွက် လွယ်တယ်လို့ ဆိုရတာပဲဗျ။

ကမ္မဋ္ဌာန်းယူပြီးသော ယောဂီသည် သတိကို ရှေ့ရှုလျက် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ပြီးနောက် မိမိ ယူထားသော ကမ္မဋ္ဌာန်းကို ဥဂ္ဂဟနိမိတ် ထင်လာသည့်တိုင်အောင် အဖန်တလဲလဲ ရှုအပ်၏။

ဥဂ္ဂဟနိမိတ်ဟူသည်မှာ ပထဝီ စသည့် ကသိုဏ်းတို့၌ မျက်စိဖွင့်၍ ကသိုဏ်ဝန်းရှုပြီး မျက်စိ ပြန်ပိတ်သောအခါ မျက်စိဖွင့်၍ ကြည့်နေရသကဲ့သို့ နိမိတ်ထင်ခြင်းကို ဆိုလိုသည်။

ဤပဋိကူလသညာဖြစ်သော ကာယဂတာ သတိ ကမ္မဋ္ဌာန်း စသည်တို့၌ အချို့ကို ပကတိမျက်စိဖြင့် မြင်၍ အချို့ကို မမြင်နိုင်သောကြောင့် ကမ္မဋ္ဌာန်း စတင်စဉ်ကပင် မျက်စိကို ပိတ်၍ နိမိတ်ကိုရအောင် ဆင်ခြင်ရမည်။

ဥဂ္ဂဟနိမိတ်ကို မရမခြင်း အထပ်ထပ် ဆင်ခြင်ရမည်။ နိမိတ်ထင်ရှားမှသာလျှင် စိတ္တသမာဓိသို့ ရောက်၏။ ထင်ရှားလာသော နိမိတ်ကို အဖန်တလဲလဲ ရှုသော် မှန်အပြင်၌ ထင်ရှားဘိသကဲ့သို့ ပကတိ ကြည်လင်ပြတ်သားလှသော အလင်းရောင်နှင့်တကွ ပဋိဘာဂနိမိတ်ကို ရအံ့။

ရံဖန်ရံခါ ဆိုသလို ကမ္မဋ္ဌာန်း စတင်သော ယောဂီသည် စိတ်ပျံ့လွင့်ခြင်း ဖြစ်တတ်၏။

ယင်းအခါ၌ 'ငါ အားထုတ်အပ်သော ဤအကျင့်တရားသည် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ ကျင့်သုံးတော်မူကြသော ထွက်မြောက်ကြောင်း အကျင့်မြတ်ပေတည်း။ ငါသည် ဤအကျင့်မြတ်ဖြင့် လွတ်မြောက်ကြောင်း တည်းဟူသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မုချရအောင် ယူပေအံ့' ဟု စိတ်ကို ချီး

မြှောက်ပေးသောအခါ ပို၍ လှုံ့ဆော်သောစိတ်၊ ချောက်ချားသော စိတ်တို့သည် ငြိမ်သက်ရကုန်၏။

အပျင်းစိတ်ကို ဖျောက်၍ မှန်မှန် အားထုတ်ခြင်းကို 'ဝီရိယာ ရမ္ဘ'ဟု ခေါ်သည်။ ဤဝီရိယာပုထ် ပြောင်း၍ ပြောင်း၍ အား ထုတ်ရမည် ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်သည်။

ထိုင်ရာမထ သေလုနီးပါး မကျင့်ရ။ ယင်း အကျင့်သည် ကိုယ်စိတ်ကို ပင်ပန်းစေတတ်သောကြောင့် 'အတ္တကိလမထာ နုယောဂ' အကျင့် ဖြစ်သည်။

မိဂဒါဝုန်တရားတော်၌ ဗုဒ္ဓက အလျင်းပယ်ပြီးသောအကျင့် ဖြစ်၏။ဗုဒ္ဓ မကြိုက်သော အကျင့်တည်း။

ကိလေသာ ကာမဂုဏ် စည်းစိမ်၌ နစ်မွန်း၍ ကျင့်ခြင်းကို လည်း ယင်း မိဂဒါဝုန် ဓမ္မစကြာတရားတော်၌ပင် 'ကာမ သုခလ္လိကာနုယောဂ' ဟူသော အပြစ်ကို ထောက်၍ အကြွင်းမဲ့ ပယ်တော်မူသည်။ယင်း အကျင့်သည်လည်း ဖေါက်ပြန်မှားယွင်း သော အကျင့် ဖြစ်သည်။

မိမိ၏ အဇ္ဈတ္တအင်္ဂါဖြစ်၍ နေသော စက္ခု။ ပ။ ဥ္ဒြတွယ်တာသော တဏှာ၏ ပြတ်ကင်းခြင်းသည် မိမိ၏စက္ခု ။ပ။ဥ္ဒြ ရအပ်သော နိဗ္ဗာန် မည်၏။

နိရောဓသစ္စာဝိဘင်းပါဠိတော်

## အလုပ်စခန်းစဉ် (၂)

'ဒီအလုပ်စခမ်းကိုတော့ တရားဟောသလိုပဲ ရေးမယ်။ ဘာကြောင့်လဲဆိုတော့ ယောဂီတို့ ပိုပြီး သဘောပေါက်လွယ်အောင် ရည်ရွယ်ခြင်း ဖြစ်တယ်။

'အင်း အာရုံခြောက်ပါး၊ အာရုံခြောက်ပါး။ ခင်ဗျားတို့ ကျုပ်တို့ ယောဂီတွေ မျက်စိလည်နေတာ ဒီအာရုံခြောက်ပါးပဲ။ ဗုဒ္ဓရဲ့ တရားတွေဟာ အင်မတန် သိမ်မွေ့နက် ရှိုင်း လေတော့ မျက်စိလည်မယ်ဆိုလဲ လည်လောက်စရာပဲဗျ။

'ကျုပ်တောင်မှ ဆယ်နှစ်လုံးလုံး မျက်စိလည်ခဲ့သေးတာပဲ။

မျက်စိလည်ရှိန့် ရပ်သွားလို့ တော်သေးရဲ့။ နို့မို့ ကျုပ်လဲ အစိစိ ဇောက်ထိုးဆင်းရဘို့ မလွဲဘူး။

'ဟောဒီ အာရုံခြောက်ပါးဟာ အပြောရလွယ်သလောက် အလုပ်ရ အင်မတန်ခက်တယ်။ နောက်တော့ ခင်ဗျားတို့ လက်တွေ့လုပ်ကြည့် သိလိမ့်မယ်။ အဲဒီအာရုံခြောက်ပါးကပဲ ခင်ဗျားတို့ ကျုပ်တို့တတွေကို ပဋိစ္စသမုပ္ပါဒ်ပင်လယ်ထဲ ဆွဲနှစ်နေတာ။

'ခင်ဗျားတို့ ကျုပ်တို့ကလဲ ဒီအာရုံခြောက်ပါးကို ဆီဥထောပတ် အမြိုက်သုဒ္ဓါလို ထင်မှတ်ပြီး မိုဝစားသောက်ခဲ့လေတော့ ဒီပဋိစ္စသမုပ္ပါဒ် ပင်လယ်ထဲမှာ တဝဲလည်လည်နဲ့ လက်ပစ်ကူးနေခဲ့ကြရတာပဲ မဟုတ်လား။

'ဒီပဋိစ္စသမုပ္ပါဒ် ပင်လယ်ထဲမှာ ကမ်းမမြင် လမ်းမမြင် လက်ပစ်ကူးနေကြတဲ့ ခင်ဗျားတို့ကျုပ်တို့ သတ္တဝါတွေကို မြင်တော့ အင်မတန်ကြီးမားတဲ့ မဟာကရုဏာရှင် ဗုဒ္ဓဟာ ခင်ဗျားတို့ ကျုပ်တို့သတ္တဝါတွေကို ကယ်တင်ဘို့ဆိုပြီး လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတိုင်တိုင် သူကိုယ်တိုင် ဒုက္ခအမျိုးမျိုးတွေကို ခံပြီး မဂ္ဂင်ဖေါင်ကြီးကို တည်ဆောက်ပေးခဲ့တယ်။

'ဒါတောင်မှ အဲဒီမဂ္ဂင်ဖေါင်ကြီးကို မမြင်တဲ့ သတ္တဝါတွေ အသင်္ချေနဲ့အနန္တပဲ။ သူတို့ကို ကယ်တင်ဘို့ ဗုဒ္ဓက တည်ဆောက်ပေးတဲ့ မဂ္ဂင်ဖေါင်ကြီးကို ကယ်ဆယ်ရေးဖေါင်ကြီးမှန်း မသိလို့ ရှောင်တဲ့လူတွေ၊ တချို့သိလျက်နဲ့ ရှောင်တဲ့ လူတွေကလဲ အသင်္ချေနှင့် အနန္တပဲဗျ။

'အဲဒီအသင်္ချေနဲ့ အနန္တထဲမှာ ခင်ဗျားတို့ကျုပ်တို့ ပါတယ်လို့မဆိုနိုင်သေးဘူး။ အရင်ကတော့ ပါခဲ့တယ်။ ခုတော့ ပါတယ်

'နောင်လဲ ဒီလိုအခွင့်အရေးမျိုး ရချင်မှ ရမှာ။ အမှန်ကတော့ မရမှာသေချာတယ်။ နောက်ခန္ဓာတွေကို မမြော်နဲ့။ နောက်ခန္ဓာဆိုတာ မသေချာဘူး။

'သေချာတာကတော့ မျက်မှောက်ခန္ဓာပဲ။ ဒီကမ္ဘာမှာ ဘုရားပွင့်တုန်း ကြုံကြိုက်နေတဲ့ မျက်မှောက်ခန္ဓာဟာ အဘိုးအတန်ဆုံးပဲ။ တန်ဘိုးဖြတ်လို့မှရနိုင်ဘူး။

'ခု လုပ်မှ ခုရမှာ။ နောက်လုပ်ယင် ရနိုင်တယ် ဆိုတာက စိတ်ကူးယဉ်သက်သက် ဖြစ်သွားလိမ့်မယ်။

'ခုလို မဟာ အခွင့်အရေးကြီးနဲ့ ကြုံကြိုက်တုန်း ခင်ဗျားတို့ ကျုပ်တို့ ယောဂီတွေ စုပေါင်းပြီး တဏှာဘီလူးကြီး ခြောက်ကောင်ကို ပေးထားတဲ့ လက်နက်နဲ့ အပြတ် သုတ်သင်နှိမ်နင်းပစ်ရမယ်။ ဒါမှ ကျုပ်တို့ကို ပြန်မခုခံနိုင်မှာ။ ဒီကောင်တွေဟာ တော်တော်ကြောက်စရာ ကောင်းတယ်။

'ဘာကြောင့်လဲဆိုတော့ ဒီဘီလူးတွေဟာ နတ်သမီးယောင်ဆောင်ပြီး နတ်သုဒ္ဓါတွေနဲ့ လာကြတာကိုး။

'အဲ ပထမတော့ သူတို့မှာ ပါလာတဲ့နတ်သုဒ္ဓါတွေကို အဝအပြဲ ကျွေးလိုက်သေးတယ်။ နောက်မှ လူတွေကို သူတို့က တစိမ့်စိမ့် စားတော့တာပဲ။

'ကာမဘီလူးကျွေးတဲ့အစာတွေကို အဟုတ်ထင်ပြီး မြတ်မြတ်နိုးနိုးနဲ့ စွဲလမ်းနေကြတဲ့ သူတွေကတော့ အသချေ်အနန္တပဲဗျ။ သူတို့ရဲ့ ဇီဇသဘာဝကို ပညာမျက်စိနဲ့ ကြည့်လို့ ဘီလူးမှန်းသိသွားပြီးတဲ့ ပုဂ္ဂိုလ်တွေကတော့ သူတို့ရဲ့ အစား မခံတော့ဘူး။

မသိတဲ့ သူတွေကတော့ ဆက်လက်ပြီး အစားခံနေကြရတုန်း ခံနေကြရဆဲပဲ။

'တဏှာဟာ အင်မတန် ကြောက်စရာကောင်းတယ်။ အဲဒီ တဏှာဘီလူး ခြောက်ကောင်ဟာ တံခါးခြောက်ပေါက် အာရုံ ခြောက်ပါးမှာပဲ ကျက်စားနေတယ်။ အဲဒီ တဏှာဘီလူးတွေဟာ အင်မတန် တန်ခိုးကြီးတယ်။ သူတို့ တန်ခိုးနဲ့ ကိုယ်ရောင် ဖျောက်ထားတော့ ခင်ဗျားတို့ကျုပ်တို့ ဘယ် မြင်ရလိမ့်မလဲ။

'ပညာမျက်စိ အမြင်သန်တဲ့ လူမှ သူတို့ကို မြင်နိုင်တာ ကလား။ သူတို့က အကြောင်းမဲ့ သက်သက် ဖြစ်ပေါ်လာရတာ မဟုတ်ဘူး။ အကြောင်းတရား ရှိတယ်။ ဒါကြောင့် ဗုဒ္ဓရှင်မြတ် ကြီးက 'ဣမေ စတ္တာရော အာဟာရာ တဏှာနိဒါနာ'လို့ 'နိဒါန သံယုတ် အာဟာရသုတ်' မှာ အတိအကျ ညွှန်ပြတော်မူတယ် မဟုတ်လား။

'ဗုဒ္ဓရှင်မြတ်ကြီး ညွှန်ပြတော်မူတဲ့အတိုင်း တဏှာရဲ့ အကြောင်းရင်းဟာ အာဟာရလေးပါး ဖြစ်တယ်။

'စားသောက် ဝါးမျိုရတဲ့အာဟာရ၊ ဒုတိယ ဖဿဖြစ်တဲ့ ထိတွေ့မှု၊ တတိယကတော့ စိတ်နှလုံးနဲ့ စေ့ဆော်တတ်တဲ့ အကြောင်းကံ- မနောသဥ္စေတနာ၊ စတုတ္ထကတော့ သိတတ်တဲ့ ဝိညာဏ်တရားပဲ။

အာဟာရ လေးပါးဆိုတာ အကြောင်းတရား လေးပါးကို ဟောတော်မူခြင်း ဖြစ်တယ်။

'အာဟာရ၊ ဖဿ၊ စေတနာ၊ ဝိညာဏ်ဆိုတဲ့ အကြောင်းတရား လေးပါးကြောင့် တဏှာဖြစ်ရတယ်။ တဏှာကြောင့် ဘဝသစ်

တွေ တလစပ်ဖြစ်နေရတယ်ဆိုတာကို ' နိဒါနသံယုတ် မောဠိယ ဖဂ္ဂုနသုတ်' မှာ ဟောတော်မူတယ်။

' အဲဒီ နိဒါနသံယုတ် စေတနာသုတ်မှာတော့ စေတနာကြောင့် ဘဝသစ်တွေ တလကြမ်းဖြစ်နေရတယ်လို့ ဟောတော်မူတယ်။

'စေတနာဆိုတာကတော့ ကာမဘုံမှာ ကျင်လည်စေတတ်တဲ့ ကာမကုသိုလ်ရှစ်ခုမှာ ရှိနေတဲ့ 'မနောသဉ္စေတနာ' ကို ခေါ်တယ်။စေတနာဟာ တဏှာရဲ့ အကြောင်းရင်းလို့ ဟောတော်မူတဲ့အတွက် စေတနာဆိုတာဟာလဲ တဏှာပဲ မဟုတ်လား။

'ကြည့်လိုတဲ့ စေတနာ၊ ကျွေးမွေးလိုတဲ့ စေတနာ၊ပေးကမ်းလိုတဲ့ စေတနာ၊ စားသောက်ချင်တဲ့ စေတနာနဲ့ ကြည့်လို မြင်လို စားလိုတဲ့ တဏှာနဲ့ ဘာများ ကွာခြားသလဲ။

'စေတနာလဲ ဘဝကို ဖြစ်စေတယ်။ တဏှာနဲ့ ဘာများ ကွာခြားသလဲ။ မစေတနာလဲ ဘဝကို ဖြစ်စေတယ်။ တဏှာလဲ ဘဝကို ဖြစ်စေတယ်။ စေတနာနဲ့ တဏှာဟာ အကြောင်းတရား ချည်းမို့ သဘာဝချင်း အတူတူပဲ။

'အာရုံခြောက်ပါးမှာ စွဲဆော်တိုက်တွန်းတတ်တဲ့ အတွက်ကြောင့် အာရုံခြောက်ပါးကို သိတတ်တဲ့ ဝိညာဏ် ဖြစ်ရတယ်။ အဲဒီဝိညာဏ်ကို ပွားများစေတဲ့ အတွက်ကြောင့် ဘဝသစ်တွေ ဖြစ်ရတယ်။ ဘဝသစ်တွေ ဖြစ်ရပြန်တော့ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ရင့်ရော်ခြင်း၊ နာခြင်း၊သေခြင်းဆိုတဲ့ ဆင်းရဲစုတွေ မုချ ဖြစ်လာရတယ်။

'အာရုံခြောက်ပါးမှာ စေ့ဆော်မှုဆိုတဲ့ အကြောင်းတရား မရှိယင် အာရုံကိုသိတတ်တဲ့ ဝိညာဏ်တွေ တိုးပွါးခြင်းမရှိတော့ ဘဝအသစ်တွေလဲ မဖြစ်တော့ဘူး။

'ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်း နာရခြင်းဆင်းရဲ၊ သေရခြင်း ဆင်းရဲဆိုတဲ့ ဆင်းရဲအစုအဝေး အစိုင်အခဲတွေလဲ တခါထဲ ချုပ်ငြိမ်းသွားရတယ်လို့ နိဒါနသံသုတ် စေတနာသုတ်မှာ ဗုဒ္ဓ ညွှန်ပြတော်မူတဲ့ အချက်ကို ခင်ဗျားတို့ကျုပ်တို့ ယောဂီတွေ အထူးနှလုံးသွင်းသတိထားဘို့ လိုတယ်။

'ခင်ဗျားတို့ကျုပ်တို့ကို သံသရာတလျှောက်လုံး လိုက်ပြီး နှိပ်စက်နေတဲ့ တရားခံအစစ်ကတော့ စေတနာပဲဗျ။ ကောင်း စေတနာ၊ဆိုးစေတနာပဲ။ဒီစေတနာတွေနဲ့ ပက်သက်ပြီး အလယ် ကျင့်စဉ် ဒုတိယအဆင့် ကဏ္ဍမှာပဲ ချပြခဲ့တယ်။

'အကုသိုလ်စေတနာတဆယ့်နှစ်ပါး၊ကာမကုသိုလ်စေတနာ ရှစ်ပါး၊ ရူပဗြဟ္မာဘုံကို လည်စေတတ်တဲ့ ကုသိုလ် စေတနာ ငါးပါး၊ အရူပဗြဟ္မာဘုံကို လည်စေတတ်တဲ့ ကုသိုလ်စေတနာ လေးပါး၊ အဝိဇ္ဇာကြောင့် ဒီလောကီစေတနာ နှစ်ဆယ့်ကိုးပါး ဖြစ်ရတယ်။

'အဲဒီ လောကီစေတနာနှစ်ဆယ့်ကိုးပါးဟာ သင်္ခါရတရား ချည်းပဲ။ဒီစေတနာသင်္ခါရတွေကြောင့် ရုပ်နာမ်ခန္ဓာအာယတန၊ ဓါတ်တွေ တလစပ်ဖြစ်ပြီး ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ဘဝစက်ကြီးထဲမှာ သတ္တဝါတွေ လည်ပတ်နေကြရတာပဲ မဟုတ်လား။

'ဒါကြောင့် ဗုဒ္ဓက ပဋိစ္စသမုပ္ပါဒ်အဖွင့် ဝိဘင်းပါဠိတော်မှာ တိတိကျကျ ညွှန်ပြတော်မူခဲ့တယ်။

'ခက်တယ်ဆိုတာကတော့ သတိပဲ။ အဲဒီ သတိကို ကိုယ်နဲ့ မကွာ မြဲနေဘို့က မလွယ်ဘူး။ ဒီသတိလေးကို ခင်ဗျားတို့ ကျုပ်တို့တတွေ သွားတိုင်း လာတိုင်း စားတိုင်း သောက်တိုင်း ဒီခန္ဓာပေါ်မှာ တည်ဆောက်ထားဘို့ဆိုတာက လွယ်မယောင်နဲ့ အင်မတန်ခက်တဲ့ အလုပ်ပဲ။

'ဒါပေမဲ့ အလေ့အကျင့်ပဲ။ အလေ့အကျင့်ရှိရင် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အဲဒီ သတိလေးကို ခန္ဓာမှာ မြဲအောင် ပထမ ဆိတ်ငြိမ်ရာမှာ လေ့ကျင့်ပေးရတယ်။

'အဲဒီလို ဆိတ်ငြိမ်ရာမှာ လေ့ကျင့်ပါများတော့ စိတ်ရဲ့တည်ငြိမ်မှုဟာခိုင်မြဲလာတယ်။ စိတ်တည်ငြိမ်မှုရင့်ကျက်လာတာနဲ့အမျှ ခန္ဓာပေါ်မှာ သတိမြဲလာမယ်။

'ခန္ဓာမှာ သတိမြဲလေလေ စိတ်ကိုဖမ်းချုပ်လို့ ရလေလေပဲ။ စိတ်ကိုဖမ်းချုပ်လို့ ရတာနဲ့အမျှ ပညာလဲ ရင့်ကျက်လာရတာပဲ။

'သွားလာလှုပ်ရှားနေတဲ့ အခါမှာ အာရုံတွေကလဲ ပိုပြီး လှုပ်ရှားပျံ့လွင့် နေတတ်တယ်။ အဲဒီအခါမှာ သတိကို ပိုပြီး အထိန်းရခက်တယ်။ ရာခိုင်နှုန်းပြည့် သတိလွတ်နေတတ်တယ်။ အဲဒီလို သတိလွတ်လွတ်နေကြလို့ ခင်ဗျားတို့ ကျုပ်တို့ သတ္တဝါတွေဟာ သံသရာမှာ လည်လည်နေကြ ရတာပဲ မဟုတ်လား။

'ဒါကြောင့် လယ်တီဆရာတော်ကြီးက သွား သတိ၊ စား သတိ၊ နေ သတိ၊ ထိုင် သတိ လို့ မိန့်တော်မူတယ်။ ဗုဒ္ဓရှင်မြတ်ကြီးကလဲ ဒီသတိတလုံးကိုပဲ အထပ်ထပ်အခါခါ မနေမနား

ဟောတော်မူခဲ့တယ်။ ဒါတောင်မှ ယောဂီတွေဟာ သတိလွတ်လွတ်နေကြတယ်။

'မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တကယ်ရောက်လို ရလိုချင်ယင်တော့ အာရုံခြောက်ပါး တံခါးခြောက်ပေါက်မှာ အဲဒီသတိကို တံခါးမှူးခန့်ပြီး အစောင့်ထားပေတော့။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မလိုချင်ယင်တော့ အထူးပြောစရာမလိုဘူး။

'အဆင်း၊အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘော ဆိုတဲ့ အာရုံခြောက်ပါး တံခါးခြောက်ပေါက်မှာ သတိနဲ့ မပိတ်သမျှတော့ ဘယ်လောက်ပဲ ကမ္မဋ္ဌာန်းထိုင်ထိုင် ဈာန်တွေကို မိုးပျံအောင်ရပေမဲ့ ပဋိစ္စသမုပ္ပါဒ်ပင်လယ်ထဲမှာ လက်ပစ်ကူးနေကြရမှာ မလွဲဘူး မှတ်။

'သတိရှိသူ သတိမြဲသူတွေသာ ဒီသံသရာက လွတ်မြောက်နိုင်ပုံ၊ သတိမရှိသူ သတိမမြဲသူတွေ ဒီသံသရာက မလွတ်မြောက်နိုင်ပုံ၊ လွတ်မြောက်ရန် အကြောင်း မရှိပုံကို 'အင်္ဂုတ္တရပါဠိတော်' မှာ ဟောတော်မူတယ်။ ဒါကို ခင်ဗျားတို့ကျုပ်တို့ ယောဂီတွေ အထူးနှလုံးသွင်း ထားမိဘို့လိုတယ်။

'ကိုင်းဒီကနေ ရှေ့ဆက်ပြီး ကျုပ် ခန္ဓာပေါ်မှာတည်ဆောက်ကြည့်လို့ သိထား မြင်ထားတဲ့ အာရုံခြောက်ပါးတရားကို ရုပ်နာမ် ခန္ဓာ အာယတန ဓါတ် သစ္စာနဲ့ ကိုက်ပြီး ပြမယ်။ ကျုပ်ခန္ဓာပေါ်မှာ တွေ့သမျှ မြင်သမျှတွေကိုတော့ အကုန်အစင်ချပြသွားမယ်။ ဒါပေမဲ့ အကြွင်းအကျန်အတိမ်းအစောင်း ရှိနေသေးယင်တော့—

'ကမ္မဋ္ဌာန်းပို့ချပေးတဲ့ ဆရာရဲ့ အပြစ်မဟုတ်။ ကျုပ်ရဲ့ ချွတ်ယွင်းမှုလို့သာ မှတ်ချက်ချရန် တောင်းပန်ပါတယ်။

'ပြီးတော့ ကျုပ်ထက် သီလ၊ သမာဓိ၊ ပညာ ထက်မြက်ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို ရိုသေစွာ ဂါရဝပြုလိုက်ပါတယ်။ သာဓကယုတ္တိ၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိကျကျ ဝေဖန်ပြုပြင်ပေးရန်ကိုလဲ ထပ်မံ ပန်ကြားလိုက်ပါတယ်။

'ကိုင်း၊ ယောဂီအပေါင်းတို့ ဒီနေရာကစပြီး ယောနိသောမနသိကာရ ထိုက်သင့်စွာ နှလုံးသွင်းကြပေတော့။

'ကျုပ်ဟောမဲ့ တရားကတော့ အာရုံခြောက်ပါးလို့ အမည်တပ်ထားတဲ့ တရားပဲ။ ဗုဒ္ဓရဲ့ဟောချက်နဲ့ ကိုက်မကိုက် ဆိုတာကိုတော့ ယောဂီတို့ ကိုယ်ပိုင်ဉာဏ်နဲ့ ချိန်ကြည့်။

'ဒါမှ မကျေနပ်သေးယင် ကမ္ဘာအေးက ပိဋကတ်သုံးပုံဝယ်ပြီး တိုက်ကြည့်။ အာရုံခြောက်ပါးတရားကို စိတ်နဲ့တွေ့မှယူ။ စိတ်နဲ့ မတွေ့ရင် မယူနဲ့။

'ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ 'ရူပါအဘိညေယျော သဒ္ဒါအဘိညေယျော'လို့ ဟောတော်မူတယ်။ ရူပါရုံအစ ဓမ္မာရုံအဆုံးဖြစ်တဲ့ အာရုံခြောက်ပါးကို ထူးသောဉာဏ်နဲ့ သိရမယ်လို့ ဟောတော်မူခြင်း ဖြစ်တယ်။

'အဲဒီလို ထူးတဲ့ဉာဏ်နဲ့ ပိုင်းခြားပြီး သိရမဲ့ တရားတွေကတော့ ဒွါရ ခြောက်ပါး၊ အာရုံခြောက်ပါး၊ ခန္ဓာငါးပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿ ခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ သညာခြောက်ပါး၊ စေတနာခြောက်ပါး၊ တဏှာခြောက်ပါး၊ ဝိတက်ခြောက်ပါး၊ ဝိစာရခြောက်ပါး၊ ဓါတ် ခြောက်ပါး၊

ကသိုဏ်းဆယ်ပါး၊ ကောဋ္ဌာသ သုံးဆယ့် နှစ်ပါး၊ အာယတနတဆဲ့နှစ်ပါး၊ ဓါတ်တဆယ့် ရှစ်ပါး၊ ဣန္ဒြေ နှစ်ဆယ့်နှစ်ပါး၊ ဓါတ်သုံးပါး၊ ဘဝကိုးပါး၊စျာန်လေးပါး၊ အပ္ပမညာလေးပါး၊ သမာပတ်လေးပါး၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတဆယ့်နှစ်ပါး၊ ဒီတရားအပေါင်းကို ထူးတဲ့ ဥာဏ်နဲ့ သိရမယ်လို့ ပဋိသမ္ဘိဒါမဂ်မှာ ဟောတော်မူထားတယ်။

'ထူးတဲ့ဥာဏ်နဲ့ သိရမယ်ဆိုတဲ့ အဲဒီတရားတွေကို အားလုံးခြုံလိုက်ယင် ဒွါရခြောက်ပေါက်မှာဖြစ်ပေါ်နေတဲ့အာရုံခြောက်ပါးပဲ။အဲဒီအာရုံခြောက်ပါးကို သတိနဲ့ဖမ်းချုပ်လိုက်ရင် သိသင့်သိထိုက်တဲ့ တရားတွေ အားလုံး ပါလာလိမ့်မယ်။

'နောက်ဆုံး ဒီအာရုံခြောက်ပါးကို အပိုင်စီးထားတဲ့ တဏှာဘီလူးကြီးခြောက်ကောင်ကို မုချ တွေ့ရလိမ့်မယ်။

'အဲဒီဘီလူးခြောက်ကောင်ဟာ ခင်ဗျားတို့ကျုပ်တို့ သတ္တဝါတွေကို အစမထင်တဲ့ သံသရာထဲက စပြီး စားသောက်ဝါးမျိုလာလိုက်တာ မျက်မှောက်ဘဝထိ ဆိုပါတော့။ ခုမျက်မှောက်ဘဝမှာ သတ္တဝါတွေ မရေမတွက်နိုင်အောင် အစားခံနေကြရဆဲ ခံနေကြရတုန်းပဲဗျ။

'အဲဒီအထဲမှာ ခင်ဗျားတို့ကျုပ်တို့ ယောဂီတွေ ကာမဘီလူးအစာမဖြစ်ဘို့ အရေးကြီးတယ်။ ဗုဒ္ဓပေးခဲ့တဲ့ လက်နက်တွေရှိလျက်သားနဲ့မှ အသုံးမချတတ်လို့ ဒီတခါ ဘီလူးအစားခံရမယ်ဆိုယင်တော့ ခင်ဗျားတို့ကျုပ်တို့ ယောဂီတွေဟာဟိုအသ်ချေအနန္တထဲရောပါသွားလိမ့်မယ်၊ကြပ်ကြပ်သတိထား။

'ကောင်းစေတနာဆိုတာက တဏှာ။ ဆိုးစေတနာဆိုတာက ဘယာ။ အဲဒီစေတနာနှစ်ခုကို မိအောင် ဖမ်းတတ်ရမယ်။

'အဲဒီစေတနာနှစ်ခုကို မိအောင် ဖမ်းနိုင်ယင် အကြောင်းတရား ချုပ်မယ်။ အကြောင်းတရား ချုပ်ယင် အကျိုးတရားလဲ ချုပ်ရတော့မှာပေါ့။

'အဲဒီစေတနာနှစ်ခုဟာ အမှန်တော့ လောဘနဲ့ ဒေါသ တရားပဲ။ အလယ်ကျင့်စဉ်နဲ့ အစွန်းတရားတွေကို ခွဲထုတ်လိုက်ယင် အဘိဇ္ဈာနဲ့ ဗျာပါဒ၊ တဏှာနဲ့ ဗျာပါဒ၊ သောမနဿနဲ့ ဒေါမနဿ၊ သဿတနဲ့ ဥစ္ဆေဒ၊ လူ့ဘ္ဂနဲ့ အနိဂ္ဃ၊ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ၊ ကာမသုခလ္လိကာ နုယောဂနဲ့ အတ္တကိလမထာ နုယောဂဆိုတဲ့ အစွန်းတရားတစုံစီတစုံစီ ထွက်လာတယ်။

'အဲဒီ အစွန်းတရား တွေရဲ့ အချုပ်ဟာ သုခနဲ့ ဒုက္ခဆိုတဲ့ ဝေဒနာနှစ်ခုအပေါ်မှာ တည်နေတယ်။

'အဲဒီဝေဒနာအစွန်းနှစ်ပါးကို လွတ်အောင် ရှောင်တတ်ယင်တော့ အကြောင်းသံသရာ ချုပ်မယ်။ မရှောင်တတ်ယင်တော့ မချုပ်ဘူးပေါ့။ ရှင်းနေတာပဲ။

'အဲဒီ ရှောင်နည်း၊ တိမ်းနည်း၊ ဖျက်နည်း၊ ဖြတ်နည်းတွေကို ဗုဒ္ဓရှင်မြတ်ကြီးက သဗ္ဗညုတဉာဏ်နဲ့ အကျဉ်းရုံးပြီး အလယ်ကျင့်စဉ်ကို အတိအကျ ညွှန်ပြခဲ့တယ်။

'ဗုဒ္ဓရဲ့အလယ်ကျင့်စဉ်ထဲမှာ ရှောင်နည်း၊ တိမ်းနည်း၊ ပယ်ဖြတ်နည်းတွေ သုံးမကုန်အောင် ရှိနေတယ်။ ဒါပေမဲ့ ယောဂီတိုင်း မသိရှာဘူး။ အင်မတန် သနားစရာ ကောင်းတယ်။

'သူတို့ခမြာ အလုပ်စခန်းထဲမှာ အပင်ပန်းဆင်းရဲခံပြီး ကြိုးစားကြရှာတယ်။ တချို့လဲ လုပ်ယင်းနဲ့ ရပ်ကုန်ကြလို့ လုပ်ရပ်စခန်း ဖြစ်ကုန်တယ်။ တချို့လဲ အံချော်ပြီး လည်ထွက်သွားတာကို တွေ့ရတယ်။

'အဲဒီ အစွန်းတရားတွေဟာ ရုပ်တရား နာမ်တရားတွေကို မုချ ဖြစ်စေတတ်တယ်။ ဒါကြောင့် အဲဒီ အစွန်းတရားတွေကို အကြောင်းကံလို့ ခေါ်တယ်။

'အကြောင်းဖြစ်ယင် အကျိုးလဲ မုချဖြစ်ရတော့မယ်။ တရားတွေကို သေလုအောင် ဟော၊ ကမ္မဋ္ဌာန်းတွေကို သေလုအောင် အားထုတ်နေပေမဲ့ ဒီခန္ဓာကြီးပေါ်မှာ အကြောင်းသခါရတွေ နည်းသွားအောင်၊ ကုန်ခန်းသွားအောင်၊ ချုပ်ငြိမ်းသွားအောင် အားမထုတ်နိုင်သရွေ့တော့ ရုပ်နာမ်ခန္ဓာတွေ တလကြမ်းဖြစ်နေရဦးမှာ မလွဲဘူးမှတ်။

'ဒီခန္ဓာကြီးပေါ်မှာ အမြဲတည်ဆောက်ထားရမှာက မှန်ကန်တဲ့သတိ။ ဒီခန္ဓာကြီးပေါ်မှာ မှန်ကန်တဲ့ သတိ အမြဲရှိနေယင် သီလလဲ ဖြစ်တယ်။ သမာဓိလဲ ဖြစ်တယ်။ ပညာလဲ ဖြစ်တယ်။

'သီလ၊ သမာဓိ၊ ပညာ သုံးရပ် ပေါင်းပြီး ခန္ဓာပေါ်ကို ရောက်လာသမျှ အကြောင်းတရားတွေကို ဖျက်ဆီးပစ်နိုင်မှ အကြောင်းချုပ်မယ်။ အဲဒီလိုမလုပ်နိုင်သရွေ့တော့ ဘယ်တော့မှအကြောင်း မချုပ်ဘူး။

'ဒါကြောင့် ဗုဒ္ဓရှင်မြတ်ကြီးက အင်္ဂုတ္တရနိကာယ်မှာ သတိသမ္ပဇဉ်ရှိတဲ့ လူသာ ဝိမုတ္တိဒဿန လွတ်မြောက်တဲ့ ဉာဏ်ကို

ရမယ်။ သတိသမ္ပဇဉ်မရှိတဲ့ လူတွေ လွတ်မြောက်တဲ့ ဉာဏ်ကို မရနိုင်ဘူးလို့ ပြောခဲ့တယ် မဟုတ်လား။

'ခု ကျုပ်တို့ အားထုတ်ရမှာက ဗုဒ္ဓအလိုတော်ကျ ကျင့်စဉ်ကြီးနဲ့ အံကိုက်ဖြစ်နေရမယ်။ ဒါမှ မဂ်ဆိုက်ဖိုလ်ဝင် ဖြစ်မှာ သေချာတယ်။ဗုဒ္ဓရဲ့ အဓိက ညွှန်ကြားချက်ဟာ ဘာလဲ။

'တဏှာပဲပေါ့။ ဒီတဏှာကို ခန္ဓာပေါ်က တဖြည်းဖြည်း ခွါချဖို့ဟာ အဓိကပဲ။ နောက် အရှင်းကွာတဲ့ အဆင့်ကို ရောက်သွားရမယ်။

'အဲဒီမှာ နဲနဲလေး ဆွေးနွေးချင်တာ ရှိသေးတယ်။ ပထမအဆင့်ဖြစ်တဲ့ သမာဓိတည်ဆောက်ရေး လုပ်ငန်းကို မစားမသောက်ပဲ တလကိုးသီတင်း ဘယ်သူလုပ်နိုင်မလဲ။သဘာဝလဲ မကျဘူး။ သေသွားမှာပေါ့။

'ကျုပ်တို့ ဗုဒ္ဓရှင်မြတ်ကြီးက မစားမသောက် သေလုနီးပါး အကျင့်ရဲ့ အပြစ်တွေကို ထောက်ပြပြီး လုံးဝပယ်ခဲ့တယ် မဟုတ်လား။

'ဗုဒ္ဓကိုယ်တော်တိုင် ဒီသမာဓိ တည်ဆောက်ရေးလုပ်ငန်းကို လက်မလွှတ်ခဲ့ပါဘူး။ ပရိနိဗ္ဗာန်စံယူချိန်အထိ လုပ်ဆောင်သွားခဲ့ရတာပဲ မဟုတ်လား။

'ကျုပ်ပြောနေတဲ့ သမာဓိ တည်ဆောက်ရေး လုပ်ငန်းဆိုတာ ဆိတ်ငြိမ်ရာမှာ ကမ္မဋ္ဌာန်းထိုင်နေကြတာကို ပြောတာ။ အချို့က ကမ္မဋ္ဌာန်းထိုင်တဲ့ လုပ်ငန်းကိုပဲ အဓိကထားတယ်။ မှန်ပါတယ်။ အဲဒီအချိန်မှာတော့ အလွန်ထက်မြက်တဲ့ စိတ်တည်ငြိမ်မှုကို ရမှာမလွဲပါဘူး။ သမာဓိ တည်ဆောက်ရေးလုပ်ငန်းကို

ရုတ်သိမ်းလိုက်တာနဲ့ တပြိုင်နက် ကာမဝိတက်ဝိစာရတွေ ပြန်အဝင်ခံကြတာပဲ မဟုတ်လား။

'သမာဓိတည်ဆောက်ရေးဖြစ်တဲ့ ကမ္မဋ္ဌာန်းထိုင်နေတဲ့ အချိန်မှာတော့ ကာမဝိတက်ဝိစာရတွေကို နှိမ်နင်းပစ်နိုင်တယ်။ ခွါချထားနိုင်တယ်။ အဲဒါကို 'တဒင်္ဂပဟာန်'လို့ ခေါ်တယ်။ အခိုက်အတန့် ကာမတဏှာကို ပယ်တဲ့ သဘောပဲ ရှိသေးတယ်။ ဈာန်သမာပတ်အထိ ဝင်စားနိုင်တယ်ဆိုယင်တော့ တဏှာကို ဈာန်သမာဓိနဲ့ ခွါချနိုင်တဲ့အတွက် 'ဝိက္ခမ္ဘနပဟာန်'လို့ ခေါ်တယ်။

'ဝိသုဒ္ဓိမဂ်မှာ 'ဝိက္ခမ္ဘနပ္ပဟာနဉ္စ နီဝရဏာနံ ပဌမဇ္ဈာနံ ဘာဝယတော'လို့ ဖွင့်ပြထားတယ်။ ပထမဈာန်ကို ဝင်စားတဲ့ ပုဂ္ဂိုလ်ဟာ နီဝရဏငါးပါးကို ဝိက္ခမ္ဘနပဟာန်နဲ့ ပယ်ခြင်းဖြစ်တယ်လို့ ဖွင့်ပြထားတယ်။

'တဏှာနီဝရဏ သံယောဇဉ်ငါးပါးကို အကြွင်းမဲ့ ပယ်ခြင်းကတော့ 'သမုစ္ဆေဒပဟာန်' လို့ ခေါ်တယ်။ သမုစ္ဆေဒဆိုတာ အရိယာမဂ်နဲ့ ပယ်ခြင်းကို ပြောတာ။

'ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ 'သမုစ္ဆေဒပဟာနဉ္စ လောကုတ္တရံ ခယဂါမိမဂ္ဂံ ဘာဝယတော' လို့ ဖွင့်ပြထားတယ်။

'တဒင်္ဂပယ်ခြင်းဆိုတာလဲ သိပ် စိတ်မချရသေးဘူး။ ဝိက္ခမ္ဘနပယ်ခြင်းကလဲ ဈာန်အခိုက်ဘဲ ပယ်နိုင်တဲ့ သဘော ရှိတယ်။ သို့လဲ သိပ်စိတ်မချရသေးဘူး။

'ယောဂီတို့ စဉ်းစားကြည့်။ သမာဓိ တည်ဆောက်ရေး လုပ်ငန်းတွေကို ရုတ်သိမ်းလိုက်တာနဲ့ တပြိုင်နက် ကာမ ဝိတက်ဝိစာရတွေ ဝင်လာနိုင်တာဘဲ မဟုတ်လား။

'အဲဒီတော့ သမုစ္ဆေဒပဟာန်နဲ့ အနီးကပ်ဆုံးဖြစ်တဲ့ အစဉ်တစိုက် ပယ်ခြင်း သန္တတိပဟာန်ဖြစ်ဘို့ လိုတယ်။

'သန္တတိပဟာန်ဆိုတာကတော့ နီဝရဏတရားတွေကို အစဉ်တစိုက် ပယ်ဖျက်နေရတော့ ကြားမှာလပ်တယ်လို့ မရှိဘူး။ အသက်ထက်ဆုံး ပယ်နေလို့ ရတယ်။

'ဉာဏ်ရင့်ကျက်လာယင်တော့ သမုစ္ဆေဒအထိ ရောက်သွားနိုင်တယ်။ သန္တတိပယ်မှုဟာ သမာဓိတည်ဆောက်ရေး လုပ်ငန်းကမ္မဋ္ဌာန်းအလုပ်ခွင်ကို ရှုတ်သိမ်းသည် ဖြစ်စေ၊ မရှုတ်သိမ်းသည်ဖြစ်စေ ပြတ်သွားတယ်၊ ရပ်သွားတယ်လို့ မရှိဘူး။ အစဉ်တစိုက် ဖြစ်ပေါ်နေတာဘဲ။

'သန္တတိပယ်မှုဆိုတာဟာ တခြား မဟုတ်ဘူး။ အာရုံခြောက်ပါးမှာ သတိကို စွဲမြဲအောင်ထားပြီး နီဝရဏတွေကို ပယ်ခြင်းဘဲ။

'နောက်ဆုံး ခန္ဓာမှာ စွဲစွဲမြဲမြဲ တည်ဆောက်ထားတဲ့ သတိသာ လိုရင်းဘဲ။အဲဒီသတိ ရှိနေသမျှတော့ နီဝရဏတွေ အာရုံခြောက်ပါးကို မနှိပ်စက်နိုင်ဘူး။ မနှိပ်စက်နိုင်တော့ ကွာကျကုန်တာပေါ့။ဒါကို တဏှာခွါခြင်း ပယ်ခြင်းလို့ ခေါ်တယ်။

'ဒီသတိလေးသာ ခန္ဓာပေါ်မှာ မြဲနေမယ်ဆိုယင် နီဝရဏသံယောဇဉ်ငါးပါး ကာမဂုဏ်ငါးပါးတို့ဟာ မုချကွာကျသွားရမယ်လို့ ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်မှာ တိတိကျကျ ညွှန်ပြတော်မူခဲ့တယ် မဟုတ်လား။ ဒါကို ခင်ဗျားတို့ကျုပ်တို့ ယောဂီတွေ ကြပ်ကြပ် နှလုံးသွင်းဘို့ လိုတယ်။

'ခန္ဓာပေါ်မှာ အစဉ် တည်ဆောက်နေရမဲ့ သတိဟာ ဘယ်သတိလဲ။ ကိုယ်၊ စိတ်၊ ဝေဒနာ၊ သဘောဆိုတဲ့ သတိပဋ္ဌာန်တရား လေးပါးပဲ။

'အဲဒီ သတိပဋ္ဌာန်းလေးပါးဟာ ကိုယ်ပေါ်မှာ တည်ဆောက်ရတဲ့အတွက် ကိုယ်သတိလို့ ခေါ်တယ်။ ဒီသတိလေးပါးမှာ ဆင်ခြင်မှုဆိုတဲ့ သမ္မာဉာဏ် ပါနေတဲ့အတွက် ဝိပဿနာ သမာဓိလို့ ခေါ်တယ်။ ဝိပဿနာနဲ့ သမာဓိ တခါထဲပါသွားတဲ့ အလုပ်စခန်း ဖြစ်တယ်။

'ဒီသတိမှုကို ကျုပ် ထပ်ခါမနား တဖွဖွ ပြောနေတာက အကြောင်းမဲ့ သက်သက်မဟုတ်ဘူး။ ခင်ဗျားတို့ယောဂီတွေ လမ်းကြောင်း မှန်စေချင်လို့ ဗုဒ္ဓအလိုတော်ကျဖြစ်တဲ့ ဒီသတိမှုကို အထပ်ထပ်အခါခါ ပြောနေရခြင်းဖြစ်တယ်။

'ခင်ဗျားတို့ကျုပ်တို့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကို ခွါပစ်ရမဲ့ လက်နက်ဟာ ဒီသတိလက်နက်ပဲ မဟုတ်ဘူးလား။ ကျုပ်တို့ရဲ့ အာရုံခြောက်ပါးမှာ ဖြစ်ပေါ်လာတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကို ဟောဒီ သတိဆိုတဲ့ လက်နက်လေးနဲ့ပဲ ဖျက်ဆီးသွားရမှာပဲဗျ။

'ဒီသတိလွတ်သွားယင်တော့ ခင်ဗျားတို့ ကျုပ်တို့ တဏှာဘီလူး အစားခံရမှာ သေချာတယ်။

'အာရုံခြောက်ပါးဆိုတာ ခင်ဗျားတို့ယောဂီတွေ သိပြီးသားပဲ။ ဒါပေမဲ့ ခင်ဗျားတို့ သိပြီးသားကို ကျုပ်က ထပ်ကွန့်လိုက်ရဦးမယ်။ နှမ်းဖြူးလိုက်တယ် ဆိုပါစို့ဗျာ။

'အာရုံခြောက်ပါးကိုလူတိုင်းသိပါတယ်။ လွယ်လွယ်လေးပဲ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ။ ဒါကိုတော့

လူတိုင်းသိတယ်။ဗုဒ္ဓက အဘိဓမ္မာနည်းနဲ့ ရုပ်တရားတွေကို ခွဲစိတ်ပြီး ပြတယ်ဆိုတာလောက်တော့ ယောဂီတိုင်း သိထားတယ်။ အဲဒီ အလုပ်စခန်းဆိုတာကိုတော့ ယောဂီတိုင်း သိချင်မှသိလိမ့်မယ်။

'အဲဒီအာရုံခြောက်ပါးဟာ အိပ်ပျော်နေတဲ့ အခိုက်မှတပါး အမြဲလုပ်ဆောင်နေရမဲ့ အလုပ်စခန်းအစစ် ဖြစ်တယ်။ ဒီအာရုံခြောက်ပါးမှာရှိတဲ့ ဘီလူးကြီးခြောက်ကောင်ကို သတ်သင်ပြီးမှ မဂ်စခန်းဖိုလ်စခန်းကို ရောက်နိုင်မယ်။ ဒါကိုတော့ ခင်ဗျားတို့ ကျုပ်တို့ ယောဂီတွေ ကြပ်ကြပ် နှလုံးသွင်းထားရမယ်။

'အဲဒီအာရုံခြောက်ပါးကို မြန်မာလိုပြန်ယင်တော့ အဆင်း၊ အသံ၊အနံ့၊ အရသာ၊ အတွေ့၊သဘော လို့ အဓိပ္ပါယ်ရတယ်။

'ဒီအာရုံခြောက်ပါးပေါ်မှာ ဖြစ်ပေါ်လာတဲ့ တဏှာ၊ မာန ဒိဋ္ဌိတွေကို သတိစောင့်ကြပ်ပြီး ပညာနဲ့ဖျက်ဆီးပစ်ယင် လုံးဝ ပျက်သွားတယ်။ ခန္ဓာပေါ်မှာ တည်ဆောက်ထားမဲ့ သတိဟာ သမ္မာသတိ ဖြစ်ရမယ်။ ပညာကလဲ မဂ်ပညာ ဖြစ်ရမယ်။ ဒီသတိနဲ့ ပညာနှစ်ရပ် ပေါင်းလိုက်ယင် သတိသမ္ပဇဉ်လို့ ခေါ်တယ်။

'အဲဒီအာရုံခြောက်ပါးမှာ ဖြစ်ပေါ်လာတဲ့ တဏှာ မာန ဒိဋ္ဌိ တရားတွေဟာ ရုပ်နာမ်ခန္ဓာတွေကို အဆုံးမရှိ ပွားစေနိုင်တယ်။ ဘာကြောင့်လဲ။ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိဟာ သံသရာကို ရှည်တတ်တဲ့ တရားဖြစ်တယ်လို့ ဗုဒ္ဓက 'မဇ္ဈိမနိကာယ်မူလပဏ္ဏာသ စူဠသီဟနာဒသုတ်' မှာ တိတိကျကျ ညွှန်ပြတော်မူခဲ့တယ်။

ဒါကြောင့် တဏှာ၊မာန၊ ဒိဋ္ဌိ တရားသုံးပါးကို 'ပပဉ္စတရား'လို့ ခေါ်တယ်။

'ပြီးတော့ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်တဲ့ ပပဉ္စတရားဟာ သတိလွတ်တဲ့ အတွက်ကြောင့် ဖြစ်ရတယ်လို့ မူလပဏ္ဏာသ အဋ္ဌကထာက ဖွင့်ပြထားပြန်တယ်။

'ဒါကြောင့် ဒီတဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်တဲ့ ပပဉ္စတရားဟာ အဆုံးမရှိတဲ့ ရုပ်နာမ် ခန္ဓာတွေကို ဖြစ်ပေါ် စေတတ်တဲ့ အကြောင်းရင်း အစစ်ဖြစ်တယ်။

'ဒီအကြောင်းတရားတွေကို ချုပ်ငြိမ်းအောင် မလုပ်နိုင်သ ရွေ့တော့ ရုပ်နာမ် ခန္ဓာဆိုတဲ့ အကျိုးတရားတွေ တလဲစပ် ဖြစ်ပေါ်နေရဦးမှာပဲ။ ဒီတရားကိုလဲ ယောဂီတို့ အထူး နှလုံး သွင်းထားလိုက်ကြဦး။

'ဒီတဏှာ၊ မာန၊ ဒိဋ္ဌိတွေဟာ ဘယ်ကနေ ဝင်သလဲ။ တံခါး ခြောက်ပေါက်ကပဲ ဝင်တယ်။ ဘယ်မှာ ဖြစ်သလဲ။ ဒီအာရုံခြောက်ပါးမှာပဲ ဖြစ်ပေါ်တယ်။ ဒီအာရုံခြောက်ပါး တံခါးခြောက်ပေါက်ကလွဲပြီး ဘယ်နေရာကမှ မဖြစ်ပေါ် နိုင်ဘူး။

'ဒွါရခေါ်တဲ့ တံခါးခြောက်ပေါက်ထဲကို ဝင်လာတဲ့ တဏှာ ဘီလူးခြောက်ကောင်ကို ကျုပ်တို့ စူးစမ်းကြည့်ကြစို့။ မျက်စိ ပေါက်က ဝင်လာတဲ့ တဏှာဘီလူးကို ဖမ်းပြလိုက်မယ်။ သေ သေချာချာ နှလုံးသွင်းကြပေတော့။

'မျက်စိမှာရှိတဲ့ ပသာဒဆိုတဲ့ အကြည်ဓါတ်နဲ့ အဆင်း သဏ္ဌာန်တို့ တွေ့ဆုံမိတဲ့အတွက်ကြောင့် စက္ခုဝိညာဏ်ခေါ်တဲ့

မျက်စိအသိဖြစ်ပေါ်လာရတယ်၊ မျက်စိအသိကို အာရုံပြုတတ်တဲ့ ဇောကြောင့် ဝေဒနာတို့ကို သိတယ်။ သုခဝေဒနာ ဖြစ်ယင် သာယာမှုကို ခံစားလိုတဲ့ စေတနာကြောင့် တဏှာဘီလူး ဘွားကနဲ ပေါ်လာရတာပဲ။

'ဝိထိစိတ်အစဉ်ကို ယောဂီတို့ ရှင်းအောင် ပြလိုက်ဦးမယ်။ ကုသိုလ်အကုသိုလ်ဆိုတာ ဒွါရခြောက်ပေါက် အာရုံခြောက်ပါး ကိုမှီပြီး ချက်ချင်းဖြစ်လာနိုင်တာ မဟုတ်ဘူး။ သက်ဆိုင်ရာ စိတ်တွေ ဆင့်ကဲဆင့်ကဲ ဖြစ်ပြီး ဇောကျမှ ကောင်းအာရုံ ဆိုးအာရုံတွေကို အာရုံပြုပြီး ကုသိုလ်အကုသိုလ်ရယ်လို့ ဖြစ်လာရတာပဲ။

'စက္ခုပသာဒဆိုတဲ့ မျက်စိအကြည်ဓါတ်နဲ့ ရူပါရုံခေါ်တဲ့ အဆင်းသဏ္ဍာန်တို့ ပေါင်းဆုံမိတဲ့အခါ ဘဝင်နှစ်ကြိမ်လှုပ်ပြီး ချုပ်သွားရတယ်။ အဲဒီဘဝင်နှစ်ကြိမ်ချုပ်တာနဲ့ တပြိုင်နက် အာရုံငါးပါးကို ဆင်ခြင်တတ်တဲ့ကြိယာမနောဓါတ် ဖြစ်ပေါ် လာပြီး ချုပ်သွားရပြန်တယ်။ ဒီကြိယာမနောဓါတ် ချုပ်သွား တာနဲ့ တပြိုင်နက် အမြင်ကို ဖြစ်စေတတ်တဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာပြီး ချုပ်သွားရပြန်တယ်။

'ဒီစက္ခုဝိညာဏ်စိတ် ချုပ်သွားတာနဲ့ တပြိုင်နက် အမြင်ကို လက်ခံတတ်တဲ့ဝိပါက်မနောဓါတ် ဖြစ်ပေါ်လာပြီး ချုပ်သွား ရပြန်တယ်။

'အဲဒီ ဝိပါက်မနောဓါတ် ချုပ်သွားတာနဲ့ တပြိုင်နက် အာရုံ ငါးပါးကို စူးစမ်းတတ်တဲ့ အဟိတ်ဝိပါက်မနော ဝိညာဏ ဓါတ် ဖြစ်ပေါ်လာပြီး ချုပ်သွားရပြန်တယ်။

‘ဒီအဟိတ်ဝိပါက် မနောဝိညာဏဓါတ် ချုပ်သွားတာနဲ့ တပြိုင်နက် အာရုံငါးပါးကို မှတ်သားတတ်တဲ့ အဟိတ်ကြိယာ မနောဝိညာဏဓါတ် ဖြစ်ပေါ်လာပြီး ချုပ်သွားရပြန်တယ်။

‘အဲဒါကို အဘိဓမ္မာနည်းနဲ့ ဝုဋ္ဌောစိတ်လို့ ခေါ်တယ်။

‘အဲဒီအာရုံငါးပါးကို မှတ်သားတတ်တဲ့ ဝုဋ္ဌောစိတ် ချုပ်သွားတာနဲ့ တပြိုင်နက် ဇောစိတ် ဖြစ်ပေါ်လာရတာပဲ။

‘အဲဒီဇောစိတ် ဖြစ်တဲ့အခိုက်မှာပဲ သီလမြဲခြင်း၊ မမြဲခြင်း ဖြစ်နိုင်တယ်။ အထက်က ဝီထိစိတ်တွေမှာ သီလမြဲမှု မမြဲမှုဆိုတာ ဆုံးဖြတ်လို့ မရသေးဘူး။ ဇောအခိုက်ကျမှ ဆုံးဖြတ်လို့ ရတယ်ဆိုတာကို ရဟန်းတွေရဲ့ ဂူဠ္ဍိယသံဝရသီလပိုင်းမှာ ဖွင့်ပြထားတယ်။

‘အဲဒီဇောစိတ်အဆုံးမှာပဲ ဝေဒနာ ဖြစ်ပေါ်လာရတယ်။ သုခဝေဒနာဖြစ်ယင် ဣဋ္ဌာရုံ။ ဒုက္ခဝေဒနာဖြစ်ယင် အနိဋ္ဌာရုံ။ ဥပေက္ခာဝေဒနာဖြစ်ယင် မဇ္ဈတ္တာရုံဆိုတဲ့ ဝေဒနာသုံးပါးကို လိုက်ပြီး အာရုံသုံးပါးတို့ ဖြစ်ပေါ်လာရတယ်။ အာရုံကိုလိုက်ပြီး ကုသိုလ်အကုသိုလ်ရယ်လို့ ဖြစ်ပေါ်လာရတယ်။

‘လူတွေရဲ့ဝေဒနာဟာ သုခနဲ့ဒုက္ခ အဖြစ်များတယ်။ ကဲ မျက်စိအာရုံမှာဖြစ်တဲ့ တဏှာဘီလူးကို ဖမ်းကြည့်ကြစို့။

‘ခုနပြောခဲ့သလို မျက်စိအကြည်ဓါတ်နဲ့ အဆင်းသဏ္ဌာန်တို့ ပေါင်းဆုံမှုကြောင့် ဘဝင်စိတ်ကစပြီး စိတ်အစဉ်ဖြစ်လာလိုက်တာ ဇောကျခိုက် သုခဝေဒနာ ဖြစ်တယ်ဆိုကြပါစို့။

'အဲဒီသုခဝေဒနာကို အာရုံပြုလိုက်တော့ ချစ်စရာ ခင်စရာ တပ်မက်ဖွယ်ရာ အစဉ်တစိုက် ပေါ်လာတဲ့အတွက်ကြောင့် တဏှာရုံ ဖြစ်ရတယ်။'

'ကဲ တဏှာဘီလူးကို မြင်ပြီမဟုတ်လား။ အဲဒီတဏှာရုံကြောင့် တဏှာဘီလူး ပေါ်လာတာအစစ်ပဲ။ အဲဒီတဏှာရုံကို အပြင်းအထန် တပ်မက် စွဲလမ်းမိတဲ့ အတွက်ကြောင့် ဥပါဒါန်စိတ် ဖြစ်ပေါ်လာရပြန်တယ်။

'အဲဒီဥပါဒါန်စိတ်ကြောင့် ဘဝဖြစ်ပေါ်ရပြန်တာပဲ။ ဘဝ ဖြစ်ယင် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဒုက္ခတရားစုတွေ မုချဖြစ်ရတော့မှာ မလွဲဘူး။

'ဝေဒနာကို သာယာမိတဲ့အတွက်ကြောင့် ကုသိုလ် အကုသိုလ် ဖြစ်ရတယ်။ ဒုက္ခဝေဒနာကတော့ မုချ အကုသိုလ်ချည်းပဲ။

'ဘာကြောင့်လဲဆိုတော့ ဒုက္ခဝေဒနာကြောင့် အနိဋ္ဌာရုံ ဖြစ်ပြီး ဒေါမနဿစိတ်ကြောင့် အကုသိုလ်ဖြစ်ရတာပဲ။ သုခ ဝေဒနာပေါ်မှာ သာယာမိလို့ လောဘတဏှာ ဖြစ်ရတယ်။ ဒုက္ခဝေဒနာပေါ်မှာ မသာယာမိလို့ ဒေါသဖြစ်ရတယ်။ မိုက်မဲမှုနဲ့အတူ အမြင်မှားနဲ့ပြုလုပ်တဲ့အတွက် မောဟစိတ်ဖြစ်ရ တယ်။ ဥပေက္ခာဝေဒနာဟာ လောဘနဲ့ယှဉ်ပြီး ဖြစ်ပေါ် လာယင် တဏှာစိတ်ပဲ ဖြစ်တယ်။

'အကုသိုလ်စိတ် ဆယ့်နှစ်ခုနဲ့ အဟိတ်စိတ် ဆယ့်ရှစ်ခုတို့မှာ ယှဉ်တဲ့ ဥပေက္ခာစိတ်တွေက လွဲယင် ကာမရူပဥပေက္ခာ စိတ်တွေဟာ မြတ်တဲ့သဘောလဲ ရှိတယ်။ တန်ခိုးလဲရှိတယ်။

'ဘာကြောင့်လဲဆိုတော့ ဥာဏ်နဲ့ယှဉ်ပြီး ဖြစ်တဲ့အတွက်ကြောင့် ဥပေက္ခာဝေဒနာဟာ ရုပ်နာမ်ခန္ဓာတွေကို မဖြစ်စေတတ်တဲ့ အဗျာကတစိတ်လို့ ခေါ်တယ်။

'အဲဒီဥပေက္ခာ ဝေဒနာသဘောကို အသာဖယ်ထားလိုက်ဦး။ မျက်စိအာရုံမှာ ဖြစ်တဲ့ သာယာမှု၊ နားအာရုံမှာဖြစ်တဲ့ သာယာမှုတွေဟာ တဏှာအစစ်တွေပဲ။

'အချုပ်ပြောရယင် မျက်စိအရသာ၊ နားအရသာ၊ နှာခေါင်းအရသာ၊ လျှာအရသာ၊ ကိုယ်အရသာ၊စိတ်အသာဆိုတဲ့ အာရုံခံစားမှုတွေကိုမှီပြီး သုခဝေဒနာ ဖြစ်ပေါ်လာရတာပဲ မဟုတ်လား။

'အဲဒီလိုအရသာတပ်မက်ပြီး အာရုံခံစားမှုတွေကြောင့် အာရုံခြောက်ပါးမှာ တဏှာဘီလူးခြောက်ကောင် ဖြစ်ပေါ်လာရတာပဲ။

'အဲဒီတဏှာဘီလူးတွေကို သတိသမ္ပဇဉ်နဲ့ သတ်တတ်ယင်သေတယ်။ မသတ်တတ်ယင် မသေဘူး။ ဒီတဏှာဘီလူးတွေ မသေသမျှတော့ ရုပ်တရားနာမ်တရားတွေ ထပ်ခါမနားဖြစ်ပြီး သံသရာတလျှောက်လုံး ဘီလူးစားခံနေကြရဦးမှာ မလွဲဘူး။

'မျက်စိရဲ့အာရုံကို မက်ပြီး အာရုံခံစားလိုစိတ် ပေါ်လာယင် မျက်စိတဏှာဖြစ်တယ်။

'တိုတိုပြောရယင် အဆင်းအာရုံမှာ သာယာမိယင် မျက်စိတဏှာဖြစ်တယ်။ အသံအာရုံကို သာယာမိယင် နားတဏှာဖြစ်တယ်။အနံ့အာရုံမှာသာယာမိယင် နှာခေါင်းတဏှာဖြစ်တယ် အရသာကို သာယာမိယင် လျှာတဏှာဖြစ်တယ်။ အထိအတွေ့

အာရုံကိုသာယာမိယင် ကိုယ်တဏှာဖြစ်တယ်။ စိတ်ကူးပြီး သဘောသက်သက်မျှဖြစ်တဲ့ အာရုံကို သာယာမိယင် စိတ်တဏှာဖြစ်တယ်။

'ဒါကြောင့် တဏှာခြောက်ပါး ဖြစ်ရတာပဲ။

'အဲဒီအာရုံခြောက်ပါးမှာ မသာယာမိယင် တဏှာမဖြစ်ဘူး။ ဘယာတော့ ဖြစ်တယ်။ ဘယာဆိုတာ ဘေးဆိုတဲ့ ဒေါသတရားပဲ။ တဏှာဆိုတဲ့ လောဘနဲ့ ဒေါသဖြစ်တဲ့ အစွန်း နှစ်ပါးကို ပညာမပါယင် ဘယ်နည်းနဲ့မှ ရှောင်လို့ မလွတ်ဘူးမှတ်။'

'အဲဒီပညာကလဲ တခြားပညာဆိုယင် မရဘူး။ ဗုဒ္ဓရဲ့ အလွန် တိကျ မှန်ကန်တဲ့ အလယ်ကျင့်စဉ် ပညာနဲ့မှ အစွန်းတရား တွေကို ရှောင်လို့ တိမ်းလို့ တိုက်ဖျက်လို့ ရတယ်။

'ဒီခန္ဓာပေါ်မှာ အတွင်းနဲ့ အပြင် တရားနှစ်ပါး တိုက်ဆိုင် မိတိုင်း ဖြစ်ပေါ်လာတတ်တဲ့ အကြောင်းတရားတွေကို ဗုဒ္ဓရဲ့ လက်နက်သုံးပါးနဲ့ ဖျက်ဆီးပစ်ရမယ်။ ဒါမှ ဗုဒ္ဓရဲ့ အလယ်ကျင့် စဉ်ကြီးနဲ့ အံဝင်ဂွင်ကျ ဖြစ်လာမယ်။

'အဲဒီလို ခန္ဓာပေါ်မှာ တိုက်ဆိုင်တိုင်း ဖြစ်ပေါ်လာတဲ့ အကြောင်းတရားကို ပညာလက်နက်နဲ့ ဖျက်ဆီးသွားယင်းက နိဗ္ဗာန်ဆိုတဲ့ ရုပ်နာမ်သခါရတွေကို အလွန်ငြိမ်းအေးတတ်တဲ့ ဥာဏ် ဖြစ်ပေါ်လာလိမ့်မယ်။ နိဗ္ဗာန်ဥာဏ်ဆိုက်ယင် မကြာမီ မဂ်ဥာဏ် ဖိုလ်ဥာဏ်လဲ ဆိုက်ရတော့မှာ မလွဲဘူး။

'ဒီနေ့ရာကစပြီး အာရုံခြောက်ပါးမှာ ဖြစ်ပေါ်လာတဲ့ တဏှာခြောက်ပါးကို ဖျက်ဆီးကြစို့။

'မနက် မျက်စိနှစ်လုံးဖွင့်တာနဲ့ တပြိုင်နက် သတိကို ရှေရှု ထားလိုက်ရမယ်။

'တနည်းဆိုယင် အာရုံခြောက်ပါးမှာ သတိကို တင်ထားလိုက်ရမယ်။ အာရုံခြောက်ပါးမှာ ထိတွေ့လာသမျှ အကြောင်းတရားတွေကို ပဋိသမ္ဘိဒါမဂ်မှာ ညွှန်ပြတော်မူတဲ့အတိုင်း 'စက္ခာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇတိ' လို့ နှလုံးသွင်းပြီး 'မျက်စိကို အာရုံပြုတဲ့စိတ်ဟာ ဖြစ်ပြီးတော့ ပျက်သွားရပါကလား' လို့ ဝိပဿနာပညာနဲ့ ဆင်ခြင်လိုက်ယင် မျက်စိကိုမှီပြီး ဖြစ်ရတဲ့ တဏှာ အကြောင်းတရားတွေဟာ ခန္ဓာပေါ်မှာ မုချပျက်စီးသွားရတယ်။ တဏှာအကြောင်းတရားပျက်ယင် တဏှာအကျိုးတရားလဲ မုချ ပျက်ရတယ်။

'နောက်တနည်းကတော့ ရှင်းလဲရှင်းတယ်။ မြန်လဲမြန်တယ်။ အာရုံခြောက်ပါးနဲ့ အကြောင်းတရားတွေ ထိတွေ့လိုက်တာနဲ့ တပြိုင်နက် 'နာမရူပံ ဘိဇ္ဇတိ' 'နာမ်တရား ရုပ်တရားတွေဟာ ပျက်စီးတတ်သော သဘောရှိပါကလား' လို့ ဝိပဿနာနဲ့ ဆင်ခြင်လိုက်ယင် 'အာရုံခြောက်ပါးမှာ ထင်ဟပ်လာသမျှ တဏှာ မာန ဒိဋ္ဌိ အကြောင်းတရားတွေ ဖြစ်ပေါ်ခွင့် မရပဲ ပျက်စီးချုပ်ငြိမ်းရတဲ့အတွက် အကျိုးဝိပါက်ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေလဲ အသစ်ဖြစ်ပေါ်ခွင့် မရတော့ပဲ ချုပ်ငြိမ်းသွားရမယ်။

'နာမ်ဓမ္မ ရုပ်ဓမ္မ နာမ်ဓါတ်ရုပ်ဓါတ်တွေကို ခယဝယ ကုန်ခြင်း ပျက်ခြင်း သဘောနဲ့ အဖန်တလဲလဲ ရှုတဲ့အတွက် ခယာနုပဿနာ ပညာလို့ ခေါ်တယ်။

'ပျက်သွားတဲ့ စိတ်ရဲ့ ဘင်္ဂဏ ကို အဖန်တလဲလဲ ရှုတဲ့အတွက် ဘင်္ဂနုပဿနာဉာဏ် ဆိုက်တယ်။ ရုပ်တရား၊ နာမ်တရား၊ ရုပ်ဓါတ် နာမ်ဓါတ်တွေကို မမြဲတဲ့ သဘောတရားလို့ အဖန်တလဲလဲ ရှု။ ရုပ်တရား နာမ်တရားတွေဟာ မမြဲတဲ့အတွက် ဒုက္ခလို့ အဖန်တလဲလဲရှု။ ရုပ်တရား နာမ်တရားတွေဟာ မုချ ဆင်းရဲစေတဲ့ အတွက် အနှစ်သာရ မရှိ။ အလိုကိုမလိုက်တတ်တဲ့ သဘောဘဲလို့ အဖန်တလဲလဲ ရှုနေရမယ်။

'ဒီအာရုံခြောက်ပါးမှာ အကြောင်းတိုက်ဆိုင်တိုင်း ဖြစ်ပေါ်လာသမျှ မြင်မှု ကြားမှုတွေဟာ တဏှာမကပ်အောင် 'နာမရူပံ ဘိဇ္ဇတိ'လို့ အဖန်တလဲလဲ ဖျက်ဆီးပစ်ရမယ်။ အရေး အကြီးဆုံးကတော့ သတိဘဲ။ အဲဒီလို အာရုံခြောက်ပါးမှာ သတိကို ကပ်ထားပြီး သမ္ပဇဉ် ဆိုတဲ့ ပညာနဲ့ အဖန်တလဲလဲ ဖျက်ပစ်လိုက်ယင် ဒီခန္ဓာကြီးပေါ်မှာ တလှစ်လှစ်နဲ့ ဖြစ်ပေါ်လာတတ်တဲ့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အကြောင်းတွေ ကုန်ခန်းပျက်စီး ချုပ်ငြိမ်းသွားရတာပဲ။

'ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ အကြောင်းတရားတွေ ဒီခန္ဓာပေါ်မှာ ပျက်စီး ချုပ်ငြိမ်းသွားယင် အကျိုး ရုပ်နာမ်ခန္ဓာတွေလဲ တဖန် ဖြစ်ပေါ်ခြင်း မရှိဘဲ မုချ ချုပ်ငြိမ်းရတယ်။

'ဒီလို အကြောင်းတရားတွေကို အခါခပ်သိမ်း သတိသမ္ပဇဉ်နဲ့ ဖျက်ဆီးလေ့ရှိတဲ့ ယောဂီဟာ ဒီမျက်မှောက်ခန္ဓာနဲ့ အသခ်တဓါတ် ပရိနိဗ္ဗာန်စံဝင်ခြင်း မပြုနိုင်သေးသည့်တိုင်အောင် ယုတ်စွအဆုံး မဟာသောတာပန် လောက်တော့ မုချ ဖြစ်မှာမလွဲဘူး။

‘အဲဒီခန္ဓာပေါ်မှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ် ခန္ဓာတွေရဲ့ အကြောင်းတရားတွေကို လုံးဝမဖျက်ဆီးတတ်၊ မဖျက်ဆီးဘဲ ဘယ်လောက်ကြီး ဈာန်သမာပတ်တွေ ရအောင် ကျင့်နေ ကျင့်နေ အကြောင်းတရားတွေ ခန္ဓာပေါ်မှာ တလှစ်လှစ်နဲ့ ဖြစ်ပေါ်နေသမျှ အဖြစ်ခံနေသမျှတော့ အကြောင်းတရားတွေလဲ မချုပ်ဘူး။

‘ဒီအကြောင်းတွေ မချုပ်သေးသမျှ ချုပ်အောင် မလုပ်နိုင်သေးသမျှတော့ အကျိုးပဋိသန္ဓေ ရုပ်နာမ်တွေလဲ မုချ ဖြစ်ရဦးမှယ်။ ကမ္မဋ္ဌာန်း ထိုင်တတ်တာက တခြား။ ဒီလို အကြောင်းတွေကို ဖျက်ဆီးတတ်တဲ့ အတတ်ပညာက တခြား။ အဲဒါကို ယောဂီတို့ မြဲမြဲမှတ်။

‘ဒီလို သတိသမ္ပဇဉ်ဆိုတဲ့ သတိနဲ့ ပညာပေါင်းစပ်ပြီး ခန္ဓာပေါ်မှာ တရှရှ ဖြစ်ပေါ်လာတဲ့ အကြောင်း တရားတွေကို ယောဂီတို့ ဘယ်နှစ်ကြိမ် ဖျက်ဆီးဘူးသလဲလို့ ကိုယ့်ကိုယ်ကို ပြန်ပြီး စစ်ဆေးကြည့် သိလိမ့်မယ်။ အကြောင်းတရား မကုန်သမျှ အကျိုးတရားလဲ မကုန်ဘူး။ အကြောင်းတရား မချုပ်သမျှ အကျိုးတရားလဲ မချုပ်ဘူး။ ကြပ်ကြပ် နှလုံးသွင်းကြ။

‘ခုလို ယောဂီတို့ ရှုလိုက်တဲ့အတွက် ပဋိသန္ဓေ ရုပ်နာမ် ခန္ဓာတွေ ဘာကြောင့် တဖန်ဖြစ်ခြင်း မရှိဘဲ ချုပ်သွားရသလဲ ဆိုတာ အဘိဓမ္မာနည်းနဲ့ ခွဲစိတ်ပြလိုက်ဦးမယ်။

'သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့ သုံးပါးရှိတယ်။ အဲဒီဝေဒနာသုံးပါးကို တပြိုင်နက် ခံစားနိုင်သလားဆိုတော့ ဘုရားရဟန္တာတို့က လွဲပြီး ဘယ်သူမျှ မခံစားနိုင်ဘူး။

'သုခဝေဒနာကို ခံစားနေရတဲ့အခါမှာ ဒုက္ခနဲ့ ဥပေက္ခာ မဖြစ်ဘူး။ ဒုက္ခဝေဒနာကို ခံစားနေရတဲ့အခိုက်မှာကော။ ကျန်ဝေဒနာနှစ်ခု မဖြစ်နိုင်ဘူး။ ဒါသဘာဝတရားဘဲ။

'စိတ်တခု ဖြစ်ပေါ်နေတဲ့အခိုက်မှာ နောက်တခု မဖြစ်နိုင်ဘူးဆိုတဲ့ သဘောပဲ။ သုခနဲ့ ဒုက္ခဆိုတဲ့ ဝေဒနာနှစ်ခုကြောင့် ကုသိုလ်အကုသိုလ်ဖြစ်ရတာလို့ မှတ်။ ဥပေက္ခာဆိုတဲ့ ဝေဒနာဟာ ငြိမ်သက်လို့ သုခဝေဒနာသဘော ရှိပေမဲ့ အင်မတန်သိမ်မွေ့တဲ့ သဘောကြောင့် သုခဒုက္ခနဲ့ မဆက်ဆံတဲ့ ဝေဒနာတခုသာ ဖြစ်တယ်။

'ဆိုလိုတာကတော့ ဒုက္ခဝေဒနာကို ခံစားနေတဲ့အခါမှာ သုခဝေဒနာမဖြစ်ဘူး။ သုခဝေဒနာကို ခံစားနေတဲ့အခါမှာ ဒုက္ခဝေဒနာ မဖြစ်ဘူး။ ဥပေက္ခာဝေဒနာကို ခံစားနေတဲ့အခါမှာ ကျန်ဝေဒနာနှစ်ခု မဖြစ်ဘူး။ ဒါပေမဲ့ ပုထုဇဉ်ဆိုတာ အများအားဖြင့် သုခနဲ့ ဒုက္ခဝေဒနာ နှစ်ခု အဖြစ် များတယ်။

'ဥပေက္ခာဝေဒနာကတော့ အဖြစ်နဲတယ်။ ဥပေက္ခာဝေဒနာဆိုတာကတော့ အင်မတန် ငြိမ်သက်တဲ့ သဘောရှိတဲ့အတွက် ဥမ္မတ္တကလိုဖြစ်နေတဲ့ ပုထုဇဉ်တွေရဲ့ စိတ်ထဲမှာ သုခနဲ့ ဒုက္ခဝေဒနာသာ အဖြစ်များတာပေါ့။

'ဥပေက္ခာဝေဒနာဆိုတာ အင်မတန် ဆန်းကြယ်ပြီး တန်ခိုးသတ္တိလဲ ရှိတယ်။ လောကီလောကုတ်ရာန်တွေကို ဝင်စားနိုင်တယ်ဆိုတာ ဒီဥပေက္ခာရဲ့ အစွမ်းကြောင့်ပဲ။

'ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးမှာ သုခဆိုတဲ့ သဘောဟာ ချမ်းသာမှုအတိ ဆိုလိုခြင်းဖြစ်တယ်။ဒါပေမဲ့ ကာမသုခနဲ့ ဈာနသုခဖြစ်လို့ မတူဘူး။ အလွန် ကွာခြားတယ်။

'ဒီဥပေက္ခာဆိုတဲ့ ဝေဒနာမှာ တဏှာဒိဋ္ဌိကပ်ယင်သာ အကုသိုလ်ဖြစ်တာ။ တဏှာဒိဋ္ဌိမကပ်ဘဲ သမ္မာဒိဋ္ဌိ မှန်ကန်တဲ့ အမြင်နဲ့ ယှဉ်ယင် မဟာကုသိုလ်ဖြစ်တယ်။ ဒီဥပေက္ခာစိတ်နဲ့ ပတ်သက်ပြီး ဗုဒ္ဓက အဗျာကတလို့ ဟောတော်မူတယ်။

'အဗျာကတဆိုတာကတော့ ကုသိုလ်အကုသိုလ်နဲ့ မဆက်ဆံတဲ့ တရားတခုဘဲ။ သုခဒုက္ခနဲ့ မဆက်ဆံတဲ့ ဝေဒနာကို ဥပေက္ခာဝေဒနာလို့ ခေါ်တယ်။ ဒါကြောင့် 'ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ'လို့ ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟောတော်မူပြီး 'ကုသလာဝေဒနာ အကုသလာဝေဒနာ အဗျာကတာဝေဒနာ'လို့ ဝိဘင်းပါဠိတော်မှာ ဟောတော်မူတယ်။

'ဒါကြောင့် ဥပေက္ခာဝေဒနာဆိုတာ သုခ၊ ဒုက္ခ ဝေဒနာတို့ထက် သိမ်မွေ့တဲ့သဘော ငြိမ်သက်တဲ့သဘော ရှိတယ်။ ဥပေက္ခာဆိုတာ အဗျာကတဝေဒနာဘဲ။

'ဒီဥပေက္ခာဆိုတာ သုခ၊ ဒုက္ခ ဝေဒနာနှစ်ခုကြားမှာဖြစ်ရတဲ့ ဝေဒနာဘဲ။ သုခဒုက္ခဝေဒနာတို့ကို ဖြစ်စေတဲ့ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ

တို့ကိုအာရုံမပြုပဲနေယင် ဣဋ္ဌအနိဋ္ဌာမဇ္ဈတ္တာရုံဖြစ်တယ်။ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ နှစ်ခုကြားမှာ ဖြစ်တဲ့ အာရုံလို့ ခေါ်တယ်။ ဣဋ္ဌာ အနိဋ္ဌမဇ္ဈတ္တာရုံဆိုတာ ဥပေက္ခာဝေဒနာကို ခေါ်တာပဲ။တခြား မထွေးနဲ့။

'ဒီဥပေက္ခာဖြစ်တဲ့ စိတ်လေးမှာ ဝိပဿနာဉာဏ်ယှဉ်ပြီး ရှုလိုက်ယင် ဝိပဿနုပေက္ခာဉာဏ် ဖြစ်လာတယ်။ ဥပေက္ခာ စိတ်မှာ တဏှာ ဒိဋ္ဌိကပ်ယင်သာ အကုသိုလ်ဖြစ်ရတာ။ လောကီ ဉာဏ်ယှဉ်ယင်တော့ ကုသိုလ်ဖြစ်တယ်။ ဒီဥပေက္ခာစိတ်ဟာ ကုသိုလ်အကုသိုလ်လို့ ဆိုရပေမဲ့ အာသေဝနပစ္စည်း၊ဥပနိဿယ ပစ္စည်းတို့ကို မရတဲ့အတွက် ဝိပါက်နာမက္ခန္ဓာဆိုတဲ့ နာမ်ရုပ် တို့ကို မဖြစ်စေနိုင်ဘူး။

'သုခနဲ့ ဒုက္ခဝေဒနာ၊ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံတို့ကတော့ ဥပ နိဿယပစ္စည်း၊အာသေဝနပစ္စည်း၊ အာရမ္မဏ ဥပနိဿယပစ္စည်း တွေကို အင်တိုက်အားတိုက် ရတဲ့အတွက် ကုသိုလ်အကုသိုလ် စစ်စစ်ဖြစ်တယ်။ဒါကြောင့် ရုပ်နာမ်ခန္ဓာတွေကို မုချ ဖြစ်စေနိုင် တယ်။

'ဣဋ္ဌာအနိဋ္ဌာရုံ သုခဒုက္ခဝေဒနာ မဖြစ်အောင် ရှောင်နိုင် တိမ်းနိုင်တဲ့ ဉာဏ်ကတော့ ဝိပဿနုပေက္ခာ သင်္ခါရုပေက္ခာစတဲ့ ဥပေက္ခာဉာဏ်ကိုးပါးရှိတယ်။

'ခန္ဓာနာမ်ရုပ် တရားတွေကို ဝိပဿနုပေက္ခာဉာဏ်နဲ့ ရှုနေ ယင် ဣဋ္ဌ၊အနိဋ္ဌ၊ သုခ၊ဒုက္ခ၊လောဘ၊ဒေါသ စတဲ့ အစွန်းတရား တွေ လုံးဝ ပျက်စီးချုပ်ငြိမ်းသွားရတယ်။ အစွန်းတရားတွေ ချုပ်ငြိမ်းသွားယင် ခန္ဓာနာမ်ရုပ်ကိုဖြစ်စေတတ်တဲ့ အကြောင်း

တရားတွေ ချုပ်ငြိမ်းခြင်းပဲ။ အကြောင်းတရားတွေ ချုပ်ငြိမ်းယင် အကျိုးတရားတွေလဲ မုချချုပ်ငြိမ်းရမယ်။

'ဒီလို ရုပ်တရား နာမ်တရားတွေကို ဘင်္ဂနုပဿနာဉာဏ်နဲ့ ယှဉ်ပြီး ရှုနေတာဟာ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ လောဘ၊ ဒေါသဆိုတဲ့ အစွန်းတရားတွေကို ဖျက်ဆီးပစ်တဲ့ သဘောဘဲ။

'ဒီအစွန်းတရားတွေကို လက်ဝဲလက်ယာမကပ်ဘဲ ဉာဏ်ယှဉ်တဲ့ ဥပေက္ခာစိတ်နဲ့နေယင် မဇ္ဈိမပဋိပဒါကျင့်စဉ် ဖြစ်တယ်။

'ဒါကြောင့် နု ဥပေတိ နု ဥပဂစ္ဆတိ၊ ဝိမုတ္တော ဧတေဟိ အန္တေဟိ၊ တသ္မာ 'မဇ္ဈိမာပဋိပဒါ'တိ ဝုစ္စတိ'လို့ မူလပဏ္ဏာသ အဋ္ဌကထာမှာ တိတိကျကျ ညွှန်ပြထားတယ်။

'ဘင်္ဂနုပဿနာဉာဏ်နဲ့ အစွန်းတရားတွေကို ဖျက်ဆီးတဲ့အတွက် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်စိတ်လို့ ခေါ်တယ်။

'အဲဒီစိတ်ဟာ အစွန်းတရားတွေရဲ့ကြားမှာ တဲ့တဲ့မတ်မတ်နေတဲ့ စိတ်လို့ခေါ်တယ်။ အဲဒီစိတ်ကို ထပ်ပြီး ဝိပဿနာဉာဏ်ယှဉ်လိုက်တဲ့အတွက်ဝိပဿနုပေက္ခာဉာဏ်လို့ ခေါ်တယ်။အာရုံခြောက်ပါးမှာ တရှုရှုဖြစ်ပေါ်နေတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ တရားတွေကို ဖျက်ဆီးပစ်ပြီး သင်္ခါရတရားတွေကို လျစ်လျူနိုင်တဲ့အတွက်ကြောင့် သင်္ခါရုပေက္ခာဉာဏ်လို့ ခေါ်တယ်။

'ဒီရုပ်နာမ်ခန္ဓာငါးပါးကို ဘင်္ဂနုပဿနာဉာဏ်နဲ့ အဖန်တလဲလဲ ရှုနေတဲ့အတွက် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ လောဘ၊ ဒေါသ ဆိုတဲ့ အစွန်းတရားတွေနဲ့ လုံးဝကပ်ငြိခြင်း မရှိတဲ့အတွက် အလယ်ကျင့်စဉ် စစ်စစ်ဖြစ်တယ်။

‘ဒီအစွန်းတရားတွေကို ကပ်မိယင်တော့ အလယ်ကျင့်စဉ် မဟုတ်တော့ဘူး။ မှားယွင်းဖေါက်ပြန်တဲ့ ကျင့်စဉ်သာဖြစ်သွား လိမ့်မယ်။

‘ဘာကြောင့်လဲဆိုတော့ ‘လောဘဿစ ဒေါသဿစ ဒွေ အန္တေ န ဥပေတိ န ဥပဂစ္ဆတိ၊ တဿာ မဇ္ဈိမာ ပဋိပဒါ ဝုစ္စတိ’ ဆိုတဲ့ ဖွင့်ဆိုချက်နဲ့ အံဝင်ခွင်ကျဖြစ်တဲ့ ကျင့်စဉ်သာ ဗုဒ္ဓရှင်မြတ်ရဲ့ အလယ်ကျင့်စဉ် စစ်စစ်ဖြစ်တယ်။

‘ဒါကြောင့် ဣဋ္ဌာရုံ၊အနိဋ္ဌာရုံ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ လောဘ၊ဒေါသ ဆိုတဲ့ အစွန်းတရားတွေကို မုချ ဖျက်ဆီးနိုင်တဲ့ ပညာကတော့ အနိစ္စ၊ဒုက္ခ၊အနတ္တဆိုတဲ့ အနုပဿနာလက်နက် ကြီးသုံးပါးဘဲရှိတယ်။ ဘင်္ဂနုပဿနာဆိုတာက အနိစ္စနဲ့ ဒုက္ခကို လွှတ်ပြီး အနတ္တကိုသာ ထပ်တလဲလဲ ရှုတဲ့ပညာဖြစ်တယ်။

‘ဒီအာရုံခြောက်ပါးပေါ်မှာ တရှုရှုဖြစ်ပေါ်လာတဲ့ တဏှာ ဘီလူးခြောက်ကောင်ဆိုတဲ့ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာတွေကို လုံးဝ မဖြစ်ပေါ်ရအောင် အထပ်ထပ် အခါခါ အကြိမ်ကြိမ် အဖန်ဖန် ဝိပဿနာပညာနဲ့ ဖျက်ဆီး ပစ်နိုင်မှသာ အလယ်ကျင့်စဉ်နဲ့ အံဝင်ခွင်ကျ ဖြစ်မယ်။ နို့မို့ ယင် မဖြစ်ဘူး။

‘ဒီအာရုံ ခြောက်ပါးမှာ ဖြစ်ပေါ်လာသမျှ အစွန်းတရား တွေကို သတိပညာနဲ့ အခါခပ်သိမ်း ဖျက်ဆီးပစ်နေခြင်းဟာ ဗုဒ္ဓရဲ့အလိုတော်ကျ အလယ်ကျင့်စဉ်ကြီးနဲ့လဲ အံကိုက်တယ်။ ဉာဏ်ယှဉ်တဲ့ ဥပေက္ခာစိတ်နဲ့လဲ ကိုက်တယ်။ အဗျာကတဖြစ်တဲ့ ကြိယာစိတ်နဲ့လဲ ကိုက်တယ်။ ဝိပဿနာဉာဏ်ဆယ်ပါးနဲ့လဲ

ကိုက်တယ်။ ပရိညာသုံးပါးနဲ့လဲ ကိုက်တယ်။ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ တတြမဇ္ဈတ္တုပေက္ခာ ဆိုတဲ့ ဗောဇ္ဈင်ခုနစ်ပါးနဲ့လဲ ကိုက်တယ်။ မဂ္ဂင်ရှစ်ပါးနဲ့လဲ ကိုက်တယ်။

'ဘယ်လို့ဘဲ ကျင့်ကျင့် အဓိက ကတော့ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးနဲ့ အံကိုက်နေရမယ်၊ ဒါမှ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော်မူတဲ့ အရိယမဂ္ဂသုတ္တံ ဒေသနာ ဗောဇ္ဈင်သုတ္တံ ဒေသနာတွေနဲ့ အံကိုက်ဖြစ်မယ်။

'ပဋိသန္ဓေရုပ်နာမ်ခန္ဓာတို့ကို အသစ်အသစ် မဖြစ်ပေါ်လာအောင် အကြောင်းတရား စေတနာကံတွေကို မချဖျက်ဆီးပစ်နိုင်တဲ့ အတိဂမ္ဘီရပညာဟာ ဗောဇ္ဈင်နဲ့ အရိယာမဂ္ဂင်သာ ဖြစ်တယ်။

'ဒီမှာ ကြိယာ အဗျာကတစိတ်ကို ရှင်းပြလိုက်ဦးမယ်။ အမြစ်ဖြတ်လိုက်တဲ့ သစ်ပင်လို အသီးအပွင့် မဖြစ်ထွန်းတော့တဲ့ သဘောကြောင့် ပဋိသန္ဓေ နာမ်ရုပ် ခန္ဓာတွေကို အသစ်မဖြစ်ပေါ်စေနိုင်တဲ့ စိတ်ကို ကြိယာစိတ်လို့ ခေါ်တယ်။

'ကြိယာစိတ်ဆိုတာ ပုဂ္ဂလမတ္တဘဲ။ ဇောအထိ မရောက်ဘူး။ ဇောအထိရောက်ယင် ကုသိုလ် အကုသိုလ်ဆိုတဲ့ အကြောင်းတရားတွေ ဖြစ်လာတော့တာဘဲ။

'ကြိယာစိတ်ဟာ ဘာကြောင့် ဇောအထိ မရောက်လဲဆိုတော့ ဣဋ္ဌာရုံ အနိဋ္ဌာရုံတွေကို လုံးဝအာရုံမပြုဘဲ ဥပေက္ခာဉာဏ်ယှဉ်တဲ့ စိတ်နဲ့ နေနိုင်တဲ့အတွက် ကာမဇောစိတ် မဖြစ်ဘူး။

ဇောစိတ် မဖြစ်ဘူးဆိုတာက ဝိပဿနာပညာနဲ့ အာရုံခြောက်ပါးကို ဖျက်ဆီးနိုင်တဲ့ အစွမ်းသတ္တိကြောင့်ပဲ။

'မျက်စိစတဲ့ အာရုံတွေကို ဥပေက္ခာသဟဂုတ် ဝိပဿနာဉာဏသမ္ပယုတ်စိတ်နဲ့ ဖျက်ဆီးပစ်တဲ့အတွက်ကြောင့် ဣဋ္ဌာ အနိဋ္ဌမဇ္ဈတ္တာရုံဖြစ်တယ်။ အဲဒီ မဇ္ဈတ္တာရုံဆိုတာ ဗောဇ္ဈင် ခုနစ်ပါးမှာ ပါတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဆိုလိုတာဘဲ။ အဲဒီ ဥပေက္ခာ သမ္ဗောဇ္ဈင်ဆိုတာဟာလဲ အစွန်းတရားတွေကို မုချပယ်တဲ့အတွက် အလယ်ကျင့်စဉ် စစ်စစ်ကြီး ဖြစ်တယ်။

'ခုလောက်ဆိုယင် အလယ်ကျင့်စဉ်ကို ယောဂီတို့ သဘောပေါက်လောက်ပြီ ထင်တယ်။ အလယ်ကျင့်စဉ်ဆိုတာ မလျော့မတင်း ကျင့်ရတဲ့ အကျင့်ဖြစ်တယ်ဆိုရုံလောက် အပေါ်ယံလွှာသက်သက် မမှတ်နဲ့။ မလျော့မတင်း ကျင့်ရမယ်ဆိုတာ ခန္ဓာအတ္တဘောကြီးကို ညွှန်ပြရုံသက်သက် မဟုတ်ဘူး။ စိတ်ကို အဓိကထားပြီး ဗုဒ္ဓက ညွှန်ပြခြင်း ဖြစ်တယ်လို့မှတ်။

'အချို့ ယောဂီတို့က ခန္ဓာကို မယူဘူး။ စိတ်ကို ယူတယ်။ အချို့ ယောဂီတွေကတော့ ခန္ဓာကိုသာ အစွဲအလမ်းကြီးကြီးနဲ့ မှတ်ယူကြတယ်။ ဗုဒ္ဓကတော့ ဒီလိုမဟုတ်ဘူး။ ခန္ဓာကော စိတ်ကော နှစ်ခုစလုံးကို ယူသွားတယ်။ ဒါကြောင့် ကာမသုခလ္လိကာနဲ့ အတ္တကိလမထာလို့ ဟောတော်မူတာဘဲ မဟုတ်လား။

'ကာမ အတ္တဆိုတော့ ကိုယ်စိတ်နှစ်ခုလုံးကို ယူရမယ်။ ဒါမှ မဇ္ဈိမပဋိပဒါကျမှာ။ နို့မဟုတ်ယင် မကျဘူး။ အလယ်ကျင့်စဉ်နဲ့ ပတ်သက်ပြီး စိတ်ကို မယူဘဲ ကိုယ်အကျင့်ကိုယူတဲ့ ယောဂီအလွန်များတယ်။

'ဒီလို ကိုယ်အကျင့်ကိုချည်း သက်သက် ယူနေမယ် ဆိုယင် ဒီခန္ဓာ ငါးပါးပေါ်မှာ တမ္မမ္မ တရှုရှုဖြစ်ပေါ်နေတဲ့ အကြောင်း တရားတွေ ဘယ်တော့မှ ကုန်းခန်းချုပ်ငြိမ်းနိုင်မှာ မဟုတ်ဘူး။ ဒီအကြောင်းတရားတွေ ကုန်ခန်း မချုပ်ငြိမ်းသမျှတော့ မဂ် ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဝေးသွားလိမ့်မယ်။ ယောဂီတို့ ကြပ်ကြပ် နှလုံးသွင်း။

'အာရုံခြောက်ပါးပေါ်မှာ ဖြစ်တဲ့ တပ်ခြင်းသဘော၊ သာ ယာခြင်း သဘောတွေဟာ စေတနာကြောင့် ဖြစ်ရတာဘဲ။ ဒီစေတနာကြောင့် တဏှာဆိုတဲ့ အကြောင်းတရားတွေ ဖြစ်တာ ဘဲ။ ဒီစေတနာကြောင့် ဖြစ်ရတဲ့ တဏှာကို ပယ်ယင် တဏှာ ချုပ်တယ်။

'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ စိတ်သ ဘောဆိုတဲ့ အာရုံခြောက်ပါးမှာ တွယ်တာမှု၊ သာယာမှု၊ တပ် မက်မှုဆိုတဲ့ တဏှာကို (သတိသမ္ပဇဉ် ဝိပဿနာပညာနဲ့) ပယ်ယင် တဏှာချုပ်တယ်။

'အဲဒီ အာရုံခြောက်ပါးမှာ ဖြစ်ပေါ်လာတဲ့ မျက်စိအသိ၊ နားအသိတို့ကြောင့် ဖြစ်ပေါ်ရတဲ့ နှစ်လိုအပ်တဲ့ သဘော၊ သာ ယာအပ်တဲ့ သဘောကို (သတိသမ္ပဇဉ်) နဲ့ ပယ်ယင် တဏှာ ချုပ်တယ်။

'မျက်စိအတွေ့၊ နားအတွေ့ကြောင့် ဖြစ်ရတဲ့ ဝေဒနာတွေ ကြောင့် ဖြစ်ပေါ်လာရတဲ့ နှစ်လိုမှု၊ သာယာမှု၊ တပ်မက်မှု၊ စွဲလမ်း မှုတွေကို (သတိသမ္ပဇဉ်နဲ့) ပယ်ယင် တဏှာချုပ်တယ်။

‘ဒီအာရုံ ခြောက်ပါးမှာ တရှုရှု တမွမွ ဖြစ်ပေါ်နေတဲ့ မျက်စိသာယာမှု၊ နားသာယာမှု၊ မျက်စိအသိ၊ နားအသိ၊ မျက်စိအတွေ့၊ နားအတွေ့၊ မျက်စိအတွေ့ ဝေဒနာ၊ နားအတွေ့ ဝေဒနာ ဆိုတဲ့ သဘောတွေကို သတိသမ္ပဇဉ်နဲ့ အဖန်တလဲလဲ ပယ်ယင် ခပ်သိမ်းသော ဒုက္ခအစိုင်အခဲ အစုအဝေးကြီးလဲ လုံးဝ ဥဿုံ မုချ ချုပ်ငြိမ်းရတယ်လို့ ‘ဒီဃနိကာယ် မဟာဝဂ်ပါဠိ နိရောဓသစ္စနိဒ္ဒေသအဖွင့်’ မှာ ဗုဒ္ဓကအတိအကျ ညွှန်ပြထားချက်ကို ယောဂီတို့ ကြပ်ကြပ် နှလုံးသွင်းရမယ်။

‘စေတနာဆိုတာ အကြောင်းတရား အစစ်ပဲ။ လောကီစေတနာဖြစ်တဲ့ အကြောင်းတရား နှစ်ဆယ့်ကိုးပါး ချုပ်ယင် ဝိညာဏ်ချုပ်တယ်။ ဝိညာဏ်ချုပ်ယင် နာမ်ရုပ်ချုပ်တယ်။ နာမ်ရုပ်ချုပ်ယင် ဘဝအသစ်လဲ တဖန်ဖြစ်ပေါ်မှု မရှိဘဲ ချုပ်ရတော့တယ်။

‘ဘဝချုပ်တဲ့အတွက် ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝဆိုတဲ့ ဒုက္ခအစုအဝေး အစိုင်အခဲကြီးလဲ မုချ ချုပ်ငြိမ်းသွားရမယ်လို့ ဗုဒ္ဓက နိဒါန သံယုတ်ပါဠိ စေတနာသုတ်မှာ အတိအကျ ညွှန်ပြတော်မူခဲ့တယ်။

‘ဗုဒ္ဓ ညွှန်ပြချက် အတိုင်း လက်ဝဲလကျာ အစွန်းတရားတွေကို သတိသမ္ပဇဉ်နဲ့ ဖျက်ဆီးသွားနိုင်မှ အလယ်ကျင့်စဉ်ကိုက်တယ်။ ဝိပဿနာဉာဏ်ယှဉ်တဲ့ ဥပေက္ခာစိတ်ကြောင့် ဘယ်

အစွန်းတရားကိုမှ မကပ်ငြိတော့ဘဲ အလယ် တဲ့တဲ့မှတ်မတ်ကြီး သွားနိုင်တဲ့အတွက် အလယ်ကျင့်စဉ်လို့ ခေါ်တယ်။

'ဗုဒ္ဓက အစွန်းတရားတွေကို အလွန်လိမ်မာပါးနပ်စွာ သတိသမ္ပဇဉ်နဲ့ ဖျက်ဆီးသွားနိုင်ခဲ့လို့ အကြွင်းမရှိ ချုပ်ငြိမ်း သွားရခြင်း ဖြစ်တယ်။ အကြွင်းမရှိ ချုပ်ငြိမ်ရခြင်း ကို 'အနုပါဒိသေသပရိနိဗ္ဗာန်' လို့ခေါ်တယ်။ ဝိပဿနာနည်း နဲ့ဆိုယင် 'သမုစ္ဆေဒမရဏ' သေလွန်မှု အကြွင်းမဲ့ပြတ်ခြင်းလို့ ခေါ်တယ်။ နောက်တဖန် သေရမှု မရှိတော့ဘူး၊ ဆိုတဲ့ အဓိပ္ပါယ်ပဲ။

'တဏှာဆိုတာ ခြောက်ပါးဘဲရှိတယ်။ မျက်စိ၊ နား၊ နှာ ခေါင်း၊ လျှာ၊ ကိုယ်၊ မနော ဆိုတဲ့ ဂံခါးခြောက်ပေါက်ကို မှီပြီး ဖြစ်ရတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ အတွေ့၊ သဘောဆိုတဲ့ ကာမအာရုံခြောက်ပါးဟာ တဏှာ စစ်စစ်ပဲလို့ ဗုဒ္ဓက နိဒါနသံယုတ် ပါဠိဝိဘင်းမှာ ညွှန်ပြ တော်မူတယ်။

'တဏှာရဲ့ အာရုံကို မခံစားဘဲနေယင် တဏှာကို နှလုံး မသွင်းယင် တဏှာမဖြစ်ဘူး။ ဝေဒနာကို နှလုံးမသွင်းယင် ဝေဒနာမဖြစ်ဘူး။ ဝေဒနာကိုနှလုံးမသွင်းယင်တဏှာမဖြစ်ဘူး။ ဝေဒနာချုပ်ယင် တဏှာလဲ ချုပ်တယ်လို့ ဗုဒ္ဓက နိဒါန သံယုတ် ဝိပဿီသုတ်မှာ တိတိကျကျ ညွှန်ပြတော်မူတယ်။

'အဝိဇ္ဇာ အကြွင်းမဲ့ ချုပ်ယင် စေတနာကံ နှစ်ဆယ့်ကိုး ပါးဆိုတဲ့ အကြောင်းတရားတွေလဲ မုချ ချုပ်ငြိမ်းရတယ်။ စေတနာကံဆိုတဲ့ အကြောင်းတရား နှစ်ဆယ့်ကိုးပါး ချုပ်ယင် ဝိညာဏ်နာမ်ရုပ်လဲ ချုပ်တယ်။ ဝိညာဏ်နာမ်ရုပ် ချုပ်ယင် ဘဝလဲချုပ်တယ်။ ဘဝချုပ်ယင် ပဋိသန္ဓေနေရခြင်း၊ အိုခြင်း၊ သေခြင်း ဆိုတဲ့ ဒုက္ခအစုအဝေး အစိုင်အခဲတွေလဲ မုချချုပ်ငြိမ်းရတယ်လို့ နိဒါနသံယုတ်ဝိဘင်္ဂသုတ်မှာ ဗုဒ္ဓက အတိအကျ ညွှန်ပြတော်မူတယ်။

'ခန္ဓာနာမ်ရုပ်ကို ဖြစ်စေတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ အကြောင်းတရားတွေ ချုပ်ငြိမ်းစေနိုင်တဲ့ ပညာကတော့ မဟာဝိပဿနာပညာဘဲ။

'ဒီမဟာဝိပဿနာပညာကိုဒီခန္ဓာငါးပါး အာရုံခြောက်ပါး ပေါ်မှာ စနစ်တကျ အသုံးချတတ်ယင် ဝိဇ္ဇာဉာဏ် ပေါ်လာမယ်။ ဝိဇ္ဇာဉာဏ်ပေါ်လာယင် စေတနာ သင်္ခါရဆိုတဲ့ အကြောင်းတရားတွေ တစတစနဲ့ ကုန်ခန်း ချုပ်ငြိမ်းသွားပြီး မဂ်ဖိုလ် ဆိုက်သွားလိမ့်မယ်။

'အာရုံခြောက်ပါးပေါ်မှာ တမွှမွှတရှုရှု ဖြစ်ပေါ်နေတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကို မဟာဝိပဿနာပညာနဲ့ မဖျက်ဆီးနိုင်သေးသမျှတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ ဝေးပြီး

ပဋိစ္စသမုပ္ပါဒ် ပင်လယ်ထဲမှာ မျောနစ်မွန်းနေကြရဦးမှာ မလွဲဘူးမှတ်။

'ဒီအာရုံခြောက်ပါးမှာ တရွရွ ဖြစ်ပေါ်နေတဲ့ အစွန်းတရားတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုနေရုံနဲ့လဲ ကိစ္စမပြတ်သေးဘူး။ အခါခပ်သိမ်း မှန်ကန်တဲ့ သတိနဲ့ အစွန်းတရားတွေကို ဖျက်ဆီးနိုင်မှ ပျက်ဆီးကုန်ခန်း ချုပ်ငြိမ်းရမှာဘဲ။

'ကမ္မဋ္ဌာန်းထိုင်ပြီး တဒင်္ဂပဟာန် ဝိက္ခမ္ဘန ပဟာန်တွေနဲ့ ဖျက်ဆီးနိုင်ရုံနဲ့ စိတ်မချရသေးဘူး။ နိစ္စပဟာန်ဖြစ်တဲ့ သတိသမ္ပဇဉ်နဲ့ အာရုံခြောက်ပါးပေါ်မှာ တင်ပြီး ဖြစ်ပေါ်လာသမျှ အကြောင်းတရားတွေကို အခါမလပ် ဖျက်ဆီးတတ်မှ ဖျက်ဆီးနိုင်မှ စေတနာအကြောင်းတရားတွေ မချုပ်ကုန်ခန်း ချုပ်ငြိမ်းနိုင်တယ်ဆိုတာကို ယောဂီတို့ ကြပ်ကြပ် နှလုံးသွင်းကြဖို့ တိုက်တွန်းလိုတယ်။

'အာရုံခြောက်ပါးပေါ်မှာ ဖြစ်ပေါ်လာသမျှ အကြောင်းတရားတွေကို ပယ်နည်း၊ ဖျက်နည်း၊ တိုက်နည်း၊ ခိုက်နည်းတွေကတော့ အတော်ကလေး ပြည့်စုံသွားပါပြီ။

'နိဂုံးချုပ်အနေနဲ့ ယောဂီတို့ကို တိုက်တွန်း နှိုးဆော်ချင်ကတော့ မှင်ဖိုလ်ကို ဘားထုတ်မနေကြတဲ့ မဟာအာဇာနည်ယောဂီတိုင်းဟာ [ သမ္မာဝါစာလေးပါး၊ သမ္မာကမ္မန္တသုံးပါး၊

သမ္မာအာဇီဝတပါးဆိုတဲ့ အဓိသီလကြီး ရှစ်ပါးကိုတော့ အသက်ထက်ဆုံး အသက်နဲ့လဲပြီး ဆောက်တည်သွားဘို့ လိုတယ်။

'ယုတ်စွအဆုံး အသေးအဖွဲလေးတွေအထိ သတိထားပြီး ထိန်းသိမ်းထားရမယ်။

'အကျိုးမရှိတဲ့စကား၊ နောက်ပြောင်တဲ့စကား၊ ကြမ်းတမ်းတဲ့ စကားမျိုး၊မဟုတ်တာကို အမှန်လုပ်ပြောတဲ့ စကားမျိုး၊ သူများအကြောင်းကို တစ်တစ်ခွခွလုပ်ပြောတဲ့ စကားမျိုး၊ မလိုတမျိုး လိုတမျိုး ပြောတဲ့စကားမျိုး၊ ရယ်ဘွယ်ဖြစ်အောင် လုပ်ပြောတဲ့ စကားမျိုးတွေအထိ သတိနဲ့ဆင်ခြင်ပြီး ထိန်းထားဘို့ လိုတယ်။

'ကံကြီးတွေကို ယောဂီတို့ အများအားဖြင့် ထိန်းနိုင်ပေမဲ့ ဟောဒီမမှန်ကန်တဲ့ စကားကြီးလေးမျိုးကို ထိန်းနိုင်တဲ့ ယောဂီ အလွန်တွေ့ရခဲတယ်။

'အဲဒီဝါစာလေးမျိုးကြောင့် သီလ ညစ်နွမ်းရတယ်။ သီလ မစင်ကြယ်ယင် ဘယ်တော့မှ စိတ်မကြည်လင်ဘူး။ စိတ်မကြည်လင်ယင် စိတ်မတည်နိုင်ဘူး။ စိတ်မတည်ယင် ထက်မြက်တဲ့ဉာဏ်လဲ မဖြစ်နိုင်ဘူး။ ထက်မြက်တဲ့ဉာဏ်မဖြစ်ယင် ရုပ်တရား နာမ်တရားတွေကို ဟုတ်မှန်တဲ့အတိုင်း မသိ မမြင်နိုင်ဘူး။ ဟုတ်မှန်တဲ့ အတိုင်း မသိ မမြင်နိုင်ယင် လွတ်မြောက်မှု ဝိမုတ္တိဒဿနဉာဏ်ကို ဘယ်တော့မှ မရနိုင်ဘူးဆိုတော့ ယောဂီတို့ ကြပ်ကြပ်နှလုံးသွင်း။

'ဒီအာရုံခြောက်ပါး တရားဟာ ဗုဒ္ဓအလိုကျ အစွန်းတရားတွေကို မှချပယ်ဖျက်နိုင်တဲ့ အလယ်ကျင့်စဉ်မှန်ဖြစ်တဲ့အတွက် ယောဂီတို့ အခါခပ်သိမ်း မပျက်မကွက် အဖန်တလဲလဲပွားများအားထုတ်ပြီး မျက်မှောက်ခန္ဓာဥပင် မဂ်ဖိုလ်ဆိုက်နိုင်ကြပါစေသတည်း။'

ဒဂုန်တာရာ

၁၈ - ၅ - ၆၉

၁၃၃၁၊ နယုန်လဆန်း ၃ ရက်နေ့။

## ပြင်ဆင်ချက်

ဤစာအုပ် စာမျက်နှာ ၄၅၊ စာကြောင်းရေ ၈ တွင် 'အနတ္တ'ဟု တွေ့ရှိခဲ့သော် 'အတ္တ' ဟု ပြင်ဆင်ဖတ်ရှုပါ။

ဒဂုဏ်ထွန်း (ဓမ္မကထိက)

၏

တတိယမြောက် လက်ရာဖြစ်သော

# ဗုဒ္ဓ၏ သမထ တန်ခိုးများ

ဤစာအုပ်တွင်-

* လောက၌ တန်ခိုး တကယ် ရှိသလော။
* တန်ခိုးဟူသည်မှာ ဘာလဲ။
* တန်ခိုးဟူသည် အကြောင်းတရားကင်း၍ အလိုလိုဖြစ်ပေါ်လာနိုင်သလော။
* ဗုဒ္ဓရှင်မြတ်နှင့် အရိယာ သာဝကတို့ တန်ခိုးရှင်များ ဟုတ် မဟုတ်ကို သိသလော။

စသည့်ပြဿနာများကို မုချ ဖြေရှင်းပေးလိမ့်မည်။ အလွန် သိမ်မွေ့လှသော တန်ခိုးဖန်ဆင်းပုံများကို မုချတွေ့မြင် ရမည်။

တန်ခိုးဟူသည် သိပ္ပံနည်းကျ မကျ အစစ်ဆေးခံနိုင်သော ဝိဇ္ဇာ ပညာတရပ် ဖြစ်ကြောင်း တွေ့ရမည့် အပြင် သမထယာနိက လမ်းစဉ်ကိုလိုက်၍ ကိုယ်တိုင်အားထုတ်ကြည့်နိုင်သည်။

မကြာမီ ထွက်ပေါ် လာဦးမည်။

သံလွင် စာပေ

ရွှေကျင်နိကာယ ဂဏာစရိယ
ပိဋကတ္တယဝိဒူဖြစ်တော်မူသောပဲခူး
မင်းကျောင်း ဆရာတော်ဘုရားကြီး၊
သုဓမ္မာနိကာယ ဂဏာစရိယ ဓမ္မ
ဘဏ္ဍာဂါရိက အုတ်ဖိုကျောင်း
ဆရာတော် ဘုရားကြီးနှင့် အရည
ဝါသီမဟာမြိုင်ဆရာတော်ဘုရားကြီး
တို့ထံ၌ရှင်ကေလာသ (ဒဂုဏ်ထွန်း)
ကိုယ်တိုင် ဆရာအရှင်မြတ်တို့၏ ဆုံးမ
ညွှန်ကြားတော်မူသည့်အတိုင်း ပွါး
များ အားထုတ်ရာမှ ဒိဋ္ဌဓမ္မသိမြင်
လာရသောဘာဝနာအစစ်ဝိပဿနာ
အနှစ်သာရ တရားတော်တည်း။